

သင်္ဂါဟက (တောင်သာ)

# ပစ္စုပ္ပန် ကမ္မဝါဒ ဘာလဲ ဘယ်လဲ

ပစ္စုပ္ပန်ကမ္မဝါဒ ဗုဒ္ဓဘာသာအမည်ခံ ဓမ္မဝိဟာရီ မိုးပြာဂိုဏ်းက
ထေရဝါဒ ဗုဒ္ဓဘာသာအပေါ်
ထင်မြင်ပြောကြား ရေးသားထားသည် တို့ကို
ပြန်လည်၍ ရှင်းလင်းတင်ပြထားသည်



ပစ္စုပ္ပန်ကမ္ဘဝါဒ ဗုဒ္ဓဘာသာအမည်ခံ
ဓမ္မဝိဟာရီ မိုးပြာဂိုဏ်းက
ထေရဝါဒဗုဒ္ဓဘာသာအပေါ်
ထင်မြင်ပြောကြား ရေးသားထားသည်
တို့ကို
ပြန်လည်၍ ရှင်းလင်းတင်ပြထားသည်

# ပစ္စုပ္ပန်ကမ္ဘဝါဒ ဘာလဲ ဘယ်လဲ

## သင်္ဂါဟက (တောင်သာ)

အဓမ္မဝါဒ ဖော်ထုတ် တားဆီး ဖယ်ရှားရေး အကျိုးဆောင်များက စီစဉ်သည်

# ပုံနှိပ်မှတ်တမ်း

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၈၂၄၀၅)၏
၁၁၉/၀၁ (ပုံနှိပ်) သသန - ၁၀
ခွင့်ပြုချက်ဖြင့် ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံးဒီဇိုင်း
ချစ်ဆန်း ၅၂၈

အကြိမ်
၂၀၁၀ ခုနှစ်၊ ဧပြီလ (ပထမအကြိမ်)

အုပ်ရေ
၁၀၀၀

တန်ဖိုး
၁၂၀၀ ကျပ်

စာအုပ်ချုပ်
ကြူကြူမွေး

အတွင်းဖလင်
မိုးကြီး (သာကေတ)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးမျိုးသန်း (မျိုးသန်းပုံနှိပ်တိုက်)
အမှတ် - ၄၃၊ သီရိလမ်း၊ ခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်

ဖြန့်ချိရေး
ကောင်းထွဋ်စာပေ
အမှတ် - ၂၇၊ မာန်ပြေ(၂၁)လမ်း အရှေ့ ၃ - ရပ်ကွက်၊ သာကေတ
☎ - ၀၁ - ၇၃၀၂၀၁၇၁၊ 📱 - ၀၉ - ၈၀၃၂၉၂၁
☎ ၀၁-၆၉၉၆၁၁၊ ၀၁-၇၃၀၁၈၅၈၁

အမှတ်
ရက်စွဲ

# အနုမောဒနာ ဂုဏ်ပြုလွှာ

ပဲခူးမြို့တရားပွဲ၊ အင်းစိန်မြို့တရားပွဲ၊ မင်္ဂလာဒုံမြို့တရားပွဲ၊ လက်ပံတန်း (ဇီးဖြူကုန်း) တရားပွဲ၊ သုံးခွမြို့တရားပွဲ၊ ပန်းတနော်(ကျွန်းဒိပ်)တရားပွဲ၊ မုတ္တမမြို့ တရားပွဲ၊ လက်ပံတန်း (သရက်ကုန်း)တရားပွဲ။

ပန်းတနော်မြို့တရားပွဲ၊ မှော်ဘီမြို့ တရားပွဲ၊ သံဖြူဇရပ်မြို့ ကုသိုလ်ရှင်များ၊ ဟိုပင်မြို့အလှူရှင်များ၊ မိုးညှင်းမြို့ အလှူရှင်များနှင့် တစ်ဦးချင်း အလှူရှင်များ၏ အလှူငွေများကို -

"အဓမ္မဝါဒဖော်ထုတ်ရေးသုံးစွဲရန်ဝတ္ထု"၊ "နဝကမ္မသုံးစွဲရန်ဝတ္ထု" ဟု ၂-စုခွဲဝေ သတ်မှတ်၍ အဓမ္မဝါဒဖော်ထုတ်ရေးသုံးစွဲရန် ဝတ္ထုများဖြင့် လည်းကောင်း၊

အလှူရှင်တို့ကိုယ်တိုင်က အဓမ္မဝါဒဖော်ထုတ်ရေးအတွက် အသုံးပြုရန် သတ်မှတ်၍ လှူဒါန်းထားသည့် ဝတ္ထုများဖြင့် လည်းကောင်း၊

ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေအပ်ပါသည်။

အခြားစာအုပ်များ၊ အခွေများအတွက်လည်းသုံးစွဲ၍ အလှူပေးပါသည်။

ကုသိုလ်ရှင်များအားလုံး
ဝမ်းမြောက်နမော်
သာဓုခေါ်နိုင်ကြပါစေသော်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘုရားမဖြေသောမေးခွန်း (၁၀) ပုဒ် | ၁ |
| ၂။ | ရှေးဘဝ နောက်ဘဝ | ၁၃ |
| ၃။ | ကမ္မကိုပယ်ခြင်း ကမ္မဖလကိုပယ်ခြင်း | ၁၉ |
| ၄။ | လူ့လိမ် | ၂၅ |
| ၅။ | မြတ်ဗုဒ္ဓကို အညတရဟု စွပ်စွဲခြင်း | ၃၃ |
| ၆။ | တဏှာဟုတ်၏–မဟုတ်၏ | ၄၁ |
| ၇။ | ထူးထူးခြားခြားတရားတော် | ၅၅ |
| ၈။ | ငါနှင့်တဏှာ | ၆၆ |
| ၉။ | ငါအစစ် ငါအတု | ၆၉ |
| ၁၀။ | သံသရာပေါက်ဖွားလာပုံ | ၇၆ |
| ၁၁။ | အဘိညာဉ်ရ အတ္တဝါဒီ | ၈၈ |
| ၁၂။ | လောကဟူသည် အဘယ်နည်း | ၉၆ |
| ၁၃။ | ဝိမုတ္တိဆိုသည်မှာ | ၁၀၅ |
| ၁၄။ | တရားဟူသည်မှာ တရားတာဟူသည်မှာ | ၁၁၃ |
| ၁၅။ | ပိဋကတ်သုံးပုံကို ချေဖျက်သူများ (၁) | ၁၂၈ |
| ၁၆။ | ပိဋကတ်သုံးပုံကို ချေဖျက်သူများ (၂) | ၁၃၈ |
| ၁၇။ | သိရိမဟာသောကမင်းကြီးနှင့် သာသနာတော် | ၁၄၈ |
| ၁၈။ | အမှန်အတိုင်းမြင်လိုသော် | ၁၅၈ |
| ၁၉။ | ဘုရားခာတ်စီးသူ ဟူ၍ | ၁၆၃ |
| ၂၀။ | ယဉ်ကျေးမှုကို ဖွင့်ဆိုခြင်း | ၁၆၉ |
| ၂၁။ | သံဃာတော်အတွက် အလှူပစ္စည်းများကို တားဆီးခြင်း | ၁၈၀ |
| ၂၂။ | ထိုသူတို့သွားရာလမ်း | ၁၉၁ |

# ဘုရားမဖြေသောမေးခွန်း ၁၀-ပုဒ်

မဟာဝဂ္ဂသံယုတ်ပါဠိတော်လာ စိန္တသုတ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်လာ အဂ္ဂိဝစ္ဆသုတ် မြန်မာပြန်တို့၌ လောက၊ ဇီဝ၊ သရီရ၊ သတ္တဝါ ဟူသော ဝေါဟာရတို့၏အနက်ကို ဖွင့်ပြထားပါသည်။ မိစ္ဆာဒိဋ္ဌိကတို့၏ ယူပုံနှင့် သမ္မာဒိဋ္ဌိကတို့၏ယူပုံဟူ၍ နှစ်မျိုးပါရှိပါသည်။ ထိုနှစ်မျိုးတို့ အနက် မိစ္ဆာဒိဋ္ဌိကတို့၏ယူပုံ အဓမ္မဝါဒစာပေများ ပြန့်ပွားနေပါသည်။

(က)

မိစ္ဆာဒိဋ္ဌိက

မိစ္ဆာဒိဋ္ဌိကတို့သည် ပရမတ်ဉာဏ် မရှိသူများဖြစ်၍ -

မိစ္ဆာဉာဏ်ဖြင့် ကြံဆအပ်သော "ပရမအတ္တ"ကို "လောက"ဟု အနက်သေ စွဲယူထားလျက်ရှိကြပါသည်။

မိစ္ဆာဉာဏ်ဖြင့် ကြံဆအပ်သော "ဇီဝအတ္တ"ကို "ဇီဝ(အသက်)" ဟု အနက်သေ စွဲယူထားလျက်ရှိကြပါသည်။

မိစ္ဆာဉာဏ်ဖြင့် ကြံဆအပ်သော "ပရမအတ္တ"ကို "သရီရ (ကိုယ်ကောင်)" ဟု အနက်သေ စွဲယူထားလျက်ရှိကြပါသည်။

မိစ္ဆာဉာဏ်ဖြင့် ကြံဆအပ်သော "ပရမအတ္တ"ကို "သတ္တဝါ" ဟု အနက်သေ စွဲယူထားလျက်ရှိကြပါသည်။

မိစ္ဆာဒိဋ္ဌိကတို့အလိုအားဖြင့် ပရမအတ္တဆိုသည်မှာ လူပုံ၊ နတ်ပုံ၊ တိရစ္ဆာန်ပုံစသည်ဖြင့် ထင်ရှားနေသည့် သဏ္ဌာနပညတ်ပင် ဖြစ်ပါသည်။ ဇီဝအတ္တ ဆိုသည်မှာ ကာရက၊ ဝေဒက၊ နိဝါသီ၊ သာမိ၊ သယံဝသီ စသည်ဖြင့် ဖြစ်သောသဘောရှိသူဟု ယူဆအပ်သော သီးသန့်အကောင်တစ်မျိုး (တန်ခိုးရှင်-ဖန်ဆင်းရှင်)ပင် ဖြစ်ပါသည်။

အဆိုပါပရမအတ္တ၊ ဇီဝအတ္တနှစ်မျိုးစလုံးသည် အမှန်စင်စစ်အားဖြင့် တကယ်ရှိသည့်အရာများ မဟုတ်ကြပေ။ ထိုသို့တကယ်မရှိကြသော်လည်း

မိစ္ဆာဒိဋ္ဌိကတို့၏ ဉာဏ်ထဲမှာမူ ရှိနေကြသည်သာ ဖြစ်ကြပေသည်။ ထို့ကြောင့် ပင် မိစ္ဆာဒိဋ္ဌိကတို့က မေးလာခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓက မိစ္ဆာဒိဋ္ဌိကတို့၏ မိစ္ဆာဉာဏ်ကို ပယ်ဖျက်သောအားဖြင့် ဖြေတော်မူရခြင်းဖြစ်သောကြောင့် (မြတ်ဗုဒ္ဓအလိုအားဖြင့်မူ အတ္တကောင်နှင့် စပ်၍ မြဲကြောင်း-မမြဲကြောင်း စသည်တို့ကို လုံး၀ မဟောခြင်းကြောင့်) "လောကသည်မြဲ၏ဟု မကြံစည်ရာ"စသည်ဖြင့်လည်းကောင်း၊ "ဝစ္ဆ- လောက သည် မြဲ၏၊ ဤအယူသည်သာ မှန်၏၊ အခြားအယူသည် အချည်းအနှီးသာ တည်းဟု ငါဘုရားသည် ဤသို့ အယူမရှိပါ"စသည်ဖြင့်လည်းကောင်း ဟော တော်မူပါသည်။

(ခ)

## သမ္မာဒိဋ္ဌိက

အကယ်၍သာ သမ္မာဒိဋ္ဌိကတစ်ဦးက အဆိုပါပြဿနာမျိုး မေးလာ လျှင်မူ လောက၊ ဇီဝ၊ သရီရ၊ သတ္တဝါ ဟူသော ဝေါဟာရတို့၏ အဓိပ္ပာယ်မှာ တစ်မျိုးဖြစ်လာကြမည်သာတည်း။

လောကဟူသည်မှာ ဩကာသအားဖြင့် ကာမလောက(ကာမဘုံ)၊ ရူပလောက(ရူပဘုံ)၊ အရူပလောက(အရူပဘုံ) ဖြစ်သည်။ သတ္တအားဖြင့် ကာမလောက(ကာမဘုံသားသတ္တဝါများ)၊ ရူပလောက(ရူပဘုံသားသတ္တဝါ များ)၊ အရူပလောက(အရူပဘုံသားသတ္တဝါများ) ဖြစ်သည်။ သင်္ခါရအားဖြင့် ကာမလောက(ကာမာဝစရတရားစုများ)၊ ရူပလောက(ရူပါဝစရတရားစု များ)၊ အရူပလောက(အရူပါဝစရတရားစုများ) ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ရှိ လာပေမည်။ ဤသည်ကား လောက၏အဓိပ္ပာယ်ပေတည်း။

(ဒီ၊ ဋ၊ ၁၊ ၁၅၆ စသည်)

ဤအဓိပ္ပာယ်များသည် သမ္မာဒိဋ္ဌိက(ဗုဒ္ဓဘာသာဝင်၊ ဗုဒ္ဓသာဝက)တို့ ၏ အသိဉာဏ်ထဲ၌ သိပြီးသားများ ဖြစ်ကြသည်။

ဇီဝဟူသည်မှာ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ နှစ်ပါးပင် ဖြစ်သည်။ ဤ အဓိပ္ပာယ်သည်လည်း သမ္မာဒိဋ္ဌိကတို့၏ ဉာဏ်ထဲ၌သာ ရှိသည်။

(အဘိ၊ ဋ၊ ၁၊ ၁၆၇-၃၅၉ စသည်)

**အတ္တဆိုသည်မှာလည်း** စိတ်သည်လည်းကောင်း၊ ရုပ်သည်လည်းကောင်း၊ နာမ်ရုပ်နှစ်ပါးစုံသည်လည်းကောင်း အတ္တ ဖြစ်သည်။ ဤအဓိပ္ပာယ်သည်လည်း သမ္မာဒိဋ္ဌိကတို့၏ ဉာဏ်ထဲ၌သာ ရှိသည်။ (အတ္တသမ္မာပဏ်ိဓိစ၊)

**(သုတ္တနိပါတဋ္ဌကထာ၊ မင်္ဂလသုတ္တဝဏ္ဏနာ စသည်)**

**သတ္တဝါဟူသည်မှာလည်း** ပရမတ္ထသစ္စာနည်းခေါ် အရိယသစ္စာနည်းအားဖြင့် ကံအားလျော်စွာ ဖြစ်ပေါ်လာကြသည့် ရုပ်နာမ်ခန္ဓာတို့ပင် ဖြစ်သည်။ သမုတိသစ္စာနည်းအားဖြင့် သဏ္ဌာနပညတ်ပင်ဖြစ်သည်ဟု သိထားပြီး ဖြစ်ပါသည်။ ဤအဓိပ္ပာယ်သည်လည်း သမ္မာဒိဋ္ဌိကတို့၏ ဉာဏ်ထဲ၌သာ ရှိပါသည်။

(မဟာသတိပဋ္ဌာနသုတ္တအဋ္ဌကထာ၊ ဒုက္ခသစ္စဝဏ္ဏနာ)

ဤသို့လျှင် သမ္မာဒိဋ္ဌိကတို့၏ အသိဉာဏ်အရာမှာမူ အဓိပ္ပာယ် (အမှန်) ရှိနေခြင်းကြောင့် အဆိုပါ မေးခွန်းမျိုးကို သမ္မာဒိဋ္ဌိကတို့ကလည်း မေးမည် မဟုတ်ကြပေ။ အဆိုပါ(လောကသည် မြဲ၏ဟု ငါမယူပါ-အစရှိသော) အဖြေမျိုးကို မြတ်ဗုဒ္ဓကလည်း ဖြေစရာလိုမည် မဟုတ်ပေ။

မှန်၏။ အဆိုပါ အမေးအဖြေတို့၏နောက်မှာပင် -

"ရဟန်းတို့၊ သင်တို့သည် ကြံစည်လိုကြကုန်သည်ရှိသော်-

(ပ) ဤကား ဆင်းရဲတည်းဟု ကြံစည်ကုန်ရာ၏။

(ဒု) ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်းဟု ကြံစည်ကုန်ရာ၏။

(တ) ဤကား ဆင်းရဲချုပ်ရာနိဗ္ဗာန်တည်းဟု ကြံစည်ကုန်ရာ၏။

(စ) ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တည်းဟု ကြံစည်ကုန်ရာ၏" ဟူ၍ မြတ်ဗုဒ္ဓ ဟောထားတော်မူပါသည်။

ဤဒေသနာတော်တွင် "(ပ) **ဤကားအရ**" ညွှန်ပြလိုရင်းမှာ လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်သော စေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါးတို့ ဖြစ်ကြသည်။ "(ဒု) **ဤကားအရ**" ညွှန်ပြလိုရင်းမှာ လောဘစေတသိက်တစ်ပါး ဖြစ်သည်။ "(တ) **ဤကားအရ**" ညွှန်ပြလိုရင်းမှာ နိဗ္ဗာန်ဖြစ်သည်။

"(စ) ဤကားအရ" ညွှန်ပြလိုရင်းမှာ မဂ္ဂင်ရှစ်ပါးခေါ် မဇ္ဈိမပဋိပဒါ (အစွန်းလွတ်ကျင့်စဉ်)တရားများ ဖြစ်ကြပါသည်။

သမ္မာဒိဋ္ဌိကတို့၏ အသိဉာဏ်အရာမှာမူ လောက စသည်တို့နှင့် ဒုက္ခ၊ ဒုက္ခသမုဒယ စသည်တို့မှာ အနက်တူများ အရတူများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ "လောကသည် မြဲ၏၊ လောကသည် မမြဲ" စသည်ဖြင့် ဆိုဖွယ်ရာ မရှိတော့ပြီ ဖြစ်ပါသည်။

သမ္မာဒိဋ္ဌိက မှန်သမျှသည်-

"လောက-ဒုက္ခတို့သည်မမြဲကုန်။လောကဒုက္ခတို့သည် အဆုံးရှိကုန်၏။ သတ္တဝါတို့တွင် (၁) 'ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊အနာဂါမ်တို့ဖြစ်မှု' သေသည်မှနောက်၌ ဖြစ်ကြကုန်သေး၏။ (၂)'ဘုရား၊ရဟန္တာတို့ဖြစ်မှု'သေသည်မှ နောက်၌ မဖြစ်ကြကုန်" ဟူ၍ သိကြပြီးပါပြီ။

## (ဂ)
## မိစ္ဆာဒိဋ္ဌိကတို့နှင့်တန်ရုံမျှအဖြေများ

မိစ္ဆာဒိဋ္ဌိကတို့သည်ကား လောက၊ ဇီဝ၊ သရီရ၊ သတ္တဝါအရ ပရမအတ္တ၊ ဇီဝအတ္တတို့ကိုသာ အမှားစွဲဖြင့် စွဲယူထားသူများဖြစ်သည်။ ထို့ကြောင့် ထိုသူတို့က မေးလာခြင်းကို ထိုသူတို့နှင့်တန်ရုံမျှ ဖြေတော်မူပါသည်။

(၁) ဝစ္ဆ၊ လောကသည်မြဲ၏ဟု ငါမယူပါ။
(၂) ဝစ္ဆ၊ လောကသည်မမြဲဟု ငါမယူပါ။
(၃) ဝစ္ဆ၊ လောကသည်အဆုံးရှိ၏ဟု ငါမယူပါ။
(၄) ဝစ္ဆ၊ လောကသည် အဆုံးမရှိဟု ငါမယူပါ။
(၅) ဝစ္ဆ၊ ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်းဟု ငါမယူပါ။
(၆) ဝစ္ဆ၊ အသက်သည်တခြား၊ ကိုယ်ကောင်သည်တခြားဟု ငါမယူပါ။
(၇) ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ဖြစ်၏ဟု ငါမယူပါ။
(၈) ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌မဖြစ်ဟု ငါမယူပါ။
(၉) ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်းမဖြစ်ဟု ငါမယူပါ။

(၁၀) ဝစ္ဆ၊ သတ္တဝါသည် သေသည်မှနောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု ငါမယူပါ ဟူ၍ဖြေတော်မူပါသည်။

ဤအဖြေတို့မှာ မိစ္ဆာဒိဋ္ဌိကတို့၏ မိစ္ဆာဉာဏ်(မောဟ)တို့ကို ပယ်ချ သုတ်သင်ရန် ဖြေခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဖြေလိုရင်း အဓိပ္ပာယ်များ မဟုတ်ကြပါ။

## အဆိုပါမေးခွန်းတို့၌ မြတ်ဗုဒ္ဓ၏အဖြေမှန်များ

(၁) ငါသည် သဿတဒိဋ္ဌိရှိသူ မဟုတ်ပါ။
(လောကသည် မြဲ၏ဟု ယူခြင်းသည် သဿတဒိဋ္ဌိ ဖြစ်၏။ ထို သဿတဒိဋ္ဌိကို ငါဘုရားသည် မယူပါဟု ဆိုလိုပါသည်။)

(၂) ငါသည် ဥစ္ဆေဒဒိဋ္ဌိရှိသူ မဟုတ်ပါ။
(လောကသည် မမြဲဟု ယူခြင်းသည် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏၊ ထိုဥစ္ဆေဒ ဒိဋ္ဌိကို ငါဘုရားသည် မယူပါဟု ဆိုလိုပါသည်။)

(၃) ငါသည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိရှိသူ မဟုတ်ပါ။

(၄) ငါသည် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိရှိသူ မဟုတ်ပါ။

(၅) ငါသည် ဥစ္ဆေဒဒိဋ္ဌိရှိသူ မဟုတ်ပါ။

(၆) ငါသည် သဿတဒိဋ္ဌိရှိသူ မဟုတ်ပါ။

(၇) ငါသည် သဿတဒိဋ္ဌိရှိသူ မဟုတ်ပါ။

(၈) ငါသည် ဥစ္ဆေဒဒိဋ္ဌိရှိသူ မဟုတ်ပါ။

(၉) ငါသည် ဧကစ္စသဿတဒိဋ္ဌိရှိသူ မဟုတ်ပါ။

(၁၀) ငါသည် အမရာဝိက္ခေပဒိဋ္ဌိရှိသူ မဟုတ်ပါ။
(သတ္တဝါသည် သေသည်မှ နောက်ကာလ၌ ဖြစ်လည်းဖြစ်၏၊ မဖြစ်လည်း မဖြစ်ဟုယူခြင်းသည် အမရာဝိက္ခေပဒိဋ္ဌိ ဖြစ်၏ ဟူ၍ပင် ဖြစ်ပါသည်။ )

ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော် ဒုကနိက္ခေပကထာ စာပိုဒ်အမှတ် (၁၁၀၅)၌-

"တတ္ထ ကတမော ဒိဋ္ဌာသဝေါ။ သဿတော လောကောတိဝါ" စသည်ဖြင့် ဟောထားပါသည်။

ထို့ပြင် မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သမာဓိဝဂ်၊ စိန္တသုတ်စာပိုဒ် အမှတ် (၁၀၇၈)၌လည်း-

"မာ ဘိက္ခဝေ ပါပကံ အကုသလံ စိတ္တံ စိန္တေယျာထ-သဿတော လောကောတိဝါ"စသည်ဖြင့်ဟောထားပါသည်။

အထက်ပါ စိန္တသုတ်၏ မြန်မာပြန်ကား-

(၁၀၇၈) "ရဟန်းတို့၊ 'လောကသည်မြဲ၏'ဟူ၍လည်းကောင်း၊ 'လောကသည်မမြဲ'ဟူ၍လည်းကောင်း၊ 'လောကသည် အဆုံးရှိ၏' ဟူ၍ လည်းကောင်း၊ 'လောကသည် အဆုံးမရှိ'ဟူ၍လည်းကောင်း၊ 'ထိုအသက်သည်ပင် ထိုကိုယ်ဖြစ်၏'ဟူ၍လည်းကောင်း၊ 'အသက်သည်တခြား ကိုယ်သည် တခြား'ဟူ၍လည်းကောင်း၊ 'သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်၏' ဟူ၍လည်းကောင်း၊ 'သတ္တဝါသည် သေပြီးသည်မှ နောက်၌ မဖြစ်'ဟူ၍လည်းကောင်း၊ 'သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်လည်းဖြစ် မဖြစ်လည်း မဖြစ်'ဟူ၍လည်းကောင်း၊ 'သတ္တဝါသည် သေပြီးသည်မှနောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်းမဟုတ်' ဟူ၍လည်းကောင်း၊ ဤသို့ ယုတ်ညံ့သော အကုသိုလ်စိတ်ကို မကြံစည်ကုန်ရာ။ ထိုသို့ မကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်း။

"ရဟန်းတို့၊ ဤအကြံအစည်သည် အကျိုးစီးပွားနှင့်မစပ်။ မဂ်တည်းဟူသော အကျင့်မြတ်၏အစ မဟုတ်။ ငြီးငွေ့ရန်၊ တပ်ခြင်းကင်းရန်၊ ချုပ်ရန်၊ ငြိမ်းရန်၊ ထူးသောဉာဏ်ဖြင့်သိရန်၊ ကိုယ်တိုင်သိရန်၊ တဏှာမှထွက်မြောက်ရန် မဖြစ်။

"ရဟန်းတို့၊ သင်တို့သည် ကြံစည်လိုကြကုန်သော် 'ဤကား ဆင်းရဲတည်း'ဟု ကြံစည်ကုန်ရာ၏။ 'ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်း'ဟု ကြံစည်ကုန်ရာ၏။ 'ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)တည်း'ဟု ကြံစည်ကုန်ရာ၏။ 'ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်တည်း'ဟု ကြံစည်ကုန်ရာ၏။ ထိုသို့ ကြံစည်သင့်ခြင်းသည် အဘယ့်ကြောင့်နည်း။

"ရဟန်းတို့၊ ဤအကြံအစည်သည် အကျိုးစီးပွားနှင့်စပ်၏။ မဂ်တည်းဟူသော အကျင့်မြတ်၏အစ ဖြစ်၏။ ငြီးငွေ့ရန်၊ တပ်ခြင်းကင်းရန်၊ ချုပ်ရန်၊

ငြိမ်းရန်၊ ထူးသောဉာဏ်ဖြင့်သိရန်၊ ကိုယ်တိုင်သိရန်၊ တဏှာမှထွက်မြောက်ရန် ဖြစ်၏။

"ရဟန်းတို့၊ ထို့ကြောင့် 'ဤကား ဆင်းရဲတည်း'ဟု သိရန် အားထုတ်ရမည်။ ပ ။ 'ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်းအကျင့်တည်း' ဟု သိရန် အားထုတ်ရမည်"ဟု မိန့်တော်မူ၏။ အဋ္ဌမသုတ် ။

၎င်းသုတ်၏အဖွင့် မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ (၃၊ ၃၂၅)၌ လုံးဝ ဖွင့်ပြခြင်းမရှိဘဲ ကျော်ထားပါသည်။ ယင်းသို့ ဖွင့်ပြတော်မမူခြင်း၌ အကြောင်းကို ရှာသည်ရှိသော် (အဘိ၊ ဋ္ဌ၊ ၁၊ ၄၀၂-၄၀၃)၌ အောက်ပါအတိုင်း ဖွင့်ပြထားခြင်းကြောင့် ဖြစ်ပါသည်။ ထို့ပြင် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဘိက္ခုဝဂ်၊ စူဠမာလုကျသုတ် အဖွင့်၌လည်း ဖွင့်ပြထားပြီးဖြစ်ပါသည်။

ထိုတွင် အဘိဓမ္မာအဋ္ဌကထာ၌ ဖွင့်ပြထားပုံကား-

(၁၁၀၅) "သဿတော လောကောတိဝါတိအာဒီဟိ ဒသဟာကာရေဟိ ဒိဋ္ဌိပ္ပဘေဒေါဝ ဝုတ္တော" စသည်ဖြင့် ဟောထားတော်မူပါသည်။ (ဓာ-၄၀၂)

မြန်မာပြန်မှာ ဤသို့ဖြစ်ပါသည်။

"သဿတော လောကောဝါ" ဤသို့ အစရှိကုန်သော ဆယ်ပါးသော အခြင်းအရာတို့ဖြင့် ဒိဋ္ဌိအပြားကိုသာလျှင် မြတ်စွာဘုရား ဟောတော်မူအပ်၏။ ထိုသဿတော လောကော စသောပုဒ်တို့တွင် သဿတော လောကော ဟူသောပုဒ်၌ ခန္ဓာငါးပါးတို့၏အပေါင်းကို လောကဟုယူ၍ ဤခန္ဓာငါးပါး ဟူသော လောကသည်မြဲ၏ ခပ်သိမ်းသောကာလ၌ ဖြစ်၏-ရှိ၏ဟု ယူသောသူ၏"မြဲ၏"ဟူ၍ ယူသောအခြင်းအရာအားဖြင့်ဖြစ်သော ဒိဋ္ဌိသည် သဿတဒိဋ္ဌိ မည်ပါသည်။

ထိုခန္ဓာငါးပါးဟူသော လောကကိုပင် ပြတ်၏-ပျက်စီး၏ဟု ယူသောသူ၏ ပြတ်ခြင်းကို ယူသောအခြင်းအရာအားဖြင့် ဖြစ်သော ဒိဋ္ဌိသည် အသဿတဒိဋ္ဌိ (ဥစ္ဆေဒဒိဋ္ဌိ) ဖြစ်ပါသည်။

ကျဉ်းသော ကသိုဏ်းပဋိဘာဂနိမိတ်ကို ရသည်ဖြစ်၍ ဗန်းစကော အတိုင်းအရှည်ရှိသည်လည်း ဖြစ်သော၊ အိုးဖုံးစလောင်းဖုံး အတိုင်းအရှည်ရှိသည်လည်းဖြစ်သော ကသိုဏ်းပဋိဘာဂနိမိတ်၌ ဝင်စားသည်ဖြစ်၍ သမာ

ပတ်အတွင်း၌ ဖြစ်စေအပ်သော ရုပ်နာမ်တရားတို့ကို လောကဟူ၍လည်း ကောင်း၊ ကသိုဏ်းအပိုင်းအခြား၏အဆုံးအားဖြင့် အဆုံးရှိ၏ဟူ၍လည်း ကောင်း ယူသောသူ၏ အဆုံးရှိ၏ဟုယူသော အခြင်းအရာအားဖြင့် ဖြစ်သော ဒိဋ္ဌိသည် အန္တဝါဒိဋ္ဌိ ဖြစ်ပါသည်။ ထိုအန္တဝါဒိဋ္ဌိသည် သဿတဒိဋ္ဌိသည် လည်း ဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိသည်လည်း ဖြစ်၏။

ကျယ်သော ကသိုဏ်းပဋိဘာဂနိမိတ်ကို ရသည်ဖြစ်၍ ထိုကသိုဏ်း ပဋိဘာဂနိမိတ်၌ ဝင်စားသည်ဖြစ်၍ သမာပတ်အတွင်း၌ ဖြစ်စေအပ်သော ရုပ်နာမ်တရားတို့ကို လောကဟူ၍လည်းကောင်း၊ ကသိုဏ်းအပိုင်းအခြား၏ အဆုံးအားဖြင့် အဆုံးမရှိဟူ၍လည်းကောင်း ယူသောသူ၏ အဆုံးမရှိဟု ယူသော အခြင်းအရာအားဖြင့်ဖြစ်သောဒိဋ္ဌိသည် အနန္တဝါဒိဋ္ဌိ ဖြစ်ပါသည်။ ထိုအနန္တဝါဒိဋ္ဌိသည် သဿတဒိဋ္ဌိသည်လည်း ဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိသည်လည်း ဖြစ်၏။

ပျက်ခြင်းသဘောရှိသော ကိုယ်ကိုသာလျှင် ဇီဝဟု ယူအပ်သည်၏ အဖြစ်ကြောင့် ကိုယ်သည် ပြတ်သည်ရှိသော် ဇီဝသည်လည်းပြတ်၏ဟု ယူသော အခြင်းအရာအားဖြင့်ဖြစ်သော ဒိဋ္ဌိသည် တံဇီဝံ တံသရီရံဒိဋ္ဌိ ဖြစ်ပါသည်။

ကိုယ်မှ တစ်ပါးသော ဇီဝကို ယူအပ်သည်အဖြစ်ကြောင့် ကိုယ်သည် ပြတ်သော်လည်း ဇီဝသည်မပြတ်ဟု သဿတဟူ၍ ယူသော အခြင်းအရာအား ဖြင့်ဖြစ်သော ဒိဋ္ဌိသည် အညံဇီဝံ အညံသရီရံဒိဋ္ဌိ ဖြစ်ပါသည်။

သတ္တဝါသည် တထာဂတ မည်၏။ ထိုသတ္တဝါသည် သေသည်မှ နောက်၌ ထင်ရှားရှိ၏ဟု ယူသောသူအား ရှေးဦးစွာသော သဿတဒိဋ္ဌိသည် ဟောတိ တထာဂတော ပရံ မရဏာဒိဋ္ဌိ ဖြစ်ပါသည်။

သတ္တဝါသည် သေသည်မှနောက်၌ ထင်ရှားမရှိဟု ယူသောသူအား ဒုတိယမြောက်ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိသည် နဟောတိ တထာဂတော ပရံ မရဏာဒိဋ္ဌိ ဖြစ်ပါသည်။

သတ္တဝါသည် သေပြီးမှနောက်၌ ထင်ရှားရှိမှုလည်းရှိ၏၊ ထင်ရှား မရှိမှုလည်းမရှိဟု ယူသောသူအား တတိယမြောက်ဖြစ်သော ဧကစ္စ

သဿတဒိဋ္ဌိသည် **ဟောတိစ နစဟောတိ တထာဂတော ပရံ မရဏာဒိဋ္ဌိ** ဖြစ်ပါသည်။

သတ္တဝါသည် သေသည်မှနောက်၌ ထင်ရှားရှိသည်လည်းမဟုတ်၊ ထင်ရှားမရှိသည်လည်းမဟုတ်ဟု ယူသောသူအား စတုတ္ထမြောက်ဖြစ်သော အမရာဝိက္ခေပဒိဋ္ဌိသည် **နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာဒိဋ္ဌိ** ဖြစ်ပါသည်။ (အဋ္ဌသာလိနီ အဋ္ဌကထာနိဿယ တတိယအုပ်၊ စာ-၃၉၂-၃၉၄။)

ထို့ပြင် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ ဘိက္ခုဝဂ်၊ စူဠမာလုကျသုတ်အဖွင့်၌လည်း ဖွင့်ပြထားပြီး ဖြစ်ပါသည်။ ဖွင့်ပြထားပုံမှာ-

"မိစ္ဆာဒိဋ္ဌိ (အယူမှား)တို့ကို ငါဘုရား ဟောတော်မမူအပ်ကုန်ဟုလည်းကောင်း၊ တထာဂတအရ သတ္တဝါကိုယူဟူ၍လည်းကောင်း၊ ထိုကဲ့သို့ မိစ္ဆာဒိဋ္ဌိ ရှိနေလတ်သော် မြတ်သောအကျင့်ကို ကျင့်သုံးနေထိုင်ခြင်း (တရားကျင့်ခြင်း)သည် မရှိသည်သာတည်း၊ ဇာတိ ဇရာ မရဏတို့သည်ကား ရှိနေကြသည်သာတည်းဟုလည်းကောင်း" ပြတော်မူ၏။

"ငါဘုရား၏တပည့်တို့သည် ထိုကဲ့သို့သော မိစ္ဆာဒိဋ္ဌိ (အယူမှား)တို့၌ ငြီးငွေ့ကုန်သည်ရှိသော် ဤသာသနာတော်၌ပင် ဤဘဝ၌ပင် နိဗ္ဗာန်ရောက်ကုန်၏"ဟု ဆိုလိုပါသည်။

ထိုသို့သော မိစ္ဆာဒိဋ္ဌိအယူသည်လည်းကောင်း၊ ထိုမိစ္ဆာဒိဋ္ဌိ အယူကို ဟောခြင်းသည်လည်းကောင်း မြတ်သောအကျင့်၏ အစမျှသည်လည်း မဖြစ်ချေ။ မြတ်သောအကျင့်၏ ရှေးအဖို့၌ဖြစ်သော အလေ့အကျင့်မျှသည်လည်း မဖြစ်ချေ။

ဝဋ်တရား၌ ငြီးငွေ့ခြင်းအကျိုးငှာလည်းကောင်း၊ တပ်ခြင်းမှ ကင်းခြင်းအကျိုးငှာလည်းကောင်း၊ ဝဋ်တရား၏ ချုပ်ပျက်ခြင်းအကျိုးငှာလည်းကောင်း၊ ရာဂစသည်တို့၏ ငြိမ်းအေးခြင်းအကျိုးငှာလည်းကောင်း၊ အထူးအားဖြင့် ထိုးထွင်း၍သိအပ်ကုန်သောတရားတို့ကို အထူးအားဖြင့် ထိုးထွင်း၍သိခြင်းအကျိုးငှာလည်းကောင်း၊ မဂ်ဉာဏ်လေးပါးဟုဆိုအပ်သော ကိုယ်တော်တိုင် သိအပ်သောတရားတို့ကို သိခြင်းအကျိုးငှာလည်းကောင်း၊

အသခ်ိတဖြစ်သောနိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးငှာလည်းကောင်း မဖြစ်ချေ။

မြတ်သောအကျင့်၏ အစဖြစ်၍ဖြစ်သော မြတ်သောအကျင့်၏ ရှေးအဖို့၌ဖြစ်သော အနီးကပ်အလေ့အကျင့်(သီလ)သည် အာဒိဗြဟ္မစရိယကမည်ပါသည်။ ဤဒေသနာကိုလည်း မြတ်စွာဘုရားသည် ဤဘဝ၌ မဂ်ဉာဏ်ရထိုက်သူဖြစ်၍ ကျွတ်ထိုက်သော နေယျပုဂ္ဂိုလ်၏အစွမ်းဖြင့် ပြီးဆုံးစေတော်မူပါသည်။ ထို့ကြောင့် အဆိုပါ မိစ္ဆာဒိဋ္ဌိဆယ်ချက်တို့ကို မြတ်စွာဘုရားသည် ဟောလည်းဟောတော်မမူချေ။ မိစ္ဆာဒိဋ္ဌိကတို့က မေးသောအခါ၌ ဖြေလည်းဖြေတော်မမူချေ။

ဤမိစ္ဆာဒိဋ္ဌိဆယ်ချက်တို့၌ မိစ္ဆာဒိဋ္ဌိကတို့၏ အလိုအားဖြင့် လောက၊ ဇီဝ၊ သရီရ၊ သတ္တဝါအရ အသီးသီးမှာ ပရမအတ္တ၊ ဇီဝအတ္တတို့သာ ဖြစ်ကြောင်း အထူးသတိပြုအပ်ပါသည်။ (မ၊ ၄၊ ၂၊ ၉၉-၁၀၀)

(ဃ)

ဤစကားရပ်တို့၌ပါသော လောက၊ ဇီဝ၊ သရီရ၊ သတ္တဝါဟူသော ဝေါဟာရတို့၏အနက်ကို ယူရာတွင်-

မိစ္ဆာဒိဋ္ဌိကတို့၏ယူပုံ သမ္မာဒိဋ္ဌိကတို့၏ ယူပုံဟူ၍ နှစ်မျိုးရှိကြောင်းတို့ကို ယနေ့ခေတ်ပေါ် မိစ္ဆာဒိဋ္ဌိတို့က နားမလည်ခြင်းကြောင့်လည်းကောင်း၊

မိစ္ဆာဒိဋ္ဌိကတို့၏ အနက်ယူပုံကိုသာသက်ဝင်၍ လက်ခံခြင်းကြောင့် လည်းကောင်း

"သတ္တဝါသည် သေသည်မှနောက်၌ မဖြစ်" ဟူသော တစ်ချက်တည်းကိုသာ ကွက်ယူလျက် "ရှေးဘဝနောက်ဘဝမရှိကြောင်း"စသည်တို့ကို ဟောပြောရေးသား ဖြန့်ဝေနေကြပါသည်။

ထိုသူတို့သည် မြတ်ဗုဒ္ဓဒေသနာတော်၏ အနက်ကို သမ္မာဒိဋ္ဌိက အဖို့အားဖြင့် မယူဘဲ မိစ္ဆာဒိဋ္ဌိက အဖို့အားဖြင့် ယူထားသူများဖြစ်၍ ထိုသူတို့၏ ဟောပြောချက် ရေးသားချက် ဖြန့်ဝေချက်တို့သည် မြတ်ဗုဒ္ဓ ဟောပြအပ်သော ဓမ္မဝါဒမဟုတ်ကြောင်း (မြတ်ဗုဒ္ဓ မဟောအပ်သော အဓမ္မဝါဒသာဖြစ်ကြောင်း) မှတ်ယူကြရမည် ဖြစ်ပါသည်။

(င)

အချုပ်အားဖြင့်မူ ရှေးဟောင်းဖြစ်ကုန်သော မိစ္ဆာဒိဋ္ဌိကတို့သည် ခန္ဓာပဥ္စကဒြပ်ကိုအစွဲပြု၍ လောက၊ ဇီဝ၊ သရီရ၊ သတ္တဝါဟူသော ဝေါဟာရတို့အရ ကောက်ယူကြပါသည်။ ယူဆကြပါသည်။ ထိုသူတို့ ကြံဆအပ် စွဲယူအပ်သော ပရမအတ္တ၊ ဇီဝအတ္တဆိုသည်တို့ကား မည်သည့်အခါကမှ တကယ်မရှိခဲ့ဘူး၊ ယခုအခါမှာလည်း တကယ်မရှိ၊ မည်သည့်အခါမှာမှလည်း တကယ်ရှိလိမ့်မည်မဟုတ်။

ထို့ကြောင့် အဆိုပါလောကစသည်တို့ကို-

မြဲ၏ဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။ မမြဲဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။

အဆုံးရှိ၏ဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။ အဆုံးမရှိဟု လည်း ဖြေဆိုဖွယ်ရာ မရှိပါ။

ထိုအသက်သည်ပင် ထိုကိုယ်ကောင်တည်းဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။ အသက်သည်တခြား ကိုယ်ကောင်သည်တခြားဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။

သတ္တဝါသည် သေပြီးသည်မှ နောက်၌ ဖြစ်၏ဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။ သတ္တဝါသည် သေပြီးသည်မှ နောက်၌ မဖြစ်ဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။

သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်လည်းဖြစ်၏-မဖြစ်လည်းမဖြစ်ဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။ သတ္တဝါသည် သေသည်မှ နောက်၌ ဖြစ်သည်လည်းမဟုတ်-မဖြစ်သည်လည်း မဟုတ်ဟုလည်း ဖြေဆိုဖွယ်ရာ မရှိပါ။

သို့ဖြစ်၍ မြတ်ဗုဒ္ဓက ဖြေတော်မမူခြင်းပင် ဖြစ်ပါသည်။

ထိုသို့ဖြေတော်မမူခြင်းကိုပင် အစွဲပြုလျက် ယခုခေတ်ပေါ် မိစ္ဆာဒိဋ္ဌိကများကလည်း "နောက်ဘဝကို ဘုရားမဟောခြင်းကြောင့် နောက်ဘဝမရှိ" စသည်ဖြင့် ယူဆဖြန့်ဝေနေပါသည်။

အမှန်အားဖြင့် မြတ်ဗုဒ္ဓက အဆိုပါ လောကစသည်တို့ကို ဟောတော်မူသည်သာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓဟောအပ်သော လောက၊ ဇီဝ၊ သရီရ၊ သတ္တဝါဆိုသည်တို့ကား ရုပ် နာမ်တရားစုမျိုး ဖြစ်၍ ပရမတ္ထတရားဖြစ်ခြင်းကြောင့် အမှန်တကယ်ရှိတရားများ ဖြစ်ကြပါသည်။ ထို့ကြောင့် "မမြဲဟုယူရမည်သာ" ဖြစ်ပါသည်။

မှန်၏။ မြတ်ဗုဒ္ဓကိုယ်တော်တိုင်ပင် ရုပ်နာမ်တရားစုဖြစ်သော ခန္ဓာငါးပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ အနတ္တလက္ခဏသုတ်တော်စသည်တို့မှာ ထုတ်ဖော်ဟောပြတော်မူပြီး ဖြစ်ပါသည်။

ဤသို့ဟောတော်မူချက်များကို ယခုခေတ်ပေါ် မိစ္ဆာဒိဋ္ဌိတို့က ပရမတ္ထတို့သည် နောက်မှပေါ်လာသည့် ဖြည့်စွက်ချက်များသာ ဖြစ်သည်ဟု ဆိုကာ ပယ်ချနေကြပါသည်။

လူမိုက်တို့သည် လူမိုက်တို့၏လမ်းအတိုင်း လျှောက်လှမ်းလျက် လူမိုက်တို့၏ပန်းတိုင်သို့ ဆိုက်ရောက်ကြပါလိမ့်မည်။ ဒုစရိုက်မှု ၁၀-ခုတို့တွင် တစ်ခုခုရှိနေသူမျိုးကိုလည်း လူမိုက်ဟု ခေါ်ဆိုရပါသည်။

(မင်္ဂလသုတ်အဖွင့်)

# ရှေ့ဘဝနောက်ဘဝ

မြတ်ဗုဒ္ဓက ရှေ့ဘဝ နောက်ဘဝတို့အကြောင်းကို အကျယ်တဝင့် ဟောထားပါလျက် "ရှေ့ဘဝ နောက်ဘဝအကြောင်း မြတ်ဗုဒ္ဓမဟော" ဟူ၍ ရေးသားထားသော အမေ့ဝါဒစာပေများ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"ကျုပ်တို့က သူတို့ကို အဓိကဆုံးမတာမှာ ဘယ်တရားမှ မရချင်နေ ရချင်ရ ရှေ့ဘဝ နောက်ဘဝကိုတော့ မတွေးရဘူးနော်-လို့ ဆိုတာလောက်ကတော့ ကျုပ်တို့ကို ချဉ်းကပ်နေတဲ့ ချာတိတ်ကလေးတောင် သိတန်ရာတယ်လို့ ထင်တယ်။ (ပ)။

"အဲဒီအစဆုံးဖြစ်တဲ့ ရှေ့ဘဝ-နောက်ဘဝ မတွေးရဘူးလို့ ဆိုတဲ့ဟာကို (သူက လျှောက်ထားလာတယ်။) ရှေ့ဘဝ-နောက်ဘဝဟာ တကယ်မြတ်စွာဘုရား မဟောဘူး။ ကျုပ်တို့ကလဲပဲ ရှေ့ဘဝနောက်ဘဝကိုတော့ဖြင့် လုံးဝ မဟောပြောဘူး။

"ရှေ့ဘဝ နောက်ဘဝကို ယူဆတဲ့သူဆိုရင်ဖြင့် မိစ္ဆာဒိဋ္ဌိဆိုပြီးသကာလ ကျုပ်တို့နဲ့ ပဋိပက္ခအနေအထားမှာ ရှိတယ်လို့ ပြောတာကို သူ မကြားခဲ့ဘူးသလို ဖြစ်နေတယ်"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဘာသာတရားကပေးသောဆုလာဘ်၊ စာ-၂)

(က)

**ရှေ့ဘဝနောက်ဘဝအကြောင်းဟောကြားချက်များ**

အထက်ပါစကားရပ်၌ "ရှေ့ဘဝနောက်ဘဝကို မြတ်ဗုဒ္ဓ မဟော"

ဆိုသည့်အချက်သာ အဓိက ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ဝိနယပိဋကဌ် ရှေး ဘဝမှာ နွားဖြစ်ခဲ့ဖူးသူက ယခုဘဝမှာ ရဟန်းဖြစ်လာကြောင်း၊ ထိုရဟန်းမျိုးက ညအခါမှာ စားမြုံ့ပြန်လျှင် ဝိကာလဘောဇနသိက္ခာပုဒ်အရ အာပတ်မသင့် ကြောင်း ပညတ်တော်မူထားပါသည်။ ယခုဘဝမှာ ပါရာဇိကသိက္ခာပုဒ်တော် ကို ကျူးလွန်သည့် ရဟန်းတို့သည် နောက်ဘဝမှာ ငရဲကျရမည်ဖြစ်ကြောင်း တိရစ္ဆာန်ဖြစ်ရမည်ဖြစ်ကြောင်း ပညတ်တော်မူပါသည်။

သုတ္တန္တပိဋက ဇာတကပါဠိတော်တို့မှာ ရှေ့ဘဝအကြောင်းများကို အကျယ်တဝင့် ဟောထားပါသည်။ အင်္ဂုတ္တိုရ်ပါဠိတော် စသည်တို့မှာ နောက် ဘဝအကြောင်းတို့ကိုလည်း အကျယ်တဝင့် ဟောထားတော်မူပါသည်။

အဘိဓမ္မာပိဋက ခန္ဓယမက ဥပ္ပါဒအတီတပုဂ္ဂလောကာသဝါရ စသည်တို့မှာ အတိတ်ဘဝခန္ဓာတစ်ပါးဖြစ်ဖူးသူ၊ ခန္ဓာငါးပါးဖြစ်ဖူးသူ စသည် တို့ကို ဟောကြားထားပါသည်။ ၎င်း အနာဂတပုဂ္ဂလောကာသဝါရ စသည်တို့ မှာ အနာဂတ်ဘဝ ခန္ဓာလေးပါး ဖြစ်လိမ့်မည့်သူ၊ ခန္ဓာငါးပါး ဖြစ်လိမ့်မည့်သူ စသည်တို့ကို ဟောထားပါသည်။

(ခ)

ရှေ့ဘဝနောက်ဘဝအကြောင်းများကို ဟောပြထားသည့် မြတ်ဗုဒ္ဓ ၏ ဒေသနာတော်တို့သည် ဗုဒ္ဓပါဝစနခေါ် ပိဋကသုံးပုံစလုံးမှာပင် အနှံ့ အပြား အများအပြား ရှိနေကြပါသည်။ အဋ္ဌကထာဋီကာတို့မှာလည်း ပါဠိ တော် လာရှိသည့်အတိုင်း အမြောက်အမြား ရှိနေကြပါသည်။

သို့ပါလျက် ပစ္စုပ္ပန်ကမ္မဝါဒီတို့က "ရှေ့ဘဝ နောက်ဘဝကို ဗုဒ္ဓမ ဟော"ဟု ရေးသားကြသည်။ ပြောင်ပြောင်တင်းတင်းပင် လိမ်ညာခြင်း ဖြစ် သည်။ မြတ်ဗုဒ္ဓကို ဒိုင်းသဖွယ် အကာအကွယ်ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

> ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် သူတို့၏ကိုယ်ပိုင်ဝါဒကို ကိုယ်တိုင်တည်ထောင်နိုင်စွမ်း မရှိခြင်းကြောင့် မြတ်စွာဘုရား ကို ရှေ့တန်းခံတပ်သဖွယ် ပြုရက်ကြပါသည်။
>
> သူတို့၏ကိုယ်ပိုင်ဝါဒသည် မြတ်ဗုဒ္ဓနှင့် ပဋိပက္ခ အ နေအထားမှာ တည်ရှိပါလျက် သူတို့၏ဝါဒကို မြတ်ဗုဒ္ဓဝါဒဖြစ် လေယောင် ထောင်ချောက်သဖွယ် အသံကောင်းဟစ်ကြပါ သည်။

များစွာသော ဗုဒ္ဓဘာသာဝင်တို့သည် သေချာတိကျ မသိကြသော်လည်း ရှေ့ဘဝ နောက်ဘဝတို့ကို မြတ်ဗုဒ္ဓ ဟောထားတော်မူကြောင်း အကြမ်းဖျင်းအားဖြင့် သိကြပြီးဖြစ်ပါသည်။ ထိုအသိစိတ်များကို မြတ်ဗုဒ္ဓအားအကြောင်းပြု၍ပင် တိုက်လှဲချပစ်ရန် အကြံကြီးကြီးကြံလျက် ပြောင်ပြောင်တင်းတင်း ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဟောပြောရေးသား ဖြန့်ဝေနေကြပါသည်။

## (ဂ)

## မိစ္ဆာဒိဋ္ဌိဖြစ်သည်-တဲ့

မည်မျှအထိ ပြောင်ပြောင်တင်းတင်း ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား လုပ်သနည်းဟူမူကား-

"ရှေ့ဘဝ နောက်ဘဝတို့ကို ဟောတော်မူသည်သာလျှင်ဖြစ်သော မြတ်ဗုဒ္ဓသည်လည်း မိစ္ဆာဒိဋ္ဌိက ဖြစ်သည်။ သူတို့နှင့် ပဋိပက္ခအရာမှာ တည်သည်။

"ရှေ့ဘဝ နောက်ဘဝတို့ကို လက်ခံယုံကြည်သည်သာလျှင်ဖြစ်သော ဗုဒ္ဓဘာသာဝင် သံဃာတော်များအားလုံးနှင့် လူပုဂ္ဂိုလ်(ဒကာ-ဒကာမ)အားလုံးသည်လည်း မိစ္ဆာဒိဋ္ဌိကများ ဖြစ်ကြသည်။ သူတို့နှင့်ဆန့်ကျင်ဘက်ရန်သူများ ဖြစ်ကြသည်"ဟူ၍ပင် ပြောဟော ရေးသားထားကြပေသည်။

အမှန်အားဖြင့်မူ မြတ်ဗုဒ္ဓသည် ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒကို သန့်သန့်ကြီးတည်ထောင်နိုင်သည့် အတုမဲ့ အရှင်မြတ်ကြီး ဖြစ်ပါသည်။ အခြားသူတို့၏ဘာသာဝါဒအတွင်းဝင်ပြီး သူတစ်ပါးတို့၏ ယုံကြည်မှုကို အယောင်ဆောင်မျက်နှာဖုံးစွပ်လျက် အတင်းသိမ်းသွင်းယူခဲ့ခြင်း လုံးဝ မရှိပါ။ ခိုင်ခိုင်မတ်မတ်ရပ်တည်တော်မူလျက် သန့်သန့်ရှင်းရှင်းကြီး ဟောပြောကာ ဘာသာဝါဒသစ်ကို တည်ထောင်တော်မူခဲ့ခြင်းပင် ဖြစ်ပါသည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် မိစ္ဆာဒိဋ္ဌိက မဟုတ်ချေ။

**ပစ္စုပ္ပန်ကမ္မဝါဒီတို့သည်သာ မိစ္ဆာဒိဋ္ဌိက ဖြစ်ကြသည်။**

မြတ်ဗုဒ္ဓသည် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ ပဋိပက္ခအရာမှာတည်သော ရန်သူ မဟုတ်ချေ။

**ပစ္စုပ္ပန်ကမ္မဝါဒီတို့သည်သာ မြတ်ဗုဒ္ဓ၏ ပဋိပက္ခအရာမှာ တည်သော၊ သူတို့ကိုယ်တိုင် ခံယူလိုက်သော ရန်သူကြီးများ ဖြစ်ကြသည်။ သူပုန်ကြီးများ ဖြစ်ကြသည်။**

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် သူတို့၏ ကိုယ်ပိုင်ဝါဒသစ်ကို သန့်သန့်ရှင်းရှင်း တည်ထောင်နိုင်စွမ်းရှိသူများ မဟုတ်ကြချေ။ မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဝါဒအတွင်းဝင်နေပြီး ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမ အများနှင့် မသိနားမလည်သူ အများကို ဗုဒ္ဓဝါဒယောင်ဆောင် ထားသော မျက်နှာဖုံးစွပ်ဖြင့် အတင်း သိမ်းသွင်း၍ (သူတို့၏ အယူဝါဒ လက်အောက် ကျရောက်လာအောင်) လုယူနေသူများ ဖြစ်ကြပါသည်။

**မြတ်ဗုဒ္ဓ၏ နှုတ်တော်ထွက် ဝေါဟာရတို့ကို အခွံချွတ် ယူပြီး လက်ကိုင်တုတ်လုပ်လျက် ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် ပူးသတ်နေသူများ ဖြစ်ကြသည်။**

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ ရှေ့ဘဝနောက်ဘဝ မတွေးရကြောင်း ဟောပြောချက် ရေးသားချက် ဖြန့်ဝေချက် မှန်သမျှသည်လည်းကောင်း၊ ရှေ့ဘဝနောက်ဘဝမရှိကြောင်း ဟောပြော ရေးသား ဖြန့်ဝေချက် မှန်သမျှသည်လည်းကောင်း၊ မြတ်ဗုဒ္ဓက ရှေ့ဘဝနောက်ဘဝတို့ကို မဟောကြားပါဟု လိမ်ညာလှည့်စားထားသည့် ဟောပြောချက် မှန်သမျှသည်လည်းကောင်း မြတ်ဗုဒ္ဓဟောပြအပ်သော ဓမ္မဝါဒမဟုတ်ကြောင်း (မြတ်ဗုဒ္ဓ မဟောအပ်သော အဓမ္မဝါဒသာဖြစ်ကြောင်း) မှတ်ယူကြရမည် ဖြစ်ပါသည်။

(ဃ)

အနှစ်ချုပ်အားဖြင့်မူ မြတ်ဗုဒ္ဓသည် ရှေ့ဘဝနောက်ဘဝတို့ကို ဟောတော်မူပါသည်။ မြတ်ဗုဒ္ဓ၏ ဘာသာဝါဒထဲမှာ ရှေ့ဘဝနောက်ဘဝတို့ ရှိကြပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ရှေ့ဘဝနောက်ဘဝကို မဟောကြချေ။ သူတို့၏ ဘာသာဝါဒ (အတု)ထဲမှာ ရှေ့ဘဝနောက်ဘဝတို့ မရှိကြပေ။ ယခု

ပစ္စုပ္ပန် တစ်ဘဝမျှသာ ရှိကြပေသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဤမျှလောက် အထိ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်ပါလျက်နှင့်ပင် မြတ်ဗုဒ္ဓ၏ဒေသနာ တော်များ ဝေါဟာရများကို အတင်းလုယူသုံးစွဲပြီး မသိနားမလည်သူ ဗုဒ္ဓ ဘာသာဝင်များကို ဖျက်ဆီးလျက် ရှိကြပါသည်။

## (င)
## အချည်းနှီးဝါဒသာ

ပစ္စုပ္ပန်ကမ္မဝါဒီက-

"အဲဒီအစဆုံးဖြစ်တဲ့၊ ဒီ ရှေ့ဘဝနောက်ဘဝလို့ဆိုတဲ့၊ လူကို ကျော်ပြီး တွေးတဲ့အတွေးမျိုးတောင်မှ မဖျောက်နိုင်ဘူးလို့ ဆိုခဲ့လို့ ရှိရှင် သူ့အဖို့ မလွယ်ဘူး။ ရှေ့ဘဝနောက်ဘဝ မရှိဘူးဆိုတဲ့ ယုံကြည် မှုကလေး အခံရှိပြီးမှ- တခြား ကျုပ်တို့ပေးတဲ့ လက်နက်တွေဟာ အစွမ်းထက်မယ်။

ဘာပြုလို့တုံးဆိုတော့ ကျုပ်တို့က ဘယ်လောက်ကောင်းမွန် တဲ့ သဘောတရားကြီးကို ဖြန့်ဝေပါတယ်။ ချီးမြှောက်ပါတယ်။ ပေးကမ်းပါတယ်လို့ ဆိုနေ-နေ အဲဒီ (ပ)အတွေးအခေါ်မျိုး တွေးခေါ်နေပြီလို့ ဆိုရင် ဘာမှလုပ်လို့ မရတော့ဘူး"ဟု ရေးသား ထားပြန်ပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဘာသာတရားကပေးသောဆုလာဘ်၊ စာ-၃)

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီက-

"ဒီတော့ ဒီတရားဓမ္မဟာ လုံးဝနောက်ဘဝ၊ နောင်ဘဝလို့ ဆိုတဲ့ မသိနိုင်၊ နားမလည်နိုင်တဲ့ဝါဒ အတွေးကြီးဟာ မရှိကို မရှိမှ ဒီတရားဓမ္မကို မှိန်မှိန်မှေးမှေးကလေးတော့ မြင်နိုင်တဲ့ အနေအထား ရောက်မယ်။ နောက်ဘဝ နောင်ဘဝ ဖြစ်တယ်-မဖြစ်ဘူးဆိုတဲ့ ပြဿနာကို အတွေးထဲမှာ နဲနဲကလေးပဲ ဖြစ်ဖြစ် ထွက်လိုက်ရင် တော့ (ပ) ဘယ်တော့မှ ဒီတရားအစွမ်းမထက်တော့ဘူး။ ဒီတရား

ဘယ်လို အသုံးကျတယ် ဆိုတာလဲ မသိတော့ဘူး။ ဒီတရားရဲ့ အစော်ကို မနံတော့ဘူးလို့ ဒီလိုပြောရမယ်"ဟုလည်း ရေးသားထားပြန်ပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဘာသာတရားကပေးသောဆုလာဘ်၊ စာ-၉)

ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ဝါဒမှာ ရှေ့ဘဝနောက်ဘဝ မရှိဘူးဆိုသည်ကို ယုံကြည်မှုရှိနေကြရမည်။ ယခုပစ္စုပ္ပန် တစ်ဘဝသာရှိ၏ဆိုသည်ကို ယုံကြည်မှုရှိနေကြရမည်။

မြတ်ဗုဒ္ဓ၏ဝါဒမှာ ဘုရားရဟန္တာ မဟုတ်သေးလျှင် ရှေ့ဘဝလည်း ရှိခဲ့သည်။ ယခုဘဝလည်း ရှိသည်။ နောက်ဘဝလည်း ရှိလိမ့်ဦးမည်ဟု အမှန်အတိုင်း ဟောကြားထားပါသည်။ ဘုရားရဟန္တာဆိုလျှင်ကား ရှေ့ဘဝ ယခုဘဝရှိသော်လည်း နောက်ဘဝဟူ၍ မရှိတော့ပြီ။

## ကမ္မကိုပယ်ခြင်း ကမ္မဖလကိုပယ်ခြင်း

ယခုဘဝမှာ ဖြစ်ဖြစ်သမျှ ကောင်းကျိုး-ဆိုးပြစ်တို့သည် ရှေးရှေးဘဝက ပြုခဲ့သောကံများနှင့် မဆိုင်ဟူ၍ ရှေးရှေးဘဝကကံကို ပယ်ခြင်း၊

ယခုဘဝမှာ ပြုပြုသမျှကံတို့သည် နောက်ဘဝမှာ အကျိုးမပေးဟူ၍ နောက်ဘဝမှာ ခံစားအပ်သောအကျိုးတို့ကိုပယ်ခြင်းနှင့် ပတ်သက်၍ ပစ္စုပ္ပန်ကမ္မဝါဒီရေးသားထားသော အဓမ္မဝါဒစာပေများ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"လူမှာ ဖြစ်နေတာက ကောင်းကျိုးပဲ ဖြစ်ဖြစ်၊ ဆိုးပြစ်ပဲ ဖြစ်ဖြစ် ဒီမှာ(ဒီဘဝမှာ)ပြုလုပ်လို့ ဖြစ်တာ-ဆိုတာကို အရင် ခံယူရမှာပဲ။ ကျုပ်တို့ပြောကြတယ်။ (ပ)

"တရားဓမ္မတွေက အခုရောက်နေတဲ့ လူ့ဘဝ စားရေး ဝတ်ရေး နေရေး ပေါင်းသင်းရေး ဆက်ဆံရေး အဲဒီအရေးတွေမှာ အသုံးချဖို့အတွက်သာ ဖြစ်တယ်။ အစွမ်းထက်မယ် ဆိုရင်လဲပဲ အဲဒီ အရေးတွေမှာပဲ အစွမ်းထက်ရမှာ ဖြစ်တယ်။ (ဆိုတာကို ကျုပ်တို့ ပြောကြတယ်)"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဘာသာတရားကပေးသောဆုလာဘ်၊ စာ-၃-၄)

(က)

အထက်ပါစကားတို့တွင်-

၁။ ဖြစ်ဖြစ်သမျှ ကောင်းကျိုးဆိုးပြစ်များသည် ယခုဘဝမှာမှ ပြုလုပ်ချက်ကြောင့် ဖြစ်လာကြသည်-ဟူသောအချက်၊

၂။ တရားဓမ္မတို့ကို ယခုဘဝအတွင်းမှာသာ စားဝတ်နေရေး၊ ပေါင်းသင်းဆက်ဆံရေးတွေမှာ အသုံးချရမည်-ဟူသောအချက်၊

၃။ ယခုဘဝအတွင်းမှာသာ စားဝတ်နေရေး၊ ပေါင်းသင်းဆက်ဆံရေးတို့မှာသာ-တရားဓမ္မများ အစွမ်းရှိသည်-ဟူသောအချက်များ ပါဝင်သည်။

(ခ)

ဤ ၃-ချက်တို့တွင် ပထမအချက်ဖြင့် ရှေးရှေးဘဝက ပြုခဲ့သောကံများကို ပယ်ခြင်းဖြစ်သည်။ ဒုတိယ- တတိယအချက်တို့ဖြင့် နောက်နောင်ဘဝတို့မှာ ခံစားရမည့်အကျိုးတို့ကို ပယ်ခြင်းဖြစ်သည်။

သုတ္တန်ပိဋက၊ အဘိဓမ္မာပိဋကတို့၌ ရှေးရှေးဘဝက ပြုလုပ်ခဲ့သောကံကြောင့် ယခုဘဝမှာ သမ္မာသမ္ဗုဒ္ဓဖြစ်ရပုံ၊ ပစ္စေကဗုဒ္ဓဖြစ်ရပုံ၊ အဂ္ဂသာဝကဖြစ်ရပုံ၊ မဟာသာဝကဖြစ်ရပုံ၊ ပကတိသာဝကရဟန္တာဖြစ်ရပုံ၊ သောတာပန်စသည်ဖြစ်ရပုံ၊ လူနတ် ဗြဟ္မာဖြစ်ရပုံများနှင့် အပါယ်ဘဝဖြစ်ရပုံများကို မြတ်ဗုဒ္ဓ ဟောကြားထားသည်မှာ ထင်ရှားလှပါသည်။

ထို့ပြင် ရှေးရှေးဘဝက ပါရမီကံကြီး ပါရှိပြီးဖြစ်သော်လည်း ယခုဘဝမှာ တောထွက်တော်မူ၍ တရားကျင့်တော်မူခြင်း (သူတော်ကောင်းတရားနာကြားရခြင်း)စသော ကံတို့ကိုလည်း ပြုကြရပုံများ ထင်ရှားရှိကြပါသည်။

သို့ဖြစ်၍ ယခုဘဝမှာ ဖြစ်ဖြစ်သမျှ ကောင်းကျိုးဆိုးပြစ်တို့သည် ရှေးရှေးဘဝက ပြုခဲ့သောကံများနှင့် ယခုဘဝ ပြုအပ်သောကံ နှစ်မျိုးညီညွတ်မှုကြောင့် ဖြစ်ပေါ်ကြသည်ဟု မြတ်ဗုဒ္ဓက ဟောပါသည်။ ယခုဘဝမှာမှ ပြုလုပ်ချက်(တစ်ခုတည်း)ကြောင့် ကောင်းကျိုးဆိုးပြစ်များ ဖြစ်ကြောင်းကို မြတ်ဗုဒ္ဓက ဟောတော်မမူပါ။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ပထမအချက်ပါ ရေးသားမှုသည် မြတ်ဗုဒ္ဓ ဟောအပ်သော ဓမ္မဝါဒမဟုတ်ကြောင်း (မြတ်ဗုဒ္ဓ မဟောအပ်သော အဓမ္မဝါဒသာဖြစ်ကြောင်း) ထင်ရှားပါသည်။

(ဂ)

မြတ်ဗုဒ္ဓသည် ယခုဘဝမှာ ပြုအပ်သော အကုသိုလ်ကံကြောင့် နောက်ဘဝမှာ အပါယ်လေးဘုံ၌ ဖြစ်ရပုံများ၊ ယခုဘဝမှာ ပြုအပ်သော ကုသိုလ်ကံကြောင့် နောက်ဘဝမှာ လူဖြစ်ရပုံ၊ စကြာမင်းဖြစ်ရပုံ၊ နတ်ဖြစ်ရပုံ၊ သိကြားမင်းဖြစ်ရပုံ၊ ဗြဟ္မာဖြစ်ရပုံ၊ ဗြဟ္မာမင်းကြီးဖြစ်ရပုံများနှင့် ယခုဘဝမှာ ပြုအပ်သောကုသိုလ်ကံပါရမီတို့ကြောင့် နောက်ဘဝမှာ သောတာပန်ဖြစ်ရပုံ၊ သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ရပုံ၊ ပစ္စေကဗုဒ္ဓါဖြစ်ရပုံ၊ သမ္မာသမ္ဗုဒ္ဓ ဖြစ်ရပုံများကိုလည်း ဟောတော်မူထားပါသည်။

ထို့ပြင် ယခုဘဝမှာ ပြုအပ်သောကံကြောင့် ယခုဘဝမှာ မိဖုရားဖြစ်ရပုံ၊ အနာရောဂါကင်းရှင်းရပုံ၊ ရဟန္တာဖြစ်ရပုံ စသည်များကိုလည်း မြတ်ဗုဒ္ဓက ဟောပြတော်မူပါသည်။

သို့ဖြစ်၍ ယခုဘဝမှာ ပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် အကြောင်းအားလျော်စွာ ယခုဘဝမှာလည်း အကျိုးပေးကြပါသည်။ နောင်ဘဝတွေမှာလည်း အကျိုးပေးကြပါသည်။

သို့ဖြစ်၍ ယခုဘဝအတွင်းမှာ စားဝတ်နေရေး ပေါင်းသင်းဆက်ဆံရေးမှသာ တရားဓမ္မများက အကျိုးပေးနိုင်ကြောင်း အစွမ်းထက်နိုင်ကြောင်းကို မြတ်ဗုဒ္ဓဟောတော်မမူပါ။

ထို့ကြောင့်-ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဒုတိယတတိယအချက်ပါ ရေးသားချက်သည် မြတ်ဗုဒ္ဓ ဟောအပ်သော ဓမ္မဝါဒမဟုတ်ကြောင်း (မြတ်ဗုဒ္ဓ မဟောအပ်သော အဓမ္မဝါဒသာဖြစ်ကြောင်း) ထင်ရှားလှပါသည်။

(ဃ)

ဤ ၃-ချက်တို့တွင် ဒုတိယ-တတိယအချက်တို့၌ တရားဓမ္မဟူသော ဝေါဟာရကို တွေ့ရပါသည်။ မြတ်ဗုဒ္ဓ၏ သာဝကဖြစ်ကြသော ဗုဒ္ဓဘာသာဝင် မှန်သမျှအနေဖြင့် အကျိုးပေးမည်ဖြစ်သော တရားဓမ္မဆိုသည်မှာ ကုသိုလ်ကံ အကုသိုလ်ကံများဖြစ်ကြောင်း နားလည်ထားကြပြီး ဖြစ်ပါသည်။

သို့ရာတွင် ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဗုဒ္ဓသာဝကလည်း မဟုတ်၊ ဗုဒ္ဓဘာသာဝင်မျှလည်း မဖြစ်ခြင်းကြောင့် အကျိုးပေးမည့် တရားဓမ္မအရမှာ သူတို့အလိုအားဖြင့် ကုသိုလ်ကံ အကုသိုလ်ကံများ မဖြစ်နိုင်ကြောင်း သတိထားသင့်ပါသည်။

၂၇၄၄၆

မှန်၏။ သူတို့အလိုအားဖြင့်မူ စားရေး ဝတ်ရေး နေရေး ပေါင်းသင်း ရေး ဆက်ဆံရေးတို့အတွက်သာ အကျိုးပေးမည်၊ အစွမ်းထက်မည်-ဟု အတိအလင်း ဆိုကြလေပြီ။

အဆိုပါ စားဝတ်နေ အဆင်ပြေခြင်း၊ ပေါင်းသင်းဆက်ဆံ အဆင်ပြေခြင်းအကျိုးတို့မှာ ပဝတ္တိအကျိုးမျှသာ ဖြစ်ပါသည်။

ထို့ကြောင့် သူတို့၏ တရားဓမ္မဆိုသည်မှာ ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြည့်ပြည့်စုံစုံ ဆိုလိုခြင်း လုံးဝ မဟုတ်၊ သူတို့၏ တရားဓမ္မဆိုသည်မှာ ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် နားလည်ထားသော တရားဓမ္မ မဟုတ်ပေ။ သို့သော် ဗုဒ္ဓဘာသာဝင်တို့၏ အယူဝါဒဆိုင်ရာတို့နှင့် လာရောက် ရောယှက်နေကြသည်ဖြစ်၍ ရှင်းလင်းပြနေရပါသည်။

## ကမောက်ကမ

ပစ္စုပ္ပန်ကမ္မဝါဒီက-

"တို့များဟောပြောနေတယ်ဆိုတဲ့ တရားဓမ္မဟာ အဲဒီမှာ အသုံးချရမှာ။ ဒီပြင်ဘယ်မှာမှ အသုံးမချရဘူး။ ဒီမှာပဲ အသုံးကျရမှာပဲ။ လူရေးလူရာရဲ့ ဆက်ဆံရေးမှာပဲ အသုံးကျရမှာပဲ။ လူရေးလူရာရဲ့ နေထိုင်ရေးမှာပဲ အသုံးကျရမှာပဲ။

"အဲဒီအသုံးချရမှာကို (ပ) စနစ်ရှိရှိနဲ့ ကိုယ့်ဘဝ မကျဆုံးတဲ့လမ်းကြောင်းကို ကိုယ့်ဘာသာကိုယ် ထင်မြင်ပြီးတော့ (ပ) အဲဒီလို အသုံးကျစေချင်လွန်းလို့ ဒီတရားဓမ္မကိုဟောနေတာ"ဟု ရေးသားထားပြန်ပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဘာသာတရားကပေးသောဆုလာဘ်၊ စာ-၆-၇)

လူမှုရေးရာ ပြဿနာတွေကို ပြေစေဖို့ တရားဟောတာဟု ဆိုထားသော်လည်း-

(၁) ညောင်တုန်းရွှေဟင်္သာတောရဆရာတော်၏ ကြီးပွားရေးကျမ်းမျိုး၊
(၂) ဦးသိန်း၏ ကြီးပွားရေးကျမ်းမျိုး၊
(၃) ဒေးကာနက်ဂီ၏ မိတ္တဗလဋီကာကျမ်းမျိုး၊

(၄) နပိုလီယန်ဟေးလ်၏ အကြံဉာဏ်နှင့်ကြီးပွားရေးကျမ်းမျိုး မဟုတ်ကြောင်း သတိပြုသင့်ပါသည်။

အဆိုပါ ကျမ်းတို့သည် မည်သည့်ဘာသာရေးကိုမျှ ကမောက်ကမ ဖြစ်အောင် မွှေနှောက်ခြင်း မရှိကြချေ။ ဘာသာတိုင်း လူမျိုးတိုင်းက ကြိုက်လွန်းလှ၍ စောင်ရေပေါင်း သန်းချီ ထွက်ခဲ့ကြလေပြီ။ ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ လူမှုရေးရာ ချမ်းသာကြီးပွားကျမ်းများကား ဗုဒ္ဓဘာသာဝင်အားလုံးတို့က သည်းမခံနိုင်သည့်ကျမ်းမျိုးဖြစ်၍ တရားဝင်ထုတ်ဝေ ဖြန့်ချိခွင့်အနေဖြင့်ပင် မထွက်နိုင်ရှာကြပေ။ ထုတ်ဝေခွင့်လည်း မရနိုင်ရှာကြပေ။

အဘယ့်ကြောင့်နည်း. . .။

အမှန်တကယ် ကြီးပွားရေးကျမ်း အဆင်ပြေရေးကျမ်းမျိုး မဟုတ်ဘဲ ဗုဒ္ဓဘာသာရေးတို့ကို ကမောက်ကမဖြစ်အောင် ဖျက်ဆီးသည့်ကျမ်းမျိုး ဖြစ်နေခြင်းကြောင့်ပေတည်း။

## အတ္တဝါဒကို ထူထောင်ခြင်း

ပစ္စုပ္ပန်ကမ္မဝါဒီက-

"အဲဒီတော့ တရားဓမ္မ ဘယ်အခါမှာ အသုံးကျဖို့မှ မဟုတ်ဘူး။ ဘာအသုံးကျဖို့မှ မဟုတ်ဘူး။ လူရဲ့ ဟောဒီကိုယ်ကောင်ကြီး ဖြစ်တဲ့လူ။ ကိုယ့်ကိုယ်ကို ကိုယ်ဖြစ်စေတဲ့လူ။ အဲဒီလူလေး မသေခင် အတွင်းမှာ ဘယ်လို ဘေးအန္တရာယ်မှ မတွေ့ဘဲနဲ့ လင်နဲ့ ပေါင်းရရင်လဲ ပေါင်းရတဲ့ ချမ်းသာသုခ (ပ) နောက်ဆုံးပိတ် အိုဘေး နာဘေးလို့ ဆိုတဲ့ အအို အနာတွေ ဖြစ်တောင်မှ ချမ်းသာသုခပဲလို့။ အဲဒီလို ချမ်းသာသုခရနေတဲ့အဖြစ်ကို ရောက်စေချင်တယ်။

"အဲဒါကို ရနေဖို့ရန် အတွက်လဲပဲ ဒါ (တရားဓမ္မ) ဟောပြောနေတာဖြစ်တယ်။ တရားဓမ္မက အဲဒီမှာပဲ အသုံးချရမှာပဲ။ မသေခင်မှာဘဲ အသုံးချရမှာ"ဟု ရေးသားထားပြန်ပါသည်။

(ငှင်းစာအုပ်-စာ-၇)

ဤစာထဲတွင် လူကို အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ လူဆိုတာ ကိုယ်ကောင်ကြီး ဖြစ်သည်။ ကိုယ့်ကိုယ်ကို ကိုယ်ဖြစ်စေသူသည် လူမည်၏။

ဤ၌ ကိုယ့်ကိုယ်ကို ကိုယ်ဖြစ်စေမှုဟူသည် နိရောဓ(နိဗ္ဗာန်) ဖြစ်ကြောင်း ၎င်း၏အခြားစာအုပ်တွင် ရေးသားထားပါသည်။

လူအမိပ္ပာယ်နှစ်ခုစလုံး အမှားချည်း ဖြစ်ကြသည်။ ပထမ အမိပ္ပာယ်မှာ ပရမအတ္တဝါဒအလိုအားဖြင့် ဖွင့်ပြခြင်းဖြစ်ပြီး၊ ဒုတိယအမိပ္ပာယ်မှာ ဇီဝအတ္တဝါဒအလိုအားဖြင့် ဖွင့်ပြထားခြင်းပင် ဖြစ်ပါသည်။ မိစ္ဆာဒိဋ္ဌိရှိသူ၏ မိစ္ဆာဉာဏ်စွမ်းပုံ သက်သေဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"အဲဒီတော့ ဒီက တရားပြောတယ်။ တရားပြောတယ်ဆို တာ အမိကဘာပြောတာတုံးဆိုတော့ ဒီမှာ (ဒီဘဝမှာ) ချမ်းသာဖို့ရန် ဒီမှာရဲ့ (ဒီဘဝမှာရဲ့) နေနည်းကား ထိုင်နည်းကား စည်းကမ်းကလ နားတွေ ပြောတာ။

"နားထောင်တဲ့သူရဲ့နားက ဒီမှာ (ဒီဘဝမှာ) မရှိဘူး ဆိုပါ တော့။ နောက်ဘဝပဲ။ နောက်ဘဝပဲ။ ငါတို့ဖြစ်ရတာလဲ နောက်ဘဝ ပဲ။ နောက်ဘဝက ပြုခဲ့တဲ့အတိုင်း တို့ ဒီမှာ (ဒီဘဝမှာ) ဖြစ်လာတာ လို့ ခံယူထားပြီ ဆိုရင်ကတော့ ဘာပဲဖြစ်ဖြစ် နောက်ဘဝမှာပဲ သူက ရှာဖွေတော့မှာ ဆိုတော့ ဒီမှာ (ဒီဘဝမှာ) ဖြစ်တာတွေရဲ့ လက်သည် ဟာ နောက်ဘဝပဲလို့ လုပ်လိုက်တော့ ကျုပ်ပြောသမျှဟာ သူ့နားထဲ မှာ တစ်လုံးမှ မဝင်ဘူး"ဟု ရေးသားထားပြန်ပါသည်။

(၎င်းစာအုပ်-စာ-၉)

အထက်ပါထဲတွင် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ တရားဓမ္မဟူသည်ကို ဖော်ပြ ထားသည်။ "ဒီဘဝမှာ ချမ်းသာဖို့ရန် ဒီဘဝမှာရဲ့ နေနည်းကား ထိုင်နည်း ကား စည်းကမ်းကလနားတွေကို တရားဓမ္မလို့ ခေါ်ပါတယ်"ဟူ၍ ဆိုထားပါ သည်။

နေနည်းထိုင်နည်း စည်းကမ်းကလနားဟူသည် အဘယ်နည်း ဟူ၍ကား မပါသေးသော်လည်း -

မြတ်ဗုဒ္ဓ၏ တရားတော်တို့ကိုလည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့ ၏ အသိဉာဏ်(ဝိဇ္ဇာ)နှင့် အကျင့်မှန်(စရဏ)တို့ကိုလည်းကောင်း၊ ဘာ မှမကျန်အောင် ပါဠိတော်ဝေါဟာရ အငှားများဖြင့် ဝါဒဖြန့်လျက် ဖျက်ဆီးပါလိမ့်မည်။

# လူလိမ်

ပစ္စုပ္ပန်ကမ္မဝါဒီ၏ သူကိုယ်သူ ကိုယ်တိုင်သိသူ(သယမ္ဘူ) အဖြစ် ဝန်ခံခြင်း အကြောင်း၊

နောက်ဘဝကို လက်ခံယုံကြည်သော မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာ ဝင်မှန်သမျှတို့ကို လူဝါလူညာဟု စွပ်စွဲခြင်းအကြောင်း ရေးသားချက်များ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-,

"တို့ဟာ-သိသိထင်ထင်မြင်ပြီး-တကယ့်ကို လက်ညှိုး ထောင်ပြီးတော့ ဒါဟာ ငါကိုယ်တိုင်သိတဲ့ အမှန်တရားလို့ ပြောနေတဲ့ သူရဲ့ အဆိုအဆုံးအမကို တို့ နာကြားနေတာ။ အဲဒီသူကိုလဲပဲ တို့ ပြုစုယုယပြီးသကာလ တို့ ကိုးကွယ်ဆည်းကပ်နေတာ။ ဒီတော့ အဲဒီ ပုဂ္ဂိုလ်က ငါတို့ကို ဆုံးမတယ်။ တို့မသိတာကို သိလေယောင် မလုပ်ရဘူးတဲ့လို့ (ငါတို့ကိုဆုံးမတယ်။)

"ဒါ တရားပါတယ်။ မသိတာ သိယောင်ဆောင်လုပ်ရင်တော့ လူဝါလူညာပဲ။ မသိမှ မသိတာဆိုရင်တော့ဖြင့် မသိဘူးဆိုတဲ့ စာရင်းထဲကို ထည့်လိုက်။ (ပ) စာရင်းထဲ ထည့်ပြီးသားကြီးဆိုရင် သုံးမနေတော့နဲ့။ တို့ နောက်ဘဝ သိသလား။ မသိဘူး။ အေး ဒါ (နောက်ဘဝကို) မသိဘူးစာရင်းထဲ အသေကို သွင်းထားရမယ်"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဘာသာတရားကပေးသောဆုလာဘ်၊ စာ-၁၀-၁၁)

(က)

အထက်ပါစကားရပ်ထဲတွင် ပစ္စုပ္ပန်ကမ္မဝါဒီက ကိုယ်တိုင်သိတဲ့ အမှန်တရားကို ပြောဟောသူဖြစ်ကြောင်း ပါဝင်သည်။ ထို့ပြင် ပစ္စုပ္ပန်

ကမ္ပဝါဒီက "တို့မသိတာကို သိလေယောင် မလုပ်ရဘူး"ဟု ဆုံးမကြောင်းလည်း ပါဝင်သည်။ မသိတာအရမှာ နောက်ဘဝဖြစ်ကြောင်းလည်း ပါဝင်သည်။

အထက်ပါ ၃-ချက်တို့တွင် ပထမအချက်ဖြင့် ကိုယ်တိုင်သိသူသာ ဖြစ်ကြောင်း ပစ္စုပ္ပန်ကမ္ပဝါဒီက ဝန်ခံ ကြေညာထားသော်လည်း ကိုယ်တိုင်သိသူဟု ဝန်ခံထားသူကပင် မြတ်ဗုဒ္ဓ၏အင်္ဂဝစ္ဆသုတ် စသည်တို့ကို ထပ်တလဲလဲ ကိုးကားပြကာ အကာအကွယ်ယူလေ့ရှိပေသည်။ ကိုယ်တိုင် မသိခြင်း၏ ပြယုဂ်ပေတည်း။

## (ခ)

ပစ္စုပ္ပန်ကမ္ပဝါဒီ၏ဆုံးမချက်အရ မသိတာ(နောက်ဘဝ)ကို သိလေယောင် မလုပ်ရ-ဟူရာမှာလည်း မသိခြင်းသည် စက္ခုဒွါရ+စက္ခုဝိညာဏ်ဖြင့် မမြင်ရ၍ မသိခြင်း၊ သောတဒွါရ+သောတဝိညာဏ်ဖြင့် မကြားရ၍ မသိခြင်း၊ ဃာနဒွါရ+ဃာနဝိညာဏ်ဖြင့် အနံ့မရ၍ မသိခြင်း၊ ဇိဝှါဒွါရ+ဇိဝှါဝိညာဏ်ဖြင့် အရသာမခံရ၍ မသိခြင်း၊ ကာယဒွါရ+ကာယဝိညာဏ်ဖြင့် မထိရမတွေ့ရ၍ မသိခြင်း၊ မနောဒွါရ+မနောဝိညာဏ်ဖြင့် မဆင်ခြင်နိုင် မသုံးသပ်နိုင် မသက်ဝင်နိုင်၍ မသိခြင်းဟု ခြောက်မျိုးရှိပါသည်။ သိခြင်းသည်လည်း ထို့အတူ ခြောက်မျိုးပင် ရှိပါသည်။ ဤသည်တို့မှာ စိတ်သိအဆင့်မျှသာ ဖြစ်ကြပါသေးသည်။ ဗုဒ္ဓဘာသာမှာလာရှိသည့် ဉာဏ်ပညာသိအဆင့်သို့ပင်မရောက်သေးချေ။

မသိခြင်း-သိခြင်း ခြောက်မျိုးစီရှိရာမှာ ပစ္စုပ္ပန်ကမ္ပဝါဒီတို့သည် ရှေ့ဖြစ်သော မသိခြင်းငါးမျိုး၊ သိခြင်းငါးမျိုးတို့ဖြင့်သာ သတ်မှတ်ကြခြင်း ယူဆကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် နောက်ဘဝကို သူတို့ မသိခြင်းပင် ဖြစ်ပါသည်။ မနောဒွါရ+မနောဝိညာဏ်ဖြင့် ဆင်ခြင်သုံးသပ် သက်ဝင်နိုင်လျှင်ကား နောက်ဘဝကို မသိဘဲရှိနိုင်မည် မဟုတ်ပေ။ သိကိုသိကြရပေမည်။ နောက်ဘဝကို မရှိစာရင်းထဲ ထည့်နိုင်ကြမည် မဟုတ်ပေ။ နောက်ဘဝသည် ရှိကိုရှိနေရပေမည်။

ဤသို့လျှင် သူတို့၏မိစ္ဆာဉာဏ်(မောဟ)ဖြင့် မသိသည်ကို အကြောင်းပြု၍ နောက်ဘဝသိသူများကိုပင်သိလေယောင်ဟန်ဆောင်ထားသည့်လူဝါလူညာများဖြစ်ကြောင်းစွပ်စွဲပါသေးသည်။

အထူးအားဖြင့်နောက်ဘဝရှိကြောင်း သိသူ ဟောပြောသူမှာ မြတ်ဗုဒ္ဓပင်ဖြစ်ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓကိုလူဝါလူညာဟု စွပ်စွဲခြင်းပင်တည်း။

မြတ်ဗုဒ္ဓ၏သာဝက(သံဃာတော်များ၊ ဒကာ-ဒကာမများ) အားလုံးသည်လည်း နောက်ဘဝကို သိကြပါသည်။ ထို့ကြောင့် နောက်ဘဝကို သိနိုင်သူ လက်ခံနိုင်သူ ဗုဒ္ဓဘာသာဝင်အားလုံးကိုလည်း လူဝါလူညာများဟု စွပ်စွဲခြင်းပင်တည်း။

(ဂ)

အမှန်တရားကို ကိုယ်တိုင်သိသူအစစ်ဖြစ်လျှင် အမှန်တရားကို လက်ညှိုးထောင်လျက် ရဲရဲကြီးဟောပြောဖို့ လိုအပ်ပါသည်။ မြတ်ဗုဒ္ဓ၏ ဒေသနာဝမ္မတို့ကို ဆွဲယူဖျက်ဆီးပြီး ကာကွယ်ထားရန်၊ မျက်နှာဖုံးစွပ်ထားရန် လုံးဝ မလိုပါ။

ယခုမှာမူ ဘုရားဟုလည်း ဝန်ခံလိုသေးသည်။ နောက်ဘဝရှိကြောင်း မရှိကြောင်းကိုမျှပင် မသိလေရှာပါ။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဒေသနာတော်တို့ကိုလည်း လူယုံလောက်အောင် ထုတ်ဆောင်ခိုးယူနေသည့်အဖြစ်ကား ကောက်ကျစ်လွန်းလှလေသည်။ လူကြားသူကြားထဲသို့ပင် ဝင်မရအောင် နူလွန်းလှပေသည်။

အမှန်တရားကို ကိုယ်တိုင်သိလျှင် အမှန်ပင်လျှင် ရင်ကော့လျက် ဟောရဲကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ဤကဲ့သို့ပင် အတ္တဝါဒီ-လူတကာတို့ရှေ့မှာ အသက်ဘေးကို မငဲ့ဘဲ အနတ္တဝါဒကို ဟောတော်မူခဲ့ကြောင်း တွေ့ရပါသည်။ ဘုရားတု လုပ်လိုလျှင် မြတ်ဗုဒ္ဓ၏ ဤစွန့်စားချက်ကိုလည်း တုသင့်ပါသည်။ အတုယူပါလော့။

ဂျေးဇက်ခရိုက်စ်သည်လည်း အသက်ကိုစတေး၍ သေဘေးကို ရင်ဆိုင်ပြီး သူ၏တရားတော်တို့ကို ဟောသွားခဲ့ပါသည်။ မြတ်ဗုဒ္ဓကို အတုမယူနိုင်(မမီနိုင်)လျှင် ဂျေးဇက်ခရိုက်စ်လောက်ကိုတော့ အတုယူသင့်ပါသည်။ အမီလိုက်သင့်ပါသည်။

ဂရိလူမျိုးတွေးခေါ်ရှင်ကြီး ဆော့ခရတ္တိသည် သူ၏တရားအတွက် အဆိပ်ခွက်ကို မတုန်မလှုပ် သောက်သွားခဲ့ပါသည်။ မြတ်ဗုဒ္ဓ၊ သို့မဟုတ် ဂျေးဇက်ခရိုက်စ်တို့ကို မတုနိုင်လျှင် ရှိစေဦးတော့။ ဆော့ခရတ္တိကိုတော့ အမီလိုက်၍ အတုယူနိုင်ရာပါသည်။

သို့သော် ပစ္စုပ္ပန်ကမ္မဝါဒီသည် ဆော့ခရတ္တိကိုမျှ မမီချေ။ ဆော့ခရတ္တိ လောက်မျှပင် အမှန်တရားကို မသိချေ။ သို့ပါလျက် အမှန်တရားကို ကိုယ်တိုင် သိသူဖြစ်ကြောင်း မျက်နှာပြောင် တိုက်ရဲလှပါပေသည်။ လူ့ဝါလူညာဆိုသည် မှာ ပစ္စုပ္ပန်ကမ္မဝါဒီပေတည်း။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ ကိုယ်တိုင်သိသူဖြစ်ကြောင်း၊ မသိတာ အရဖြစ်သော နောက်ဘဝကို ပယ်ကြောင်း စသောရေးသားချက်များသည် မြတ်ဗုဒ္ဓဟောအပ်သော ဓမ္မဝါဒမဟုတ်ကြောင်း **(မြတ်ဗုဒ္ဓ မဟောအပ်သော အဓမ္မဝါဒသာ ဖြစ်ကြောင်း)** မှတ်ယူကြရမည်ဖြစ်ပါသည်။

(ဃ)

အနှစ်ချုပ်အားဖြင့်မူ "အမှန်တရား"ဆိုသည့် စကားလုံးအနက်ကိုမျှ ပစ္စုပ္ပန်ကမ္မဝါဒီက မသိချေ။ မြတ်ဗုဒ္ဓ ဟောအပ်သော ဒေသနာတော်တို့တွင် သစ္စာလေးပါးတရားတော် (အမှန်တရား)ကြီး၏ နာမည်ကြီးမှု၊ လူသိများမှု၊ လူရိုသေမှုတို့ကို အရိပ်အယောင်လိုက်ဖမ်းပြီး ယင်းဖြင့်ပင် ဉာဏ်နည်းသူ ဗုဒ္ဓဘာသာဝင်တို့ကို လှည့်စားသိမ်းသွင်းခြင်း ဖြစ်ပါသည်။

(င)

## ဘာသာတရား၏အကျိုးကို မရရှိသူ

ပစ္စုပ္ပန်ကမ္မဝါဒီက-

"မသိစာရင်းထဲကို မသိတာကို မသိတဲ့အတိုင်း ထည့်မထား မိဘူး ဆိုရင်ဖြစ်ဖြစ်၊ သို့မဟုတ် မသိတာကို မသိစာရင်းထဲ ထည့်ပေမဲ့ သူကနေပြီးတော့ ခေါင်းထောင်ထလာပြီး လူရည်လည်လုပ်တာကို ခံရတယ်ဆိုရင် ဖြစ်ဖြစ်၊ ဘယ်လောက် ဘာသာတရားရဲ့ အမှုတော် တွေကို ထမ်းထမ်း၊ ဘယ်လောက် ဘာသာတရားတွေကို တစ်ခါတဲ ကျိုးကျိုးနွံနွံ ကိုင်းကိုင်းရှိုင်းရှိုင်းနဲ့ ဆည်းကပ်ဆည်းကပ် ဘယ်တော့မှ

အဲဒီဘာသာတရားရဲ့ အကျိုးကျေးဇူးကို မခံစားရဘူး”ဟု ရေးသားထားပြန်ပါသည်။

(ဌင်းစာအုပ်-စာ-၁၃)

အထက်ပါထဲတွင် မသိတာ(ရှေ့ဘဝ-နောက်ဘဝအကြောင်း)ကို ယုံကြည်လက်ခံနေကြသော ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘာသာတရားတော်၏ အကျိုးကျေးဇူးကို ဘယ်တော့မှ ရရှိကြမည် မဟုတ်ကြောင်း၊ ထို့ကြောင့် မသိတာ(ရှေ့ဘဝနောက်ဘဝအကြောင်း)ကို လက်ခံယုံကြည်ခြင်း လုံးဝမထားသင့်ကြောင်း ရေးသားထားပါသည်။

သို့ရာတွင် ဤစကားရပ်၌ “ဘာသာတရား” ဟူသော ဝေါဟာရတစ်လုံး ပါဝင်လာသည်။ ယင်း ဝေါဟာရ၏အနက်မှာ ဘာကိုဆိုလိုကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီက သေချာ မဆိုသေးချေ။ ဗုဒ္ဓဘာသာတရားဟူ၍ပင် ထင်ယောင်ထင်မှားဖြစ်အောင် ဗုဒ္ဓဘာသာသုံး ဝေါဟာရကဲ့သို့ပြု၍ စကားလုံးခိုးယူထားခြင်းဖြစ်ကြောင်း “ကိုယ်လဲ ဗုဒ္ဓဘာသာဆိုပြီးတော့ ခံယူတယ်။ (စာ-၁၂) တို့ကို ထောက်၍” သိမှတ်ရပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

“အဲဒီသူ(ရှေ့ဘဝနောက်ဘဝအကြောင်း လက်ခံယုံကြည်သူ) ဟာ ဘာသာတရားအစော်ကို မနံဘူး။ ဘာသာတရားမျက်လုံးပေါက်ဖို့ရန်အတွက် အရာထယ်ကို မရှိဘူး။ အဲဒီသူ (ရှေ့ဘဝနောက်ဘဝလက်ခံသူ)ဟာ တရားစော်ကို မနံဘူး။ တရားမနီးဘူး။ တရားနဲ့ကို မစပ်ဘူး။ ဒါလေးကို အသေအချာ ပြောတယ်လို့ မှတ်ထားပါ”ဟု ရေးသားထားပြန်ပါသည်။

(ဌင်းစာအုပ်၊ စာ-၁၃)

**မြတ်ဗုဒ္ဓ၏တရားနှင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏တရားတို့မှာ လုံးဝမတူကြောင်း၊ တရားဟု ဆိုသည့် ဝေါဟာရကလေးမျှသာတူကြောင်း သိရပါသည်။**

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီက-

“အေး-ငါမသိတာ(ရှေ့ဘဝနောက်ဘဝ)ဆိုရင် သွား။ မင်းမလာခဲ့နဲ့။ (ရှေ့ဘဝနောက်ဘဝဆိုတာ မလာခဲ့နဲ့။) အဲဒီလိုမျိုးလေး

မောင်းထုတ်ပါလို့ ဒီလိုပြောချင်တယ်။ အဲဒီလိုကလေး ပထမဆုံး မသိတာ (ရှေ့ဘဝနောက်ဘဝ)ကို မသိဘူးလို့ဆိုတဲ့ စာရင်းထဲ သွင်းထားနိုင်လို့။ မသိခြင်းထဲမှာ သူ့ကို ထွက်မလာအောင် ပိတ်သိပ်ပြီး ထားနိုင်ပြီလို့ ဆိုရင်တော့ ဘာသာတရား အလင်းရောင်ကလေး ကိုယ့်အပေါ်မှာ လင်းဖို့အတွက် အရာထယ်ကလေး ဖြစ်လာပြီ။ အဲဒီသူ(ရှေ့ဘဝနောက်ဘဝ မရှိဟုယူသူ)ကတော့ဖြင့် ဘာသာတရားကပေးသော ဆုလာဘ်ကို ရတော့မယ်လို့ ဒီလိုပြောချင်တယ်"ဟု ရေးသားထားပြန်ပါသည်။

(ငင်းစာအုပ်-စာ-၁၄)

**အထက်ပါစာတို့ကို သေချာဖတ်ကြည့်လျှင် ရှေ့နောက်ဘဝတို့ကို လုံးဝပယ်ချလျက် ပစ္စုပ္ပန်တစ်ဘဝတည်းကိုသာ လက်ခံရမည်ဖြစ်ကြောင်း ပြောဟောထားသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။**

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီက-

"အဲဒီလို မြတ်စွာဘုရားနဲ့ မြတ်စွာဘုရားရဲ့ တပည့်သားတော်တွေရော မြတ်စွာဘုရား ဟောကြားတဲ့ တရားတော်တွေကိုရော သိပြီလို့ဆိုတဲ့သူကတော့ တကယ့်သာသနာတော်ကို တွေ့ပြီလို့ ဒီလိုပြောရမှာပေါ့။ အသိတရားမဟုတ်တဲ့ဟာတွေက အသိတရား ယောင်ဆောင်ပြီးသကာလ ကိုယ့်ရှေ့မှာ ဆီးနေတာ၊ ဆို့နေတာ မခံရဘူးလို့ ဆိုလို့ရှိရင် ရတနာသုံးပါး ဘုရား တရား သံဃာကို တွေ့မယ်။

"တကယ်လို့များ အသိတရားမဟုတ်တဲ့ဟာတွေက အသိတရားယောင်ဆောင်ပြီးသကာလ ကိုယ့်ရဲ့အသိရှေ့မှာ ဆီးနေတာ ဆို့နေတာ ခံရလို့ရှိရင် ဒီသူတွေဟာ ဘယ်တော့မှ ဘုရား တရား သံဃာ ရတနာသုံးပါးကို မတွေ့ရဘူး။ နေ့တိုင်း ဘုရားရှိခိုး ဘုရားကို မတွေ့ရဘူး။ နေ့တိုင်း တရားအားထုတ်ချင်အားထုတ် တရားကို မတွေ့ရဘူး။ နေ့တိုင်း သံဃာကို ကိုးကွယ်ဆည်းကပ်ချင် ဆည်းကပ်နေနေ အဲဒီသူ သံဃာကို မတွေ့ရဘူး"ဟု ရေးသားထားပြန်ပါသည်။

(ငင်းစာအုပ်-စာ-၁၇-၁၈)

အထက်ပါ စကားရပ်ထဲ၌ "ဘုရား၊ တရား၊ သံဃာ၊ သာသနာ၊ အသိတရား"ဟူသော ဝေါဟာရများ ပါဝင်ကြသည်။ သို့ရာတွင်-

မြတ်ဗုဒ္ဓကို ဘုရားဟု ဆိုလိုခြင်း မဟုတ်ကြောင်း၊

မြတ်ဗုဒ္ဓဟောထားသော ပရိယတ်-ပဋိပတ်-ပဋိဝေဓတရားတော်တို့ကို တရားဟု ဆိုလိုခြင်း မဟုတ်ကြောင်း၊

ရှေးအခါက အရှင်ကောဏ္ဍည အစရှိသော သံဃာတော်များနှင့် ယခုအခါ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများ အမှူးရှိသော သံဃာတော်တို့ကို သံဃာဟုဆိုခြင်း မဟုတ်ကြောင်း၊

မြတ်ဗုဒ္ဓ၏ ဓမ္မဝိနယတို့ကို သာသနာတော်ဟု ဆိုခြင်းမဟုတ်ကြောင်း၊

အသိတရားဆိုသည်မှာလည်း ပဉ္စဝိညာဏ်အသိမျှကိုသာ ဆိုလို၍ မနောဝိညာဏ်အသိမျိုးကို ဆိုလိုခြင်း မဟုတ်ကြောင်း၊

ဉာဏ်ပညာအသိတို့ကို ဆိုလိုခြင်း မဟုတ်ကြောင်းတို့ကို ၄င်း၏ အခြားစာအုပ်တို့မှာ အတိအလင်း တွေ့ရပါသည်။

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီက-

"သူ တကယ်မသိတဲ့ဟာက အသိကြီးလုပ်ပြီးသကာလ သူ့အသိဉာဏ်ရဲ့ ရှေ့ကနေပြီးတော့ ဆီးဆို့ ထားလိုက်တယ်ဆိုရင် အဲဒါကြီးက မာရ်နတ်ကြီးပဲ။ အဲဒါကြီးက ဆီးဆို့ထားလိုက်တဲ့အခါကျတော့ သူက တကယ့်ဘုရားကို မမြင်ရအောင်၊ တကယ့်တရားကို မမြင်ရအောင်၊ တကယ့်သံဃာကို မမြင်ရအောင် သူက လုပ်ထားတော့ သံဃာကြီးကို ကိုယ်ထိလက်ရောက် ဆည်းကပ်နေရလဲ သူ သံဃာမှန်း မသိဘူး။ ဘုရားကို တကယ့်ကို ဖူးမြင်နေရလဲ ဘုရားမှန်း မသိဘူး။ တရားတွေကို တကယ့်ကို ကျင့်သုံးနေရလဲပဲ တကယ့်ကို တရားမှန်းမသိဘူး"ဟု ရေးသားထားပါသည်။

(၄င်းစာအုပ်-စာ-၁၈)

အထက်ပါစကားရပ်တွင် တကယ်ဖူးမြင်နေရသော ဘုရား၊ တကယ်ကျင့်သုံးနေရသော တရား၊ တကယ်ဆည်းကပ်နေရသော သံဃာဟု ပါရှိသည်။ ယင်းတို့အရ-

ဘုရားဆိုသည်မှာ ပစ္စုပ္ပန်ကမ္မဝါဒီကိုပင် ဆိုလိုခြင်းဖြစ်သည်။

တရားဆိုသည်မှာလည်း ပစ္စုပ္ပန်ကမ္မဝါဒီက ဟောပြောနေသည့် "ကိုယ်က မသိလို့မှ မသိတာကို မသိလို့ ခံယူတာ"အစရှိသော တရားသစ်တို့ကို ဆိုလိုပါသည်။

သံဃာဆိုသည်မှာလည်း ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဩဝါဒခံဖြစ်ကြသော သက်န်းဝတ်ပုဂ္ဂိုလ်များနှင့် လူဝတ်ဆရာကြီးများ ဆရာငယ်များကိုပင် ဆိုလိုပါသည်။

အထူးအားဖြင့် ဤစကားရပ်ထဲမှာ မာရ်နတ်ကြီး-ဟု ပါရှိသည်။ အဓိပ္ပာယ်သစ်ဖြင့် သုံးထားခြင်းဖြစ်ပါသည်။ "သူ့အသိဉာဏ်ရှေ့ကနေ-အသိကြီးလုပ်ပြီးတော့ ဆီးဆို့ထားတတ်သော (အသိဟန်ဆောင်ထားသော) သူတကယ် မသိတဲ့ဟာကြီးကို မာရ်နတ်ကြီးဟု ခေါ်ပါသည်-ဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။ ဤအဓိပ္ပာယ်သည် ရိုးရိုးသားသား ဗုဒ္ဓဘာသာဝင်တို့ သုံးစွဲနေသည့် (မာရ်နတ်)အဓိပ္ပာယ် မဟုတ်ပါ။

ဤသို့လျှင် ဗုဒ္ဓဘာသာသုံးဝေါဟာရ မှန်သမျှကို ကမောက်ကမဖြစ်အောင် နေရာတကာမှာပင် ဆင်တူယိုးမှား သုံးနှုန်းထားသဖြင့် ယုံမှားဖွယ်ရာ များလှပါသည်။

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီက-

> "မြတ်စွာဘုရားနဲ့ တွေ့တော့မယ်။ (ပ) တကယ်လို့ မသိဘဲနဲ့ သိတယ်လို့ ခံယူတာကမှ အပြစ်တင်ရင် အပြစ်မကင်းတာ။ အပြစ်ရှိတာ။ (ပ) ဟောဒီ ဘာသာတရားကို ပိတ်ဆီးထားတဲ့ အရာကြီးသာရှိနေရင် ဘာသာတရားဆိုတာကြီးကို လုံးဝ မမြင်စေရဘူး"ဟု ရေးထားပါသည်။

(ဌင်းစာအုပ်-၂၃-၂၄)

နောက်ဘဝကို လက်ခံသူဆိုလျှင် ဘာသာတရားကို လုံးဝ မြင်ခွင့်မရနိုင်သူ ဖြစ်သည်ဟု စွပ်စွဲထားပါသည်။

# မြတ်ဗုဒ္ဓကို အညတရဟု စွပ်စွဲခြင်း

ကုသိုလ်ကံနှင့်ကောင်းကျိုး၊ အကုသိုလ်ကံနှင့်ဆိုးကျိုး သူတစ်ပါးတို့သာ သိနိုင်သောအရာ မိမိသာ သိနိုင်သောအရာတို့နှင့်စပ်၍ မြတ်ဗုဒ္ဓကိုလည်းကောင်း၊ ပါရမီရှင် ဗုဒ္ဓဘာသာဝင် ရဟန္တာများ သူတော်စင်များကိုလည်းကောင်း သာမညအရပ်သား အဘိုးအိုတစ်ယောက်၊ အဘွားအိုတစ်ယောက် အဆင့်လောက်ပင် ရှိကြောင်း စွပ်စွပ်စွဲစွဲ ရေးသားထားသောစာပေများ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီက-

"ဒါ-အကျိုးရှိတယ်လို့ပြောရင် ဘယ်လိုတုံး မေးခွန်းထုတ်ရမယ်။ တကယ့်အကျိုးကို မပြနိုင်ဘူးဆိုလို့ရှိရင် အေး-အကျိုးရှိတယ်လို့ ဆိုတဲ့ဟာ-ဒါ-ညာတဲ့အရာပဲ-လို့ မှတ်ရမယ်။

"ဒါ-အပြစ်ရှိတယ်လို့ပြောရင်လဲပဲ ဘယ်လိုအပြစ်ရှိတာတုံး မေးရမယ်။ တကယ့်ကို အပြစ်ရှိတာရဲ့ အတိုင်းအထွာကို လူမြင်နိုင်တဲ့အဆင့်အထိ မပြနိုင်ဘူးလို့ဆိုရင် အဲဒီအပြစ်ရှိတဲ့အရာဟာ ညာတာပဲဖြစ်တယ်--ဆိုတဲ့ဟာမျိုးနဲ့ ခေါင်းမာမာနဲ့ကိုပဲ ခါယမ်းပြီး ငြင်းရမယ်။

"အဲဒီလိုမှ ခေါင်းမမာဘူး၊ မငြင်းဆန်နိုင်ဘူး (ဆွဲကောင်းငင်ပါ-ဖြစ်တယ်)ဆိုရင် သူများက အကျိုးရှိတယ်ဆိုရင် အကျိုးရှိတယ်။ သူများက အပြစ်ရှိရင် အပြစ်ရှိတယ်ဆိုပြီး ကိုယ်မသိတဲ့ဟာတွေက ကိုယ့်ကို တစ်စတစ်စနဲ့ လွှမ်းမိုးသွားလိုက်တာ နောက်ပိတ်ဆုံးတော့ ကိုယ်သိတာဆိုတာတောင် ဘာမှမရှိတော့ဘူး"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ ဘာသာတရားကပေးသောဆုလာဘ်၊ စာ-၁၉-၂၀)

(က)

တကယ့်အကျိုးကို လူမြင်နိုင်သည့်အဆင့်ထိ ပြနိုင်မှသာ တကယ် အကျိုးရှိသည်။ တကယ့်အပြစ်ကို လူမြင်နိုင်သည့်အဆင့်ထိ ပြနိုင်မှသာ တကယ်အပြစ်ရှိသည်။ လူမြင်နိုင်သည့်အဆင့်ထိ (အကျိုး-အပြစ်) မပြနိုင်လျှင် အကျိုးရှိသောအရာများ၊ အပြစ်ရှိသောအရာများသည် ညာထားတာများ၊ လိမ်ထားတာများပင် ဖြစ်သည်-ဟူ၍ ပစ္စုပ္ပန်ကမ္ဘဝါဒီက ရေးသားပါသည်။ အထက်ပါရေးသားချက်သည် မြတ်ဗုဒ္ဓဟောထားသော ကုသိုလ်ကံတရားများ၊ အကုသိုလ်ကံတရားများကို ပြက်ရယ်ပြုထားခြင်းပင် ဖြစ်ပါသည်။

(ခ)

မြတ်ဗုဒ္ဓသည်-ကုသိုလ်ကံမှာ ကောင်းကျိုးရှိကြောင်း၊ အကုသိုလ်ကံမှာ ဆိုးပြစ်ရှိကြောင်း ဟောထားပါသည်။ ကုသိုလ်ကံ၏ ကောင်းကျိုးထဲမှာ နောက်ဘဝ (လူ၊ နတ်၊ ဗြဟ္မာ)တို့၌ ဖြစ်ရခြင်းများ၊ ပုထုဇဉ်အဆင့်ဆင့် အရိယာအဆင့်ဆင့် မြင့်မြတ်လာရခြင်းများ၊ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်းများ ပါဝင်ကြသည်။

ဤကောင်းကျိုးများကို မည်သည့်(လူ)ကမျှ မမြင်ရ (မြင်ရသည့်အဆင့်ထိ ပြနိုင်ခြင်းမရှိ)သောကြောင့် ကုသိုလ်ကံဆိုသောအရာသည် မြတ်ဗုဒ္ဓ၏ ညာထားချက်သာဖြစ်သည်ဟု ပြက်ရယ်-စွပ်စွဲထားပါသည်။

ထို့ပြင် အကုသိုလ်ကံ၏ ဆိုးပြစ်ထဲမှာ နောက်ဘဝ(ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်) ဖြစ်ရခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ရခြင်း၊ စီးပွားပျက်ရခြင်း၊ အနာရောဂါရရှိခြင်း စသည်များ ပါရှိကြပါသည်။

ဤဆိုးကျိုးများတွင် နောက်ဘဝအကျိုးများမှာ မည်သည့်(လူ)ကမှ မမြင်ရ (မြင်ခွင့်ရသည့်အဆင့်ထိ ပြနိုင်ခြင်းမရှိ)သောကြောင့် အကုသိုလ်ကံဆိုသောအရာသည် မြတ်ဗုဒ္ဓ၏ ညာထားချက်သာ ဖြစ်သည်ဟု ပြက်ရယ်-စွပ်စွဲထားပါသည်။

ကုသိုလ်ကံ-အကုသိုလ်ကံဆိုသောအရာသည် မြတ်ဗုဒ္ဓ၏ ညာထားချက်သာဖြစ်သည်ဟု ဆိုသဖြင့် မြတ်ဗုဒ္ဓသည် လူမမြင်ရသောအရာများကို ဟောပြောပြီး လိမ်ညာနေသည့် လူလိမ်ကြီး ဖြစ်သည်ဟု စွပ်စွဲရာရောက်လာပါသည်။

(ဂ)

ဆက်လက်၍ စစ်ကြည့်လျှင်ကား ဗုဒ္ဓဘာသာဝင်များသည်လည်း မြတ်ဗုဒ္ဓဟောသကဲ့သို့ ကုသိုလ်ကံ-အကုသိုလ်ကံများအကြောင်းကို ဟောပြောကြပါသည်။ သို့ရာတွင် နောက်ဘဝရှိခြင်းဟူသော အကျိုး အပြစ်တို့ကို လူမြင်သည့်အဆင့်ထိ မပြနိုင်ခြင်းကြောင့် ကုသိုလ်ကံ-အကုသိုလ်ကံဟူသော အရာများသည် ညာထားချက်များ ဖြစ်၍ ဗုဒ္ဓဘာသာဝင်အားလုံးသည်လည်း လူလိမ်ကြီးများချည်းသာ ဖြစ်ကြသည်ဟု စွပ်စွဲရာရောက်လာပါသည်။

(ဃ)

ဤသို့လျှင် မြတ်ဗုဒ္ဓကိုရော ဗုဒ္ဓဘာသာဝင်အားလုံးကိုပင် အကျိုးအပြစ်တို့ကို တကယ်လူမြင်နိုင်တဲ့ အဆင့်ထိ မပြနိုင်ဘဲ ကုသိုလ်ကံ-အကုသိုလ်ကံ (အကျိုးရှိသောအရာ-အပြစ်ရှိသောအရာ)တို့ကို ဟောမှု ယုံမှုကြောင့် လူလိမ်ကြီးများဖြစ်ကြောင်း စွပ်စွဲပြီးနောက်-

လူသားတွေအားလုံး ကိုယ်မသိတာ (ရှေ့ဘဝ-နောက်ဘဝ၊ ကုသိုလ်ကံ-အကုသိုလ်ကံ)များ၏ လွှမ်းမိုးခံနေကြရကြောင်း၊ ကိုယ်သိတာ (မြင်ရသောအကျိုး-မြင်ရသောအပြစ်)များ မရှိကြပြီဖြစ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီက ဆက်လက်ဆိုထားပါသေးသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက သူ၏နောက်လိုက်များကို ရှေ့ဘဝနောက်ဘဝ လက်မခံရေး ပြုလုပ်ကြရန်၊ ကုသိုလ်ကံ-အကုသိုလ်ကံခေါ် အကျိုးရှိသောအရာ-အပြစ်ရှိသောအရာများကို ခေါင်းမာမာဖြင့် ငြင်းဆန်ရေး ပြုလုပ်ကြရန် သဲသဲမဲမဲပင် တိုက်တွန်းညွှန်ကြားထားပါသည်။

(င)

ပစ္စုပ္ပန်ကမ္မဝါဒီက "ကုသိုလ်ကံ=ကောင်းကျိုးရှိသောအရာ၊ အကုသိုလ်ကံ=ဆိုးပြစ်ရှိသောအရာတို့ကို လူတို့က ပကတိမျက်စိဖြင့် မြင်နိုင်သည်" ဟု ထင်မှတ်ထားပေသည်။ ထို့အတူပင် "ရှေ့ဘဝ-နောက်ဘဝတို့ကိုလည်း ပကတိမျက်စိဖြင့် မြင်နိုင်ရပေမည်"ဟုပင် ဇွတ်အတင်း ဆွဲယူထားပေသည်။

ထို့ပြင် "ကောင်းကျိုးရှိသောအရာ(ကုသိုလ်ကံ)၏ ကောင်းကျိုး၊ ဆိုးပြစ်ရှိသောအရာ(အကုသိုလ်ကံ)၏ ဆိုးပြစ်တို့ကိုလည်း ပကတိမျက်စိဖြင့်

မြင်နိုင်ရပေမည်”ဟု ဖွတ် ဆွဲယူထားပေသည်။ အင်္ဂုတ္တိုရ်လာ ကံလေးပါးတို့ကို ပစ်ပယ်ထားလေသည်။ ကံတို့သည်-

(၁) ယခုဘဝမှာ အကျိုးပေးသောကံ၊

(၂) ဒုတိယဘဝမှာ အကျိုးပေးသောကံ၊

(၃) တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့်အချိန်အထိ အခွင့်သင့်ရာ ကာလမှာ အကျိုးပေးသောကံ၊

(၄) အကြောင်းချို့တဲ့နေ၍ မည်သည့်အခါမှ အကျိုးမပေးသော ကံဟု လေးမျိုးရှိကြောင်းတို့ကို နားမလည်တတ်ပေ။ သို့မဟုတ် နားမလည် ယောင်ဆောင်ထားပေသည်။

မှန်၏။ ပစ္စုပ္ပန်ကမ္မဝါဒီသည် ယင်းကံတို့ကို သိပါလျက်ဖြင့် တမင် သက်သက်လုပ်ထားခြင်းဖြစ်ကြောင်း သိသာပါသည်။ ကုသိုလ်ကံဟုဆိုလျှင် လူတိုင်း သိမည်ဖြစ်သောကြောင့် “အကျိုးရှိတဲ့အရာ” ဟု လှည့်ပတ်သုံးထား သည်။ အကုသိုလ်ကံဟုဆိုလျှင် လူတိုင်းသိမည်ဖြစ်သောကြောင့် “အဲဒီ အပြစ်ရှိတဲ့အရာ” ဟု လှည့်ထားပေသည်။

ဤသည်တို့မှာ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို သိနေခြင်းကြောင့် တမင်လှည့်ခြင်းပင်တည်း။

မည်သို့ပင် လှည့်စားသော်ငြားလည်း သူ၏ရေးသားချက်များမှာ မြတ်ဗုဒ္ဓ၏ ကုသိုလ်ကံနှင့် ကောင်းကျိုးတို့ကိုလည်းကောင်း၊ အကုသိုလ်ကံ နှင့် ဆိုးပြစ်တို့ကိုလည်းကောင်း တိတိကျကျ တိုက်ခိုက်ထားခြင်းဖြစ်ကြောင်း သိသာလှပြီ ဖြစ်ပါသည်။ ကံ-ကံ၏အကျိုးပြ ပါဠိအဋ္ဌကထာအရပ်ရပ်တို့နှင့် ဆန့်ကျင်လှပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

“အကျိုးရှိတယ်လို့ပြောပြီး မရှိဘူးဆိုရင် ဖြစ်ဖြစ်၊ အကျိုးရှိ တယ်လို့ဆိုပြီးတော့ ကိုယ်က ခံယူထားခဲ့မိပြီးသကာလ အကျိုးရှိတယ် ဆိုတဲ့အကြောင်း လက်တွေ့ဖြစ်ရပ်-ပျက်ရပ်ကို မပြနိုင်ဘူးဆိုရင် ဖြစ်ဖြစ် အကျိုးမဲ့တယ်ဆိုပြီး သူများကပြောတာ ဖြစ်စေ၊ ကိုယ်ကိုယ် တိုင်က ခံယူထားတာဖြစ်စေ တကယ့်ဖြစ်ရပ်-ပျက်ရပ်အဖြစ်နဲ့ အကျိုးမဲ့တာကို မပြနိုင်ဘူးဆိုရင်ဖြစ်ဖြစ်၊ အေး. . ဒါ ငါမှားတယ်။

ဒါကိုတော့ဖြင့် ငါမခံယူတော့ဘူးလို့ ဒါကလေးကို ခေါင်းမာမာနဲ့ ကျင့်သုံးကြစမ်းလို့- ပြောရမယ်”ဟု ရေးသားထားပါသည်။

(ၒင်းစာအုပ်-စာ-၂၀)

“ကိုယ်က ဒါကောင်းတယ်လို့ဆိုရင် ဘယ်လိုကောင်းတာ တုံး။ မကောင်းဘူးဆိုလို့ရှိရင် ဘယ်လို မကောင်းတာတုံး (ပ) တို့က ပါရမီနဲသေးတယ်၊ ဉာဏ်နုသေးတာဖြစ်တဲ့အတွက် အကုန်မသိသေးတာလို့ (ဒီလိုမျိုး ဖြေပြတတ်တယ်။) (ပ) ဟုတ်တော့ဟုတ်လို့သာ နေမှာပဲ။ ငါတို့က မသိသေးလို့သာ နေမှာပါလို့ ဖြေတတ်ကြတယ်။ ကိုယ် ဒါလောက် အသက်အရွယ်ရနေပြီပဲ။ ဘယ်အခါ သိမှာတုံး” ဟုလည်း ရေးသားထားပြန်ပါသေးသည်။

(ၒင်းစာအုပ်-စာ-၂၁)

အထက်ပါထဲတွင် ပါရမီနည်းခြင်း၊ ဉာဏ်နုခြင်းဟူသော ဝေါဟာရနှစ်လုံးကို ယူသုံးထားသည်။ ဤစကားနှစ်လုံးတို့သည် ဗုဒ္ဓဘာသာ ဝေါဟာရတို့မှာ ထင်ရှားကြသည်။ အနက်အဓိပ္ပာယ်လည်း ကျယ်ပြန့်သည်။ ရှေးရှေးဘဝ၊ ယခုဘဝ၊ နောက်နောက်ဘဝတို့နှင့်ပတ်သက်၍ မဂ်ဖိုလ်နိဗ္ဗာန် ရ-မရတို့နှင့် ဆက်စပ်နေသည်။ တိဟိတ်၊ ဒွိဟိတ်စသော ပုဂ္ဂိုလ်ရေးရာတို့၏ အခြေခံလည်း ဖြစ်သည်။

သို့ရာတွင် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အလိုအားဖြင့်မူ ယင်းစကားနှစ်လုံးသည် ယခုဘဝတစ်ခုတည်းနှင့်သာ ပတ်သက်သည်။ သူတို့က လူတိုင်းလူတိုင်း မဂ်ဖိုလ်နိဗ္ဗာန် ရထိုက်သူဟု ယူဆကြသည်။

သူတို့ဝါဒမှာ ပါရမီဟူ၍ မရှိချေ။ တိဟိတ်၊ ဒွိဟိတ်စသည်လည်း မကွဲချေ။ အသက်အရွယ်ကြီးသူတိုင်း ပါရမီများပြီးပြည့်ပြီး သိစရာမှန်သမျှကို သိပြီ။ ကုသိုလ်ကံတို့နှင့် ကောင်းကျိုးတို့ကိုလည်းကောင်း၊ အကုသိုလ်ကံတို့နှင့် ဆိုးပြစ်တို့ကိုလည်းကောင်း အကုန်လုံးသိပြီဟု သတ်မှတ်ထားကြသည်။ ထို့ကြောင့် “ဘယ်အခါမှာ သိမှာတုံး”ဟုပင် ဆိုထားသေးသည်။

သို့ဖြစ်၍ ပါရမီနည်းခြင်း၊ ဉာဏ်နုခြင်းဟူသော ဝေါဟာရတို့ကို ပစ္စုပ္ပန်ကမ္မဝါဒီက သုံးထားသော်လည်း ဗုဒ္ဓဘာသာဝင်တို့ နားလည်ထားသည့် အဓိပ္ပာယ်မျိုးဖြင့် သုံးထားခြင်း မဟုတ်ကြောင်း၊ ကိုယ်ပိုင်စကားလုံး မရှိ၍ အတင်းယူပြီး သုံးစွဲဖျက်ဆီးထားခြင်းသာ ဖြစ်ကြောင်း သတိပြုသင့်ပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီက-

"ဒါလောက် အသက်အရွယ်ရပြီးသား (လူလိုသူလို နေပြီးသား) ဖြစ်တဲ့သူတောင် သိလို့မရတော့ဘူးဆိုရင် ဘယ်သူသိလို့ရတာ ဖြစ်မှာတုံး။ ဘယ်သူမှ မသိဘူး။ ကိုယ်သိလို့တောင် မရတာဆိုရင် ဘယ်သူမှတောင် သိလို့ မရတဲ့ဟာဘဲ။ ဘယ်သူတွေ သိလို့ရလို့ ဟုတ်တယ်ဆိုရင်တောင် ကိုယ်မှ သိလို့ရတာ မဟုတ်သေးရင် အဟုတ်စာရင်းထဲ မသွင်းနဲ့။ သွင်းရင် လုံးသွားလိမ့်မယ်-လို့ ဟောဒီလို ပြောချင်တယ်"ဟုလည်း ရေးထားပါသည်။

(ဋင်းစာအုပ်-စာ-၂၁)

အထက်ပါထဲတွင် အသက်အရွယ်ရပြီးသူ လူလိုသူလို နေပြီးသူများသည် အရာရာကို သိနိုင်ပြီဖြစ်ကြောင်း အတိအလင်း ဆိုထားသည်။ ထိုကဲ့သို့ အရွယ်ရပြီးသူ အတွေ့အကြုံရှိပြီးသူတို့က မသိနိုင်သောအရာဟူ၍ မရှိနိုင်ကြောင်းလည်း ပါသည်။

ထို့ကြောင့် ကိုယ်မသိနိုင်သည့်အရာကို သူတစ်ပါးတို့ကသိကြောင်း ရှိကြောင်း ဆိုလာလျှင် ကိုယ်သိထားတာ မဟုတ်ခြင်းကြောင့် အဟုတ်အမှန်ရှိသည့်အရာဟူ၍ မမှတ်ယူထိုက်ကြောင်းလည်း ညွှန်ကြားထားသည်။ ဤအချက်များသည် ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာဝင်တို့နှင့် အလွန် ဆန့်ကျင်လျက်ရှိကြပေသည်။

ဗုဒ္ဓဝါဒတို့တွင် ဘုရားချင်း တူလျက်သော်မှပင် သမ္မာသမ္ဗုဒ္ဓတို့ သိတော်မူသောအရာများနှင့် ပစ္စေကဗုဒ္ဓါတို့သိတော်မူသောအရာများ ကွဲပြားကြသည်။ မတူကြပေ။ အရိယာချင်းတူသော်လည်း ရဟန္တာတို့ သိတော်မူသည့်အရာများနှင့် အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်တို့ သိသည့်အရာများ မတူကြပေ။ ကွဲပြားကြသည်။ ရဟန္တာချင်း တူသော်လည်း ပဋိသမ္ဘိဒါပတ္တဆဠာဘိညဂုဏ်ထူးဆောင်ရဟန္တာတို့သိသော အရာများနှင့် ရိုးရိုးရဟန္တာတို့ သိသောအရာများ မတူကြပေ။ ပုထုဇဉ်တို့၏ ဘာသာရေးအသိဉာဏ်များနှင့်အသိများ၊ သိသောအရာများလည်း အချင်းချင်း မတူကြပေ။

လောကသဘောမှာလည်း ဆရာဝန်တို့သိသောအရာကို အင်ဂျင်နီယာတို့က မသိနိုင်ကြပေ။ အင်ဂျင်နီယာတို့ သိသောအရာကို ဝိဇ္ဇာသိပ္ပံ

တက္ကသိုလ်ပါမောက္ခတို့ မသိနိုင်ကြပေ။ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ပါမောက္ခတို့ သိသည့်အရာကို အရပ်သား-ဆိုက်ကားသမားတို့ မသိနိုင်ကြပေ။ ဆိုက်ကားသမားတို့ သိသောအရာကို ထမင်းချက်သမား အိမ်ရှင်မများ မသိနိုင်ကြပေ။ မြို့သူမြို့သားတို့ သိသောအရာကို တောသူတောသားတို့ မသိနိုင်ကြပေ။

သို့ဖြစ်၍ ဗုဒ္ဓဝါဒနှင့် ဗုဒ္ဓဘာသာဝင်တို့သည် အသက်ကြီးသော် လည်း၊ အတွေ့အကြုံများပြီး ဖြစ်သော်လည်း မြတ်စွာဘုရားတို့သာသိပြီး မိမိမသိသေးသောအရာများကိုလည်း လက်ခံကြ-မှတ်ယူကြပါသည်။ ထို့အတူ သူတစ်ပါးတို့သိပြီး မိမိတို့မသိသည့်အရာရာကို မိမိတို့မသိသော်လည်း သူတစ်ပါးတို့သိသည်-ဟု ခံယူထားကြပါသည်။ ထို့ကြောင့် ရောဂါဖြစ်ပေါ်လျှင် ဆေးခန်းဆေးရုံသို့ သွားကြရပါသည်။

ဤမျှလောက်ပင် ထင်ရှားသိသာနေပါလျက် ပစ္စုပ္ပန်ကမ္မဝါဒီတို့ကမူ "ကိုယ်သိလို့တောင် မရတာဆိုရင် ဘယ်သူမှတောင် သိလို့မရတာဘဲ"ဟု ရဲရဲကြီး ဆိုကြပေသည်။ လွဲလွဲကြီး ဆိုကြပေသည်။

ဤစကားတို့၏ အဓိကဆိုလိုချက်မှာ-

> "မိမိကိုယ်တိုင် ပဥ္စဒွါရ+ပဥ္စဝိညာဏ် တစ်ခုခုဖြင့် မသိရ သော (ရှေ့ဘဝ-နောက်ဘဝ၊ ကုသိုလ်ကံနှင့်ကောင်းကျိုး၊ အကုသိုလ်ကံနှင့်မကောင်းကျိုး၊ ပါရမီရှိပြီး ဉာဏ်ကြီးသူတို့၏အရာသာဖြစ်သည့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဈာန်တရား ဝိပဿနာတရား သမထတရား အစရှိသော) အရာရာတို့ကို မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့က မည်သို့ဟောဟော-မည်သို့ပြောပြော- မယုံကြနှင့်။ လက်မခံကြနှင့်။ ဗုဒ္ဓကလည်း သိလို့ ဟောထားတာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာဝင်တို့ကလည်း သိလို့ ပြောနေကြတာ မဟုတ်ဘူး။ (ကိုယ်မှ မသိရင် သူတို့လည်း မသိကြဘူး၊ ညာထားတာ)"စသည်ဖြင့် ဆိုလိုခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသိသော အရာမှန်သမျှကို 'ကိုယ်'သိနိုင်သည်- 'ကိုယ်' သိသောအရာကိုသာ မြတ်ဗုဒ္ဓ သိနိုင်သည် (ပို၍မသိနိုင်)ဟုလည်းကောင်း၊ ပါရမီရှိသူတို့ သိသောအရာကို 'ကိုယ်'သိနိုင်သည်၊ 'ကိုယ်' သိသောအရာကိုသာ ပါရမီရှိသူတို့ သိနိုင်သည် (ပို၍မသိနိုင်)ဟုလည်း

ကောင်း မြတ်ဗုဒ္ဓနှင့် ပါရမီရှင် သူတော်စင်တို့ကို ကိုယ်နှင့်အဆင့်တူ သတ်မှတ်၍ ကဲ့ရဲ့ရှုတ်ချထားခြင်းမျှသာ ဖြစ်ပါသည်။

ဗုဒ္ဓဝါဒနှင့်လည်း ဆန့်ကျင်လှပေစွတကား။

လောကသဘာဝနှင့်လည်း ဆန့်ကျင်လှပေစွတကား။

ဖင်းပစ္စုပ္ပန်ကမ္မဝါဒီကိုလည်း ခေါင်းဆောင်ဆရာဟူ၍ သတ်မှတ် စရာ မလိုပါပြီ။ သူလည်း ပို၍သိသူ မဖြစ်နိုင်ပါ။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"အကျိုးရှိတယ်ဆိုရင် တကယ်ရှိတာမှ ဟုတ်ရဲ့လား။ ဘယ်လိုရှိတာတုံး။ အကျိုးမဲ့တယ်လို့ဆိုရင် ဘယ်လို အကျိုးမဲ့တာတုံး။ အကျိုးမဲ့တာ တကယ်ဟုတ်ရဲ့လား။ ကောင်းတာဆိုရင် ဘယ်လို ကောင်းတာတုံး။ ကောင်းတာ တကယ်ဟုတ်ရဲ့လား။ မကောင်းဘူး ဆိုရင် ဘယ်လိုမကောင်းတာတုံး။ မကောင်းတာဆိုတာ တကယ် ဟုတ်ရဲ့လား။

"တကယ်ပြနိုင်-သနိုင်တဲ့ ကောင်းတာတို့ မကောင်းတာတို့ မဟုတ်ဘူးဆိုရင် ပယ်သာပယ်လိုက်။ ဘာမှ လက်ခံထားမနေနဲ့။ ပြောမယ်ဆိုရင် လူရှင်းကလေးဖြစ်နေပါစေလို့-ဒီလိုဆိုလိုတာ။ (ရှင်းရှင်းလူကလေး။)

"ငါကိုယ်တိုင်သိတဲ့ဟာကို ငါကိုယ်တိုင်လက်ခံမယ်။ ငါ ကိုယ်တိုင် မသိတဲ့ဟာကို ငါကိုယ်တိုင် လက်မခံဘူး။ ဟော-အဲဒီလို မျိုးလေး ကိုယ်ကနေပြီးတော့ ဖြစ်နေပါစေ။ အဲဒီလောက် လူက ရှင်းသွားပြီဆိုရင်တော့ တကယ့်ကို တို့တရားတော်ရဲ့ တည်ရာရနေ ပြီလို့ ဒီလိုပြောကြပါစို့"ဟု ရေးသားထားပါသည်။

(ဖင်းစာအုပ်-စာ-၂၃။)

လူသည် ထင်ရှားမပြနိုင်သောအရာများကိုပယ်၍ လူလုံးချည်း ကျန်ရှိနေလျှင် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ တရားတော်တည်ပြီဟု ဆိုထား ပါသည်။

## တဏှာဟုတ်၏ – မဟုတ်၏

တဏှာအရကောက် အစစ်အမှန်တို့ကို ပယ်ချပြီးလျှင် တဏှာအရ တရားသစ်တစ်မျိုးကို ဖြန့်ဝေနိုင်ရန်အတွက် အတ္တ-ငါရှိကြောင်း ဟောပြောချက်များ ပြန့်ပွားနေပါသည်။

### တဏှာဆိုတာဘာလဲ

ပစ္စုပ္ပန်ကမ္ဘဝါဒီက-

(၁) လိုချင်တာက တဏှာ-ဆိုရင် တဏှာဟာ ပယ်အပ်တဲ့ ပစ္စည်းဆိုတဲ့အတိုင်း လိုချင်တာကိုလဲ ပယ်ရလိမ့်မယ်။ အခု မပယ်နိုင်သေးလို့ မပယ်ကြသေးပေမဲ့ ပယ်နိုင်တဲ့အခါ ဘယ်လိုဖြစ်လာမလဲဆိုတာ ကြည့်လိုက်ရင် သိနိုင်ပါတယ်။ (ပ)

ခင်ဗျားတို့က တဏှာအဖြစ် အရကောက်ပြတဲ့ လိုချင်မှုကို နုတ်ပယ်လိုက်ရင် ကောင်းစားလာမလား။ ငြိမ်းအေးလာမလား။ ကြည့်ကြရအောင်။

စပါးလိုချင်လို့ လယ်ထွန်တာဖြစ်တဲ့အတွက် လိုချင်မှုကို ပယ်လိုက်လို့ရှိရင် (ပ) လိုချင်မှုကို ပယ်ခြင်းကြောင့် လူ့လောကကြီး ငြိမ်းအေးချမ်းသာ ဖြစ်လာမလား။ သည်လယ်သမား ငြိမ်းအေးလာမလား။ ကောင်းစားလာမလား။ တကယ်တော့ အကုန်လုံး ထမင်းငတ်ကုန်ကြမှာ မဟုတ်လား။

(၂) လူတစ်ယောက်က အလွန်အမင်း လိုချင်တာ၊ ဆာလောင်မွတ်သိပ်ပြီး လိုချင်တာ တဏှာဖြစ်တယ်-တဲ့။

အင်မတန်ကို နေပူနေတဲ့အခါ ရေကို အလွန်အမင်း သောက်ချင်ပါတယ်။ အဲဒါ တဏှာလားလို့ မေးလိုက်တော့ အဲဒါ တဏှာပဲလို့ သူက ပြန်ဖြေပါတယ်။

အဲဒါ တဏှာဆိုရင် ကျုပ်တို့ ဘုရားကို ဘုရားမဟုတ်ဘူးလို့ မှတ်ကြရမလို ဖြစ်သွားပြီ။ ဘုရားဟာ ပရိနိဗ္ဗာန်စံမယ့်လမှာ ဝမ်းတော်လားလျက် ခရီးထွက်ခဲ့တယ်။ ရေကို မွတ်မွတ်သိပ်သိပ် ဆာလောင်နေပါတယ်။ တဏှာကို အကုန် မပယ်သေးတဲ့အတွက် ဘုရားမဟုတ်ဘူးလို့ ပြောရလိမ့်မယ်။

(၃) နောက်-သူတို့က ကိုယ့်မယား ကိုယ်ချစ်တာ၊ ကိုယ့်မိန်းမ-ကိုယ်ချစ်တာ တဏှာလို့ လုပ်ကြပြန်တယ်။ ဖိုစိတ် မစိတ် ဖြစ်ပွားတာ တဏှာလို့ ဆိုကြပြန်တယ်။

တစ်လောကလုံး ဖိုစိတ် မစိတ် မရှိတော့ဘူးဆိုရင် လူတွေ မျိုးပြုတ်သွားမှာ အမှန်ပဲမဟုတ်လား။ သည်တော့ တို့ဘုရားဟာ လူတွေ မျိုးပြုတ်အောင် ဟောတဲ့ဘုရား ဖြစ်နေမှာပေါ့။

(၄) တို့လဲ တဏှာအကြောင်း ပြောနိုင်ဖို့အတွက် (ပ) ပထမ ပြောရမှာကတော့ ငါရှိတယ်ဆိုတဲ့အချက်ကို အမိအရ တည်ဆောက်ဖို့ပဲလို့ ပြောလိုက်တယ်"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏တဏှာရှင်းတမ်း-စာ-၅၊၆၊၇၊၈၊၉၊၁၀၊၁၁)

(က)

## တဏှာကြောင့်ဒုက္ခဖြစ်လာသည်

အထက်ပါ(၁)၊(၂)၊(၃)တို့ဖြင့် မြတ်ဗုဒ္ဓဟောထားသော တဏှာ၏ သဘော(အမှန်)တို့ကို ပစ္စုပ္ပန်ကမ္မဝါဒီက ပယ်ချထားပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ တဏှာအသစ်လည်း ရှိဦးမည်ဖြစ်ကြောင်း သိရပါသည်။

မြတ်ဗုဒ္ဓ၏ ဒေသနာတော်တို့မှာ လာရှိသည့် တဏှာ၏သဘောတို့မှာ လိုချင်သည့်အတိုင်း မရသေးမီမှာ ပူပန်စေခြင်းသဘောရှိ၍ သက်ရှိသက်မဲ့ (သတ္တဝါ-သင်္ခါရ)ဟုဆိုအပ်သော လောကီအာရုံတို့ကို သိမ်းပိုက်လိုခြင်း ရယူခြင်းသဘောတို့ပင် ဖြစ်ပါသည်။

တဏှာသည်(ဒုက္ခ)ကို ဖြစ်စေတတ်ပါသည်။ တဏှာကို လောကုတ္တရာမဂ်ဖြင့် အမြစ်ပြတ် ပယ်စွန့်အပ်ပါသည်။ လောကီကုသိုလ်တို့ဖြင့် အခိုက်အတန့် ပယ်စွန့်အပ်ပါသည်။

ထို့ကြောင့်-

(၁) လိုချင်တာသည် တဏှာဖြစ်၏-ဟူသောစကား၊

(၂) အလွန်အမင်းလိုချင်တာ ဆာလောင်မွတ်သိပ်ပြီး လိုချင်တာသည် တဏှာဖြစ်၏-ဟူသောစကား၊

(၃) ကိုယ့်မယား-ကိုယ်ချစ်တာ၊ ကိုယ့်မိန်းမ ကိုယ်ချစ်တာသည် တဏှာဖြစ်၏-ဟူသောစကားတို့သည် အမှန်ပင် ဖြစ်ကြပါသည်။

သို့သော်လည်း လျှောက်ထားသူ(ဒကာကြီး)တို့က စကားအရာမှာ မလိမ္မာကြ၍ ပစ္စုပ္ပန်ကမ္မဝါဒီ၏ အလိမ်အညာအောက်မှာ မှောက်မှားကြရရှာပါသည်။ နစ်နာကြရပါသည်။

လယ်သမားသည် လယ်မှာပျိုးမချခင်လည်း စပါးရမှ ရပါ့မလားဟု ပူပန်နေလိမ့်မည်။ ဤသည်မှာလည်း တဏှာပေတည်း။

ထိုတဏှာကြောင့် လယ်ထွန်ခြင်း၊ ပျိုးချခြင်း၊ ရေသွင်းခြင်း စသည်များကို ပြုလုပ်သည်။ ဤသည်ကား ဒုက္ခပေတည်း။ တဏှာကြောင့် ဒုက္ခဖြစ်ရပေသည်။

စပါးမှည့်သောအခါ ရိတ်ပြီးသိမ်းပြီး ယူသည်။ ဤသည်လည်း လောဘပေတည်း။ ဤလောဘကြောင့် ကုန်သွယ်မှု လဲလှယ်မှု စသည်များကိုလည်း ပြုသည်။ ကိုယ်တိုင်စားမှု၊ သားမယားကျွေးမှု၊ လှူဒါန်းမှု စသည်တို့ကိုလည်း ပြုသည်။ ဤသည်တို့ကား ဒုက္ခတို့ပေတည်း။ တဏှာကြောင့် ဒုက္ခဖြစ်လာသည်။

မြတ်ဗုဒ္ဓသည် တဏှာကြောင့် ဒုက္ခဖြစ်ပုံကိုသာ ဟောပါသည်။ စင်စစ်အားဖြင့်လည်း တဏှာကြောင့် သုခဖြစ်ခြင်းဟူ၍ မရှိပေ။

## သုခနှင့်ဒုက္ခ

ဤနေရာတွင် သုခ၏သဘော၊ ဒုက္ခ၏သဘောတို့ကို ယူပုံယူနည်းက အရေးကြီးလာပါသည်။

လောကသူ လောကသားတို့က လောကီအမြင်ဖြင့် ကြည့်သောအခါ စပါးပျိုးချ၍ စပါးပင်များ ဖြစ်လာလျှင်၊ စပါးနှံများကောင်းလျှင်၊ မှည့်လျှင်၊ မိသားစု စားဝတ်နေရေး လူမှုရေး ပြည့်စုံနေလျှင် သုခ(ချမ်းသာ)ဟု မှတ်ယူထားကြပါသည်။ မြတ်ဗုဒ္ဓကမူ ယင်းတို့ကို ဒုက္ခ(ဆင်းရဲ)ဟု ဟောပါသည်။

မြတ်ဗုဒ္ဓ၏အမြင်ကား လောကုတ္တရာအမြင်ဖြစ်၍ ပရမတ္ထသစ္စာခေါ် အရိယသစ္စာနည်းအမြင် ဖြစ်ပါသည်။ လောကသားတို့၏အမြင်ကား သမုတိသစ္စာနည်းအမြင် ဖြစ်ပါသည်။

ထို့ကြောင့် စပါးလိုချင်၍ စပါးပျိုး-လယ်လုပ်ကိစ္စများကို လယ်သမားက ပြုလုပ်ရာမှာ စပါးရသည် ဖြစ်စေ၊ မရသည် ဖြစ်စေ၊ လူလောကကြီးအတွက် စပါးရ၍ ငြိမ်းအေးသည် ဖြစ်စေ၊ စပါးမရ၍ ပူပန်သည် ဖြစ်စေ၊ ဖြစ်ချင်ရာဖြစ်စေတော့ တဏှာကြောင့် ဒုက္ခ(ဆင်းရဲ)ဖြစ်လာခြင်းသာတည်း။

(ခ)

## စပါးလိုချင်မှုကိုပယ်သင့်သလား

လယ်သမားမှာ စပါးလိုချင်မှု(တဏှာ)ကို ပယ်သည်ရှိသော် လောကကြီး မငြိမ်းချမ်းနိုင်ပြီဖြစ်၍ စပါးလိုချင်မှုသည် ပယ်ရမည့်အရာ မဟုတ်ခြင်းကြောင့်(သမုဒယသစ္စာ)တဏှာ မဟုတ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီက ငြင်းထားပါသည်။ လောကီရေး-လောကုတ္တရာရေး၊ လောကီလုပ်ငန်း-လောကုတ္တရာလုပ်ငန်း၊ လောကီအကျိုး-လောကုတ္တရာအကျိုး စသည်ဖြင့် ရှိသည့်သဘောကို နားမလည်ခြင်းကြောင့် ငြင်းရဲခြင်း ဖြစ်ပါသည်။

မြတ်ဗုဒ္ဓက တဏှာမှန်လျှင် ပယ်စရာချည်းဟု ဟောထားသည်မှာ အမှန်ပင်ဖြစ်သော်လည်း ဤအရိယသစ္စဒေသနာတော်သည် လောကုတ္တရာရေးရာမှာသာ အကျိုးဝင်ပါသည်။ အတိအကျမှန်ပါသည်။

လောကီရေးရာအတွက်မှာမူ ပုဗ္ဗေစကတပုညတာ၊ သုဘာသိတာစ ယာဝါစာ၊ မာတာပိတုဥပဋ္ဌာနံ စသည်ဖြင့် ဟောပါသည်။ လောကီရေးအားဖြင့် အမိကိုလုပ်ကျွေးခြင်းစသည်ကြောင့် ကုသိုလ်ရလျှင် ထိုကုသိုလ်ဖြင့် တဏှာကို အခိုက်အတန့် ပယ်ထားနိုင်ပါသည်။ အပြီးအပြတ် မပယ်နိုင်သေးချေ။ ဖြစ်စရာအကြောင်းရှိလျှင် တဏှာဖြစ်လာရမည်သာတည်း။ ဤသို့တဏှာဖြစ်သည့်အတွက်လည်း မြတ်ဗုဒ္ဓဟောနှင့်မညီဟု ကဲ့ရဲ့ခံရစရာ မရှိပါ။ လောကီကျိုးအတွက် လောကီရေးရာ ပြုခြင်းပင် ဖြစ်နေသည်ကို အထူးသတိပြုရပေမည်။

လောကုတ္တရာရေးအားဖြင့် ဝိပဿနာတရားအားထုတ်လျှင်မူ လောကုတ္တရာတရား မရမီမှာလည်း တဏှာကို ကာမကုသိုလ်ဖြင့် အကြာကြီးပယ်

နိုင်အောင် ပယ်ကြရမည်သာဖြစ်ပြီး လောကုတ္တရာမဂ်ဉာဏ် ပေါ်လာပါက လည်း တဏှာကို အမြစ်ပြတ်ပယ်ပါသည်။

ထို့ကြောင့် လယ်လုပ်သူ (လောကီသမား)၏ တဏှာ(လိုချင်မှု)ကို ပယ်ရမည်ဟု မဆိုလိုပါ။ လယ်လုပ်သူ ကိုယ်တိုင်က သံဝေဂရပြီး တရားအလုပ် အားထုတ်ပြီဆိုလျှင်တော့ တဏှာကို ပယ်ရမည်ဟု ဆိုလိုပါသည်။

ဤသို့လျှင် သူ့အရာနှင့်သူ၊ သူ့ပမာဏနှင့်သူ မှန်ကန်စွာ ပြည့်စုံစွာ မြတ်ဗုဒ္ဓဟောထားပါလျက် ဒေသနာတော်တို့၏အနက်အဓိပ္ပာယ် (စကား နက်)ကို ဝလုံးကွဲရုံ အဆင့်လောက်မျှ မသိလေခြင်းကြောင့် အတင်းရောယှက် ပြီး အပျက်ကြီးပျက်အောင် ဖျက်ဆီးနေပေသည်။

## (ဂ)

## ခန္ဓာနှင့် တဏှာ

အလွန်အမင်း လိုချင်တာ၊ ဆာလောင်မွတ်သိပ်ပြီး လိုချင်တာကို တဏှာဟုယူလျှင် မြတ်ဗုဒ္ဓသည် ရေကို အလွန်ဆာလောင်တော်မူခဲ့ခြင်း ကြောင့် မြတ်ဗုဒ္ဓမှာ တဏှာရှိနေကြောင်း၊ တဏှာရှိနေလျှင် ဘုရားမဟုတ် ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီက ဆိုလာပါသေးသည်။

ဤအဆိုသည် မြတ်ဗုဒ္ဓကို တမင်ရှုတ်ချခြင်းသာ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် အရဟတ္တမဂ်ဉာဏ် ဖြစ်လာစဉ်ခဏမှာကတည်းက တဏှာကို အပြီးပယ်ပြီးဖြစ်ပါသည်။ မြတ်ဗုဒ္ဓသန္တာန်တော်မှာ ကိလေသဝဋ်၊ ကမ္မဝဋ် နှစ်ပါးစလုံး လုံးဝချုပ်ငြိမ်းပြီး ဖြစ်သည်။ သို့ရာတွင် ရှေးရှေးဘဝ၊ ရှေးရှေး ကာလတို့က ပြုခဲ့သောကံတို့၏ အကျိုးဆက်ဟုဆိုအပ်သော ဝိပါကဝဋ်သည် ကား ကျန်ရှိနေပေသေးသည်။

ရှေးကံတို့၏ အကျိုးဆက် နာမ်ခန္ဓာ ရုပ်ခန္ဓာတို့လည်း ဖြစ်တည်ပျက် လျက် ရှိနေကြသည်။ (ကံကမူ မရှိပြီ။)

စိတ်+စိတ်ကြောင့် ဖြစ်လာကြသည့် နာမ်ခန္ဓာ ရုပ်ခန္ဓာတို့လည်း ဖြစ်တည်ပျက်လျက် ရှိနေကြသည်။ (စိတ်လည်း ရှိသည်။)

ဥတု+ဥတုကြောင့် ဖြစ်လာကြသည့် နာမ်ခန္ဓာ ရုပ်ခန္ဓာတို့လည်း ဖြစ်တည်ပျက်လျက် ရှိနေကြသည်။ (ဥတုလည်း ရှိသည်။)

အာဟာရ+ အာဟာရကြောင့် ဖြစ်လာကြသည့် နာမ်ခန္ဓာ ရုပ်ခန္ဓာတို့လည်း ရှိကြသည်။ (အာဟာရလည်း ရှိသည်။)

ကိလေသဝဋ်၊ ကမ္မဝဋ်ကင်းပြီးသောကြောင့် ဤတရားစုတို့ကို ဝိပါကဝဋ်ဟု ခေါ်ပါသည်။ ဤဝိပါကဝဋ်တရားစုတို့တွင် ကံ၏အကျိုးဆက်အရ ဟဒယဝတ္ထုရုပ် အပါအဝင် ကမ္မဇရုပ်များ ပါရှိကြသည်။ ဤကမ္မဇရုပ်တို့သည် စိတ်၊ ဥတု၊ အာဟာရတို့နှင့် လိုက်လျောစွာ ဖြစ်ကြရပါသည်။ ထို့ကြောင့် ဥတု၊ အာဟာရတို့ ချို့ယွင်းလာလျှင် စိတ်လည်း ချို့ယွင်းပြီး ကမ္မဇရုပ်များလည်း ပုံမှန်အခြေအနေအတိုင်း မရှိနိုင်ကြတော့ပေ။

ဤသို့လျှင် ကမ္မဇခန္ဓာ၊ စိတ္တဇခန္ဓာ၊ ဥတုဇခန္ဓာ၊ အာဟာရဇခန္ဓာများက ပကတိသဘောဖြင့် မတည်သောအခါ အာဟာရ(အစားအသောက်)နှင့် ပတ်သက်၍ အလွန်ဆာခြင်း၊ သို့မဟုတ် လုံးဝစားမျိုး၍ မရခြင်းများ ဖြစ်တတ်ပါသည်။ ချို့ယွင်းနေသည့် ကားအင်ဂျင်ကြောင့် ဆီလမ်းကြောင်းသို့ ဆီမသွားနိုင်ခြင်း၊ သို့မဟုတ် ဆီများလျှံကျခြင်း၊ ဖိတ်စဉ်ခြင်းများ ဖြစ်ကြရသကဲ့သို့ပင် ဖြစ်ပါသည်။ တဏှာရှိ၍ မဟုတ်ပါ။

ဥတု(အပူအအေး)နှင့် ပတ်သက်၍လည်း နွေခေါင်ခေါင်မှာပင် ခိုက်ခိုက်တုန်အောင်ချမ်းခြင်း၊ နှင်းသည်းဆောင်းညမှာပင် အဝတ်မကပ်နိုင်အောင် ပူလောင်ခြင်းများ ဖြစ်တတ်ပါသည်။ ကျောက်ခဲကြီးများ၊ သစ်တုံးကြီးများ၊ ရေခဲတုံးကြီးများပင် ဤဥတု ပုံမှန်မဟုတ်လျှင် ပုံပျက်ပန်းပျက် ဖြစ်ကြရပါသည်။ တဏှာရှိ၍ ပုံပြောင်းခြင်း မဟုတ်ပါ။

စိတ်နှင့်ပတ်သက်၍လည်း စားစရာကို အလိုရှိခြင်း၊ သို့မဟုတ် စားစရာကို လုံးဝမမြင်လိုခြင်း စသည်များ ဖြစ်လာတတ်ပါသည်။

**မြတ်ဗုဒ္ဓ၏ စတုဇဝိပါက ခန္ဓာတော်သည် ထိုစဉ်အခါ ဝမ်းသွေးသွန်ရောဂါနှင့် အပူဒဏ်တို့ကြောင့် ပန်းတော်မူလျက် ရှိပါသည်။ သို့ဖြစ်၍ အလွန်အမင်း ရေဆာတော်မူခြင်း ဖြစ်ပါသည်။ တဏှာရှိ၍ ရေဆာခြင်း မဟုတ်ပါ။**

တဏှာရှိသူ ပုထုဇဉ် သေက္ခတို့မှာရော ခွေး နွား စသည်တို့မှာပါ ဝမ်းဗိုက်ပါသူမှန်လျှင် ဆာချိန်ရောက်လာက ဆာကြပေမည်။ စွန့်

ချိန်ရောက်လာက စွန့်ကြပေမည်။ ဤသည်မှာ ခန္ဓပေဒ၏ သဘာဝသာ လျှင် ဖြစ်ပါသည်။ တဏှာရှိ-မရှိ၏ သဘာဝ မဟုတ်ပါ။ သို့ဖြစ်၍လည်း တဏှာရှိ၍ အလွန်အမင်း ရေဆာခြင်း မဟုတ်ကြောင်း သိသာပါသည်။

ခန္ဓာပေဒသည် ကွန်ပျူတာ ဟာ့ဒ်ဝဲနှင့်တူ၏။ (ကံ၊ စိတ်၊ ဥတု၊ အာဟာရ စသည်တို့သည် ဆော့ဖ်ဝဲလ်နှင့်တူကုန်၏။) ဆော့ဖ်ဝဲလ် ပရိုဂရမ်တို့၏ မှန်ခြင်း-မမှန်ခြင်း၊ ကောင်းခြင်း-မကောင်းခြင်းအတိုင်းသာ ဟာ့ဒ်ဝဲက တုံ့ပြန်ပါသည်။

## (ဃ)

## လူမျိုးမတုံးပါ

တစ်ဖန် ကိုယ့်မယား ကိုယ်ချစ်၊ ကိုယ့်မိန်းမ ကိုယ်ချစ်တာသည် တဏှာမဟုတ်ဟု ပစ္စုပ္ပန်ကမ္မဝါဒီက ဆိုပြန်ပါသည်။ ဖိုစိတ်-မစိတ် ဖြစ်တာသည် တဏှာမဟုတ်ဟုလည်း ဆိုပြန်ပါသည်။

ဤအဆိုများသည် မြတ်ဗုဒ္ဓ၏ ဗုဒ္ဓဒေသိတဓမ္မတို့နှင့် ဆန့်ကျင်လှပါပေသည်။ ကိုယ့်မိန်းမ ကိုယ်ချစ်ခြင်း၊ ဖိုစိတ်မစိတ်ဖြစ်ခြင်းမျိုးသည် တဏှာဖြစ်၏-ဟူ၍ပင် မြတ်ဗုဒ္ဓဟောတော်မူပါသည်။

ဤသို့ ဟောသည်မှာ အမှန်ကို ဟောခြင်းသာ ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တပည့်တို့တွင် ရဟန်းပရိသတ်၊ ရဟန်းမပရိသတ်၊ ဥပါသကာပရိသတ်၊ ဥပါသိကာပရိသတ်ဟု လေးမျိုးရှိရာ မြတ်ဗုဒ္ဓသည် ရဟန်း၊ ရဟန်းမတို့အား အိမ်ထောင်ပြုမှုတို့ကို ခွင့်ပြုတော် မမူပါ။ ရဟန်းမှန်လျှင် မယားမရှိရာ။ ရဟန်းမမှန်လျှင် လင်မရှိရာပေ။

ဤရဟန်း၊ ရဟန်းမတို့သည် လောကဝန်ထမ်းမျိုး မဟုတ်ကြပေ။ သာသနာ့ဝန်ထမ်းသာ ဖြစ်ကြပေသည်။ လောကီအကျိုးစီးပွားကို ရှာမှီးသူ မဟုတ်ကြပေ။ လောကုတ္တရာအကျိုးစီးပွားကို ရှာမှီးသူသာ ဖြစ်ကြပေသည်။ ထို့ကြောင့် ရဟန်း ရဟန်းမတို့အား လောကုတ္တရာအကျိုးစီးပွားတို့ကို တားဆီးတတ်သော အိမ်ထောင်ပြုမှု၊ ကာမဂုဏ်ခံစားမှု၊ မယားလင်သားချစ်မှု၊ ဖိုစိတ်-မစိတ်ဖြစ်မှုတို့ကို ရှောင်ကြဉ်ထိန်းချုပ်ရန် ပညတ်တော်မူပါသည်။

သို့ရာတွင် ဥပါသကာ-ဥပါသိကာ(ကျား-မ)တို့အားမူ အိမ်ထောင်ပြုမှုကို ခွင့်ပြုတော်မူသည်သာ ဖြစ်ပါသည်။ မယား၊ သား၊ သမီး စသူတို့ကို

လုပ်ကျွေးခြင်းသည် မင်္ဂလာဖြစ်သည်။ မယား၊ သား၊ သမီး လုပ်ကျွေးသူ သီလရှိသူများကို သိကြားမင်းကပင် ရှိခိုးပူဇော်သည်။

မနုဿတ္တဘာဝသည် ဒုလ္လဘ ဖြစ်သည်။ လူရှိမှ ရဟန်း ရှိမည်။ ရဟန်း၊ ရဟန်းမ၊ လူယောကျ်ား၊ လူမိန်းမ ရှိကြမှသာ သာသနာတော်တည်ရှိမည်။ လူတို့အတွက် ကာမဂုဏ်ခံစားမှု အိမ်ထောင်ပြုမှု ဖိုစိတ်-မစိတ်ဖြစ်မှုတို့ကို လူ့ကျင့်ဝတ်နှင့်အညီ နေကြရန်ပင် ဆုံးမတော်မူသည်။ ကာမေသု မိစ္ဆာစာရမှ စောင့်ယှဉ်းရန် ညွှန်ပြတော်မူသည်။ ယောက္ခမအိမ် လိုက်ကြရတော့မည့် အိမ်ထောင်ပြုခါနီး သတို့သမီးများကိုပင် ဩဝါဒတရား ဟောကြားဖူးပါသည်။

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် လူမျိုးတုံးအောင် ဟောသောဘုရား မဟုတ်ပါ။ မြတ်ဗုဒ္ဓက လောကီအရာကို လောကီအရာ ဟူ၍လည်းကောင်း၊ လောကုတ္တရာအရာကို လောကုတ္တရာအရာဟူ၍လည်းကောင်း သတ်သတ်မှတ်မှတ်ခွဲခြားပြီး ဟောကြားပါသည်။ ထို့ကြောင့် ဖိုလ်စိတ်-မစိတ်ဖြစ်ခြင်း၊ ကိုယ့်မယားကိုယ်ချစ်ခြင်း စသည်တို့ကို တဏှာမဟုတ်ဟု ဆိုခြင်းသည် အမှားသာလျှင်ဖြစ်ပါသည်။

သို့ရာတွင် ဖိုစိတ်-မစိတ်ပေါ်ခြင်း၊ ကိုယ့်မယားကိုယ်ချစ်ခြင်းသည် တစ်နေ့ ၂၄-နာရီ ရှိရာတွင် အနည်းငယ်သော အချိန်အတွင်းသာ ဖြစ်ပေါ်ကြပေမည်။ ၃-ပိုင်း ၁-ပိုင်းအနေဖြင့် ၈-နာရီပင် ရှိမည် မဟုတ်ချေ။ ကိုယ့်မယားအပေါ်၌ တဏှာစိတ်ဖြစ်နေခိုက် ဖိုစိတ်ပေါ်နေခိုက် မဟုတ်ဘဲ ကျန်းမာချမ်းသာ ဖြစ်စေချင်သော မေတ္တာ(ကုသိုလ်)၊ ကျွေးချင်မွေးချင် စောင့်ရှောက်ကူညီ ပြုစုပေးချင်သော စေတနာ(ကုသိုလ်)များလည်း အများအပြား ရှိကြပေမည်။

တစ်နေ့တွင် အိပ်ချိန်က ၈-နာရီ၊ တဏှာဖြစ်ချိန် ဖိုစိတ်ထချိန်က ၈-နာရီ၊ ကုသိုလ်ဖြစ်ချိန်က ၈-နာရီဟု ဆိုလျှင်ပင် ကိုယ့်မယားကို အကြောင်းပြု၍ အကျိုးစီးပွားများသည်သာ ဖြစ်ပါသည်။ လောကီနယ်ပယ်အရာမှာသာရှိ၍ တဏှာဖြစ်သော်ငြားလည်း ကုသိုလ်နှင့် ကောင်းကျိုးများပါ ပူးတွဲလာစမြဲဖြစ်ခြင်းကြောင့် မြတ်ဗုဒ္ဓက တားမြစ်တော် မမူခဲ့ပေ။

(င)
ငါနှင့်ငါ
ပစ္စုပ္ပန်ကမ္မဝါဒီ၏ငါ

"တရားအကြောင်း ပြောနိုင်ဖို့အတွက် ငါရှိတယ်ဆိုတာကို အမိအရ တည်ဆောက်"စသည်ဖြင့် ပစ္စုပ္ပန်ကမ္မဝါဒီက ဆိုထားပြန်ပါသည်။

ဤစကားရပ်၌ ငါ-ဆိုသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ဂရုစိုက်ရမည် ဖြစ်ပါသည်။ ကြားနေကျ-သိနေကျ စကားလုံးဖြစ်သော်လည်း ပစ္စုပ္ပန်ကမ္မဝါဒီလက်ထဲ ရောက်သွားလျှင် အနက်အဓိပ္ပာယ် ပြောင်းလဲသွားသည်ချည်းသာ။ ပစ္စုပ္ပန်ကမ္မဝါဒီ၏စကားထဲမှာ ငါ-ဟူသည် အဘယ်အရာပေနည်း။ အဖြေမှာ ဤသို့ ဖြစ်ပေသည်။

"တကယ်တော့ တို့က အနတ္တရဲ့အနက်ကို ညွှန်ပြီးပြောလိုက်တာ ဖြစ်တယ်။ အရင်တုန်းက သိနေတာက တစ်ကိုယ်လုံးကြီး အနတ္တ။ (ငါမရှိဘူး။ ကိုယ်မရှိဘူးပေါ့ကွာ။) တို့ကတော့ အဲသလို မဟုတ်ဘူး။ (ငါရှိတယ်။ ကိုယ်ရှိတယ်။)

"နောက်ပြီး ငါမဟုတ်တာလဲ ရှိသေးတယ်။ ကိုယ်မဟုတ်တာလဲ ရှိသေးတယ်။ ငါမဟုတ်တာ ကိုယ်မဟုတ်တာက အနတ္တဖြစ်တယ်ဆိုတော့ အနတ္တလဲ ရှိတယ်လို့ ပြောလိုရင်းပါ။ ဘုရားက အနတ္တကိုလဲ ဟောပါတယ်။ အနတ္တက လွတ်ငြိမ်းနေတဲ့ အတ္တကိုလဲ ဟောပါတယ်"။ (ၑင်းစာအုပ်-စာ-၂၉)

အထက်ကူးယူဖော်ပြပါ ပစ္စုပ္ပန်ကမ္မဝါဒီ၏ စကားအရ ပစ္စုပ္ပန်ကမ္မဝါဒီ၏ ငါ-ဟူသည်မှာ ကိုယ်ဖြစ်သည်။ ကိုယ်ဟူသည်မှာလည်း တစ်ကိုယ်လုံးကြီးပင်ဖြစ်သည်။ ၎င်း ငါ-ကိုယ်-တစ်ကိုယ်လုံးကြီးသည်ပင် အတ္တ ဖြစ်သည်။ ဤအတ္တကို မြတ်ဗုဒ္ဓက ဟောသည်။ ဤအတ္တခေါ် ငါ-ကိုယ်-တစ်ကိုယ်လုံးကြီးရှိကြောင်း အမိအရ လက်ခံကြရမည်ဟု ဆိုပါသည်။

၎င်းစာအုပ် (စာ-၁၂) ၌-

အဆိုပါ "အတ္တ(ငါ၊ ကိုယ်၊ တစ်ကိုယ်လုံးကြီး)ကိုပင် ဒုက္ခနိရောဓ အရိယသစ္စာဟူ၍ မြတ်ဗုဒ္ဓက ဟောထားကြောင်း" ရဲရဲဝံ့ဝံ့ လိမ်ထားတာ ရှိပါသေးသည်။ နိဗ္ဗာန် ဟူ၏။

အထက်ပါ ပစ္စုပ္ပန်ကမ္မဝါဒီ၏ စကားနှစ်ရပ်(စာ-၁၂ ပါစကားနှင့် စာ-၂၉ ပါစကား)တို့ကို ကောက်ချက်ဆွဲချလိုက်လျှင် မွေးရာပါအတိုင်း ကိုယ်လုံးကိုယ်ထည်ကြီးရှိနေသူ လူသားတိုင်း၊ ခွေးတိုင်း၊ နွားတိုင်းသည်ပင် ဒုက္ခနိရောဓ(နိဗ္ဗာန်) ဖြစ်နေသည်။ နိဗ္ဗာန်ဟူသည်မှာ ဤကိုယ်လုံးကြီးပင် ဖြစ်သည်ဟူ၍ တွေ့ရပါသည်။ လူများကလည်း ဤမျှ ပြောင်လိမ်နေသည့် အချက်အလက်တို့ကိုပင် ဆွဲစပ်ယူရကောင်းမှန်း မသိကြ၍ အမှားဖြစ်ကြောင်း များ မသိကြ မမြင်ကြချေ။

## (စ)

**ပစ္စုပ္ပန်ကမ္မဝါဒီသည် ခန္ဓာကိုယ်လုံးကြီး ရှိနေဆဲဖြစ်၍ နိဗ္ဗာန် ရနေဆဲဖြစ်ကြောင်း သူ့ဘာသာသူ ကြေညာဝံ့ပါပေသည်။ ဤနိဗ္ဗာန်မျိုး ကို လူတိုင်း ရနေသည်။ ခွေးတိုင်း ရနေသည်။ နွားတိုင်း ရနေသည်။ ပစ္စုပ္ပန်ကမ္မဝါဒီ၏ တပည့်ကြီးများလည်း ရနေကြသည်ဆိုသည်ကိုပင် သတိမထားမိဘဲ ရှိနေလေယောင်တကား။**

အထက်ပါရေးသားချက်များအရ ပစ္စုပ္ပန်ကမ္မဝါဒီ၏ ငါ-ကို ကောက်ချက်ချပြရလျှင် လူ-ပင် ဖြစ်ပါသည်။ ၎င်းလူ-၏အဓိပ္ပာယ်မှာ ပရမအတ္တကောင်နှင့် ဇီဝအတ္တကောင်ပင် ဖြစ်ပါသည်။ "ဟောဒီ ကိုယ်ကောင်ကြီး ဖြစ်တဲ့ လူ၊ ကိုယ့်ကိုယ်ကို-ကိုယ်ဖြစ်စေတဲ့ လူ" ဟူပေ၏။

ပထမအဓိပ္ပာယ်မှာ ပရမအတ္တ (ဣဿရနိမ္မာနဝါဒ)ကို ဆိုလိုပါသည်။ ဒုတိယအဓိပ္ပာယ်မှာ ဇီဝအတ္တ (ဣဿရနိမ္မာနဝါဒ)ကို ဆိုလိုပါသည်။ ဤအတ္တနှစ်မျိုးကို ပစ္စုပ္ပန်ကမ္မဝါဒီက ငါ-ဟု ဆိုလိုပေသည်။

## (ဆ)
## မြတ်ဗုဒ္ဓ၏ငါ

ဤနေရာတွင် မြတ်ဗုဒ္ဓမိန့်တော်မူရာမှာ ပါဝင်ကြသည့် ငါ-တို့ကို ဖော်ပြချင်ပါသည်။

(၁) 'အမှု'သဒ္ဒါမှလာသည့် (ငါ၊ ကျွန်တော်၊ ကျွန်မ၊ ကိုယ်၊ ကျုပ်၊ တပည့်၊ တို့ စသည်များ၊ **I, we, me, us** စသည်များ ဟုဆိုအပ်သော) ဝေါဟာရမျှဖြစ်သည့် ငါ-လည်း ရှိသည်။ ဤ ငါ-သည် စကားပြောဆိုရာ၌

မိမိကိုယ်ကို ပြန်ညွှန်းသည့် နာမ်စားဝေါဟာရဖြစ်၍ စကားပြောဖက်ဖြစ်သူ (သင်၊ မင်း၊ ခင်ဗျား၊ ဆရာ၊ လူကြီးများ၊ အမေ၊ အဖေ၊ ညီမလေး၊ ညီ၊ စသော ဒုတိယလူများ)ကို ညွှန်းသည့် ဝေါဟာရများ၊ အပြောခံ အကြောင်းအရာဖြစ်သူ (သူ၊ လှလှ စသော တတိယလူ- အရာဝတ္ထု) ကို ညွှန်းသည့် ဝေါဟာရများနှင့် အလားတူ အဆင့်တူဖြစ်ပါသည်။

ဤ ငါ-သည် ဝေါဟာရ သက်သက်မျှသာ ဖြစ်ပါသည်။

(၂) အဆိုပါ ငါ-သင်-သူ-နောက်တွင် အညွှန်းခံဖြစ်သည့် ခန္ဓာကိုယ်များ အသီးသီးရှိကြသည်။ ၎င်းခန္ဓာကိုယ်သည် ဇာတ်တူ အသွင်အပြင်ပုံသဏ္ဌာန်လည်း ဖြစ်နိုင်သည်။ ၎င်းကို သဏ္ဌာနပညတ်ဟု ခေါ်သည်။

ဤသဏ္ဌာနပညတ်ကြောင့် ဇာတ်တူသည်ကို အစွဲပြု၍ လူ (မြန်မာ၊ ကုလား၊ တရုတ် စသည်များ)၊ တိရစ္ဆာန် (ခွေး၊ ကြောင်၊ နွား၊ ဝက် စသည်များ)၊ နတ် (သိကြားမင်း၊ နတ်သမီး၊ ရုက္ခစိုး၊ ကိုယ်စောင့်နတ် စသည်များ)၊ ဗြဟ္မာ (မဟာဗြဟ္မာ၊ ပုရောဟိတ်ဗြဟ္မာ စသည်များ)ဟု ကွဲပြားနေကြရပါသည်။

ဤသို့ ကွဲပြားနေသော အမြင်ပုံရိပ်ကြောင့် မိစ္ဆာဒိဋ္ဌိကတို့က မဟာဗြဟ္မာမင်းကြီးရှိကြောင်း၊ တန်ခိုးရှင်ကြီးရှိကြောင်း၊ ထိုဟာကြီးက လူ နတ် စသည်များကို ဖန်ဆင်းထားခြင်းဖြစ်ကြောင်း ယုံကြည်ကြပါသည်။ သမ္မာဒိဋ္ဌိကတို့ကမူ ကံအလျောက်ဖြစ်ကြောင်း ယုံကြည်ကြပါသည်။

သမ္မာဒိဋ္ဌိကတို့တွင် ပရမတ်ဉာဏ်မရင့်သန်သူတို့က ဤပုံရိပ်ကို အစွဲပြု၍ပင် ငါ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီး၊ ငါ့လင်၊ ငါ့အမျိုး၊ ငါ့နိုင်ငံ၊ ငါ့ဘာသာ စသည်ဖြင့် စွဲယူကြပါသည်။ ဤသို့ စွဲယူခြင်းသည် သညာ၊ စိတ္တ၊ ဒိဋ္ဌိ (ဝိပလ္လာသ)ကြောင့်ပင် ဖြစ်ပါသည်။

ဤသို့စွဲယူ၍ အမှတ်မှားခြင်း၊ အသိမှားခြင်း၊ အယူမှားခြင်း ဖြစ်ပေါ်ရာ၌ အစွဲခံရာဖြစ်သော ပုံသဏ္ဌာန်ကိုလည်း ငါ-ဟုပင် ခေါ်ပါသည်။ 'အတ္တ' သဒ္ဒါမှလာသော ငါ-ဟု ဆိုပါသည်။ ပရမအတ္တ-ဟုလည်း ခေါ်ပါသည်။

(၃) ထို့ပြင် 'အတ္တ'သဒ္ဒါမှပင်လာသည့် ငါ-တစ်မျိုး ရှိပါသေးသည်။ ဤငါ-သည်ကား 'ကာယ'သဒ္ဒါမှလာသည့် ငါ-လည်း ဖြစ်နိုင်သည်။ အတ္တနှင့် ကာယ အတူတူပင်။ စိတ်စေတသိက်(နာမ်တရားစု)သည်လည်း ငါ-ဖြစ်ပါ

သည်။ ရုပ်တရားစုသည်လည်း ငါ-ဖြစ်ပါသည်။ ရုပ်နာမ်နှစ်ပါးပေါင်းသည် လည်း ငါ-ဖြစ်ပါသည်။ ဤ ငါ-သည်ကား ပရမတ်ဉာဏ် ရင့်သန်သူတို့သာ သိကြ မြင်ကြသည့် ငါ-ဖြစ်ပါသည်။ သာမန်အရပ်သူ အရပ်သားတို့က မသိကြချေ။ မမြင်ကြချေ။

ထို့ကြောင့် ပရမတ္ထဉာဏ် ခိုင်မြဲသူတို့က ဝေါဟာရ ငါ-ကို အသုံးပြု သောအခါ ဤ ပရမတ္ထ-အတ္တ-ကာယ-ငါ-ကို ညွှန်းခြင်းဖြစ်ပါသည်။ ပရမတ္ထဉာဏ် မရှိသူများ-မခိုင်သူများက ဝေါဟာရ ငါ-ကို အသုံးပြုသော အခါ သဏ္ဍာနပညတ်-သဇာတိကအတ္တ-ပရမအတ္တ-ဣဿရနိမ္မာနဝါဒ-ငါ- ကို ညွှန်းခြင်းဖြစ်ပါသည်။

(၄) ထို့ပြင် 'အတ္တ'သဒ္ဒါမှလာသည့် အတ္တ-ငါ-တစ်မျိုး ရှိသေးသည်။ ၎င်းသည်ကား လူတစ်ဦးက အဆင်းပုံကို မြင်ရသောအခါ လူက မြင်သည် လည်းမဟုတ်၊ မျက်စိက မြင်သည်လည်းမဟုတ်။ သို့သော် မြင်သည်၊ မြင်မှုသည်လည်း ရှိသည်။ ဤမြင်မှုကို မည်သူက ပြုသနည်းဟု စဉ်းစားရာ ဤခန္ဓာကိုယ်ထဲတွင် မြင်မှု ကြားမှုစသည်တို့ကို ပြုတတ် ခံစားတတ်သော အတ္တခေါ် အသက်ကောင် ဝိညာဉ်ကောင်တစ်မျိုးရှိကြောင်း ခံယူလိုက်ကြ သည်။

၎င်းကို ဇီဝအတ္တဟု သမုတ်ကြသည်။ ၎င်းဇီဝအတ္တကောင်က မြင်မှု ကို ပြုလုပ်သည်။ ကြားမှုကို ပြုလုပ်သည် စသည်ဖြင့် စွဲယူကြပါသည်။

(၈)

ဤသို့လျှင် အထက်ပါအတိုင်း ငါ-လေးမျိုးရှိရာ-

(ပထမ) ဝေါဟာရ ငါ-ကို နာမပညတ်ဖြစ်၍ သမုတိသစ္စာနည်း အားဖြင့် အမှန်တရား(အသုံးအနှုန်းမှန်ခြင်း)ဖြစ်၍ လူမျိုးတိုင်း၊ ဘာသာတိုင်း၊ လူတိုင်းကပင် သုံးနှုန်းကြပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ "ငါ-ရှိတယ်ဆိုတာကို အမိအရ တည် ဆောက်"ဆိုရာမှာ ဤဝေါဟာရ ငါ-ကို ဆိုလိုခြင်း မဟုတ်ပါ။

ထို့ပြင် မြတ်ဗုဒ္ဓက အတ္တ-ငါကို ပယ်ရမည်။ အနတ္တ-ငါမဟုတ်ဟု ဉာဏ်ဖြင့်ယူရမည် ဆိုရာမှာလည်း ဤဝေါဟာရ ငါ-ကို ဆိုလိုခြင်းမဟုတ်ပါ။

ဤဝေါဟာရ ငါ-သည် ဘာမှပြဿနာမရှိသည့် ငါပေတည်း။ အကျိုးကမူ ကြီးလှသည်။ (အင်္ဂုတ္တရဋ္ဌကထာ၊ ပထမအုပ်) လူတစ်ဦးသည် အခြားသူတစ်ဦးနှင့် စကားပြောလျှင် ဤဝေါဟာရငါသည် အမြဲအသုံးဝင် လျက် ရှိပေသည်။

(ဒုတိယ)အတ္တ ငါ-ကို သမ္မာဒိဋ္ဌိကထဲက ပရမတ်ဉာဏ် မသန်သူ များနှင့် သက္ကာယ-အတ္တဒိဋ္ဌိ အယူရှိသူများက သုံးကြသည်။ ဝိပလ္လာသဖြစ်ကြ သည်။ လူပုံ၊ နတ်ပုံစသည်ဖြင့် အမျိုးဇာတ် အခြင်းအရာအားလျော်စွာ အသွင် အပြင်ရှိနေသည်ဖြစ်၍ (သဏ္ဌာန)ပညတ်မျိုး ဖြစ်သည်။ ဣဿရနိမ္မာနဝါဒ အရ ပရမအတ္တမျိုးပင် ဖြစ်သည်။

ပစ္စုပ္ပန်ကမ္မဝါဒီက "ဤပရမအတ္တရှိမှသာ တဏှာအရကောက်ကို နားလည်မည်"ဟု ဆိုထားသည်။

မြတ်ဗုဒ္ဓကမူ "ပရမတ္ထသဘာဝကို ဖုံးလွှမ်းလျက်ရှိခြင်းကြောင့် သက္ကာယ+အတ္တ+ဒိဋ္ဌိ ဖြစ်စေတတ်သဖြင့် ဝိပဿနာဘာဝနာ ပွားသူများ ရှောင်ရှားရမည့် အတ္တ-ငါ" ဟု ဟောပါသည်။ ဤအတ္တ ငါ-ကို မိစ္ဆာဒိဋ္ဌိကတို့က ကြံဆ၍ မှန်းဆ၍ စွဲယူထားသည့်အရာဟူ၍ပင် ဟောလိုရင်း ဖြစ်ပါသည်။ ဤ အတ္တ ငါ-ကို အရှိတရားဟူ၍ သဏ္ဌာန်စွဲ နိမိတ်စွဲ ရှိနေလျှင် "ရူပံ အတ္တတော သမနုပဿတိ"စသည်ဖြင့် သက္ကာယ+အတ္တ+ဒိဋ္ဌိ ဖြစ်သည်ဟု ဟောတော်မူပါသည်။ (ပစ္စုပ္ပန်ကမ္မဝါဒီက ရှိစေလိုသည့် ငါ-ဆိုသည်မှာ ဤသဏ္ဌာန်စွဲ ငါ-ပေတည်း။)

(တတိယ) အတ္တ+ကာယ ငါ-ကိုမူ ပရမတ္ထကာယ ဖြစ်ခြင်းကြောင့် မြတ်ဗုဒ္ဓက အရိယသစ္စာ စသည်ဖြင့် ဟောတော်မူထားသည့် ငါ-ပင် ဖြစ်ပါ သည်။ ရုပ်အစု နာမ်အစုတို့ပေတည်း။ ဝိပဿနာဘာဝနာပွားသူတို့ ဉာဏ်ဖြင့် ယူအပ်သည့် အရှုခံ အမှတ်ခံတရားပင် ဖြစ်ပါသည်။ ဤအတ္တ+ကာယ ငါ-ကို ပစ္စုပ္ပန်ကမ္မဝါဒီက မယူပေ။ မယူကြောင်းကို ပရမတ္ထသစ္စာပယ်ကြောင်း စကားများရှိပြီးဖြစ်၍ သိရပါသည်။

(စတုတ္ထ) အတ္တ ငါ-ကို ဇီဝအတ္တဟု ခေါ်သည်။ မြင်ခြင်းကိစ္စ စသည်ကို ပြုသည့်အကောင်ဟု ထင်မှတ်ထားသည့်အရာပင်တည်း။ ဤ အတ္တ ငါ-သည် ပစ္စုပ္ပန်ကမ္မဝါဒီက ယူထားသည့် ငါ-ပေတည်း။

မြတ်ဗုဒ္ဓကမူ ပြုသူ-ခံစားသူဟူ၍ သီးသန့်မရှိကြောင်း၊ မြင်စိတ်သည် စက္ခုရုပ်+အဆင်းပုံ+အလင်းရောင်+နှလုံးသွင်း စသည့် အကြောင်းတရားတို့ရှိလျှင် အကျိုးအနေဖြင့် အလိုအလျောက် ဖြစ်လာကြောင်း၊ ဖြစ်အောင် ပြုလုပ်၍လည်း မရကြောင်း၊ ဖြစ်ပြီးလျှင်လည်း ပျက်သည်သာဖြစ်ကြောင်း၊ မပျက်အောင်ပြုလုပ်၍လည်း မရကြောင်း စသည်ဖြင့် ဟောတော်မူပါသည်။

(၈)

အနှစ်ချုပ်အားဖြင့်မူ ပစ္စုပ္ပန်ကမ္မဝါဒီသည် (ဒုတိယအတ္တ) ပရမအတ္တ ငါ-နှင့် (စတုတ္ထအတ္တ) ဇီဝအတ္တ ငါ-ကို ယူထားသူဖြစ်ခြင်းကြောင့် သက္ကာယ+အတ္တ+ဒိဋ္ဌိ အယူရှိသူဖြစ်၍ မိစ္ဆာဒိဋ္ဌိအယူရှိသူပင် ဖြစ်ပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ "ငါရှိတယ် ဆိုတာကို အမိအရ တည်ဆောက်မှု တဏှာ့အကြောင်းဟောပြ၍ ရနိုင်ကြောင်း" ပြောကြားချက်-ရေးသားချက်သည် အယူမှားသာ ဖြစ်ကြပါသည်။

## ထူးထူးခြားခြားတရားတော်

မြတ်ဗုဒ္ဓ၏ ထူးထူးခြားခြားတရားမှာ အနတ္တမဟုတ်ဟု ဆိုခြင်း၊

အနတ္တကို သိအောင်လုပ်တာသည် ဗုဒ္ဓဘာသာ၏လုပ်ငန်း မဟုတ်ဟု ဆိုခြင်း၊

ပရမတ္ထသစ္စာနှင့် အရိယသစ္စာတို့ မတူကြောင်း ဆိုခြင်း၊

မြတ်ဗုဒ္ဓက အရိယသစ္စာကိုသာဟော၍ ပရမတ္ထသစ္စာကို မဟောကြောင်း ဆိုခြင်း၊

အရိယသစ္စာ၏ အဓိပ္ပာယ်မှန်ကိုဖျက်၍ အဓိပ္ပာယ်များကို ပြဆိုခြင်း အစရှိသော အယူဝါဒများ ပြန့်ပွားနေပါသည်။

### ဗုဒ္ဓနှင့်အနတ္တ

ပစ္စုပ္ပန်ကမ္ဘဝါဒီက-

"မြတ်ဗုဒ္ဓ၏ ထူးထူးခြားခြားပြောတဲ့စကားဟာ ဘာလဲလို့ သူတို့ကိုမေးရင် အနတ္တလို့ ပြန်ဖြေတတ်ကြတယ်။ အနတ္တကို ဆိုက်အောင်လုပ်တာ ဗုဒ္ဓဘာသာပဲ-လို့ မှတ်ယူထားကြတယ်။ တကယ်တော့ (ပ) သူတို့ဓမ္မနဲ့ သူတို့ ကိုက်နေကြတယ်။

"သူတို့သဘောဓမ္မက ပရမတ္ထသစ္စာနဲ့ ဘုရားရှင်ဟောတဲ့ အရိယသစ္စာဟာ တူတာလဲ မဟုတ်ပါဘူး။ တစ်ခုစီ သတ်သတ်ဖြစ်ပါတယ်။ ပရမတ္ထသစ္စာနဲ့ တည်ဆောက်ထားတဲ့လူ။ အဲဒီ လူက လှုပ်ရှားလို့ ဖြစ်ပွားလာတဲ့အမှုကသာ အရိယသစ္စာတရားဖြစ်တယ်။ ဒါကြောင့် သည်သစ္စာတရားနှစ်ခုဟာ မတူဘူး။

"လူ့ကိုယ်ရဲ့ အစိတ်အပိုင်းတွေ ဖြစ်ကြတဲ့ (ပထဝီ အာပေါ-ဝေဒနာ သညာ စတဲ့)တရားတွေဟာ ပရမတ္ထသစ္စာတွေ ဖြစ်တယ်။

(ပ) သည်အစိတ်အပိုင်းတွေနဲ့ တည်ဆောက်လိုက်တဲ့အခါ လူဆိုပြီး ဖြစ်လာတယ်။

"သည်လူကနေပြီးတော့ ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ လှုပ်ရှားလို့ ဖြစ်ပွားလာတဲ့ အမှုတွေရဲ့ အကောင်းအဆိုးဖြစ်ပွားလာမယ့် အကျိုးအပြစ်တွေကိုသာ ဗုဒ္ဓမြတ်စွာက အရိယသစ္စာအဖြစ် ဟောကြားခဲ့တာ ဖြစ်ပါတယ်။ (ပ)

"လူကောင်ကြီးရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ဓာတ်တွေ ပရမတ်တွေကို အရိယသစ္စာတရားလို့ ထင်မိရင်တော့ တက်တက်စင်အောင် လွဲတာပဲ ဖြစ်တယ်။ အဲသည် ပရမတ္ထသစ္စာတွေကို အရိယသစ္စာလို့ ထင်ပြီး ရှုကြည့်နေရင် ပရမတ္ထသစ္စာတွေပဲ ဖြစ်လာမှာ။

"ပူနေတယ်ဆိုရင် မပူအောင် အစိုးမရဘူး။ (ပ) သည်လို ပရမတ္ထသစ္စာကိုကြည့်ပြီး ကိုယ်က ဘာမှလုပ်လို့မရဘဲ သူဖြစ်ချင်တဲ့ အတိုင်းပဲ ဖြစ်နေတာပဲ။ သည်တော့ ဘာမှအစိုးမရဘူးဆိုပြီး လက်မှိုင်ချရတဲ့အသိကို ရလာပါတော့တယ်။ (ပ) သည်လိုနဲ့ ပရမတ္ထသစ္စာကို ရှုမိမှားရာကနေပြီး အနတ္တကလည်း သည်းခြေကြိုက် ဖြစ်လာတာပေါ့။

"အနတ္တနဲ့ပရမတ္ထသစ္စာ (ပရမတ္ထသစ္စာနဲ့အနတ္တ) တစ်သားတဲ ဖြစ်နေလေတော့ ဗုဒ္ဓမြတ်စွာကလဲ ပရမတ္ထသစ္စာကို ဟောတယ်ဆိုပြီး ဗုဒ္ဓနဲ့အနတ္တ (အနတ္တနဲ့ဗုဒ္ဓ)တစ်သားတဲလို့ ထင်သွားကြပြန်တယ်"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ တဏှာရှင်းတမ်း-စာ-၁၂-၁၃-၁၄)

(က)

အထက်ပါထဲတွင် -

မြတ်ဗုဒ္ဓ၏ ထူးထူးခြားခြား ဟောကြားသည့်တရားမှာ အနတ္တမဟုတ်ဟု ဆိုခြင်း၊

အနတ္တကို သိအောင်လုပ်တာသည် ဗုဒ္ဓဘာသာ၏လုပ်ငန်းမဟုတ်ဟု ဆိုခြင်း၊

ပရမတ္ထသစ္စာကို မြတ်ဗုဒ္ဓမဟောဟု ဆိုခြင်း၊

မြတ်ဗုဒ္ဓက အရိယသစ္စာကိုသာ ဟော၏ဟု ဆိုခြင်း၊

ပရမတ္ထသစ္စာနှင့် အရိယသစ္စာ မတူဟု ဆိုခြင်း၊

ပရမတ္ထသစ္စာ၏ အဓိပ္ပာယ်မှန်ကို ဝန်ခံသော်လည်း အရိယသစ္စာပုဒ်၏ အဓိပ္ပာယ်များကို ဖြန့်ဝေခြင်း၊

ပရမတ္ထသစ္စာကို လေ့လာရှုမှတ်ပြီး အနတ္တကိုသိသဖြင့် အသိဉာဏ်များကြသည်ဟု ဆိုခြင်း၊

ပရမတ္ထသစ္စာနှင့် အနတ္တတို့သည် မတူကြချေဟု ဆိုခြင်း၊

အနတ္တနှင့် ဗုဒ္ဓသည်လည်း (ဝါဒ-ဝါဒီအနေဖြင့်)တခြားစီသာဖြစ်၏ဟု ဆိုခြင်း၊

အနတ္တကို ဗုဒ္ဓ မဟောဟုဆိုခြင်း စသည်များ ပါဝင်ကြသည်။

## (ခ)

## လက္ခဏာသုံးပါး

**ထိုအချက်တို့တွင် မြတ်ဗုဒ္ဓ၏ ထူးထူးခြားခြားတရားမှာ အနတ္တ မဟုတ်ဟု ဆိုခြင်းသည် အယူမှားဖြစ်ပါသည်။**

အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် အနိစ္စသည် သုရုပဋ္ဌာနအနိစ္စ=အိုးကွဲခြင်း စသည်များလည်း ရှိသည်။ ဤအနိစ္စမျိုးကို အခါခပ်သိမ်း သိကြသည်။ ထို့ကြောင့် အိုးလွတ်ကျ၍ ကွဲသွားလျှင် "အနိစ္စ. . အနိစ္စ"ဟု ဆိုမိတတ်သည်။ ဒုရုပဋ္ဌာနအနိစ္စ=ဝိပဿနာအရှုခံဖြစ်သော ခန္ဓာငါးပါးတို့၏ မမြဲခြင်းသည်လည်း ရှိသည်။ ဤအနိစ္စမျိုးကိုမူ မြတ်ဗုဒ္ဓ ပွင့်တော်မူသောကာလအတွင်း မြတ်ဗုဒ္ဓ၏ အဆုံးအမကို ခံယူလေ့ကျင့်သူများသာ သိကြရသည်။ အခြားကာလ၊ အခြားပုဂ္ဂိုလ်တို့ မသိနိုင်ကြပေ။

ဒုက္ခသည်လည်း သုရုပဋ္ဌာနဒုက္ခ= အနာပေါက်ခြင်း စသည်များလည်း ရှိသည်။ ဤဒုက္ခမျိုးကို အခါခပ်သိမ်းပင် ပုဂ္ဂိုလ်တိုင်းပင် သိကြသည်။ ထို့ကြောင့် အနာပေါက်လာလျှင် "ဩော်. . ဒုက္ခ. . ဒုက္ခ"ဟု ဆိုမိတတ်ကြပေသည်။ ဒုရုပဋ္ဌာနဒုက္ခ=ဝိပဿနာအရှုခံဖြစ်သော ခန္ဓာငါးပါးတို့၏ ဖြစ်ပြီးပျက်၍ ဆင်းရဲခြင်းလည်း ရှိသည်။ ဤဒုက္ခမျိုးကို မြတ်ဗုဒ္ဓသာသနာတွင်း

ကာလ-မြတ်ဗုဒ္ဓအဆုံးအမကို လိုက်နာလျက် အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ ရှိသူတို့သာ သိကြရပေသည်။

အနတ္တသည်ကား ထင်လွယ်မြင်လွယ်သော အနတ္တဟူ၍ မရှိတော့ဘဲ ဒုရူပဋ္ဌာနအနတ္တ=ဝိပဿနာအရှုခံ ခန္ဓာငါးပါးတို့၏ သူ့သဘာဝအတိုင်း ဖြစ်ခြင်း၊ အတ္တကောင်နှစ်မျိုးမှ ကင်းခြင်း၊ အတ္တဟုဆိုအပ်သော အနှစ်မရှိခြင်း လက္ခဏာ၊ အတ္တဟုဆိုအပ်သော သာမိက မရှိခြင်းလက္ခဏာ၊ အတ္တဟုဆိုအပ်သော ကာရက မရှိခြင်းလက္ခဏာ-ရှိသော လက္ခဏာဝန္တဖြစ်သော လောကီ ခန္ဓာငါးပါးဟူ၍သာ ရှိပေသည်။

ထို့ကြောင့် ပရိယတ္တိဓမ္မ(အာဂမသုတ) ပြည့်စုံသူအနေဖြင့် အလွယ်ပြောလျှင် မြတ်ဗုဒ္ဓ၏ ထူးထူးခြားခြားတရားမှာ "အနတ္တ-ဖြစ်သည်"ဟု ဆိုနိုင်ပါသည်။ အပြည့်အစုံ ဆိုလိုပါက "ဒုရူပဋ္ဌာနအနိစ္စ၊ ဒုရူပဋ္ဌာနဒုက္ခ၊ ကေဝလဒုရူပဋ္ဌာနအနတ္တ" ဟူ၍ ဆိုလျှင်လည်း ဆိုနိုင်ပါသည်။

> ဤသို့ အနတ္တ-က ထင်လွယ်မြင်လွယ် မရှိသော်ငြားလည်း အနတ္တပုဒ်၏အတွင်း၌ ပါဝင်နေသည့် မိစ္ဆာဒိဋ္ဌိက (တိတ္ထိယ)တို့ ကြံဆပြောဆိုအပ်၊ သမုတ်အပ်၊ ပညတ်အပ်သော အတ္တ(ပရမအတ္တ၊ဇီဝအတ္တ)တို့ကမူ ၎င်းတို့၏ အလိုအားဖြင့် သုရူပဋ္ဌာန-မြင်လွယ်ထင်လွယ် ရှိကြပါပေသည်။
>
> စင်စစ်အားဖြင့် အတ္တဟူ၍ မရှိသောကြောင့် ကမ္ဘာဦးကာလမှစ၍ အဆိုပါ အတ္တကို မြင်သူသိသူ တစ်ဦးမျှ မရှိကြသော်လည်း အဆိုပါအတ္တအကြောင်း အဆင့်ဆင့် ဟောပြောသူများကတော့ အလွန်များကြပေသည်။
>
> ပစ္စုပ္ပန်ကမ္ဘဝါဒီသည်လည်း အတ္တအကြောင်း ဟောပြောသူ မိစ္ဆာဒိဋ္ဌိက(တိတ္ထိယ)တစ်ဦးပင် ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ ပွင့်သောအခါ ထိုကဲ့သို့သော အတ္တကိုပယ်စွန့်စေပြီး သစ္စာလေးပါး တရားစစ်ဖြစ်သော ခန္ဓာငါးပါး (အနတ္တ)ကို အမှန်အတိုင်း ဟောတော်မူပါသည်။ ဤအဓိပ္ပာယ်များသည် မူလပဏ္ဏာသအဋ္ဌကထာ အလဂဒ္ဒူပမသုတ်အဖွင့်နှင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ(စာ-၄၇)၊ မူလဋီကာအဖွင့်တို့မှာ ထင်ရှားပါသည်။

## (ဂ)

## ဗုဒ္ဓဘာသာ၏အဓိကလုပ်ငန်း

အနတ္တကိုသိအောင် လုပ်တာသည် ဗုဒ္ဓဘာသာ၏ လုပ်ငန်း မဟုတ်ဟု ဆိုခြင်းသည်လည်း အယူမှားပင် ဖြစ်သည်။

မြတ်ဗုဒ္ဓသည် ဗောဓိဉာဏ်အလျောက် ပါရမီပြည့်စုံသူဖြစ်လေသော်-

၁။ သဒ္ဓိန္ဒြေအားသန်သူသည် အနိစ္စလက္ခဏာ (ဒုရုပဋ္ဌာနအနိစ္စ (ခန္ဓာငါးပါး)တို့၏ မမြဲခြင်းသဘော)ကို ထိုးထွင်းသိမြင်ကာ အရိယာအဖြစ်သို့ ဆိုက်ရောက်ကြောင်းကိုလည်းကောင်း၊

၂။ သမာဓိန္ဒြေ (ဝီရိယ+သတိ+သမာဓိ) အားသန်သူသည် ဒုက္ခလက္ခဏာ (ဒုရုပဋ္ဌာနဒုက္ခ(ခန္ဓာငါးပါး)တို့၏ ဖြစ်ပြီး ပျက်ခြင်း ဆင်းရဲခြင်းသဘော)ကို ထိုးထွင်းသိမြင်ကာ အရိယာအဖြစ်သို့ ဆိုက်ရောက်ကြောင်းကိုလည်းကောင်း၊

၃။ ပညိန္ဒြေအားသန်သူသည် အနတ္တလက္ခဏာ(ဧကန္တဒုရုပဋ္ဌာန အနတ္တ (ခန္ဓာငါးပါး)တို့၏ အတ္တကောင်မှ ဆိတ်သုဉ်းခြင်းသဘော)ကို ထိုးထွင်းသိမြင်ကာ အရိယာအဖြစ်သို့ ရောက်ကြောင်းကိုလည်းကောင်း ဟောတော်မူပါသည်။ (အဋ္ဌသာလိနီ)

ဤသို့ ပုဂ္ဂိုလ်သုံးမျိုး ရှိသည့်အားလျော်စွာ မဂ်ဖိုလ်အသီးသီးမှာလည်း အနိမိတ္တ၊ အပ္ပဏိဟိတ၊ သုညတ ဟူ၍ရှိကြောင်း ဟောထားပါသည်။ ထို့ကြောင့် အနိစ္စလက္ခဏာဖြင့် အနတ္တသိရေး ဟောတော်မူခြင်း၊ ဒုက္ခလက္ခဏာဖြင့် အနတ္တသိရေး ဟောတော်မူခြင်းများလည်း သုတ္တန်အသီးသီး ရှိပါသည်။

သို့ဖြစ်လေသောကြောင့် ဒုရုပဋ္ဌာနအနိစ္စလက္ခဏာနှင့် ဒုရုပဋ္ဌာန အနိစ္စ၊ ဒုရုပဋ္ဌာနဒုက္ခလက္ခဏာနှင့် ဒုရုပဋ္ဌာနဒုက္ခတို့အပြင် ဧကန္တ ဒုရုပဋ္ဌာန အနတ္တလက္ခဏာနှင့် ဧကန္တဒုရုပဋ္ဌာနအနတ္တတို့ကို သိမြင်နိုင်အောင် ပြုလုပ်အားထုတ်ခြင်းသည် ဗုဒ္ဓဘာသာ၏ အဓိကအကျဆုံးလုပ်ငန်းကြီးပင် ဖြစ်ပါသည်။

(ဃ)

**ပရမတ္ထသစ္စာကို မြတ်ဗုဒ္ဓမဟောဟု ဆိုခြင်းသည်လည်း ပစ္စုပ္ပန်ကမ္မဝါဒီ၏ အယူမှားသာဖြစ်ပါသည်။**

ပစ္စုပ္ပန်ကမ္မဝါဒီသည် ပရမတ္ထတရားကိုလည်း သိသူမဟုတ်ပေ။ ပရမတ္ထသစ္စာကိုလည်း သိသူမဟုတ်ပေ။ ထို့ပြင် အရိယသစ္စာတို့ကို သိသူလည်း မဟုတ်ပေ။ ထို့ကြောင့် မြတ်ဗုဒ္ဓဟောပြထားသည့် ပရမတ္ထသစ္စာ အရိယသစ္စာတို့၏ တရားကိုယ်သဘောစသည်များကို ပစ္စုပ္ပန်ကမ္မဝါဒီ၏ လက်ချက်(စာအုပ်)များတွင် ဘယ်မှာမှ မပါဘဲ ရှိနေပေသည်။

**ပရမတ္ထသစ္စာလေးပါး**

(၁) ဒုက္ခအရိယသစ္စာ
(၂) ဒုက္ခသမုဒယအရိယသစ္စာ
(၃) ဒုက္ခနိရောဓအရိယသစ္စာ
(၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာတို့ပင် ဖြစ်ကြသည်။

တရားကိုယ်အားဖြင့်မူ လောကီစိတ် ၈၁-ပါး၊ လောဘကြဉ်သော လောကီစေတသိက် ၅၁-ပါး၊ ရုပ် ၂၈-ပါးတို့သည် **ဒုက္ခအရိယသစ္စာ** ဖြစ်ပါသည်။

လောဘစေတသိက်သည် **ဒုက္ခသမုဒယအရိယသစ္စာ** ဖြစ်ပါသည်။

သင်္ခတသုခလက္ခဏာရှိသော နိဗ္ဗာန်သည် **ဒုက္ခနိရောဓအရိယသစ္စာ** ဖြစ်ပါသည်။

လောကုတ္တရာကုသိုလ်စိတ်ခေါ် မဂ်စိတ် (၄-ပါး၊ ၂၀-ပါး)တို့၌ ယှဉ်သော ပညာဝိတက် အစရှိသော မဂ္ဂင်စေတသိက် ၈-ပါးတို့သည် **ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ** ဖြစ်ပါသည်။

လောကုတ္တရာမဂ်စိတ် (၄-ပါး၊ ၂၀-ပါး)နှင့်ယှဉ်ဖက် စေတသိက် အကျန် ၂၈-ပါးတို့သည်လည်းကောင်း၊ လောကုတ္တရာဖိုလ်စိတ် (၄-ပါး၊၂၀-ပါး)နှင့် ယှဉ်ဖက်စေတသိက် ၃၆-ပါးတို့သည်လည်းကောင်း၊ အပေါင်းပညတ်နှင့် အစိတ်ပညတ်တို့သည်လည်းကောင်း သစ္စဝိမုတ္တ(သစ္စာလွတ်) ဖြစ်ပါသည်။

ဤသို့သော တရားကိုယ်(သရုပ်)ကို အာဂမသုတ၊ အဓိဂမသုတဖြင့် အမိအရသိလျှင် အရိယသာဝက-သုတဝန္တ ဖြစ်ပါသည်။ သက္ကာယ+ အတ္တ+

ဒိဋ္ဌိခေါ် အယူများကို တားဆီးနိုင်ပြီဖြစ်၍ ဗုဒ္ဓဘာသာဝင်(အစစ်) ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ဒုက္ခအရိယသစ္စာအရ လောကီတရားစုတို့ကို သင်ယူကြရပါသည်။ ရှုမှတ်လေ့ကျင့်ကြရပါသည်။ သင်ယူပြီး လေ့ကျင့်နေ၍ မဂ်ဉာဏ်ဖြင့် သိလာလျှင် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း(အစစ်) ဖြစ်လာပါသည်။

## သိ ပယ် ဆိုက် ပွား မဂ်တရား

ဤသို့ ဒုက္ခအရိယသစ္စာကို မဂ်ဉာဏ်ဖြင့် သိမြင်ဆဲခဏအတွင်းမှာပင် ဒုက္ခသမုဒယအရိယသစ္စာ (လောဘ)ကို မဂ်ဉာဏ်ဖြင့် အမြစ်ပြတ်ပယ်ခြင်း(အစစ်)လည်း ဖြစ်လာပါသည်။

(အမြစ်ပြတ်-ဟုဆို၍ အပင်ပြတ်-ဟု မဆိုသည်ကို သတိပြုရာပေသည်။ လောဘကိုသာ ပယ်ရသည်။ ခန္ဓာကိုယ်ရှိ တခြားရုပ်နာမ်တရားစုတို့ကို ပယ်စရာမလိုဟု ဆိုလိုပါသည်။ လောဘသည် အမြစ်- ခန္ဓာကိုယ်ရှိ ရုပ်နာမ်ခန္ဓာစုသည် အပင်။)

ဤသို့ ဒုက္ခအရိယသစ္စာကို ပရိဇာနဖြစ်၍ ဒုက္ခသမုဒယအရိယသစ္စာကို ပဇဟာနပြုဆဲ အတွင်းမှာပင် (ဤသဘောတို့သည် အနုသယယမကပဇဟာနဝါရနှင့် ပရိညာဝါရတို့တွင် အလွန်ပင် ထင်ရှားကြပါသည်။) ဒုက္ခတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်ကို အာရမ္မဏအားဖြင့် သိမြင်လာခြင်းကြောင့် ဒုက္ခနိရောဓအရိယသစ္စာ(နိဗ္ဗာန်)ကို မျက်မှောက်ပြုရပါသည်။

ဤသို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဆဲ ခဏအတွင်းမှာပင် နိဗ္ဗာန်ကို မျက်စိရှေ့တွင် ထင်ထင်ကြီးမြင်ရသကဲ့သို့ မြင်တတ်သိတတ်သော မဂ္ဂင်ရှစ်ပါး(မဂ်ဉာဏ်)တရားလည်း အာရမ္မဏိကအားဖြင့် ဖြစ်ပေါ်ပါသည်။ ယင်းမဂ်ဉာဏ်ဖြင့်ပင် နိဗ္ဗာန်ကို သိသည်၊ မြင်သည်ဟု ဆိုလိုပေသည်။

သို့ဖြစ်၍ ဒုက္ခ၌ ပိုင်းခြား၍သိခြင်း-အသိခံရခြင်းသဘော၊ ဒုက္ခသမုဒယ၌ ပယ်ခြင်း-အပယ်ခံရခြင်းသဘော၊ ဒုက္ခနိရောဓ၌ မျက်မှောက်ပြုခြင်း-အသိခံရခြင်းသဘော၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၌ ဖြစ်စေခြင်းပွားခြင်း-သိတတ်ခြင်းသဘော ရှိပါပေသည်။

ဤသို့လျှင် ပရမတ္ထသစ္စာလေးပါးတို့၌ သစ္စဉာဏ်၊ ကိစ္စဉာဏ် အဆင့်ဆင့် ဖြစ်ပေါ်ကြပါသည်။ ထိုသို့ဖြစ်ခြင်း ရှိလာလျှင်ပင် ထိုပရမတ္ထသစ္စာ

လေးပါး ပြည့်စုံလာပြီဖြစ်၍ အရိယသစ္စာအစစ်ကြီး ဖြစ်လာသည်ဟုသာ ဆိုပါသည်။

## အရိယသစ္စာလေးပါး

(၁) ဒုက္ခအရိယသစ္စာ၊

(၂) ဒုက္ခသမုဒယအရိယသစ္စာ၊

(၃) ဒုက္ခနိရောဓအရိယသစ္စာ၊

(၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ ဟူ၍ပင်တည်း။

သို့ဖြစ်ရကား ပရမတ္ထသစ္စာလေးပါးတို့နှင့် နာမည်ချင်းလည်း တူသည်။ တရားကိုယ်သရုပ်ချင်းလည်း တူသည်။ သဘောချင်း ကိစ္စချင်းလည်း တူသည်။ ထို့ကြောင့် "အရိယသစ္စာကို မြတ်ဗုဒ္ဓဟောသည်"ဟု ဆိုလျှင် "ပရမတ္ထသစ္စာကို မြတ်ဗုဒ္ဓ မဟော"ဟု ဆိုဖွယ်ရာ လုံးဝမရှိပေ။

သို့ပါလျက် ပစ္စုပ္ပန်ကမ္မဝါဒီက "ပရမတ္ထသစ္စာနဲ့ ဘုရားရှင် ဟောတဲ့ အရိယသစ္စာ တူတာလဲ မဟုတ်ပါဘူး"ဟု ဆိုခြင်းမှာ မသိသူနားမလည်သူ ဗုဒ္ဓဘာသာဝင်တို့ကို လှည့်စား၍ သိမ်းသွင်းခြင်းမျှသာ ဖြစ်ပါပေသည်။ သူရှူးစကားနှင့်ပင် အလွန်တူပါ၏။

## (င)

## အမှန်ပြ အမှားပြ

"လူ့ကိုယ်ရဲ့ အစိတ်အပိုင်းတွေဖြစ်ကြတဲ့ (ပထဝီ၊ အာပေါ၊ ဝေဒနာ၊ သညာ စတဲ့)တရားတွေဟာ ပရမတ္ထသစ္စာတွေဖြစ်တယ်"ဟုဆိုကာ ပစ္စုပ္ပန်ကမ္မဝါဒီက ပရမတ္ထသစ္စာအရကိုတော့ အမှန်အတိုင်း ကောက်ပြထားပါသည်။ ယုံလောက်အောင် လုပ်ပြခြင်းပင်တည်း။

သို့ရာတွင် အရိယသစ္စာအရကိုတော့ မှားယွင်းစွာ ဆိုပါလေတော့သည်။ ဆိုထားပုံမှာ -

"ပရမတ္ထသစ္စာနဲ့ တည်ဆောက်ထားတဲ့လူ။ အဲဒီလူက လှုပ်ရှားလို့ ဖြစ်ပွားလာတဲ့ အမှုသည်သာ အရိယသစ္စာတရား ဖြစ်တယ်။ သည်လူကနေပြီးတော့ ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ လှုပ်ရှားလို့ ဖြစ်ပွားလာတဲ့

အမှုတွေရဲ့ အကောင်း-အဆိုး၊ ဖြစ်ပွားလာမယ့် အကျိုး-အပြစ်တွေသည်သာ အရိယသစ္စာတရား ဖြစ်တယ်"ဟု ဟူ၍ ဖြစ်ပါသည်။

ဆိုလိုသည်မှာ -

၁။ ကာယကံလှုပ်ရှားမှုကြောင့် ကောင်းမှု-ဆိုးမှု ပေါ်လာသည်။

၂။ ဝစီကံလှုပ်ရှားမှုကြောင့် ကောင်းမှု-ဆိုးမှု ပေါ်လာသည်။

၃။ မနောကံလှုပ်ရှားမှုကြောင့် ကောင်းမှု-ဆိုးမှု ပေါ်လာသည်။

ယင်းကောင်းမှု-ဆိုးမှုကို ယခုမျက်မြင် နားကြား မြင်ရ-ကြားရ-သိရသည်။ ကောင်းမှုကြောင့် ကောင်းကျိုး၊ မကောင်းမှုကြောင့် ဆိုးပြစ်များကို ယခုဘဝအတွင်းမှာပင် ရရှိကြသည်။ ဤကဲ့သို့သော ကံသုံးပါး၏အမှု၊ ထိုအမှု၏ အကျိုး-အပြစ်တို့ကို အရိယသစ္စာတရားဟူ၍ ဆိုလိုပါသည်။

၎င်းတို့သည် အရိယသစ္စာအတုများသာ ဖြစ်ကြပါသည်။ အမှန်တစ်ဝက်နှင့် အမှားတစ်ဝက်တို့ကို သတိပြုကြပါ။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီက ပြဆိုထားသော အရိယသစ္စာအဓိပ္ပာယ်မှာ အမှားသာ ဖြစ်ပါသည်။

ဤအမှားကိုကျတော့ ပစ္စုပ္ပန်ကမ္မဝါဒီက သူကိုယ်တိုင် သိမြင်ထင်၍ ပြောဟောရေးသားသည်ဟု မဆိုချေ။ လည်လွှန်းလှပေသည်။ "ပရမတ္ထသစ္စာနဲ့ (ပ) အကျိုးအပြစ်တွေကိုသာ ဗုဒ္ဓမြတ်စွာက အရိယသစ္စာအဖြစ် ဟောကြားခဲ့တာ ဖြစ်ပါတယ်" ဟူ၍ မြတ်ဗုဒ္ဓကို ဒိုင်းသဖွယ် အကာအကွယ်ပြု ထားပါသည်။

ဤသို့သော အရိယသစ္စာအဖြစ် ဟောကြားချက်မျိုး မည်သည့်ပါဠိတော်၊ မည်သည့်အဋ္ဌကထာ၊ မည်သည့်ဋီကာမှာ လာ၍ ရှိ၍ မြတ်ဗုဒ္ဓ ဟောကြောင်း၊ မြတ်ဗုဒ္ဓဟောနှင့် အလားတူထားနိုင်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီဘက်က အခိုင်အမာပြဖို့ လိုအပ်လာပါပြီ။ အမှန်မှာမူ ပြစရာမရှိချေ။ ပစ္စုပ္ပန်ကမ္မဝါဒီ၏ လိမ်ညာချက်သက်သက်မျှသာ ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ ဟောထားသည့် အရိယသစ္စာတရားတို့ကို တင်ပြပြီးဖြစ်၍ ပစ္စုပ္ပန်ကမ္မဝါဒီ၏ မြတ်ဗုဒ္ဓကို ဒိုင်းသဖွယ် အကာအကွယ်ပြုလျက် လိမ်ညာချက်ကြီးသည် အယူမှားသာဖြစ်ကြောင်း မှတ်ယူကြရမည် ဖြစ်ပါသည်။

## (၈)

## ဖုံးသမျှပေါ်

ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ စကားတစ်ခွန်းထဲက စိတ်ဝင်စားစရာတစ်ခုမှာ ဤသို့ဖြစ်ပေသည်။

"ပထဝီ-အာပေါ-ဝေဒနာ-သညာ-စတဲ့ဟာတွေ၊ သည် အစိတ်အပိုင်းတွေနဲ့ တည်ဆောက်လိုက်တဲ့အခါ 'လူ' ဖြစ်လာတယ်"

ဤစကားသာ အမှန်ဆိုခြင်းဖြစ်လျှင် "လူဆိုသည့်အရာမှာ ပထဝီ၊ အာပေါ၊ ဝေဒနာ၊ သညာစသည့် ပရမတ္ထတရားစုတို့ပင် ဖြစ်သည်" ဟူ၍ အဓိပ္ပာယ်ထွက်လာသည်။ ပထဝီ၊ အာပေါ၊ ဝေဒနာ၊ သညာ စသည်တို့မှ တစ်ပါး အခြားဟာ(ပရမအတ္တကောင်-ငါကောင်-ဇီဝအတ္တကောင်-ဝိညာဉ်ကောင်စသည်များ)မရှိနိုင်တော့ပြီ။

ပစ္စုပ္ပန်ကမ္ဘဝါဒီသည် လူများကိုသာ လိမ်ညာနိုင်သော်လည်း ဓမ္မကို မူ မလိမ်နိုင်ဘဲ ရှိချေပြီ။ ဖုံးလာသမျှ ကုန်းခါမှ ပေါ်ချေပြီ။

စာပေကျမ်းဂန်တို့ အရ "အစိတ် လွှတ်ထား၊ အပေါင်းကား၊ မှတ်သား ဘယ်မရှိ"ဟူသကဲ့သို့ အစိတ်အစိတ်အရာများကို စုတွဲလိုက်လျှင် အပေါင်းဖြစ်၍ ၎င်းအပေါင်းကို ဖြိုခွဲလိုက်လျှင် အစိတ်ဖြစ်လာသည်။ အစိတ်သည်လည်း ဤအရာပင်တည်း။ အပေါင်းသည်လည်း ဤအရာပင်တည်း။ အခြင်းအရာမျှသာ ကွဲပြားပေသည်။ မူရင်းအရာကမူ မကွဲချေ။

မြတ်ဗုဒ္ဓက "လူဆိုသည်မှာ ပရမတ္ထတရား(ရုပ်နာမ်အစု)တို့သာ အဆက်ဆက်ဖြစ်ခြင်းပင်တည်း"ဟု ဟောတော်မူပါသည်။ သို့ဖြစ်၍ ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ "ပထဝီ စသည့် အစိတ်အပိုင်းတွေနဲ့ တည်ဆောက်လိုက်တဲ့အခါ 'လူ'ဖြစ်လာတယ်" ဆိုသောစကားသည် မြတ်ဗုဒ္ဓ၏တရားကို အမှန်ဟု အတည်ပြုမိလျက်ရှိပေသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီက ဆိုလေမြဲဖြစ်သော "ငါ-ရှိတယ်"စကားအရ အတ္တကောင်ရှိကြောင်းကို မထောက်ခံဘဲ ရှိလေသည်။ ပစ္စုပ္ပန်ကမ္ဘဝါဒီသည် ကိုယ့်စကားကိုပင် ကိုယ်ကိုယ်တိုင် ဖျက်ဆီးပေသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ "ငါရှိတယ်"ဟူသောစကားသည် အဓိပ္ပာယ်မဲ့ စကားပျက်သာတည်း။ စကားမျှသာ ပျက်သည်မဟုတ်သေး။ မြတ်ဗုဒ္ဓ၏ တရားကိုလည်း ဖျက်နေသောကြောင့် အဖျက်စကားလည်း ဖြစ်ပါသေးသည်။

## (ဆ)

## ပရမတ္ထတရားကို ရှုမိလျှင်

"လူကောင်ကြီးရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ပရမတ်တွေကို အရိယသစ္စာတရားလို့ထင်မိရင်တော့ လွဲပြီဖြစ်ကြောင်း"ပစ္စုပ္ပန်ကမ္မဝါဒီက ဆိုပြန်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက ယင်းသို့ဆိုသော်လည်း ၎င်းသစ္စာနှစ်မျိုးမှာ ခေါင်းစီးကလေးမျှသာကွာ၍ ဘာမှကွဲပြားသည် မဟုတ်သောကြောင့် အမှန်သာလျှင် ဖြစ်ပါသည်။

ပရမတ္ထသစ္စာတရားများကို (အရိယသစ္စာဟုထင်ပြီး ရှုရှု၊ အရိယသစ္စာ မဟုတ်ဟုထင်ပြီး ရှုရှု) ရှုကြည့်နေလျှင် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကို သိမြင်လာမည်သာဖြစ်၍ ရှုမိခြင်း(အမှန်ပင်) ဖြစ်ပေသည်။ ပရမတ္ထတရားတို့ကို အမှန်အတိုင်းရှုမိရာကနေ-ပြီးတော့ အနတ္တတရားလည်း အကြိုက်တွေ့လာခြင်းဖြစ်သည်ဟု ဆိုမှသာ မှန်ပေသည်။

ထို့ကြောင့် ပရမတ္ထသစ္စာနှင့် အနတ္တသည် တရားအရအားဖြင့် ပမာဏအလျောက် တူနေကြောင်း တွေ့ရပါသည်။ အနတ္တအရမှာ ဥပါဒါနက္ခန္ဓာခေါ် လောကီတရား (စိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး)တို့ပင် ဖြစ်သည်။ ၎င်းတို့သည်ပင် ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယအရိယသစ္စာ ဖြစ်ကြပါသည်။

(ဝိပဿနာဘူမိအရ အနတ္တဖြစ်သည့်တရားကို ယူထားခြင်းကြောင့် လောကုတ္တရာတရား မပါချေ။ ထို့ကြောင့် မဂ္ဂသစ္စာ၊ နိရောဓသစ္စာ မပါသေးပါ။)

အထက်ပါအတိုင်း-

အနတ္တအရ(ခန္ဓာငါးပါး)တရားသည် ပရမတ္ထသစ္စာ နှစ်ပါးဖြစ်နေခြင်းကြောင့် အနတ္တနှင့်ပရမတ္ထသစ္စာ တခြားစီဟု ဆိုလိုရာရောက်သောစကားသည်လည်းကောင်း၊

ပရမတ္ထသစ္စာကို မြတ်ဗုဒ္ဓက မဟောဟု ဆိုလိုချက်ထွက်သောစကားသည်လည်းကောင်း၊

ဗုဒ္ဓသည် အနတ္တကို ဟောသည်မဟုတ်-အနတ္တသည် ဗုဒ္ဓ ဟောသည့်တရားမဟုတ်ဟု ဆိုလိုရာရောက်သောစကားသည်လည်းကောင်း-

ပစ္စုပ္ပန်ကမ္မဝါဒီ၏ အဓမ္မဝါဒသာ ဖြစ်ပေသည်။

# ငါနှင့်တရား

ပရမတ္ထသစ္စာနည်းအမှန်ကို သိရုံမျှဖြင့် အရိယသစ္စာထိုက်သောအမှန်ကို သိတာမဟုတ်ခြင်းကြောင့် တရားမရနိုင်ကြောင်း အစရှိသော ပြောဆိုရေးသားချက်များ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"အဲသလောက် အနတ္တကို ကြိုက်ကြတယ်။ ပရမတ္ထသစ္စာနဲ့ အတင်းရိုက်သွင်းထားတာဆိုတော့ မှန်ကလဲ မှန်စေတာမဟုတ်လား။ ဒါပေမဲ့ မှန်ရုံနဲ့ တရားမဟုတ်ဘူးကွ။ (ပ)။ ထုံး-ဖြူတယ်ဆိုတာ မမှန်ဘူးလား။ သည်တော့ မှန်တာသိရုံနဲ့ တရားမရဘူးဆိုတာ သိနိုင်ပါတယ်။ တကယ်တော့ အရိယသစ္စာထိုက်တဲ့ အမှန်မျိုးကို သိမှသာ တရားရနိုင်တာပေါ့"

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ တရားရှင်းတမ်း-စာ-၁၉)

"ဟာ- သည်အနတ္တကြီး ငါ့နားလာမပြောစမ်းနဲ့ကွာ-လို့ တို့ကလဲ ခါချပစ်လိုက်တယ်။ (ပ)။ မင်းနဲ့ငါ။ မင်းက ဘုန်းကြီးလား၊ ငါကဘုန်းကြီးလားလို့ သူ့ကို ပြန်မေးလိုက်တယ်။ (ပ) ငါကဘုန်းကြီး ဆိုရင် အနတ္တကို ဘုရားဟောတယ်၊ မဟောဘူးဆိုတာကို မင်းက ပိုသိသင့်သလား။ ငါက ပိုသိသင့်သလား။ (ပ)။

"အေး- သည်လိုဆိုရင် အနတ္တကို ဘုရားမဟောဘူးလား ဆိုတဲ့ မေးခွန်းကို ငါ့ကိုမမေးနဲ့။ ဘုရားဟောတယ်-မဟောဘူးဆိုတာ ငါက ပိုသိတယ်လို့ မင့်စိတ်ထဲမှာ ထားလိုက်။ (ပ)။ မင်းသာ အစိုးမရတဲ့ အနတ္တကောင်ကြီး ဖြစ်နေခဲ့ရင် ငါ့ဆီကို လာချင်စိတ်ရှိတောင်မှ မင်းလာနိုင်မှာမဟုတ်ဘူး။ (ပ။) ပရမတ္ထသစ္စာက ကြီးငယ်မဟူ ပေါက်နေကြတော့ တို့ တရားသမားတွေက အနတ္တကို တအား ကြိုက်နေကြတယ်။ (ပ)။

"ငါမဟုတ်ဘူး၊ ငါမရှိဘူးနဲ့ လုပ်နေကြတယ်။ အနတ္တသမား တွေဆိုတော့ တဏှာရာဂကို အရကောက်ပြတာ နားလည်ချင်ရင် (ငါရှိတယ်၊ ငါဟုတ်တယ်)ဆိုတဲ့ အချက်ကို လက်ခံပေးဖို့ပဲ ဖြစ်တယ်။ (ပ)။ ငါမရှိဘူးဆိုရင် တဏှာချည်းသက်သက် မရှိနိုင်ဘူးလို့ ထပ် ပြောရပါတယ်"ဟု ရေးသားထားပါသည်။

(ဂှင်းစာအုပ်-စာ-၂၀၊ ၂၁၊ ၂၂)

(က)

အထက်ပါစကားထဲတွင် ပရမတ္ထသစ္စာနည်းအရ မှန်တာကို သိရုံမျှ ဖြင့် တရားမရနိုင်ကြောင်း၊ ပရမတ္ထသစ္စာနည်းအရ မှန်တာသည် အရိယ သစ္စာထိုက်သောအမှန်မျိုး မဟုတ်ကြောင်း၊ အရိယသစ္စာထိုက်သော မှန်တာကို သိမှသာ တရားရနိုင်မည် ဖြစ်ကြောင်း၊

အနတ္တကို မြတ်ဗုဒ္ဓဟောသည်ဟု ဝန်မခံဘဲ အနတ္တကို မြတ်ဗုဒ္ဓ မဟောသလိုဖြစ်အောင်လုပ်ပြီး "ဟာ-သည် အနတ္တကြီး ငါ့နား လာမပြော စမ်းနဲ့ကွာ" ဟုဆိုကာ အနတ္တကို ခါးခါးသီးသီး ပယ်ကြောင်း-ပယ်စေကြောင်း၊

အတ္တ=ဣဿရ (အစိုးရသူ)ရှိပုံ ဟောပြောကြောင်း စသည်များကို တွေ့ရပါသည်။

ပရမတ္ထသစ္စာလား

ပရမတ္ထသစ္စာနည်းအရ မှန်တာကို သိခြင်းဖြင့် တရားမရနိုင် ကြောင်း စကားသည်လည်း အယူမှားသာ ဖြစ်ပါသည်။

ပရမတ္ထသစ္စာနည်းအရ မှန်တာသိလျှင် တရားရနိုင်သည်သာ ဖြစ်ပါ သည်။ ပရမတ္ထသစ္စာနည်းအမှန်နှင့် အရိယသစ္စာနည်းအမှန်ဟူ၍ ခေါင်းစီးကွဲ နေစေကာမူ အတူတူသာဖြစ်၍ တစ်ခုတည်းပင်တည်း။

သို့သော်လည်း ပစ္စုပ္ပန်ကမ္မဝါဒီသည် ပရမတ္ထသစ္စာ၊ အရိယသစ္စာ နှစ်ခုစလုံးကို ဘာမှသိသူ မဟုတ်ခြင်းကြောင့် "တကယ်တော့ အရိယသစ္စာ ထိုက်တဲ့ အမှန်မျိုးကိုသိမှသာ တရားရနိုင်တယ်"ဟု ပြောင်လိမ်ထားပေသည်။ "အရှေ့က နေထွက်တာ-ထုံးဖြူတာ"တို့ကို ပရမတ္ထသစ္စာနည်းအမှန် ဟူ၍ လည်း ပုံကြီးချဲ့ပြထားပေသေးသည်။

"အရှေ့က နေထွက်သည်၊ အနောက်က နေမထွက်ပါ" ဆိုသည်ကား အရှေ့၊ အနောက် စသည်တို့သည် ဒိသာပညတ်သာဖြစ်၍ သမုတိသစ္စာနည်း

(အမှန်)များသာ ဖြစ်ပါသည်။ ပရမတ္ထသစ္စာနည်းအရဆိုလျှင် အရှေ့ဟူ၍ မရှိပေ။ အနောက်ဟူ၍လည်း မရှိပေ။

ထို့အတူ ထုံးဖြူသည်ဆိုရာမှာလည်း ဝဏ္ဏကသိုဏ်းပညတ်(ဩဒါတပညတ်) မျှသာဖြစ်၍ သမုတိသစ္စာနည်းအမှန်သာ ဖြစ်ပါသည်။ ပရမတ္ထသစ္စာနည်းအရမူ ထုံးဟူ၍လည်း မရှိချေ။ အဖြူဟူ၍လည်း မရှိချေ။ (စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန်တို့သာ ရှိကြပေသည်။)

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ ဆိုသင့်သည့် စကားမှာ "သမုတိသစ္စာနည်းအမှန်ကို သိရုံမျှဖြင့် လောကုတ္တရာတရား မရနိုင်" ဟူ၍သာ ဆိုသင့်ပါသည်။ ဤသို့ဆိုရာမှာပင် သမုတိသစ္စာနည်းအမှန်ကိုယူ၍ တရားကျင့်သောကြောင့် လောကီချမ်းသာတရားများ ရနိုင်ပါသေးသည်။ အမေ-အဖေဟူ၍ရှိကြောင်း သမုတိသစ္စာအမှန်ကို ယူ၍ မာတာပိတုဥပဋ္ဌာန် မင်္ဂလာကုသိုလ်မျိုးကိုလည်း ရနိုင်ပါသေးသည်။ (လောကုတ္တရာတရားစစ်စစ်ကိုသာ သမုတိသစ္စာနည်းဖြင့် တိုက်ရိုက်မရနိုင်ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။)

ယခုခေတ် မြန်မာပြည်တွင်လည်းကောင်း၊ ကမ္ဘာအရပ်ရပ်တွင်လည်းကောင်း မြတ်ဗုဒ္ဓ၏ ပဋိပတ္တိ (ရိပ်သာ)ဌာန မှန်သမျှမှာ ပရမတ္ထသစ္စာနည်း၊ အရိယသစ္စာနည်းတို့ဖြင့် ဘာဝနာအလုပ် အားထုတ်နေကြပါသည်။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က တရားရကြသူ (ရှင်ကောဏ္ဍည-အစ-ရှင်သုဘဒ္ဒအဆုံး ရဟန်းအားလုံးနှင့် မိထွေးတော်ဂေါတမီ၊ သုမနဒေဝီ-အနာထပိဏ်-ဝိသာခါ စသော) အရိယာပုဂ္ဂိုလ် မှန်သမျှသည်လည်း ပရမတ္ထသစ္စာနည်းခေါ် အရိယသစ္စာနည်းဖြင့် ဘာဝနာဘိရတဖြစ်၍ နိဗ္ဗာန် မင်္ဂဖိုလ်တရားထူးတို့ကို ရကြကြောင်း ယုံမှားဖွယ် လုံးဝမရှိချေ။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ ပရမတ္ထသစ္စာနည်းဖြင့် တရားမရနိုင်ကြောင်းစကားသည် အမှားသက်သက်ဖြစ်ရုံမျှမက မြတ်ဗုဒ္ဓ၏ ပဋိပတ္တိဘာဝနာဓမ္မတို့ကို ဖျက်ဆီးနေခြင်းကြောင့် သာသနာဖျက်အစစ်သာ ဖြစ်ပါသည်။

## ငါအစစ် ငါအတု

ငါအစစ်-ငါအတုဟူသော အခြေခံများကမှား၍ တရားကောက်ပုံ မှားရုံမျှမကသေးဘဲ မြန်မာနိုင်ငံရှိ ပဋိပတ္တိပုဂ္ဂိုလ်များကိုပါ စွပ်စွဲ ပြောဟော ရေးသားထားသည့် စကားများသည် ပြန့်ပွားလျက်ရှိနေပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီက-

"ငါမဟုတ်တဲ့အကောင်ကို စိတ္တဇကောင်လို့ ပြောရမယ်။ သည်တော့ အလုပ်တစ်ခုလုပ်တဲ့အခါမှာ ကိုယ်က လုပ်တာလား၊ စိတ္တဇက လုပ်တာလား။ (ပ) သည်လို လိုချင်ရာမှာ ငါက လိုချင်တာဆိုရင် တရားမဟုတ်ဘူး။ (ပ)။ ငါမဟုတ်တဲ့အယောင်ဆောင်ငါက လိုချင်တာ"ိုရင်တော့ တရားပဲ။ (ပ) ။ တရားကို သိဖို့ဆိုရင် ငါအစစ်နဲ့ ငါအတုကို သိမှဖြစ်မှာ။ (ပ)။

"သည်လို တရားကို ကွဲကွဲပြားပြား သိမြင်ပါမှ တရားကိုတို့က သတ်နိုင်မှာ။ ငါအစစ်က လိုချင်တာတွေ သွားသတ်လို့ကတော့ (သည်ငါကြီး)ချို့တဲ့သွားမှာပဲ။ ဗိုက်ဆာလို့ ထမင်းစားချင်တာကို ဒါ တရားပဲလို့ သွားသတ်လို့ကတော့ အစာအာဟာရတွေ ချို့တဲ့သွားမှာပေါ့။ ဗိုက်က ဝက်သားဟင်းစားချင်တယ်။ (ပ)။ (စားချင်တဲ့စိတ်ကို ပယ်သတ်လိုက်ရင် အာဟာရချို့တဲ့မှာပဲ။)

"သည်နေ့ တရားလောကမှာဖြင့် သည်လို ပယ်သတ်နေတာတွေဟာ တင်းကျမ်းပြည့်လို့။ (ပ)။ ဆိုလိုတာကတော့ မြန်မာပြည်မှာ တရားမဟုတ်ဘဲ တရားလုပ်ပြီး ကျင့်နေကြတဲ့ အသိုင်းအဝိုင်းကတော်တော်များတယ်။ တရားမသိတာကနေပြီး တရားမဟုတ်တာ

ကို အပယ်မှားရာက တရားတုတွေအထဲမှာ ဒုက္ခရောက်နေရပုံတွေ ပါပဲ'ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ တဏှာရှင်းတမ်း၊ စာ-၃၆၊၃၇၊၃၈၊၄၀)

(က)

အထက်ပါစကားစုထဲတွင် "အလုပ်တစ်ခုကို လုပ်တဲ့အခါမှာ ကိုယ်က လုပ်တာလား၊ စိတ္တဇက လုပ်တာလား"ဟု ပါဝင်သည်။ ဤစကားရပ်ထဲက ကိုယ်-ဆိုတာ ဘယ်အရာလဲ။ စိတ္တဇ-ဆိုတာ ဘယ်အရာလဲဟု အတိအကျ ကောက်ယူမိဖို့ လိုပါသည်။

ကိုယ်-ဟူသည်မှာ လူကောင်ကြီးခေါ် သဏ္ဌာနပညတ်ပုံရိပ်ကြီးကို ခေါ်ခြင်းဖြစ်သည်။ ၎င်းသဏ္ဌာနပညတ်ကြီးသည် ပညတ်-နာမည်-ခေါ်စရာ တစ်ခုမျှသာဖြစ်၍ ဘာကိုမှ ပြုလုပ်တတ်သည် မဟုတ်ပေ။ ဓာတ်ပုံနှင့် တူသည့်အရာမျှသာတည်း။ ဓာတ်ပုံသည် ဘာကိုမျှ မလုပ်တတ်ချေ။ အလောင်းကောင်ကိုလည်း သတိပြုရာ၏။ အလောင်းကောင်သည် ဘာမျှ မလုပ်တတ်ချေ။

၎င်းသဏ္ဌာနပညတ်ကြီး၏အတွင်းပိုင်းတွင် တစ်ခုပျက်ပြီး တစ်ခုဖြစ်ပေါ်နေကြသည့် ရုပ်နာမ်တရားစုများ ရှိကြသည်။ ၎င်းတရားစုတို့ထဲတွင် ကုသိုလ်တရားစုများ၊ အကုသိုလ်တရားစုများ၊ ဝိပါက်တရားစုများ၊ ကြိယာတရားစုများဟူ၍ အမျိုးမျိုးရှိကြသည်။

## အလုပ်လုပ်ခြင်း

ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်တစ်ဦးက မကောင်းမှုတစ်ခုကိုပြုလျှင် အကုသိုလ်တရားစုနှင့် အကုသိုလ်စိတ္တဇရုပ်များ ဖြစ်ရှိကြသည်။ ဤတရားစုထဲမှာ အကုသိုလ်စေတနာ ပါရှိသည်။ ဤစေတနာတို့က ယင်းမကောင်းမှုကို ပြုခြင်းပင် ဖြစ်ပါသည်။

ကောင်းမှုတစ်ခုကိုပြုလျှင် ကုသိုလ်တရားစုနှင့် ကုသိုလ်စိတ္တဇရုပ်တရားများ ဖြစ်ရှိကြသည်။ ဤတရားစုထဲတွင် ကုသိုလ်စေတနာ ပါရှိသည်။ ဤစေတနာတို့က ယင်းကောင်းမှုကိုပြုခြင်း ဖြစ်ပါသည်။

ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့တွင် တစ်ပါးပါးသည်လည်း ကောင်းမှုတစ်ခုခုကိုပြုလျှင် ကြိယာတရားစုနှင့် ကြိယာစိတ္တဇရုပ်များ ဖြစ်ရှိကြသည်။ ဤတရားစုထဲမှာ ကြိယာစေတနာပါရှိသည်။ ဤစေတနာတို့က ယင်းကောင်းမှုကို ပြုခြင်းပင်ဖြစ်ပါသည်။ အထူးမှာ-ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည် မကောင်းမှုကို လုံးဝမပြုကြတော့ပေ။

မည်သည့်ပုဂ္ဂိုလ်မဆို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခိုက်မျိုးမှာ ဝိပါက်တရားစုနှင့် ဝိပါက်စိတ္တဇရုပ်များ ဖြစ်ရှိကြပါသည်။ ဝိပါက်စေတနာများရှိကြသည်။ ဝိပါက်စေတနာများသည် ကောင်းမှုမကောင်းမှု(သုစရိုက်၊ ဒုစရိုက်)တစ်ခုခုကို ပြုနိုင်စွမ်း မရှိကြပေ။

ဤသို့လျှင် အတွင်းသားပရမတ္ထနှင့် အပေါ်ယံပညတ်တို့ကို ကွဲပြားစွာ မသိခြင်းကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီသည် သဏ္ဌာနပညတ်မျှသာဖြစ်သော (လူကောင်-ကိုယ်ကောင်-ငါကောင်-ငါအစစ်ကောင်) ကိုယ်ကြီးက အလုပ်တစ်ခုခုကို လုပ်နိုင်ကြောင်း မှားယွင်းစွာ ဆိုထားပါသည်။ အပေါ်ယံသဏ္ဌာနပညတ် ကိုယ်ကောင်ဟူ၍ လုံးဝပင် မရှိချေ။ အတွင်းသား တရားစုတို့သာ ရှိကြသည်။

အထက်မှာ ဖော်ပြခဲ့သော စိတ်-စိတ္တဇရုပ်များသာမကသေး။ ကံ+ကမ္မဇရုပ်များ၊ ဥတု+ဥတုဇရုပ်များ၊ အာဟာရ+အာဟာရဇရုပ်များလည်း ရှိကြပါသေးသည်။ အလောင်းကောင်တို့မှာ ဥတုဇရုပ်မျှသာရှိ၍ စေတနာများ =ကံများ လုံးဝ မရှိပြီဖြစ်ခြင်းကြောင့် ယင်းအလောင်းကောင်က ဘာကိုမျှ မပြုနိုင်ကြောင်း သိသာထင်ရှားပါသည်။ အဆိုပါ အလောင်းကောင်မှာလည်း ပစ္စုပ္ပန်ကမ္မဝါဒီဆိုသည့် ကိုယ်ကောင်(ကိုယ်လုံးကိုယ်ထည်ကြီး) ရှိသည်သာ မဟုတ်ပါလော။

## (ခ)
## ကိုယ်ကောင် စိတ္တဇကောင်

စိတ္တဇဟူသည်မှာလည်း ပစ္စုပ္ပန်ကမ္မဝါဒီ၏အလိုအရမှာ-အနတ္တကောင်-ကိုယ်အယောင်ဆောင်ကိုယ်ကောင် (ဒုက္ခသစ္စာကောင်-ကိုယ်အတုကောင်-သာမိက-ဣဿရ-ကာရက-ဝေဒက စသည် သဘောရှိသော

ဇီဝအတ္တကောင်-ဝိညာဉ်ကောင်-လိပ်ပြာကောင်)ဟူ၍ပင် ဖြစ်ပါသည်။
ဤအကောင်သည်လည်း စိတ်ကူးကောင်မျှသာ ဖြစ်သည်။ တကယ်ရှိသော အကောင်မဟုတ်ပေ။ ထို့ကြောင့် စိတ္တဇကောင်က အလုပ်ကို ပြုလုပ်သည်ဟု ဆိုခြင်းသည်လည်း အမှားပင်ဖြစ်ပါသည်။
**အမှန်မှာ ကံ-စိတ်-ဥတု-အာဟာရတို့ ညီမျှပေါင်းဆုံမိစဉ်အတွင်း ပေါ်ပေါက်လာသည့် စေတနာဦးစီးသော တရားစုကသာ အလုပ်ကို ပြုလုပ်ခြင်း ဖြစ်ပါသည်။**
ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ "ကိုယ်က လုပ်တာလား၊ စိတ္တဇက လုပ်တာလား" ဟူသော စကားတွင် ပါဝင်သည့် "ကိုယ်က လုပ်သည်၊ သို့မဟုတ် စိတ္တဇက လုပ်သည်" ဟူသောဝါဒသည် အမှားများသာ ဖြစ်ပါသည်။

(ဂ)

"ငါက လိုချင်တာ- ငါမဟုတ်တဲ့ အယောင်ဆောင်ငါက လိုချင်တာ" ဟု ဆိုရာမှာလည်း အထက်ပါ (က)၊(ခ) လာ အတိုင်းပင်ဖြစ်ပါသည်။ ငါကောင်သည်လည်း ပညတ်(ပရမအတ္တကောင်)၊ အယောင်ဆောင်ငါသည်လည်း ပညတ်(ဇီဝအတ္တကောင်)ဖြစ်၍ ၎င်းပညတ်တို့က ဘာကိုမှ လိုချင်သည်ဟူ၍ မရှိကောင်းပေ။
ပစ္စုပ္ပန်ကမ္မဝါဒီသည် ဤအတ္တကောင်နှစ်ခု(ဟိန္ဒူဝါဒ)ကို အကြီးအကျယ်စွဲယူပြီး ဝါဒသစ်ထူထောင်သူဖြစ်ကြောင်း တွေ့ရပါသည်။ "ငါအစစ်နဲ့ငါအတု"ဟု ဆိုရာမှာလည်း အထက်ပါ (က)၊(ခ)လာ အဓိပ္ပာယ်ပင် ဆိုလိုခြင်းဖြစ်ပါသည်။

(ဃ)

## ပယ်သတ်ရမည်-ပယ်ပါသည်

အထက်ပါအတိုင်း ပစ္စုပ္ပန်ကမ္မဝါဒီက တရားသမားများနှင့် ပတ်သက်၍ ရမ်းထားသည့်အချက်တို့ကိုလည်း ထပ်မံ၍ ရှင်းပြစရာ ရှိပါသေးသည်။

ပစ္စုပ္ပန်ကမ္ဘာဝါဒီသည် "သည်ကနေ့ တရားလောကမှာ-သည်နေ့ မြန်မာပြည်မှာ-တရားမဟုတ်ဘဲ တရားလုပ်ပြီး ကျင့်နေသူများ၊ ပယ်သတ်ရမည့် တဏှာရာဂ မဟုတ်တာကို ပယ်သတ်နေသူများ အများအပြားရှိကြောင်း" စွပ်စွဲထားပါသည်။ ထို့ပြင် တရားတုများဟုလည်း ရဲရဲကြီး ဖြီးထားပါသေးသည်။

အမှန်ကား ပစ္စုပ္ပန်ကမ္ဘာဝါဒီဆိုသည့်အတိုင်း မဟုတ်ကြပေ။ သည်နေ့ မြန်မာပြည်တရားလောကတွင် မဟာစည်နည်းရိပ်သာများ၊ မိုးကုတ်နည်းရိပ်သာများ၊ လယ်တီနည်းရိပ်သာများ၊ ဖားအောက်နည်းရိပ်သာများ စသည်ဖြင့် ပြည်လုံးအနှံ့ မြို့တိုင်းရွာတိုင်းမှာပင် ရှိနေကြပါသည်။ ၎င်းရိပ်သာတို့ရှိ ဆရာတော်တို့က-

(၁) ရှုမှတ်ရမည့် အရှုခံဥပါဒါနက္ခန္ဓာရုပ်နာမ်၊ အထူးသဖြင့် ဝါယောရုပ်ခေါ် ဝင်လေထွက်လေ၊ ပိန်တာဖောင်းတာတို့ကို သင်ပြပေးလျက် ရှိကြပါသည်။ တရားသမားယောဂီများကလည်း အမှန်အတိုင်းကျအောင် လိုက်နာရှုမှတ်နေကြပါသည်။

(ဆရာမှားများ၊ ယောဂီမှားများ၊ တရားမှားများနှင့် အတုဖြစ်နေသူများ လုံးဝမရှိပါ-ဟူ၍တော့ စာရေးသူတို့ မပြောလိုပါ။ အရာရာမှာပင် မှားသူများနှင့် အတုများလည်း ရှိတတ်ကြသည်မှာ လောကဓမ္မတာပင်တည်း။)

(၂) သက်ဆိုင်ရာဆရာတော်တို့က ပယ်သတ်ရမည့် တဏှာရာဂတို့ကိုလည်း ဟောပြပေးနေကြပါသည်။ တရားသမား ယောဂီများကလည်း ပယ်သတ်ရမည့် တဏှာရာဂတို့ကို အမှန်အတိုင်း ပယ်သတ်လျက် ရှိကြပါသည်။

(ဤနေရာမှာ အချို့ဆရာတို့က လာဘ၊ သက္ကာရ၊ သိလောကကို ရလိုစိတ်ကြီးပြီး၊ တရားသမားယောဂီများကို မြှောက်ပင့်ဟောပြောကာ စီးပွားရေးလောဘ၊ သားရေးသမီးရေးလောဘ အစရှိသည့် တဏှာရာဂတို့ကို မပယ်သတ်သော်လည်း မဂ်ဖိုလ်တရားရနိုင်ကြောင်း ဟောကြပြောကြသည်များ ရှိပါသည်။ ဆရာမှား၊ တရားမှား၊ ယောဂီမှားများ ဖြစ်ကြသည်တို့ ရှိပါသည်။

သို့သော် ဆရာတစ်ပါး၊ တစ်နေရာ . . အမှားတစ်ခု . . ရှိစေကာမူ အများစုကတော့ အမှန်သာ ဖြစ်ကြပါသည်။ ထို့ကြောင့် ပယ်သတ်ရမည့်

တဏှာကို ပယ်သတ်နေကြသည်ဟုသာ ဆိုရပါသည်။ တရားစစ်များ ထွန်းကားနေကြောင်း ထင်ရှားလှပါသည်။)

(၃) ဤသို့လျှင် မြန်မာပြည်တရားလောကမှာ ပိုင်းခြား၍ သိအပ်သော ဒုက္ခသစ္စာတရား(အရှုခံ)ကမ္မဋ္ဌာန်းတရားများ၊ အထူးသဖြင့် ထွက်လေဝင်လေ၊ ပိန်တာဖောင်းတာ၊ ဝါယောဓာတ်ရုပ်ကို ပိုင်းခြားသိလျက် သမ္မသန-သုံးသပ်နေစဉ်၊ ဥဒယဗ္ဗယ-ဖြစ်ပျက်သိနေစဉ် စသည်တို့မှာပင် ပယ်သတ်အပ်သော သမုဒယသစ္စာ-တဏှာ လောဘ ရာဂတို့ကိုလည်း ကာမာ ဝစရကုသိုလ်တို့၏ တဒင်္ဂပဟာနသတ္တိအလျောက် ပယ်သတ်နေလျက် ရှိကြပါသည်။

ဤသို့သော သမုဒယသစ္စာ-တဏှာတို့ကို တဒင်္ဂပဟာနသတ္တိအလျောက် ပယ်သတ်နိုင်သော ဝင်လေထွက်လေ အစရှိသော ဒုက္ခသစ္စာတရား (အရှုခံကမ္မဋ္ဌာန်း)တို့ကို ပိုင်းခြားသိနေသောအခါ ကာမာဝစရ မဟာကုသိုလ် စိတ်အစဉ် ဖြစ်ကြရာ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့နှင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပတို့လည်း ဖြစ်နေကြပါသည်။

လွန်ကျူးစရာ ဒုစရိုက်မှုတို့မှ ကင်းနေသည်ဖြစ်၍ ဝိရတီသဘော မရှိခြင်းကြောင့် ဝိကတိ-ဝါရိတ္တသီလဟု ဆိုအပ်သော သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝတို့ ဖြစ်နေကြသည်ဟု သီးသန့်ဆိုဖွယ် မရှိသော်လည်း ပကတိ-စာရိတ္တသီလအနေဖြင့် သီလနှင့်ပြည့်စုံနေကြသောကြောင့် သမ္မာ ဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့လည်း ရှိမြဲတိုင်းရှိနေကြသည်သာ ဖြစ်ပါသည်။

ဤသို့သော ကာမာဝစရမဟာကုသိုလ်စိတ် ဖြစ်တိုင်းဖြစ်တိုင်းမှာ ပါရှိနေကြသည့်-အဆိုပါ မဂ္ဂင်ရှစ်ပါးတို့သည် ပုဗ္ဗဘာဂမဂ္ဂင် မည်ပါသည်။ လောကီမဂ္ဂင်ဖြစ်ပါသည်။ လောကုတ္တရာကုသိုလ်မှာရှိသည့် မဂ္ဂသစ္စာအစစ် မဟုတ်သေးသော်လည်း အမှားမဂ္ဂင် မဟုတ်ကြပေ။ အတုမဂ္ဂင်လည်း မဟုတ် ကြပေ။ အမှန်အစစ်များသာ ဖြစ်ကြပါသည်။

(၄) မြန်မာနိုင်ငံတရားလောကရှိ တရားသမားတို့သည် အကုသိုလ် ကံနှင့် မကောင်းကျိုးတို့အရ စိတ်သောက ကြုံနေ၍ တရားအားထုတ်ခြင်း၊

လောကီစည်းစိမ် စသည်တို့ကို လိုချင်၍ တရားအားထုတ်ခြင်း၊ နတ်သား နတ်သမီး ဖြစ်လို၍ တရားအားထုတ်ခြင်း မဟုတ်ကြပေ။

ထို့ကြောင့် ပဟိတတ္တော-နိဗ္ဗာန်သို့ စေလွှတ်အပ်သော အသိစိတ် (နိဗ္ဗာန်ကိုလိုချင်သည့်စိတ်)ရှိကြသူများချည်း ဖြစ်ကြပါသည်။ နိဗ္ဗာန်ကို အနုမာန-မှန်းဆသိဖြင့် သိနေကြသည်ဟု ဆိုနိုင်ပါသည်။ မဂ္ဂသစ္စာအရ မဂ္ဂင်ရှစ်ပါး (ပုဗ္ဗဘာဂဘာဝနာ)ပွားနေစဉ်အတွင်းမှာပင် ရံခါရံခါမှာမူ နိဗ္ဗာန်ကို အနုမာနဉာဏ်ဖြင့် သိကြပါသည်။ ဒုက္ခသစ္စာတို့ကိုလည်း ပစ္စက္ခဉာဏ်ဖြင့် သိကြပါသည်။

ဒုက္ခသစ္စာကို သိခြင်းသည် နိဗ္ဗာန်ကို လိုချင်ခြင်းပင် ဖြစ်လာတတ်ပါသည်။

မဂ္ဂသစ္စာကို ဖြစ်စေခြင်း-ပွားစေခြင်းသည် သမုဒယသစ္စာ(တဏှာ)ကို ပယ်သတ်ခြင်းပင် ဖြစ်လာတတ်ပါသည်။ ထို့ကြောင့် တရားသမားများသည် နိရောဓသစ္စာကိုလည်း အသိဉာဏ်ပြည့်စုံမှုနှင့် အကျင့်ဘာဝနာ ပြည့်စုံမှုအလျောက် ဆင်ခြင်မိလျက် ရှိကြပါသည်။ သို့ဖြစ်၍ "တဏှာ မဟုတ်တာကို ပယ်မှုမှားပြီး တရားတုတွေထဲ ရောက်နေကြတာ"ဟုလည်း မဆိုနိုင်တော့ပေ။

ပစ္စုပ္ပန်ကမ္မဝါဒီသည် မြန်မာပြည် တရားလောကရှိ မဟာစည်၊ မိုးကုတ်၊ လယ်တီ၊ ဖားအောက် အစရှိသော တရားရိပ်သာများနှင့် အဆိုပါ ရိပ်သာတို့ရှိ တရားပြဆရာတော်များအားလုံး၊ ယောဂီများအားလုံးကိုပင် တရားမှားတွေ၊ တရားတုတွေ ကျင့်နေကြကြောင်း ရဲရဲဝံ့ဝံ့ စွပ်စွဲထားပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီ၏ စွပ်စွဲချက်များသည် ပစ္စုပ္ပန်ကမ္မဝါဒီ စွပ်စွဲထားသည့်အတိုင်း မဟုတ်ခြင်းကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ကမ္မဝါဒီ၏ စကားများနှင့် တည့်တည့်ကြီးလွဲပြီး မြတ်ဗုဒ္ဓ၏တရားတော်များကို လက်တွေ့ကျင့်သုံးနေခြင်းကြောင့်လည်းကောင်း ပစ္စုပ္ပန်ကမ္မဝါဒီ၏ စွပ်စွဲချက်များသည် အမှားများသာဖြစ်သည်ဟု မှတ်ယူကြရမည်သာ။

## သံသရာစပေါက်ပွားလာပုံ

အာရုံတစ်ခုကို စွဲစွဲလမ်းလမ်းဖြစ်ပြီး စိတ်လှုပ်ရှားသောအခါ ကာရက ဝေဒက စသည်အနေဖြင့် အနတ္တကောင်-ဒုက္ခသစ္စာကောင် အယောင်ဆောင်-ငါကောင် (စိတ္တဇကောင်) ရှိကြောင်း၊

၎င်းအကောင်၏ ပြုမူချက်အတိုင်း စွဲစွဲလမ်းလမ်းဖြစ်ပြီး ပြုမူသောအခါ စွဲလမ်းစရာ ပြင်ပဝတ္ထု (အရက်ဆေးလိပ် စသည်)များက ခန္ဓာကိုယ်ထဲ စွဲဝင်လည်ပတ်လာကြောင်း၊ ၎င်းတို့ကို သံသရာ(စက်ကွင်း) ဘဝဟု ဆိုကြောင်း၊

လူက လူကောင်သာဖြစ်၍ လူနှင့် ဘဝအရတူ မဟုတ်ကြောင်း (လူ-က လူကောင် သတ်သတ်၊ ဘဝ-သံသရာ(စက်ကွင်း)က အနတ္တကောင် ငါမဟုတ်တဲ့ ငါအယောင်ဆောင်ကောင် သတ်သတ်)

စသည်များနှင့် စပ်လျဉ်း၍ ပြောဟောရေးသားချက်များ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"တို့တစ်တွေမှာလဲ (ပ) ကြောက်တဲ့ အာရုံတစ်ခုခုကို ဖြစ်စေ၊ မက်တဲ့အာရုံတစ်ခုခုကို ဖြစ်စေ၊ တွေ့လာခဲ့ရင် တစွဲလမ်းလမ်း ဖြစ်ပြီး စိတ်လှုပ်ရှားမှုတွေ ဖြစ်ကြရတာ။ အဲဒါတွေက ကိုယ့်ကို မှီသွားတော့တာပဲ။ ကိုယ့်ကို လှုပ်ရှားခိုင်းတော့တာပဲ။

"သည်လို လှုပ်ရှားခိုင်းလို့ လှုပ်ရှားရတာမျိုးကို (ပ) ငါ မဟုတ်တဲ့အကောင်ကနေပြီး ငါအယောင်ဆောင်ပြီးသကာလ ငါ့ကို ဝင်ပူးနေတာလို့ ပြောရပါလိမ့်မယ်။ (ပ)

"လူတစ်ယောက်ဟာ ဆေးလိပ်ဆာတာဟာ ဆေးလိပ် သောက်တဲ့လူက ဆာတာလား၊ ဆေးလိပ်က ဆာတာလား။ သောက် ဖူးပြီးမှ ဆေးလိပ်ကို ငတ်တာပါ။ ဒါဆိုရင် ငတ်တာဟာ လူကငတ်

တာလား။ အရင်သောက်ဖူးတာက ငတ်တာလား။ (ပ) သည်တော့ ငတ်တာကို ဆေးလိပ်က ဖန်တီးတယ်လို့ပဲ ပြောရပါလိမ့်မယ်။ (ပ) တကယ့်တကယ်မှာတော့ ဆေးလိပ်က ပြန်သောက်တာလို့သာ ပြောရပါလိမ့်မယ်။ (ပ) နောက်ကျတော့ အရက်က လူကိုသောက်တယ်ဆိုတဲ့ စကားဟာ အမှန်ပြောတဲ့စကားပဲဖြစ်တယ်။ (ပ)

"အရက်တို့ ဆေးလိပ်တို့ဆိုတဲ့ ပြင်ပပစ္စည်းတစ်ခုခုက အရှိန်ရလာပြီး ကျုပ်တို့ကိုယ်ပေါ်မှာ လည်ပတ်မှုတစ်ခု(စက်တစ်ခု) ဖြစ်သွားတယ်။ သူကပဲ သူ့ကို ပြန်သောက်တယ်။ ကိုယ်က သူ့အဖမ်းစားခံရပြီး သူသောက်ခိုင်းတာ ခံနေရတယ်။ နောက်ထပ် ပြန်သောက်ရအောင် သူက သံသရာစက်ကွင်း တစ်ခုလုပ်နေတယ်။ သည်နေရာမှာ သံသရာ(စက်ကွင်း)ဆိုတဲ့စကား ဝင်လာပါတယ်။

"ပြင်ပပစ္စည်းတစ်ခုက လူကို ဖမ်းစားပြီး လူပေါ်မှာ ပေါက်ဖွားရှင်သန်တာဖြစ်တဲ့အတွက် သံသရာ (စက်ကွင်း)လို့ ပြောရတာဖြစ်တယ်။ ဘဝလို့လဲ ပြောရမယ်။ ဒါ-ဘဝပဲ။

"ဘဝဆိုတာ သည်လူကောင်ကြီးကို ပြောနေတာ မဟုတ်ဘူး။ သည်လူကောင်ကြီးရဲ့ မွေးကနေ-သေအထိကို ဘဝလို့ ပြောရတာမဟုတ်ဘူး။ လူနဲ့ဘဝ-အတူတူ မဟုတ်ဘူး။ မွေးကင်းစကလေးဆိုရင် လူရှိပေမဲ့ ဘဝမရှိတဲ့ အနေအထားပေါ့။ (ပ) တရားဓမ္မတွေကို အမှန်အကန်တိုင်း အားထုတ်လိုက်ရင် ဘဝဟာ ကုန်သွားပြန်ပါတယ်။ လူကြီးထင်လင်းရှိနေလျက်က ဘဝမရှိတော့ တာပေါ့။

"မြတ်စွာဘုရားဆိုရင် 'နတ္ထိ ဒါနိ ပုနဗ္ဘဝေါ= ငါ့မှာ အခု ဘဝမရှိတော့ဘူး' တဲ့။ ဘဝဆိုတာ လူကိုပြောတာမဟုတ်ကြောင်း မြတ်စွာဘုရားစကားနဲ့ တော်တော် ထင်ရှားတယ်" ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏တရားကျော်ရှင်းတမ်း-စာ-၃၂၃၃၊၃၄၊၂၅)

(က)

အထက်ပါထဲတွင် အာရုံတစ်ခုခုနှင့် တွေ့သောအခါ တစ္ပဲလမ်းလမ်းဖြစ်ပြီး စိတ်လှုပ်ရှားရတာသည် အနတ္တကောင် (ဒုက္ခသစ္စာကောင်)=ငါမဟုတ်

သော ငါအယောင်ဆောင်ကောင် ပူးဝင်လာခြင်းကြောင့် စိတ်လှုပ်ရှားရသည်ဟုလည်းကောင်း၊

ဆေးလိပ် အရက်စွဲသောအခါ၌ နောက်ပိုင်း ထပ်တလဲလဲ ဆာခြင်း ငတ်ခြင်းသည် ဆေးလိပ် အရက် ပြင်ပပစ္စည်းက ကိုယ့်ပေါ်မှာ လည်ပတ်မှု ဖြစ်သွားခြင်း (ပူးဝင်သွားခြင်း)ကြောင့် ဆာရ ငတ်ရသည်ဟုလည်းကောင်း၊

ထိုသို့ဖြစ်သောအခါမှာ အနတ္တကောင်-အယောင်ဆောင်ငါက အတ္တကောင်-လူကိုယ်ကြီးကို ဆေးလိပ်အရက်က (နောက်ထပ်)သောက်အောင် ခိုင်းစေပြီး ၎င်းအနတ္တကောင်ကပင် ဆေးလိပ် အရက်ကို သောက်ခြင်းဖြစ်သည်ဟုလည်းကောင်း၊

ထိုသို့ဖြစ်၍ လူ့ခန္ဓာကိုယ်ကောင်ကြီးပေါ်မှာ နောက်ထပ် အရက်သောက်လိုမှု - နောက်ထပ် ဆေးလိပ်သောက်လိုမှုများ လည်ပတ်လျက် ဖြစ်နေသောကြောင့် သံသရာလည်းမည်သည် - ဘဝလည်းမည်သည်ဟုလည်းကောင်း ပါရှိကြသည်။

ထို့ပြင် တရားဓမ္မဟူသော ဝေါဟာရနှင့် တရားဓမ္မ ကျင့်ကြံပြီးလျှင် လူရှိလျက် သံသရာမရှိသူ ဘဝမရှိသူများရှိကြောင်း မြတ်စွာဘုရား ဟောသည်ဟုလည်း ပါရှိသေးသည်။ အထက်ပါ ကောက်နုတ်ချက်များသည်လည်း ပစ္စုပ္ပန်ကမ္မဝါဒီ၏ အယူဝါဒကြီးများပင် ဖြစ်ကြပါသည်။

## (ခ)
## မရှိကောင်

ပစ္စုပ္ပန်ကမ္မဝါဒီ၏ အယူတို့တွင် "ငါ့ကိုယ်ထဲ ဝင်ပူးနေတဲ့ အကောင်က လှုပ်ရှားခိုင်းလို့ လှုပ်ရှားရတာ"ဟု ဆိုရာမှာ-လှုပ်ရှားခိုင်းသူကို သေချာရှာကြည့်လျှင် ငါမဟုတ်တဲ့အကောင်ဟူ၍လည်းကောင်း၊ ငါအယောင်ဆောင်ငါကောင်ဟူ၍လည်းကောင်း၊ အနတ္တကောင်ဟူ၍လည်းကောင်း၊ ဒုက္ခသစ္စာကောင်ဟူ၍လည်းကောင်း ပစ္စုပ္ပန်ကမ္မဝါဒီက သမုတ်ထား(လုပ်ကြံထား)သည့် အရာပင်ဖြစ်ကြောင်း သေချာစွာ တွေ့ရမြင်ရသည်။

၎င်းအကောင်မျိုးသည် ဗုဒ္ဓတရားတော်၌ လုံးဝမရှိချေ။ ဟိန္ဒူတရား၊ ခရစ်ယာန်တရားတို့၌သာ ရှိပေသည်။ ယင်းတို့၌ ၎င်းအကောင်ကို **ဇီဝအတ္တ** ဟု ခေါ်သည်။ **ကာရက**-မြင်မှုစသည်ကို ပြုတတ်သူဟုလည်း သမုတ်ထား

သည်။ ဝေဒက-အာရုံအကောင်းအဆိုးကို ခံစားသူဟုလည်း သတ်မှတ်ထား၏။ သာမိက-ခန္ဓာကိုယ်၏ အရှင်သခင်ကောင်ဟုလည်း ခေါ်ထားသည်။ ဣဿရ-ခန္ဓာကိုယ်(ကမ္ဘာလောက)ကို အစိုးရသူဟုလည်း သုံးနှုန်းထားသည်။ သာရ-ခန္ဓာကိုယ်၏ မသေတတ်သော အနှစ်အခဲ အမြဲရှိသဘောကောင်ဟုလည်း သတ်မှတ်ထားသည်။ အခြားသော အသုံးအနှုန်းများလည်း ရှိပါလိမ့်ဦးမည်။

ဤသည်မှာ မိစ္ဆာဒိဋ္ဌိက(တိတ္ထိယ)တို့ကြံဆ၍ ယူထားခြင်းသက်သက်မျှသာ ဖြစ်ပါသည်။ ခန္ဓာကိုယ်ထဲမှာ ထိုကဲ့သို့သော အကောင်ဟူ၍ လုံးဝ မရှိချေ။ ထိုသို့ မရှိကြောင်းကို မြတ်ဗုဒ္ဓဟောပြ၍ ဗုဒ္ဓဘာသာဝင်တို့ သိကြပါသည်။

သို့သော် ဟိန္ဒူဘာသာဝင်စသူတို့ကမူ ထိုအကောင်မျိုး ရှိကြောင်းကိုသာ ယုံကြည်ကြပေသည်။ သူတို့က "ဇီဝအတ္တ"ဟူ၍ မူလနာမည်ဖြင့် ခေါ်ဆိုသုံးနှုန်းလေ့ရှိကြပါသည်။ သူ့ဘာသာနှင့် သူ့ဘာသာဝင်၊ သူ့တရားနှင့် သူ့ယုံကြည်မှုဖြစ်၍ အပြစ်တင်ဖွယ်ရာမရှိပါ။

သို့ပါသော်လည်း ဟိန္ဒူဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်တို့က ဇီဝအတ္တအကြောင်းကို ကာရက၊ ဝေဒကစသည်ဖြင့် ပြောကြဟောကြရေးကြလျှင် အပြစ်တင်စရာ မရှိစေကာမူ ဗုဒ္ဓဘာသာဝင်ဟု ကြေညာ၍ မြတ်ဗုဒ္ဓဝါဒအဖြစ် ပြောဟောရေးသားလာသောအခါမှာမူ အပြစ်တင်စရာ ရှိလာပါသည်။ ဗုဒ္ဓဒေသနာတော်၌ မရှိသောအကောင်ကို မရှိသောအကောင်ဟု ရှင်းပြရပါမည်။

ပစ္စုပ္ပန်ကမ္မဝါဒီသည် ဟိန္ဒူဝါဒ၊ ခရစ်ယာန်ဝါဒ၏ အနက်အဓိပ္ပာယ်ကို ယူလာပြီး မြတ်ဗုဒ္ဓဒေသနာတော်လာ စကားလုံးထဲသို့ အတင်းထိုးထည့်နေပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓဒေသနာတော်လာ ဝေါဟာရသည် ဝေါဟာရမတ္တ-အမည်ခွံမျှသာ ကျန်တော့သည်။ ပစ္စုပ္ပန်ကမ္မဝါဒီသည် ဗုဒ္ဓဘာသာ၏ အနက်အဓိပ္ပာယ်(အနှစ်သာရပိုင်း)ကို အတွင်းဘက်က လိုက်၍ လှိုက်စားတူးဖြို ဖျက်ဆီးနေသူဖြစ်ကြောင်း တွေ့ရပါသည်။

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီသည် ဟိန္ဒူဝါဒ၊ ခရစ်ယာန်ဝါဒလာ အနက်အဓိပ္ပာယ်ကို ယူထားသော်လည်း မူရင်းဟိန္ဒူဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်တို့ ခေါ်ဆိုသတ်မှတ် ပညတ်ထားသည့် ဝေါဟာရကို ဖျက်ဆီးပြီး

ဗုဒ္ဓဝေါဟာရ စွပ်ပေးသူဖြစ်ပါသည်။ ထို့ကြောင့် ဟိန္ဒူခရစ်ယာန်တို့၏ ဘာသာရေးဝေါဟာရတို့ကို အလွဲသုံးစားလုပ်ပြီး ဖျက်ဆီးနေသူလည်း ဖြစ်ပါသည်။

မှန်၏။ အဆိုပါအကောင်မျိုးကို ဟိန္ဒူ-ခရစ်ယာန်တို့က ယုံကြည်ကြသည်။ ဇီဝအတ္တဟု သတ်မှတ်ကြသည်။ ကာရက၊ ဝေဒက၊ နိဝါသီ၊ သာမိက၊ ဣဿရ၊ သယံဝသီ၊ ဝိညာဉ်ကောင်၊ လိပ်ပြာကောင် စသည်ဖြင့် နားလည်ကြသည်။ ဤကဲ့သို့သော ဝေါဟာရများကို ဖျက်ပြီး ဗုဒ္ဓဘာသာဝေါဟာရများဖြင့် ပစ္စုပ္ပန်ကမ္မဝါဒီက စွပ်ပေးလိုက်ရာ-အနတ္တကောင်၊ ဒုက္ခသစ္စာကောင်၊ ငါမဟုတ်တဲ့အကောင်၊ ငါအယောင်ဆောင်ငါကောင် စသည့်ဝေါဟာရများ ဖြစ်လာကြလေပြီ။ ဟိန္ဒူ ခရစ်ယာန်တို့၏ ဇီဝအတ္တအနက်အဓိပ္ပာယ်လည်း ပျက်စီးသွားပေပြီ။

**ပစ္စုပ္ပန်ကမ္မဝါဒီသည် မျက်မှောက်ခေတ် ကမ္ဘာပေါ်တွင် နောက်ဆုံးပေါ်ဘာသာတရားအသစ်ကို တီထွင်နေသူ ဖြစ်ပါသည်။ နောက်ဆုံးပေါ်ဘုရားအဖြစ်ဖြင့် အချောင်ဝင်ပြီး ပလ္လင်လုလိုသူကြီး၊ ဘုရားရာထူးခံလိုသူကြီး ဖြစ်ပါသည်။ အလွန်ကြောက်စရာကောင်းသည့် ဘာသာရေး နျူကလီးယားလက်နက်ကြီး၊ အဆိပ်ငွေ့တုံးကြီး ဖြစ်ပါသည်။**

## (၇)
## သံသရာအတု

ဆေးလိပ်သောက်ဖူးသူ ဆေးလိပ်ဆာခြင်း၊ အရက်သောက်ဖူးသူ အရက်ဆာခြင်းတို့နှင့်ပတ်သက်၍ ဆေးလိပ်၊ အရက်အစရှိသော စွဲမက်စရာ ပြင်ပပစ္စည်းများ ခန္ဓာကိုယ်ထဲ စိမ့်ဝင်မှုသဘောကိုလည်း သိရပါသည်။ ဤသဘောသည် မှန်သည်။

ထမင်းစားခြင်း၊ မုန့်စားခြင်း၊ ကော်ဖီသောက်ခြင်း စသည်တို့ကြောင့် ထမင်း၊ မုန့်စသည့် ပြင်ပပစ္စည်းတို့၏ အဆီဓာတ်၊ အရသာဓာတ် စသည်များ ခန္ဓာကိုယ်ထဲ ရောက်ရှိကြပါသည်။ ထို့ကြောင့်ပင် ခန္ဓာကိုယ် ကြီးထွားရှင်သန်လျက် ကျန်းမာလာပေသည်။ အခြားတစ်ဖက်ကမူ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း စသည်တို့ကြောင့် အရက်ဆေးလိပ်စသည့် ပြင်ပပစ္စည်း

တို့၏ အယ်လ်ကိုဟောဓာတ်၊ နီကိုတင်းဓာတ် စသည်များ ခန္ဓာကိုယ်ထဲ ရောက်ရှိကြပါသည်။ ထို့ကြောင့် ခန္ဓာကိုယ် နွမ်းလျ ညှိုးမှိန် ခြောက်သွေ့ပြီး ရောဂါလက္ခဏာများ ပေါ်လာပါသည်။

ဖြောင့်ချက်အဓိပ္ပာယ်မှာ-

(၁) ခန္ဓာကိုယ်နှင့်အလျော်ဖြစ်သော အာဟာရဓာတ်များ

(၂) ခန္ဓာကိုယ်နှင့် ဆန့်ကျင်သော အာဟာရဓာတ်များဖြစ်၍ အာဟာရကြောင့် ရုပ်ဖြစ်ခြင်းပင် ဖြစ်ပါသည်။

ထမင်း၊ မုန့် စသည်တို့၏ အာဟာရဓာတ်ကို အနုဇီဝဓာတ်၊ အရက် ဆေးလိပ် စသည်တို့၏ အာဟာရဓာတ်ကို ပဋိဇီဝဓာတ်ဟု ခေါ်နိုင်ပါသည်။

အဆိုပါ စားစရာသောက်စရာ ပြင်ပပစ္စည်းတို့ထဲက အနုဇီဝဓာတ်၊ ပဋိဇီဝဓာတ်များက သောက်ပါများ၍ စားပါများ၍ ခန္ဓာကိုယ်ထဲ စုဖွဲ့အားကြီးလာခြင်းကို ပစ္စုပ္ပန်ကမ္မဝါဒီက သံသရာဟု နာမည်တပ်ပေသည်။ စက်ကွင်းဟုလည်း ခေါ်ပေသည်။ ဘဝဟုလည်း ပညတ်ပေသည်။

အမှန်စင်စစ်ကား ၎င်းဓာတ်တို့သည် ပစ္စုပ္ပန်ကမ္မဝါဒီဆိုသည့်အတိုင်း သံသရာ မဟုတ်ပေ။ စက်ကွင်းလည်း မဟုတ်ပေ။ ဘဝလည်း မဟုတ်ပေ။ အာဟာရဓာတ်များ ဖြစ်ကြပေသည်။

၎င်းအာဟာရဓာတ်များသည် အရက်ပုလင်း၊ ဆေးလိပ်ဗူး၊ ထမင်းအိုး၊ မုန့်ထုပ်စသည်ထဲမှာ ရှိနေခိုက် ဗဟိဒ္ဓဖြစ်နေလျှင် ခန္ဓာကိုယ်တွင်းရှိ ရုပ်များကို ကျေးဇူးမပြုနိုင်သေးပါ။ ထမင်းပွဲကို ထိုင်ကြည့်နေရုံမျှဖြင့် ထမင်းဆာ မပြေချေ။ အရက်ပုလင်းကို ပွေ့ပိုက်ထားရုံမျှဖြင့် မမူးချေ။

၎င်းအာဟာရဓာတ်များက ခန္ဓာကိုယ်အတွင်းပိုင်းထဲ စားသောက်၍ ရောက်ရှိခိုက် အဇ္ဈတ္တဖြစ်မှသာ ခန္ဓာကိုယ်တွင်းရှိ ရုပ်များကို ကျေးဇူးပြုကြပါသည်။

**ထို့ကြောင့် အဆိုပါ စားစရာ သောက်စရာ ပြင်ပ ပစ္စည်းတို့၏ အရသာဓာတ် အယ်လ်ကိုဟောဓာတ် စသည်တို့သည် (ခန္ဓာကိုယ်ထဲမှာ စိမ့်ဝင် ထုံစွဲနေသည် ဖြစ်စေ၊ မစိမ့်မဝင် မထုံမစွဲသည် ဖြစ်စေ) အာဟာရဓာတ်များသာဖြစ်၍ ရုပ်တရားတစ်မျိုးသာ ဖြစ်ပါသည်။ သံသရာ၊ စက်ကွင်း ဘဝ**

ဟူသော ဝေါဟာရတို့၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ပါသေးသည်။ အပြည့်အဝအမှန် မဟုတ်သေးပါ။

## သံသရာအစစ်

မြတ်ဗုဒ္ဓ ဟောတော်မူသည့် ဒေသနာတော်တို့မှာ "ခန္ဓာ၊ အာယတန၊ ဓာတုဟုဆိုအပ်သော ရုပ်နာမ်တရား (ပရမတ္ထသစ္စာ-အရိယသစ္စာ)တို့၏ အကြောင်းညီညွတ်သည့်အားလျော်စွာ မပြတ်မစဲ ရှေ့တရားစု ချုပ်တိုင်း ပျက်တိုင်း နောက်တရားစု ဆက်လက်ဖြစ်ပေါ်လာခြင်း(အစဉ်အဆက်)ကိုသာ သံသရာဟူ၍ ခေါ်ဆိုကြောင်း" လာရှိပါသည်။

ဤသို့ ရှေ့နောက်တရားစုတို့ အစဉ်အဆက် "ပျက်+ဖြစ်"နေခြင်းကိုပင် စက်ကွင်းဟူ၍ ခေါ်ဆိုကြောင်း လာရှိပါသည်။ ယခု လောလောဆယ် စက္ကန့်ပိုင်း၊ မိနစ်ပိုင်းမှာလည်း ရှေ့တရားစုပျက်+နောက်တရားစုဖြစ် ဟူ၍ ရှိနေပါသည်။ သံသရာပေတည်း။ စက်ကွင်းပေတည်း။

နံနက်-နေ့-ည၊ မနေ့-ယနေ့-မနက်ဖြန်၊ ယခင်လ-ယခုလ-နောက်လ၊ ယမန်နှစ်-ယခုနှစ်-နောက်နှစ်၊ ရှေးဘဝ-ယခုဘဝ-နောက်ဘဝတို့မှာလည်း ရှေ့တရားစုပျက်+နောက်တရားစုဖြစ်၊ ရှေ့တရားစုပျက်+နောက်တရားစု ဖြစ်ဟူ၍သာ ရှိနေပါသည်။ ဤသဘောကို သံသရာစက်ကွင်း (သံသရာလည်ခြင်း) ဟူ၍ မြတ်ဗုဒ္ဓက ဟောတော်မူပါသည်။

တရားစုအရမှာ ခန္ဓာတရား၊ အာယတနတရား၊ ဓာတုတရားဟုဆိုသဖြင့် ပရမတ္ထသစ္စာ-အရိယသစ္စာထဲက "ဒုက္ခ+ဒုက္ခသမုဒယ"တို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ ကိလေသဝဋ်-ကမ္မဝဋ်-ဝိပါကဝဋ်ဟုလည်း ခေါ်နိုင်ပါသည်။ အဆိုပါ ဝဋ်သုံးပါးထဲက ကမ္မဝဋ်ကိုပင် ကမ္မဘဝဟု ခေါ်၍ ဝိပါကဝဋ်ကို ဥပပတ္တိဘဝဟုခေါ်ကြောင်း မြတ်ဗုဒ္ဓက ဟောတော်မူပါသည်။

> သို့ဖြစ်၍ ဘဝဟူသည်မှာလည်း ခန္ဓာတရား၊ အာယတနတရား၊ ဓာတုတရားပင် ဖြစ်၍ ပရမတ္ထသစ္စာ-အရိယသစ္စာထဲက "ဒုက္ခ+ဒုက္ခသမုဒယ"တို့နှင့် ဝဋ်သုံးပါးတို့ပင် ဖြစ်ပါသည်။

ဤစကားရပ်တို့နှင့်စပ်၍ အထူးမှတ်ဖွယ်များလည်း ရှိကြပါသေးသည်။

## (ဃ)

## သံသရာ မလည်သူ

အထက်တွင် ဖော်ပြအပ်ပြီးသော သံသရာ-စက်ကွင်း-ဘဝတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်၊ သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်ပါသည်။ ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့နှင့်မူ မဆိုင်ပေ။ ထို့ကြောင့် ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့နှင့်ပတ်သက်၍ သံသရာ-စက်ကွင်း-ဘဝအကြောင်းတို့ကို ရှင်းပြစရာ ရှိပါသေးသည်။

ဘုရားရှင်-ပစ္စေကဗုဒ္ဓါ-ရဟန္တာလောင်းလျာတို့သည် သမုတိသစ္စာနယ်ထဲက ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိပြီးလျှင် ပရမတ္ထသစ္စာပိုင်း၊ အရိယသစ္စာပိုင်းက ဝိပဿနာသမ္မာဒိဋ္ဌိများနှင့် ပြည့်စုံလျက် ဝိပဿနာတရား အားထုတ်မှုကြောင့် မဂ္ဂဖလသမ္မာဒိဋ္ဌိများ အဆင့်ဆင့်ဖြစ်ပေါ် ရရှိပါသည်။ အရဟတ္တမဂ်-အရဟတ္တဖိုလ်တို့နှင့် ပြည့်စုံလာသောအခါမှာ ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအဖြစ်သို့ ရောက်ရှိပါသည်။

ထိုအခိုက်အတန့်မှာပင် ကိလေသဝဋ္ဋနှင့်တကွ ကမ္မဝဋ္ဋတို့ကို ပယ်စွန့်ပါသည်။ ၎င်းဝဋ္ဋတို့ အပြီးတိုင်အောင် ချုပ်ငြိမ်း ကုန်ဆုံးသွားပါသည်။ သစ္စာအားဖြင့် သမုဒယသစ္စာ ကုန်ဆုံးသွားပါသည်။ ဤသည်ကိုပင် သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်ပါသည်။

ဤသို့ ကမ္မဘဝ ကုန်သွားခြင်းကြောင့် ကမ္မဘဝကြောင့် နောင်အခါမှာ ဖြစ်စရာရှိကောင်းသော ဥပပတ္တိဘဝလည်း အမြစ်သေပြီးဖြစ်၍ (အသီးအပွင့်နှင့် ၎င်းအသီးအပွင့်ထဲရှိ မျိုးစေ့ဓာတ် ကင်းပြတ်သဖြင့် အပင်သစ်ဖြစ်စရာ မရှိတော့သကဲ့သို့) ဥပပတ္တိဘဝသစ်လည်း ကင်းပြတ်ကုန်ဆုံးသွားပြီဟု ဆိုရပါတော့သည်။ ထို့ကြောင့် ဒေသနာတော်တို့၌ "နာပရံ ဣတ္ထတ္တာယ/နတ္ထိဒါနိ ပုနဗ္ဘဝေါ"ဟု လာရှိခြင်းဖြစ်ပါသည်။ "ယခုအခါတွင် တစ်ဖန်ဖြစ်ရလတ္တံ့သောဘဝ (နောက်ဘဝ)မရှိတော့ပြီ" ဟူ၍ ဆိုလိုပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီဆိုသကဲ့သို့ ဒုက္ခသစ္စာ ဝိပါကဝဋ္ဋဖြစ်သော ဤခန္ဓာကိုယ်၊ ဤအဘဝမရှိတော့ခြင်းဟူ၍ မမှတ်ရပေ။ ပစ္စုပ္ပန်ကမ္မဝါဒီသည် လူအရ-ပရမအတ္တကောင်(ငါကောင်)ဟူ၍ အယူမှားရှိသူ ဖြစ်နေခြင်းကြောင့် (လူရှိ

လျက်-ဘဝမရှိသူ)ဟု မှားမှားကြီး ဆိုပေသည်။ အယူမှားစစ်စစ်ကြီး ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ၏ "နတ္ထိ ဒါနိ ပုနဗ္ဘဝေါ"သည် ပစ္စုပ္ပန်ကမ္မဝါဒီ၏ "လူရှိလျက်ဘဝမရှိ"ဟူသောအဆိုကို ထောက်ခံသည့်စကားတော် မဟုတ်ပေ။ ပစ္စုပ္ပန်ကမ္မဝါဒီသည် မြတ်ဗုဒ္ဓ၏စကားဖြင့် မိမိဝါဒသစ်ကို ကျားကန်ခြင်းမျှသာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် မသိတတ်သူ နားမလည်သူ ဗုဒ္ဓဘာသာဝင်တို့ကို သိမ်းသွင်းယူခြင်းမျှသာ ဖြစ်ပေသည်။

> ပုနဗ္ဘဝေါ-အရ ဝိပါကဝဋ် ဒုက္ခသစ္စာဖြစ်သော ဖြစ်ဆဲဘဝ၊ ဖြစ်ဆဲခန္ဓာ၊ ဖြစ်ဆဲရုပ်နာမ်တို့ကို မယူရပေ။ "ပုန-တစ်ဖန်၊ဘဝ-ဘဝ" ဟုဆိုသဖြင့် နောင်ဖြစ်လတ္တံ့သော ဒုတိယမြောက်ဘဝသစ် (ဝိပါကဝဋ်သစ်၊ ဒုက္ခသစ္စာသစ်)ကိုသာ ယူရမည်ဖြစ်ပါသည်။

စင်စစ်အားဖြင့် ဤစကားသည် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တို့မှာ နောက်ဘဝဟူ၍ ရှိသေးကြောင်း ဖော်ပြပေးနေသည့်စကား ဖြစ်ပါသည်။

ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့မှာ အဆိုပါ နောက်ဘဝ မရှိတော့ပြီဖြစ်၍ ယခုဘဝ(ဝိပါကဝဋ်-ဒုက္ခသစ္စာ-ခန္ဓာ အာယတန-ဓာတုခေါ် ရုပ်နာမ်တို့) ပရိနိဗ္ဗာနစုတိစိတ်ဖြစ်ပြီး ချုပ်ဆဲခဏမှာပင် လုံးဝ ပြီးပြတ် ကုန်ဆုံးပြီဖြစ်ပါသည်။ ဤသည်ကိုပင် အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်ဆိုပါသည်။

**ထို့ကြောင့် ကလေးငယ်တို့၌ လူရှိလျက် ဘဝမရှိဟုဆိုခြင်း၊ ဘုရား-ရဟန္တာတို့၌ လူရှိလျက် ဘဝမရှိဟုဆိုခြင်းတို့သည် ပစ္စုပ္ပန်ကမ္မဝါဒီ၏ အယူမှားစစ်စစ်သာ ဖြစ်ပါပေသည်။**

ဘုရား-ရဟန္တာတို့၌ အနုပါဒိသေသနိဗ္ဗာန် မစံသေးမီအတွင်း ရုပ်နာမ်တရား (ရှေ့ပျက်+နောက်ဖြစ်) မှန်သမျှကို ဘဝဟု ခေါ်ဆိုရသည်။ သံသရာဟုလည်း ခေါ်ဆိုရသည်။ စက်ကွင်းဟုလည်း ခေါ်ဆိုရသည်။ လူပုဂ္ဂိုလ်လည်းရှိ၊ ဘဝလည်းရှိဟု ဆိုလိုပါသည်။ (မွေးကင်းစကလေးမှာ လူလည်းရှိ ဘဝလည်းရှိကြောင်းကား ထင်ရှားလှပြီ ဖြစ်ပါသည်။)

## (င)

## လူသဘော ခန္ဓာသဘော

ပစ္စုပ္ပန်ကမ္မဝါဒီသည် လူ-အရမှာ လူကောင်ခေါ် သဏ္ဌာနပညတ် ဒြပ်ထုးကိုသာ ယူသူ(သိသူ)ဖြစ်၍ အမှားယူသူ (အမှားသိသူ)သာ ဖြစ်ပါသည်။ ပရမအတ္တဒိဋ္ဌိက(အညတိတ္ထိယ)သာ ဖြစ်ပါသည်။

လူ-အရမှာ အမှန်အားဖြင့် ခန္ဓာ၊ အာယတန၊ ဓာတုမျှသာဖြစ်သော ဝိပါကဝဋ်၊ ဒုက္ခသစ္စာ၊ ပရမတ္ထတရားစု (ရုပ်နာမ်)တို့သာ ဖြစ်ပါသည်။ ဤသည်ကား မြတ်ဗုဒ္ဓ၏ အလိုတော်နှင့်အညီပင် ဖြစ်ပါသည်။ အမှန်လည်း ဖြစ်ပါသည်။ သမ္မာဒိဋ္ဌိ-သာသနာတွင်းအသိလည်း ဖြစ်ပါသည်။

လူ-အရမှာ အဆိုပါ ရုပ်နာမ်တရားစုတို့ကိုသာ ယူခြင်းကြောင့် အဆိုပါတရားတို့ထဲမှာ တရားအသိ+တရားအကျင့်အလျောက် ကိလေသဝဋ် ရှိခြင်း-မရှိခြင်း၊ ကမ္မဝဋ်ရှိခြင်း-မရှိခြင်းများ ပါရှိကြပါသည်။

ပုထုဇဉ်၊ သေက္ခတို့မှာ ကိလေသာနှင့်ကမ္မများ ရှိသင့်သည့်အလျောက် ရှိနေကြ၍ အရသာဓာတ်၊ အယ်လ်ကိုဟောဓာတ်ပါသည့် စားစရာသောက်စရာတို့၌ တဏှာလောဘ ထကြွဖြစ်ပေါ်လာကြပါသည်။ ထိုအခါမှာ ဆေးလိပ်ငတ်ခြင်း၊ အရက်ငတ်ခြင်း စသည်များ ပေါ်လာကြပါသည်။ တဏှာလောဘ၏ သတ္တိများဟု ဆိုလိုပါသည်။ ဤသည်တို့မှာ အထူးငတ်ခြင်း၊ အထူးစွဲမက်ခြင်းကိုသာ ဆိုလိုပါသည်။

သာမညအားဖြင့် ထမင်းဆာခြင်း၊ ရေဆာခြင်းမျိုးလည်း ရှိကြပါသည်။ ဤသည်တို့မှာ တဏှာလောဘ၏သတ္တိ မဟုတ်ကြပေ။ ပျိုးပင်သစ်ပင်တို့မှာ မြေဩဇာလိုသကဲ့သို့ ခန္ဓာဗေဒ၏ ရုပ်နာမ်အသစ်အသစ် ဖြစ်ပေါ်လာဖို့ သဘာဝ လိုအပ်ချက်မျှသာ ဖြစ်ပါသည်။ တဏှာလောဘမရှိသော ပျိုးပင်သစ်ပင်များက မြေဩဇာဓာတ်၊ ရေဓာတ်၊ နေပူဓာတ် စသည်တို့ကို လိုအပ်ကြပေသည်။ သို့သော် တဏှာလောဘ၏ သတ္တိမဟုတ်ပေ။

**ခန္ဓာကိုယ်၌ ရုပ်သစ်နာမ်သစ် ဖြစ်ပေါ်လာစေရန် လိုအပ်လာ၍ ဆာသောအခါ အစာစားပေးခြင်း၊ ရေသောက်ပေးခြင်းများသည် သမ္မာအာဇီဝကုသိုလ်မျိုး ဇီဝိတဒါနကုသိုလ်မျိုးသာဖြစ်၍ ကုသိုလ်စေတနာ၏ သတ္တိဟုပင် ဆိုနိုင်ပါသည်။**

ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့မှာမူ ကိလေသာနှင့်ကမ္မ လုံးဝ မရှိတော့ပြီဖြစ်ခြင်းကြောင့် စားစရာသောက်စရာတို့၌ တဏှာလောဘ မဖြစ်ကြပေ။ တဏှာလောဘ၏သတ္တိလည်း မရှိကြပေ။ ထို့ကြောင့် အရက် စွဲခြင်း၊ ဆေးလိပ်စွဲခြင်း၊ အရက်ငတ်ခြင်း စသည်များကို ဘုရားရှင်၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာတို့မှာ လုံးဝ တွေ့ရမည်မဟုတ်ချေ။

ခန္ဓာကိုယ်မှာ ရုပ်နာမ်တရားသစ် ဖြစ်တည်ခြင်းအတွက် မြေဩဇာကိုဆာသော သစ်ပင်ကဲ့သို့ ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ ဆွမ်းဆာခြင်း၊ ရေဆာခြင်းဖြစ်၍ (စားသောက်)သုံးဆောင်သောအခါ သမ္မာအာဇီဝကြိယာမျိုး၊ ဇီဝိတဒါနကြိယာမျိုးသာ ဖြစ်ကြပါသည်။ (ဒါနမှုကို ပြုခြင်းမျှသာဟု ဆိုလိုပါသည်။ ကုသိုလ် မဟုတ်ပါ။)

ပစ္စုပ္ပန်ကမ္မဝါဒီကမူ လူ-အရ (ရုပ်နာမ်တရားစုတို့ကို မယူဘဲ) ရုပ်နာမ်တရားတို့၏ အရိပ်အယောင်မျှဖြစ်သော သဏ္ဌာနပညတ်(လူကောင်) ကိုသာ ယူပါသည်။ ဆေးလိပ်စွဲ ဆေးလိပ်ငတ်၊ အရက်စွဲ အရက်ငတ်ဖြစ်သော အခါ ငတ်သည့်အလျောက် စားသောက်ရသောအခါ အတ္တကောင်-လူကောင် ကြီးက စားသောက်သည်မဟုတ်၊ အနတ္တကောင်ခေါ် ဇီဝိတအတ္တကောင်- ဝိညာဉ်ကောင်-လိပ်ပြာကောင်-ဒုက္ခသစ္စာကောင်-အယောင်ဆောင်ငါ- အယောင်ဆောင်လူ ဆိုသည့်အကောင်က စားသောက်သည်ဟု မှားယွင်းစွာ ဆိုပေသည်။

အမှန်စင်စစ် အတ္တကောင်-လူကောင်သည် ပညတ်မျှသာဖြစ်၍ ဆာတတ်သူ-ငတ်တတ်သူမျိုး မဟုတ်ခြင်းကြောင့် ၎င်းအတ္တကောင်-လူကောင် က စားခြင်းသောက်ခြင်း လုံးဝ မဟုတ်ပေ။ ထို့အတူ အနတ္တကောင်- အယောင်ဆောင်လူကောင်သည်လည်း ပညတ်မျှသာဖြစ်၍ ဆာတတ်သူ- ငတ်တတ်သူမျိုး မဟုတ်ခြင်းကြောင့် ၎င်းအနတ္တကောင်-အယောင်ဆောင်လူ ကောင်က စားခြင်းသောက်ခြင်း လုံးဝမဟုတ်ပေ။ အမှန်အားဖြင့် တကယ် ရှိသောအကောင်လည်း မဟုတ်ပေ။

ဤသို့သော အမှားများသည် မြတ်ဗုဒ္ဓ၊ မြတ်ဗုဒ္ဓတရားတော်၊ ဗုဒ္ဓ ဘာသာဝင်တို့နှင့် လွတ်လွတ်ကင်းကင်းရှိသော် မိမိတို့အနေဖြင့် ပစ္စုပ္ပန် ကမ္မဝါဒီအပေါ်မှာ မှားကြောင်းစကား တစ်ခွန်းသော်မျှ မဟလိုပါ။

ယခုမူ မြတ်ဗုဒ္ဓ၊ တရားတော်၊ ဗုဒ္ဓဘာသာဝင်တို့အပေါ်မှာ နပန်းသတ်-အနိုင်ယူ လုပ်နေခြင်းကြောင့် မှန်ရာကိုဆိုခြင်းနှင့်တစ်ပြိုင်နက် ပစ္စုပ္ပန်ကမ္ဘာဝါဒီ၏အမှားများကိုလည်း ပြောဆိုနေရပါသည်။ ပင်ပန်းရပါပေသည်။

## အဘိဓာန်ရ အတ္ထုပ္ပတ္တိ

သုတ္တနိပါတ-မဟာဗျူဟသုတ်ပါဠိတော်လာ "ပဿံ နရော" အစရှိသောဂါထာကို အဓိပ္ပာယ်များယွင်းစွာ ပြန်ဆိုရေးသားလျက် စာအုပ်အဖွင့်စာအဖြစ် လုပ်ကြံရေးသားချက်များ ပြန့်ပွားနေပါသည်။

ပါဠိတော်

ပဿံ နရော ဒက္ခတိ နာမရူပံ၊
ဒိသွာန ဝါ ဉဿတိ တာနိမေဝ။
ကာမံ ဗဟုံ ပဿတု အပ္ပကံ ဝါ၊
န ဟိ တေန သုဒ္ဓိံ ကုသလာ ဝဒန္တိ။

**မြန်မာပြန်အမှား**

ရုပ် နာမ် ရှုပွား၊ တရားကို ရှာ
ရုပ် နာမ် ဖြစ် ပျက်၊ မြင်လျက် သိမှာ
ဘယ်လောက် ရှုမှတ်၊ ပရမတ်သစ္စာ
ပွားသော်ငြား၊ တရား မရပါ။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဓမ္မကထာ၊ အဖွင့်စာမျက်နှာ)

ပစ္စုပ္ပန်ကမ္မဝါဒီ၏ မြန်မာပြန်ကို အဓိပ္ပာယ်ဖြောင့်ပြဖို့ လိုပါသေးသည်။ အဓိပ္ပာယ်မှာ -

"ရုပ်နာမ်တရားတို့ကို ရှုမှတ်ပွားများနည်းဖြင့် တရားကို ရှာနေကြသည်။ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်းပျက်ခြင်းကို မြင်ကြပေမည်။ သိကြပေမည်။ ဤကဲ့သို့ ရုပ်နာမ်တရားတို့ကို ရှုမှတ်မြင်သိခြင်းသည် ပရမတ္ထသစ္စာကို ရှုမှတ်သိမြင်ခြင်း ဖြစ်ပေသည်။

"ပရမတ္ထသစ္စာ=ရုပ်နာမ်တရားတို့ကို မြင်သိအောင် ဘယ်လောက်ပင် ရှုမှတ်ပွားများနေကြစေကာမူ ဘယ်သောအခါမှ ဘာ

တရားကိုမှ ရမည်မဟုတ်ပေ။ တရားမရနိုင်ပေ"ဟူ၍ ဖြစ်ပါသည်။

ဤအဓိပ္ပာယ်ကို မြတ်ဗုဒ္ဓ၏ ဟောကြားချက်အဖြစ်ဖြင့် ပစ္စုပ္ပန်ကမ္မဝါဒီက ပြဆိုထားပါသည်။ မယုံဘဲ မနေရဲလောက်အောင် ပါဠိတော်လာ ဂါထာတော်ကိုပင် ကူးယူဖော်ပြလျက် ရက်ရက်စက်စက်ကြီး လိမ်ထားပါသည်။ မြတ်ဗုဒ္ဓကို ဒိုင်းသဖွယ် အကာအကွယ်ပြုလျက် မြတ်ဗုဒ္ဓ မဟောသည်ကို မြတ်ဗုဒ္ဓ ဟောသည်-ဟု အတင့်ရဲစွာ ညာထားပါသည်။

ဗုဒ္ဓဘာသာဝင် အရပ်သူ အရပ်သားများကို မဆိုထားဘိ။ ရိုးရိုးဓမ္မာစရိယတန်းလောက်၊ ပထမကြီးတန်းလောက် စာသင်ဖူးသူ ရဟန်းတော်များကိုပင် ညာတာပါတေး လုပ်နိုင်အောင် လိမ်ညာထားခြင်း ဖြစ်ပါပေသည်။

သုတ္တနိပါတ (ပါဠိတော်+ အဋ္ဌကထာ) မူရင်းကို မကြည့်မိသူ၊ မကြည့်နိုင်သူ၊ မဖတ်မိသူ၊ မဖတ်တတ်သူအားလုံး အလိမ်ခံကြရမည့် ကိန်းကြီးပေတည်း။ အညာခံကြရမည့် ခန်းကြီးပေတည်း။ ရက်စက်လှပါပေသည်။

ပစ္စုပ္ပန်ကမ္မဝါဒီပြန်ဆိုသည့် မြန်မာပြန်မှာ တက်တက်စင်အောင် လွဲပါပေ၏။ လွဲရုံမျှမကသေး။ ဗုဒ္ဓဘာသာကြီး တစ်ခုလုံးကိုပင် ဖျက်ဆီးရာ ရောက်ပါသေးသည်။ ထို့ကြောင့် ထိုဂါထာ၏ အဓိပ္ပာယ်(အမှန်)ကို သေချာစွာ ရေးသားတင်ပြပါမည်။

## မြန်မာပြန် အမှန်

"**နရော**၊ ပရစိတ္တဝိဇာနန အဘိညာဉ်ကြီး ရထားပြီးသော တိတ္ထိယ ပုဂ္ဂိုလ်ကြီးသည်။ **နာမရူပံ**၊ နာမ်တရား ရုပ်တရားကို။ **ပဿံ**၊ ရှုမှတ်သုံးသပ်သည်ရှိသော်။ **ဒက္ခတိ**၊ နိစ္စတရားပေတည်းဟူ၍လည်းကောင်း၊ သုခတရားပေတည်းဟူ၍လည်းကောင်း မြင်၏။ (**တတော**၊ ထိုသို့ နိစ္စတရား သုခတရားဟူ၍ မြင်ခြင်းထက်။ **ပရံ**၊ တစ်ပါးတခြားဖြစ်သော အနိစ္စတရား ဒုက္ခတရားဟူ၍ မြင်ခြင်းကိုမူ။ **န ဒက္ခတိ**၊ မမြင်နိုင်ပေ။)

"**တာနိ**၊ ထိုနာမ်တရားရုပ်တရားတို့ကို။ **ဒိသွာန-ဧဝ-ဝါ**၊ နိစ္စတရားပေတည်းဟူ၍သာလျှင်လည်းကောင်း သုခတရားပေတည်းဟူ၍သာလျှင်လည်းကောင်း မြင်နိုင်၍။ **ဉဿတိ**၊ သိ၏။ (**အညထာ**၊ နိစ္စတရားပေတည်း၊ သုခတရားပေတည်းဟူသော အခြင်းအရာမှတစ်ပါး တခြားဖြစ်သော အနိစ္စတရား၊ ဒုက္ခတရားဟူသော အခြင်းအရာအားဖြင့်။ **န ဉဿတိ**၊ မသိနိုင်ပေ)

"သော။ ထိုပရစိတ္တဝိဇာနန အဘိညာဉ်ကြီး ရထားပြီးသော တိတ္ထိယကြီးသည်။ (နာမရူပံ၊ နာမ်တရား၊ ရုပ်တရားကို။ **နိစ္စတော၊** နိစ္စတရားဟူ၍လည်းကောင်း။ **သုခတော၊** သုခတရားဟူ၍လည်းကောင်း။ **ဗဟုံဝါ၊** အကြိမ်ပေါင်းများစွာသော်လည်းကောင်း။ **အပ္ပကံဝါ၊** အကြိမ်အနည်းငယ်သော်လည်းကောင်း။ **ကာမံပဿတု၊** အကယ်၍ကား ရှုမှတ်ပွားမူ ရှုမှတ်ပွားပါစေ။ **အထ၊** ထိုသို့ အကြိမ်များစွာပင် ဖြစ်စေ၊ အကြိမ်အနည်းငယ်ပင်ဖြစ်စေ ရှုမှတ်ပွားများသော်ငြားလည်း။) **အဿ၊** ထိုပရစိတ္တဝိဇာနန အဘိညာဉ်ကြီး ရရှိပြီးသော တိတ္ထိယပုဂ္ဂိုလ်ကြီးအား။ **တေန(ဒဿနေန)** နိစ္စတရားပေတည်း၊ သုခတရားပေတည်းဟူ၍သာ ရှုမြင်နေသော ထိုအမြင်ကြောင့်။ **ကုသလာ၊** မြတ်ဗုဒ္ဓအစရှိကုန်သော လိမ္မာသူ ပညာရှိတို့က။ **သုဒ္ဓိ၊** စင်ကြယ်၏ဟူ၍။ (ဝါ) စင်ကြယ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော၊ စင်ကြယ်သော အမြင်အသိဟူ၍။ **န-ဟိ-ဝဒန္တိ၊** မဆိုကြကုန်သည်သာတည်း" ဟူ၍ ဖြစ်ပါသည်။

ဤအနက်သည် သုတ္တနိပါတဋ္ဌကထာ-ဒုတိယတွဲ-စာမျက်နှာ-၂၇၆ သံဝဏ္ဏနာအတိုင်း ဗျတိရေကနှင့်တကွ ပြန်ဆိုအပ်သောအနက် ဖြစ်ပါသည်။ အာသက်ဌာန-ယုံမှားဖွယ်ရာရှိသော အရာဖြစ်၍ အဋ္ဌကထာဆရာက ဗျတိရေကတ္ထတို့ကိုပါ ထည့်စွက်၍ (အန္ဝယပက္ခ+ ဗျတိရေကပက္ခ) နှစ်ဖက်စုံ ဖွင့်နည်းဖြင့် အသေအချာပင် ဖွင့်ပြထားပါသည်။

အထူးမှတ်ဖွယ်မှာ-ဤဂါထာထဲမှာပါသည့် "**နရော**"ပုဒ်အရ ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ "**နရော**"အရ အညတိတ္ထိယခေါ် မိစ္ဆာဒိဋ္ဌိအယူမှားရှိသူ (အညတိတ္ထိယ)တို့သည် ကမ္မဝါဒကိရိယဝါဒရှိ၍ သမထဘာဝနာ ပွားများလျှင် လောကီဈာန်၊ အဘိညာဉ်တို့ကို ရရှိတတ်ကြသည်။

အဘိညာဉ်တို့တွင် ပရစိတ္တဝိဇာနနအဘိညာဉ်ရရှိလျှင်-

၁။ သူတစ်ပါးတို့၏ နှလုံးသွေးရုပ်ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်မြင်ပြီး၊

၂။ နှလုံးသွေးအားလျော်စွာ ဖြစ်ပေါ်လာသော သူတစ်ပါးတို့၏ စိတ်(နာမ်)ကို ပရစိတ္တဝိဇာနနအဘိညာဉ်ဖြင့် သိပါသည်။

ဤသို့လျှင် ရုပ်နာမ်ကို မြင်သိသော်လည်း ထိုပရစိတ္တဝိဇာနနအဘိညာဉ်ရ အညတိတ္ထိယခေါ် မိစ္ဆာဒိဋ္ဌိ အယူမှားရှိသူကြီးသည် အတ္တဝါဒ

သမထဘာဝနာကြောင့် နိစ္စတရားဟူ၍သာလျှင်၊ သုခတရားဟူ၍သာလျှင် ရှုမြင်သိမှတ်နေပါသည်။ မြတ်ဗုဒ္ဓအစရှိသော လိမ္မာသူပညာရှိတို့၏ ဩဝါဒ ဓမ္မတို့ကို မရရှိခြင်းကြောင့် ရုပ်နာမ်တရားတို့၏ အနိစ္စဖြစ်ပုံ၊ ဒုက္ခဖြစ်ပုံတို့ကို တစ်စွန်းတစ်စမျှ မသိနိုင်ဘဲ(သိခွင့်မရဘဲ)ရှိနေပါသည်။

ထိုတိတ္ထိယကြီးသည် "ရုပ်နာမ်တရားသည် နိစ္စတရားပေတည်း။ ရုပ်နာမ်တရားသည် သုခတရားပေတည်း"ဟုသာ ဆက်လက် ရှုမှတ်နေပါသည်။ မှန်၏။ ထိုပုဂ္ဂိုလ်ကြီးသည် အတ္တဝါဒီကြီး ဖြစ်သည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်ကြီး အား သုဒ္ဓိ-နိဗ္ဗာန်ရောက်ကြောင်း စင်ကြယ်သောအမြင်အသိရှိကြောင်း မဆို နိုင်ပေ။

ဤဂါထာ၌ မြတ်ဗုဒ္ဓ၏ဟောလိုရင်းအနက်မှာ "ပဋ္ဌပ္ပွန် ကမ္မဝါဒီယူထားသကဲ့သို့ ရုပ်နာမ်တရား (ပရမတ္ထသစ္စာ)ကို ဘယ်လောက်ရှုရှု-ဘယ်လောက်မြင်မြင် တရားမရနိုင်"ဟူ၍ မဟုတ်ပေ။

"အတ္တဝါဒ မရှိသောသူ(အနတ္တဝါဒီ)တို့သည်သာ ရုပ် နာမ်တရားတို့ကို ရှုမှတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ မြင်သိပြီး နိဗ္ဗာန်ရနိုင်ကြသည်"ဟူ၍ ဆိုလိုခြင်း ဖြစ်ပါသည်။

မှန်၏။ ပရမတ္ထသစ္စာခေါ် ရုပ်နာမ်တို့ကို ရှုမှတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ရရှိ (ချုပ်ငြိမ်း)သူများမှာ မရေနိုင်အောင်ရှိပေပြီ။

သုဒ္ဓိ=စင်ကြယ်ခြင်း(အသိအမြင်နှင့်နိဗ္ဗာန်)ကို ရရှိရေးမှာ အနတ္တ ဝါဒီဖြစ်၍ သက္ကာယ+အတ္တ+ဒိဋ္ဌိ အယူမရှိခြင်းသည် အဓိကအကျဆုံး ဖြစ်ပါ သည်။

အတ္တဒိဋ္ဌိ အယူမရှိသူ(အနတ္တဝါဒီ)ဖြစ်ခြင်းမှာလည်း မြတ်ဗုဒ္ဓ၏ တရားတော်ကို မြတ်ဗုဒ္ဓထံမှ ဖြစ်စေ၊ မြတ်ဗုဒ္ဓ၏တပည့်တို့ထံမှ ဖြစ်စေ နာ ကြားရခြင်း(ပရတောဃောသပစ္စယ)သည်သာ အဓိကအကျဆုံး ဖြစ်ပါသည်။

သက္ကာယအတ္တဒိဋ္ဌိကို ပယ်နိုင်သည်ဟု ဆိုရာတွင်လည်း သက္ကာယအတ္တဒိဋ္ဌိသည်-

၁။ နာမရူပ-ပရိစ္ဆေဒဉာဏ်ဖြင့် ပယ်နိုင်သည့်ပမာဏလည်း ရှိသည်။

၂။ ဝိပဿနာဉာဏ် အတန်တန်တို့ဖြင့် ပယ်နိုင်သည့်ပမာဏလည်း ရှိသည်။

၃။ သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်နိုင်သည့်ပမာဏလည်း ရှိသည်။

ဤသဘောသုံးချက်တို့ကို ကွဲပြားစွာ ခွဲခြားနားလည်မှသာလျှင် တရားလုပ်ငန်းများတွင် အမြင်မှန်ရနိုင်ကြမည် ဖြစ်ပါသည်။ ခွဲခြားနားလည်မှု မရှိလျှင် နာမရူပ-ပရိစ္ဆေဒအဆင့်ဖြင့် သက္ကာယအတ္တဒိဋ္ဌိပယ်နိုင်မှုကို တစ်မင် တစ်ဖိုလ် ထင်မှတ်မှားလျက် အရှက်ရတတ်ကြပါသည်။ သက္ကာယအတ္တဒိဋ္ဌိ ပယ်ပြီး သူဟုဆိုကာ "ငါ့ပစ္စည်းကို ဘယ်သူမှမထိရ" ဆိုသည်မျိုးတွေ ရှိနေ ကြပါသည်။

အနှစ်ချုပ်အားဖြင့်ဆိုရလျှင် မြတ်ဗုဒ္ဓ၏ သာသနာတော်နှင့် ကင်းသူ များသည် အတ္တဝါဒီများသာဖြစ်၍ ရုပ်နာမ်တရားကို မြင်သိသော်မှလည်း အနိစ္စ၊ ဒုက္ခဟု မထင်နိုင်ဘဲ နိစ္စ၊ သုခဟုသာ ယူစွဲနေခြင်းကြောင့် နိဗ္ဗာန်ကို မရနိုင်ကြောင်းပင် ဖြစ်ပါသည်။

ရုပ် နာမ် ရှုပွား၊ တရား ကြည့်ကာ
ရုပ် နာမ် မြဲချက်၊ မြင်လျက် သိရာ
အတ္တ ယူစွဲ၊ ယူမြဲသူမှာ
နိဗ္ဗာန်ရေး၊ ကင်းဝေး ခမ္မတာ။

ရုပ် နာမ် ရှုပွား၊ တရားကို ရှာ
အနတ္တဝါဒ၊ သိကြသူမှာ
ရုပ် နာမ် ဖြစ် ပျက်၊ မြင်လျက် သိလာ
အနိစ္စ၊ စိတ်ချ နိဗ္ဗာန်ပါ။

မြန်မာကဗျာဒုတိယပုဒ်၏ အဓိပ္ပာယ်မှာ-မြတ်ဗုဒ္ဓ၏ တပည့်ဖြစ် သော ဗုဒ္ဓဘာသာဝင်တို့သည် ရုပ်နာမ်တရား (ပရမတ္ထသစ္စာ)တို့ကို ရှုမှတ်ပွား များနည်းဖြင့် နိဗ္ဗာန်တရားကို ရှာနေကြပါသည်။ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်ကြပါသည်။ သိကြပါသည်။ ဤကဲ့သို့ ရုပ်နာမ်တရားတို့ကို ရှုမှတ်မြင်သိခြင်းသည်ပရမတ္ထသစ္စာတရားကို ရှုမှတ်မြင်သိခြင်းပင်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့သည် အနတ္တဝါဒီ သမ္မာဒိဋ္ဌိက ဖြစ်ကြသည့်အလျောက်-ရုပ်နာမ်တရားသည် အနိစ္စတရားပေတည်း။ ရုပ်နာမ်တရားသည် ဒုက္ခတရားပေတည်း။ ရုပ်နာမ်တရားသည် အနတ္တတရားပေတည်း ဟူ၍ သိမြင်လာသောကြောင့် ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်သိသော ဥဒယဗ္ဗယ ဉာဏ်မှစ၍ ဉာဏ်အဆင့်ဆင့် တိုးပွားလျက် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရှိကြပေသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရလျှင်ရချင်းပင် နိဗ္ဗာန်တရားကို ရရှိကြပေမည်။ ဤသည်မှာ ယုံကြည်စိတ်ချရသော ဗုဒ္ဓသာသနာတော်၏ အစဉ်အလာကြီးပင် ဖြစ်ပေသည်-ဟူ၍ ဆိုလိုပါသည်။

ခေတ်အဆက်ဆက်ရှိ ဗုဒ္ဓဘာသာဝင်တို့သည်-

ပစ္စုပ္ပန်ကမ္မဝါဒီကဲ့သို့ အတ္တဝါဒီများ မဟုတ်ကြပေ။ အနတ္တဝါဒီများသာ ဖြစ်ကြပေသည်။

ပစ္စုပ္ပန်ကမ္မဝါဒီကဲ့သို့ အညတိတ္ထိယများ မဟုတ်ကြပေ။ ဗုဒ္ဓသာဝကများသာ ဖြစ်ကြပေသည်။

ပစ္စုပ္ပန်ကမ္မဝါဒီကဲ့သို့ မိစ္ဆာဒိဋ္ဌိကများ မဟုတ်ကြပေ။ သမ္မာဒိဋ္ဌိကများသာ ဖြစ်ကြပေသည်။

ပစ္စုပ္ပန်ကမ္မဝါဒီကဲ့သို့ အဓမ္မဝါဒီများ မဟုတ်ကြပေ။ ဓမ္မဝါဒီများသာတည်း။

ပစ္စုပ္ပန်ကမ္မဝါဒီသည် အတ္တဝါဒီ၊ အညတိတ္ထိယ၊ မိစ္ဆာဒိဋ္ဌိက၊ အဓမ္မဝါဒီ ဖြစ်ပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ မြန်မာပြန်(ကဗျာ)သည် (မြတ်ဗုဒ္ဓ၏ ပါဠိတော်ကို မှားယွင်းစွာ ပြန်ဆိုထားခြင်းကြောင့်) အယူမှားသာ ဖြစ်ပါကြောင်း မှတ်ယူကြရမည်ဖြစ်ပါသည်။

နောက်ထပ်အမှားဖြစ်အောင် မြန်မာပြန်ထားသည့် ဂါထာတစ်ပုဒ်လည်း ရှိပါသေးသည်။ ကြည့်ကြပါဦး။

ပါဠိတော်

ဝစသာ မနသာ စ ကမ္မုနာ စ
အဝိရုဒ္ဓေါ သမ္မာ ဝိဒိတွာန ဓမ္မံ
နိဗ္ဗာနပဒါဘိပတ္ထယာနော
သမ္မာ-သော လောကေ ပရိဗ္ဗဇေယျ။

## မြန်မာပြန်အမှား

ကိုယ် နှုတ် စိတ်ထား၊ အမှား ရှောင်ခွာ
တရား မတရား၊ ပြတ်သား သိကာ
လူငြိမ်းအေးမှု၊ ရှေးရှုလို့သာ
မြတ်တရား၊ မမှား ကျင့်ရမှာ။
(ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ ဓမ္မကထာစာအုပ် အဖွင့်စာမျက်နှာ)

အထက်ပါ ဂါထာသည်လည်း မြတ်ဗုဒ္ဓဟောထားသည့် သုတ္တနိပါတ သမ္မာပရိဗ္ဗာဇနီယသုတ်မှ ဖြစ်သည်။ ဤဂါထာမြန်မာပြန်သည်လည်း မှန်သလိုလိုရှိပြီး မှားလှပေသည်။ သေသေချာချာကြည့်မှ မှားမှန်းသိရပါသည်။

ဂါထာ၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်ပါသည်။

## မြန်မာပြန်အမှန်

"ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် (၃-ပါး)တို့ကို ပယ်အပ်ကုန်ပြီးဖြစ်သောကြောင့် ရဟန္တာမြတ်သည် ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တို့နှင့် မချွတ်မလွဲပြည့်စုံသည်ဖြစ်၍ သစ္စာလေးပါးတရားမြတ်ကို မဂ်ဉာဏ်လေးဆင့်ဖြင့် အမှန်အတိုင်းသိတော်မူပြီး၍ အနုပါဒိသေသခန္ဓပရိနိဗ္ဗာန်ကို တောင့်တလျက် (လောကသည် မကပ်ငြိအပ်သည်ဖြစ်၍ ကောင်းစွာနေရာ၏။) လောကကို ကောင်းစွာလွန်မြောက်တော်မူရာ၏"

အထက်ပါအဓိပ္ပာယ်မှာ သုတ္တနိပါတဋ္ဌကထာ ဒုတိယတွဲ(စာ- ၉၅)မှ တိုက်ရိုက်ပြန်ထားခြင်း ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီ ပြန်ဆိုထားသည့် ကဗျာ၏အဓိပ္ပာယ်မှားပုံကား-

"ကိုယ်ဖြင့်ပြုအပ်သောအမှား၊ နှုတ်ဖြင့်ပြုအပ်သောအမှား၊ စိတ်ဖြင့်ပြုအပ်သောအမှားတို့ကို ရှောင်ခွာပြီး တရားဟုတ်သည်-တရားမဟုတ်သည်တို့ကို ပြတ်ပြတ်သားသားသိလျက် လူ၏ငြိမ်းအေးမှုသို့ ရှေးရှုသည်ဖြစ်၍သာ မြတ်သောတရားကို မှန်ကန်စွာ ကျင့်ရမည်"ဟူ၏။

ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ မြန်မာပြန်၌-

"သော"အရ-ခီဏာသဝဘိက္ခု(ရဟန္တာ)အနက် မပါခြင်း၊ "ဓမ္မံ"အရ စတုသစ္စဓမ္မကို မယူဘဲ သာမညတရား-မတရားဟူသော သဘောမျှကိုသာယူ

ခြင်း၊ "ဝိဒိတွာန"ပုဒ်၏ ကရိုဏ်းမပါခြင်း၊ "နိဗ္ဗာန"အရ အနုပါဒိသေသ နိဗ္ဗာန်ကို မယူဘဲ သာမညငြိမ်းအေးမှုကိုသာယူခြင်း၊ "ပဒ"အရ ခန္ဓပရိနိဗ္ဗာန် ဟု ဆိုအပ်သောနိဗ္ဗာန်ကို မယူဘဲ လူ၏သာမည ငြိမ်းအေးမှုကိုသာယူခြင်း၊ "အဘိပတ္တယာနော"ပုဒ်ကို တောင့်တလျက်ဟု မပြန်ဘဲ ရှေးရှုလျက်ဟု ပြန်ခြင်း၊ "ပရိဗ္ဗဇေယျ"ပုဒ်ကို ဝိဟရေယျ-အတိက္ကမေယျ၊ နေရာ၏။ လွန်မြောက်ရာ၏ဟု မပြန်ဘဲ တရားကျင့်ရမှာဟု ပြန်ခြင်းတို့ကြောင့် မှားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီနှင့် တွေ့ရသောအခါရောက်မှ မြတ်ဗုဒ္ဓ၏ လောကုတ္တရဓမ္မ ဒေသနာတော်ကြီးသည် လောကိယဓမ္မဒေသနာအဆင့်သို့ တန်းချခံရရှာပါသည်။ အထက်ဆုံးမှ အောက်ဆုံးသို့ ဆွဲချခံရရှာပါသည်။

ဂါထာပါ "ဓမ္မံပုဒ်၊ နိဗ္ဗာနပုဒ်၊ ပဒပုဒ်"တို့၏ အနက်လွဲခြင်းမှာ သာမညအမှားကလေးမျိုး မဟုတ်ပါပေ။ မြတ်ဗုဒ္ဓသာသနာတော်တစ်ခုလုံး၏ ပန်းတိုင်ကြီးကို ဖျက်ဆီးသကဲ့သို့ရှိသည့် မဟာအမှားကြီးပင် ဖြစ်ပါသည်။ မဂ်ဉာဏ်နှင့်နိဗ္ဗာန်ထက် အရေးကြီးသည်မှာ မရှိပြီ။

"ဒုစရိုက် သုံးခု၊ ပယ်ပြီးမှုကြောင့်
သုံးခု သုစရိ၊ ပြည့်စုံ ရှိ၍
မှန်ဘိ သစ္စာ၊ လေး သစ္စာကို
ကောင်းစွာ မြင်လတ်၊ အရဟတ်ကား
ဝဋ်ဇာတ် ငြိမ်းရာ၊ မြတ်နိဗ္ဗာကို
ကောင်းစွာ တောင့်တ၊ ဝဋ်လောကနှင့်
လုံးဝ မကပ်ငြိ၊ လွန်မြောက်၏"ဟု
ဟောဘိခြင်းရာ၊ မှတ်ယူရာသည်
ဂါထာထွတ်ဖူး ကဗျာထူး။
ဗုဒ္ဓကျေးဇူး ဂုဏ်ဖော်ကျူး။

# လောကဟူသည့်အဘယ်နည်း

မြတ်ဗုဒ္ဓ၏ သာသနာတော်တွင်းရှိ တရားဟော ဓမ္မကထိက ဆရာတော်များ၊ တရားပြ ကမ္မဋ္ဌာနာစရိယဆရာတော်များကို ဘာမှသုံး မရအောင် စွပ်စွပ်စွဲစွဲပြောဆိုခြင်း၊

လောကုတ္တရအမြင်၏ အခြေခံအနေဖြင့် သမုတိသစ္စာ အကြောင်းပြောပြီး ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် စကားလိမ် စကား ကောက်တို့ဖြင့် လှည့်ပတ်ခြင်း၊

လောကပုဒ်၏ အဓိပ္ပာယ်မှန်ကို ဖျက်ဆီးပြီး အဓိပ္ပာယ်မှားကို ထည့်သွင်းခြင်း၊

လောကုတ္တရပုဒ်၏ အနက်မှန်ကို ဖျက်ဆီးခြင်း၊

လောကုတ္တရာအမြင်ရှိသူ အရိယအမြင်ရှိသူတို့ကို အရက် သမား စသည်များ ဖြစ်လောက်အောင် လောကုတ္တရပုဒ်- အရိယပုဒ်တို့ ၏ အနက်သစ် အဓိပ္ပာယ်များကို ထည့်သွင်းခြင်း အစရှိသောအယူဝါဒ များ ပြန့်ပွားလာနေပါသည်။

## လောကဟူသည်

ပစ္စုပ္ပန်ကမ္ပဝါဒီက-

"လောကမှာ စကားကို ပြောသာပြောပြီး ပြောတဲ့စကားထဲ က အကြောင်းအရာကို ပြန်မေးတာ မခံချင်တတ်ကြဘူးဘုရား။ (ပ)။ ဘာသာရေးစကားပြောသူမှန်သမျှ ဒီလိုချည်းလိုလိုပဲ ဖြစ်နေပါ တယ်ဘုရား။ (ပ)။ ခွင့်မလွှတ်လို့လဲ ဘယ်လိုမှမလုပ်နိုင်ပါဘုရား။ (ပ)။ မကျေနပ်တာ-လုပ်တာပေါ့။ (ပ) ။

"သမုတိသစ္စာကို မကြည့်နဲ့။ သူ့ပြောစကား ပြန်မေးတာကို မဖြေကြားလိုသူပုဂ္ဂိုလ်ဟာ သမုတိသစ္စာ မဟုတ်လား။ မဖြေကြားတဲ့ ပုဂ္ဂိုလ် မရှိဘူးလို့ လုပ်ရမှာလားဘုရား။ (ပ) ပုဂ္ဂိုလ်ကြီးက

ထင်လင်းရှိနေလို့ပေါ့။ (ပ) ပြောသူပုဂ္ဂိုလ်ရဲ့ ပြောတဲ့စကားနက်ကိုပဲ ကြည့်ရင် သမုတိသစ္စာကိုကြည့်တာပဲ။ အဲဒါကိုမကြည့်ရင် ဘာကြည့် ရမလဲဘုရား။ ပြန်မေးရင် မဖြေဘဲနေရုံမကဘူး။ ပြန်ဝေါက်တာတို့ နှိမ်တာတို့ မျက်နှာမသာမယာတာတို့ ဖြစ်ပြီး ကံကျူးလွန်တာပဲ။ (ပ) ကျူးလွန်မှုက သူ့မှာဖြစ်တာဆိုတော့ သူနဲ့ ကျူးလွန်မှုဟာ နှစ်ခုခွဲ လို့ မရတာပေါ့ဘုရား။ အဲဒီမှာ ပုဂ္ဂိုလ်ဖြစ်တဲ့ သမုတိမြင်တာပဲ။ (ပ) ။

"ဒီလိုပဲမြင်လို့ကတော့ လောကက မလွတ်မြောက်ဘူး။ လောကဆိုတာ ပဋိပက္ခလား-(ရတယ်။) ပဋိပက္ခဟာ လောကထဲက လို့ ဆိုလိုတာပေါ့။ လောကက လွတ်မြောက်တယ်ဆိုတာ လောကုတ္တရာဖြစ်တယ်-(လို့ပြောတာ။) ပဋိပက္ခက လွတ်အောင်မြင်တတ် တာဟာ လောကုတ္တရာအမြင်ပဲ။ အဲဒါ အရိယအမြင်ပဲ"ဟု ရေးသား ထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဓမ္မကထာ၊ စာ-၅၊၆၊၇၊၈၊၉၊၁၀)

(က)

အထက်ပါတို့ကို အနှစ်ချုပ်ကြည့်လျှင် ဘာသာရေးစကားပြောသူ ဆိုသည်မှာ ဓမ္မကထိကဆရာတော်များ၊ ကမ္မဋ္ဌာနာစရိယဆရာတော်များမှစ၍ ကြီးကြီးငယ်ငယ်အားလုံးတို့ပင် ဖြစ်ကြပါသည်။

အဆိုပါဘာသာရေးစကား ပြောသူအားလုံးတို့သည် ဟောပြောရုံမျှ သာဟောပြောတတ်ကြ၍ အမှန်တကယ် ကျွမ်းကျင်စွာ ပြည့်စုံစွာ မသိကြ- မတတ်ကြသောကြောင့်လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်မှာ ဘာသာရေးအဆုံး အမ(တရား)အတိုင်း ကျင့်သုံး ရရှိထားသည့် တရားစစ်တရားမှန် မရှိကြ မတည်ကြသောကြောင့်လည်းကောင်း သူတို့ဟောပြောနေသည့် အကြောင်း အရာကို မေးတာကိုပင် ပြန်လည်ဖြေရှင်းနိုင်ခြင်းလည်း မရှိကြ၊ အမုန်းပွား၍ ဝေါက်ခြင်း၊ မျက်စောင်းထိုးခြင်း၊ ရန်လုပ်ခြင်းတို့ကိုလည်း ပြုတတ်ကြသည်- ဟု စွပ်စွဲထားပါသည်။

ထို့ပြင် အဆိုပါ ဘာသာရေးပြောဟောသူတို့မှာ ကံကိုကျူးလွန်သူနှင့် သူတို့ကျူးလွန်အပ်သောကံဟု နှစ်မျိုးရှိကြောင်း၊ ထိုနှစ်မျိုးကို ခွဲခြားသိအောင် လုပ်နိုင်ဖို့လိုကြောင်း၊ မခွဲခြားနိုင်လျှင် လောကုတ္တရာအမြင် အရိယာအမြင်ကို

မရနိုင်ကြောင်း (ခွဲခြားသိလျှင်မူ လောကုတ္တရာအမြင် အရိယအမြင် ရပြီဖြစ်ကြောင်း၊ ထို့ကြောင့် အရိယာပုဂ္ဂိုလ် ဖြစ်ပြီ-ဖြစ်ကြောင်း) မှားယွင်းစွာ ရေးသားထားပါသည်။

ထို့ပြင် သမုတိသစ္စာ၊ လောက၊ ပဋိပက္ခ၊ လောကုတ္တရပုဒ်တို့၏ အဓိပ္ပာယ်များကိုလည်း မှားယွင်းစွာ ရေးသားထားသည်ကို တွေ့ရပါသည်။

(ခ)

## ပုဂ္ဂိုလ်အသီးသီး အရည်အချင်းအမျိုးမျိုး

ပစ္စုပ္ပန်ကမ္မဝါဒီကိုယ်တိုင်က ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း အကြိမ်ကြိမ် ကြေညာနေခြင်း၊ ပစ္စုပ္ပန်ကမ္မဝါဒီထံ ချဉ်းကပ်လာသူများမှာ မူလဗုဒ္ဓဘာသာဝင်များ ဖြစ်ခြင်းကြောင့် ဘာသာရေးစကားပြောသူဟု ဆိုရာမှာ ဗုဒ္ဓဘာသာရေးဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာရေးပြောဟောသူဖြစ်ကြောင်း မှတ်ယူရပါသည်။

လူပုဂ္ဂိုလ်တို့အား ဘာသာရေး ဟောပြောပေးခြင်းနှင့်စပ်၍ ဓမ္မကထိကဆရာတော်များ၊ ကမ္မဋ္ဌာနာစရိယဆရာတော်များ၊ ဘာသာရေးဆောင်းပါးရှင် စာရေးဆရာများကို ရည်ရွယ်ကြောင်း မှတ်သားသင့်ပါသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ဘာသာရေးဟောပြောသူတို့တွင် ပစ္စုပ္ပန်ကမ္မဝါဒီတို့(ဆရာ+တပည့်)ဆိုသည့်အတိုင်း "ပြန်မရှင်းနိုင်သူ-စိတ်ဆိုးသူ"တို့လည်း ရှိကြပေသည်။ ရှင်းပြနိုင်သူများလည်း ရှိကြပါသည်။ ရှင်းမပြနိုင်သော်လည်း မငေါက်သူများ၊ မျက်နှာထားမပျက်သူများ၊ ကျမ်းစာအုပ်များမှာ ပြန်ရှာပြီးမှ ရှင်းပြပါမည်ဟု ဝန်ခံထားသူများလည်း ရှိကြပါသည်။

ဘာသာရေးဟောပြောသူတို့မှာ ဉာဏ်ပညာအရည်အချင်း၊ တရားကျင့်မှု အရည်အသွေး အဆင့်ချင်း မတူကြပေ။ အမျိုးမျိုးရှိကြပေသည်။ ဤသည်မှာလည်း အရာရာတို့၌ ရှိနေသည့် သဘာဝအမှန်ပင်ဖြစ်သည်။ ထို့ကြောင့် အားလုံးကို တစ်ဆင့်တည်းထား၍ တစ်ခုတည်းသောစံဖြင့် သတ်မှတ်ဆုံးဖြတ်ခြင်းသည် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ မဟာအမှားကြီးသာတည်း။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဘာသာရေးဟောပြောသူ အားလုံးကို သုံးစားမရသူများအဖြစ်သို့ရောက်အောင် သူတို့၏ပေတံတစ်ချောင်းဖြင့် တိုင်း၍ ပယ်ချ-ရှုတ်ချ လုပ်မိကြလေသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီသည်လည်း ဘာသာရေးစကားပြောသူ၊ ပြောဖက်ဒကာသည်လည်း ဘာသာရေးစကားပြောသူ. . ။ သို့သော် ပစ္စုပ္ပန်ကမ္မဝါဒီက ဆရာပေတည်း။ ဒကာက တပည့်ပေတည်း။ မတူကြပေ။ ဤနှစ်ယောက်မှာပင် မတူပါဘဲလျက် ဘာသာရေးဟောပြောသူအားလုံးကို "ပြန်မရှင်းပြနိုင်သူချည်းပဲ၊ စိတ်ဆိုးသူချည်းပဲ"ဟု စွပ်စွဲခြင်းကား လွန်လွန်းလှပေသည်။)

ဗုဒ္ဓဘာသာရေးလောကမှာ ရှိကြသည့် ဘာသာရေးပြောဟောသူများမှာ သုံးမရသူချည်းသာ။ ပစ္စုပ္ပန်ကမ္မဝါဒီတို့ ဆရာတပည့်များသာ ဘာသာရေးပြောဟောရာမှာ သုံးရသူများ ဖြစ်ကြသည်-ဟူ၍ မိမိတို့ကိုသာ လွှတ်ပြီးချီးပနေကြပေသည်။ အံ့ဩစရာ ကောင်းလွန်းလှသည့် မသူတော်များပေတည်း။

ဗုဒ္ဓဘာသာဝန်ထမ်းများထဲမှာ ဘာသာရေးဟောပြောသူတို့အနက် မေးသမျှ ဖြေနိုင်သူများ များစွာ ရှိပါသည်။ အမှန်တကယ် ကျွမ်းကျင်စွာ ပြည့်စုံစွာ တတ်သိသူများလည်း များစွာ ရှိပါသည်။ မိမိကိုယ်တိုင် ကျင့်သုံးရရှိထားသည့် တရားစစ်တရားမှန်တို့နှင့် ပြည့်စုံနေသူများလည်း များစွာ ရှိပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဆရာတော်အရှင်ဉာဏိဿရကဲ့သို့သော ဆရာတော်ကြီးများကိုပင် ဟောပြောသည့်တရားနှင့် ပတ်သက်၍ မေးလာလျှင် မဖြေရှင်းနိုင်ကြောင်း၊ ဝေါက်ထုတ်တတ်ကြောင်း၊ မျက်နှာမသာ မယာဖြစ်ကြောင်း စွပ်စွဲရာရောက်ပေတော့သည်။

ထိုသို့ မဖြေရှင်းနိုင်သူ မျက်နှာပျက်သူများကို ခွင့်လွှတ်ကြရမှာပဲ-ဟုပင် ကြီးကြီးကျယ်ကျယ် ပြောကြပေသေးသည်။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ စွပ်စွဲချက်သည် အခြားပုဂ္ဂိုလ်တို့ကို စွပ်စွဲခြင်း၊ ရှုတ်ချခြင်းနှင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့ကိုသာ ချီးကျူးခြင်း၊ ကြွားဝါခြင်းမျှသာ ဖြစ်ပါသည်။

## ပုဂ္ဂိုလ်နှင့် လွန်ကျူးမှု

ပစ္စုပ္ပန်ကမ္မဝါဒီတို့အဆိုအရ-

"သူပြောစကားကို ပြန်မေးတာကို မဖြေကြားလိုသူပုဂ္ဂိုလ်သည် သမုတိသစ္စာ မည်၏။ ပြောသူပုဂ္ဂိုလ်၏ ပြောသည့် စကားနက်သည် သမုတိသစ္စာ မည်၏"ဟု သမုတိသစ္စာကို အဓိပ္ပာယ်ဖွင့်ပြကြပါသည်။ ဤအဓိပ္ပာယ်နှစ်ခုသည် အမှန်ပင် ဖြစ်ပါသည်။ (မမှားပါ။)

အဆိုပါ သမုတိသစ္စာ ၂-ခုတို့ကိုကြည့်လျှင် ကျေနပ်မှုဖြစ်ရမှာ မဟုတ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီက ဆက်လက်ဆိုလာပါသည်။ ဤနေရာ၌ ပစ္စုပ္ပန်ကမ္မဝါဒီသည် စကားကို ဝေဝေဝါးဝါးလုပ်ပစ်ပြီး နာကြားသူကို လှည့်စားလိုက်ပါသည်။

**ဤသို့ လှည့်စားခြင်း၊ စကားတစ်ရပ်ကို အပြီးမသတ်ဘဲ ရောက်ရာပေါက်ရာ လျှောက်ပြောခြင်း စသည်တို့သည် ပစ္စုပ္ပန်ကမ္မဝါဒီ၏ အမြဲသုံးနည်းလမ်းကြီးများပင် ဖြစ်ပါသည်။**

ဤနေရာမှာလည်း ပြောလက်စစကားကို မပြောတော့ဘဲ-"ပြန်မေးရင် မဖြေရုံမျှမက-ငေါက်တာတို့ မေးသူကို နှိမ်တာတို့၊ မျက်နှာ မသာမယာတာတို့ ဖြစ်တာတော့ ကံကျူးလွန်တာပဲ"ဟုဆိုကာ ရှောင်ထွက်သွားပါသည်။

ထိုသို့ ရှောင်ထွက်သွားသဖြင့် တရားနာသူ (စကားပြောဖက်ဖြစ်သူ)ဒကာတို့က ဘာသိဘာသာနေကြ(မသိလိုက်ကြ)သော်လည်း ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဆိုလိုချက်မှာ ဤသို့ဖြစ်ပါသည်။

(၁) မေးသည်ကို ပြန်၍မဖြေကြားလိုသူသည် ရှိ၏။ ၎င်းသည် သမုတိသစ္စာတည်း။ (၂) ၎င်းပုဂ္ဂိုလ်၏ပြောသည့် စကားနက်သည်လည်း ရှိ၏။ ၎င်းသည် ကံမြောက်သည်။ (၃) ၎င်းပုဂ္ဂိုလ်၏ ငေါက်ခြင်းစသည်လည်း ရှိ၏။ ၎င်းသည် ကံကျူးလွန်ခြင်းပင် ဖြစ်သည်။

ဤသုံးမျိုးတွင် ပထမအချက်(ပုဂ္ဂိုလ်)နှင့် တတိယအချက် (ကျူးလွန်မှု)ကို ကြည့်မိလျှင် မေးသည်ကို ပြန်မဖြေခြင်းကြောင့် မကျေနပ်မှု ဖြစ်လာမည်-ဟု ဆိုပါသည်။

ဤသို့ဆိုသောအခါ ပြန်မဖြေကြားလိုသူမှာ ကျူးလွန်မှုက ဖြစ်သည့်အတွက်ကြောင့် ပြန်မဖြေသူနှင့် ကျူးလွန်မှုသည် အတူတူပင်ဖြစ်ကြောင်း မကွဲပြားကြောင်း ဒကာက လျှောက်ထားသည်။

ဤနေရာ၌ ပစ္စုပ္ပန်ကမ္မဝါဒီက အတူတူပင် ဟုတ်၏-မဟုတ်၏ ဆိုသည်ကို မပြောဘဲ ရှောင်ထွက်သွားပြန်ပါသည်။ အခြားစကားသစ်တစ်ခုသို့ ခုန်ထွက်သွားပြန်ပါသည်။

ပုဂ္ဂိုလ်နှင့် ကျူးလွန်မှုကို တစ်ခုစီဟု ဆိုလိုကြောင်း ပေါ်လာသည်။ ဤသို့ ပေါ်လာသော်လည်း ပုဂ္ဂိုလ်ဆိုတာဘာလဲ။ လွန်ကျူးမှုဆိုတာဘာလဲ ဟူ၍ တိတိကျကျ မပြောဘဲထားပါသည်၊ အမှန်မှာ -

၁။ ပြန်မဖြေကြားလိုသူ(ပုဂ္ဂိုလ်)ဆိုတာ ပုဂ္ဂိုလ်၏သဏ္ဌာန်ကြီး သွင်ပြင်ကြီးပင်ဖြစ်ကြောင်း (ပရမအတ္တကောင်ဟု ဆိုလိုပါသည်။)၊

၂။ ကျူးလွန်မှုဆိုတာ ထိုပုဂ္ဂိုလ်မှာ ပူးကပ်နေသော အယောင်ဆောင် ပုဂ္ဂိုလ်၊ အနုတ္တကောင်ပင်ဖြစ်ကြောင်း (ဇီဝအတ္တဟုဆိုလိုသည်။) ဆိုလိုခြင်း ဖြစ်ပေသည်။

ဤသို့ဆိုလိုသည့်အတိုင်း ဆက်ရလျှင်-အတ္တကောင်ပုဂ္ဂိုလ်ကြီးနှင့် အနုတ္တကောင်ကျူးလွန်မှုကို ကွဲပြားစွာ ကြည့်နိုင်မှသာ လောကမှ လွတ်မြောက်မည်ဟု ဖြစ်လာရပေမည်။

ဤနေရာ၌ ပစ္စုပ္ပန်ကမ္မဝါဒီ၏ မူရင်းစကားကို သေချာစစ်ကြည့်ဖို့ လိုပါသည်။ မူရင်းစကားက-

> "ကျူးလွန်မှုက သူ့မှာဖြစ်တာဆိုတော့ သူနဲ့ ကျူးလွန်မှုဟာ နှစ်ခုခွဲလို့ မရတာပေါ့ဘုရား။ အဲဒီမှာ ပုဂ္ဂိုလ်ဖြစ်တဲ့ သမုတိကို မြင်တာပဲ။ ဒီလိုပဲ မြင်ရမှာပဲ မဟုတ်ဘူးလားဘုရား။ ဒီလိုပဲတော့ မြင်ကြတာပဲ။ ဒါပေမဲ့-ဒီလိုပဲ မြင်လို့တော့ လောကက မလွတ်မြောက်ဘူး"ဟူ၍ ဖြစ်ပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဓမ္မကထာ၊ စာ-၉)

ဤသို့လျှင် ဘာသာရေးပြောသူကို ပြောသည့်အကြောင်းအရာထဲက မေးလျှင် ပြန်ရှင်းမပြဘဲ ဝေါက်မှု စိတ်ဆိုးမှု စသည်ကြောင့် မေးမိသူမှာ မကျေနပ်တာ ဖြစ်လာသည်။ ထိုမကျေနပ်တာ-မဖြစ်အောင် ဘယ်လို လုပ်ရမလဲဟူသော ပြဿနာရင်းသည် မပြီးမပြေဘဲ ရှိနေပါသည်။

၁။ ပုဂ္ဂိုလ်ကိုကြည့်လျှင် သမုတိသစ္စာကို ကြည့်သည် ဖြစ်၍ မကျေနပ်တာ မပျောက်နိုင်။

၂။ စကားနက်ကိုကြည့်လျှင် သမုတိသစ္စာကို ကြည့်သည်ဖြစ်၍ မကျေနပ်တာ မပျောက်နိုင်။

၃။ လွန်ကျူးလာမှုကိုကြည့်လျှင် လွန်ကျူးသည်ကိုသိပြီး မခံမရပ်နိုင်ပင်ဖြစ်လာ၍ မကျေနပ်တာ မပျောက်နိုင်။

ပုဂ္ဂိုလ်နှင့် လွန်ကျူးမှုကို တွဲလျက်ကြည့်လျှင် သမုတိကိုကြည့်မိ၍ မကျေနပ်တာ မပျောက်နိုင်ဟု ဆိုနေကြောင်း တွေ့ရပါသည်။ ပြဿနာ၏ အဖြေမှန်ကား မပေါ်ချေ။

ဤသည်တို့မှာ ဘာသာရေးနှင့် ပတ်သက်၍ နာကြားသူများကို စမ်းတဝါးဝါးဖြစ်အောင်၊ နားယောင်ပါးယောင်ဖြစ်အောင် လှည့်စားခြင်းမျှသာဖြစ်၍ ဘာသာရေးအစစ်ကို ဖျက်ဆီးရာရောက်နေပါသည်။

## (ဂ)
## ပညတ်နှစ်မျိုးကိုကြည့်မိသော်

ပစ္စုပ္ပန်ကမ္မဝါဒီက "သူနဲ့လွန်ကျူးမှု နှစ်ခုခွဲလို့ မရတာကို မြင်လို့ကတော့ လောကက မလွတ်မြောက်နိုင်ဘူး" ဟု ဆိုပါသည်။ (ဤ၌လည်း သူ-ဟူသည်မှာ သူကောင်-အတ္တကောင်ကို ဆိုလိုသည်။ လွန်ကျူးမှုဟူသည်မှာ အယောင်ဆောင်-အနတ္တကောင်ကို ဆိုလိုသည်။)

အမှန်အားဖြင့် ပစ္စုပ္ပန်ကမ္မဝါဒီဆိုသည့် "သူနှင့် လွန်ကျူးမှု" နှစ်ခုစလုံးသည်ပင် ပညတ်တရားချည်း ဖြစ်ခြင်းကြောင့် တွဲ၍မြင်မြင်၊ ခွဲ၍မြင်မြင်၊ ဘယ်လိုမြင်မြင် လောကမှ မလွတ်မြောက်နိုင်ပေ။

သူနှင့်လွန်ကျူးမှုကို ခွဲ၍မြင်လျှင် ပစ္စုပ္ပန်ကမ္မဝါဒီအလိုအားဖြင့် လောကုတ္တရာအမြင်၊ အရိယအမြင်ဖြစ်ကြောင်း ဆိုပါသေးသည်။ ဤအဆိုကို မစိစစ်မိမှာပင် ပစ္စုပ္ပန်ကမ္မဝါဒီ၏လောကကို စိစစ်စရာ ရှိပါသေးသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက "လောကဆိုတာ ပဋိပက္ခ"ဟု ဆိုပါသည်။ တစ်ဖန်ထပ်၍ "ပဋိပက္ခဆိုတာ လောကထဲက"ဟု ဆိုပြန်သေးသည်။ စကားလုံးကို ဖဲချပ်ကဲ့သို့ ကုလားဖန်ထိုးခြင်း မွှေခြင်းမျှသာ ဖြစ်ပေသည်။ လူလည်ကျခြင်းပင်ဖြစ်သည်။

အမှန်အားဖြင့်မူ လောကသည် ပဋိပက္ခမဟုတ်ပေ။ ဤလောကုတ္တရပုဒ်နှင့်စပ်၍ လောကဟူသည်မှာ ဝဋ်တရားပင်ဖြစ်ကြောင်း လာရှိပါသည်။ အပြည့်အစုံ ဖော်ပြရလျှင် -

လောကာ တရတီတိ လောကုတ္တရံ။
လောကံ ဥတ္တရတီတိ လောကုတ္တရံ။
လောကံ သမတိက္ကမ္မ အဘိဘုယျ တိဋ္ဌတီတိ လောကုတ္တရံ။
လောကတော နိယျာတိ, ဝဋ္ဋတော နိယျာတီတိ နိယျာနိကံ။
(အဘိ၊ ဋ၊ ၁၊၂၅၉။)

လောကုတ္တရာကုသိုလ်စျာန်သည် လောကခေါ် ဝဋ်သုံးပါးကို ကူး မြောက်ဆဲဖြစ်သောကြောင့် လောကုတ္တရ မည်၏။

လောကုတ္တရာ ဝိပါက်စျာန်သည် လောကခေါ် ဝဋ်သုံးပါးကို လွန် မြောက်တတ်သောကြောင့် လောကုတ္တရ မည်၏။

နိဗ္ဗာန်သည်ကား လောကခေါ်ဝဋ်သုံးပါးကို လွန်မြောက်၍၊ လွှမ်းမိုး နှိပ်စက်၍ တည်နေတတ်သောကြောင့် လောကုတ္တရ မည်၏။

လောကုတ္တရာကုသိုလ်စျာန်သည် လောကခေါ် ဝဋ်သုံးပါးမှ ထွက် မြောက်တတ် ထုတ်ဆောင်တတ်သောကြောင့် နိယျာနိက မည်၏။

လောကော ဝုစ္စတိ လုဇ္ဇနပလုဇ္ဇနဋ္ဌေန ဝဋ္ဋံ။

တသ္မိံ ပရိယာပန္နဘာဝေန လောကေ နိယုတ္တာတိ လောကိ ယာ။

တတော ဥတ္တိဏ္ဏာတိ ဥတ္တရာ။

လောကေ အပရိယာပန္နဘာဝေန လောကတော ဥတ္တရာတိ လောကုတ္တရာ။ (အဘိ၊ ဋ၊ ၁၊ ၉၀။)

ခဏိကဘင်အားဖြင့် ပျက်တတ်သောသဘော၊ အဆုံးစုတိအားဖြင့် အကြွင်းမဲ့ပျက်တတ်သောသဘောကြောင့် ဝဋ်သုံးပါးကို လောကဟု ဆိုအပ် ၏။

ထိုလောကခေါ် ဝဋ်သုံးပါး၌ အကျုံးဝင်သည်၏အဖြစ်ဖြင့် လောက ခေါ် ဝဋ်သုံးပါး၌ ယှဉ်တတ်-ဖြစ်တတ်သောကြောင့် လောကီယ မည်ကုန်၏။

လောကခေါ် ဝဋ်သုံးပါးမှ ထွက်မြောက်တတ် ကူးမြောက်တတ်သော ကြောင့် ဥတ္တရ မည်ကုန်၏။

လောကခေါ်ဝဋ်သုံးပါး၌ အကျုံးမဝင်သည်၏အဖြစ်ဖြင့် လောက ခေါ် ဝဋ်သုံးပါးမှ ထွက်မြောက်တတ် ကူးမြောက်တတ်သောကြောင့် လောကုတ္တရ မည်ကုန်၏။

အထက်ပါ ပါဠိ+အဋ္ဌကထာတို့က လောကဟူသည်မှာ ဝဋ်သုံးပါး (ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်)တို့ပင်ဖြစ်သည်-ဟု ပြဆိုထားပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ လောကဆိုတာ ပဋိပက္ခဟူသော စကားသည် အယူမှားကြီးသာ ဖြစ်ပါသည်။

သို့ဖြစ်၍ "လောက=ပဋိပက္ခက လွတ်မြောက်တယ်ဆိုတာ လောကုတ္တရာ ဖြစ်တယ်လို့ ပြောတာပေါ့"ဆိုသည့်စကားသည်လည်း အမှားကြီးပင် ဖြစ်ပါသည်။

၎င်းတို့အလိုအားဖြင့် ပဋိပက္ခ (ဆန့်ကျင်ဘက်)မှ လွတ်မြောက်ခြင်းသည် လောကုတ္တရာ ဖြစ်သည်-ဟု အဓိပ္ပာယ်ရှိပါသည်။ အမှားပေတည်း။ အမှန်မှာ-ဝဋ်သုံးပါးမှ ထွက်မြောက်မှုသည်သာ လောကုတ္တရာ ဖြစ်ပါသည်။

ထို့ကြောင့် "ပဋိပက္ခက လွတ်အောင် မြင်တတ်တာဟာ လောကုတ္တရာအမြင်ပဲ။ အရိယအမြင်ပဲ"ဟူသောစကားသည်လည်း အမှားကြီးပင် ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီ၏ စကားအရဆိုလျှင် ပဋိပက္ခ-ရန်သူမှ လွတ်မြောက်အောင် ရှောင်ထွက်နိုင်သူမျိုးကိုပင် လောကုတ္တရဟု ဆိုရပေတော့မည်။ မိမိကျူးလွန်ထားသော အပြစ်ဒဏ်မှလွတ်အောင် လာဘ်ပေး လာဘ်ထိုးမှုပြုသူသည်လည်း လောကုတ္တရာအမြင်ရှိသူ ဖြစ်ပေတော့သည်။ အရိယအမြင်ရှိသူ ဖြစ်ပေတော့မည်။ မြတ်ဗုဒ္ဓ၏ လောကုတ္တရာတရားတို့ ပျက်စီးခြင်းကြီးသို့ ရောက်ကြပြီ ဖြစ်ပါသည်။

မည်သူမဆို နေရင်းထိုင်ရင်း၊ ကွမ်းစားရင်း၊ အရက်သောက်ရင်း ပဋိပက္ခ-ဆန့်ကျင်ဘက်-ရန်သူတို့မှ လွတ်နေလျှင် လောကုတ္တရအမြင်၊ အရိယအမြင်ဖြစ်နေပြီဟု ယူရပေတော့မည်။

# ဝိမုတ္တိဆိုသည်မှာ

တစ်ဖန် ဝိမုတ္တိပုဒ်၏အဓိပ္ပာယ်နှင့် ဝိမုတ္တိသို့ရောက်ကြောင်း အကျင့်တို့ကို မှားယွင်းစွာ ပြောဆိုထားသည့် စာပေများလည်း ပြန့်ပွား နေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီကပင်-

"သူပြောတာ ပြန်မေးတော့ မဖြေတာကို မဖြေတာလို့ဘဲ မကြည့်ဖို့လိုတာပေါ့။ မဖြေတာကို မဖြေတာလို့ဘဲကြည့်တော့ (ပ) ပဋိပက္ခဖြစ်နေလို့ပေါ့။ ပဋိပက္ခဖြစ်တော့ စိတ်ဝမ်းကွဲတာပေါ့။ စိတ်ဝမ်းကွဲတော့ အချင်းချင်း အကောင်းမမြင်နိုင်ကြပြီပေါ့။

"အကောင်းမမြင်တာက (ပ) အုပ်စုလိုက် ဖြစ်လာမယ်။ တစ်အုပ်စုက တစ်အုပ်စုကို အကောင်းမမြင်ကြတော့ဘူးဆိုရင် လောက(ပဋိပက္ခ)ငြိမ်းချမ်းနိုင်ပါ့မလား။ (ပ) ။

"ဒီလိုဆိုရင် ဝိမုတ္တိအရောက် ကျင့်ကြတယ်ဆိုတာ မိုးကို လှေကားထောင်နေသူတွေလား။ (ပ) ပြဿနာဖြစ်ရင် ဘုရားဆည်း ကပ်သူဟာ ဘုရားဆီ သွားရတယ်။ ဘုရားက တရားတွေ ဟော တယ်။ တရားဟောတယ်ဆိုတာ တရားတာတွေ ညွှန်ပြတာပဲ။ တရားညွှန်ပြသူ(တရားတာညွှန်ပြသူ)ဟာ တရားသူကြီးပဲ။ ဘုရားက တရားသူကြီးလား-ဟုတ်တာပေါ့"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဓမ္မကထာ၊ စာ-၁၀-၁၁-၁၂-၁၃-၁၄ )

## (က)
## ဝိမုတ္တိ

အထက်ပါ စကားထဲမှာ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ အကောင်းမြင်လျှင် စိတ်ဝမ်းမကွဲခြင်းကြောင့် လောကခေါ် ပဋိပက္ခသည် ငြိမ်းချမ်းခြင်းကြောင့် လောကခေါ် ပဋိပက္ခသည် ငြိမ်းချမ်းနိုင်ပြီဖြစ်ကြောင်း၊ ထိုသို့သော ငြိမ်းချမ်းမှုမျိုးကို ဝိမုတ္တိအရောက်ကျင့်သည်ဟုခေါ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီက ပြောထားပါသည်။

မြတ်ဗုဒ္ဓက တရားဟောသည်ဆိုရာမှာလည်း "တရားတာ"ကို တရားဟုခေါ်ကြောင်း၊ "တရားတာ ညွှန်ပြတာကို တရားဟောတာ"ဟုခေါ်ကြောင်း စသည်များကိုလည်း ပြောထားပါသည်။

**ပစ္စုပ္ပန်ကမ္မဝါဒီသည် လောကပုဒ်၏အနက်မှားကိုယူပြီး တစ်ဖန် ဝိမုတ္တိပုဒ်၏အနက်မှားကို ဆိုခြင်းပင် ဖြစ်ပါသည်။**

လောကခေါ် ပဋိပက္ခ(ဆန့်ကျင်မှု-စိတ်ဝမ်းကွဲမှု)မှ လွတ်မြောက်အောင် စိတ်ဝမ်းမကွဲဘဲ တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဆက်ဆံနေလျှင် ဝိမုတ္တိသို့အရောက်ကျင့်ခြင်းဖြစ်၍ ဝိမုတ္တိဟူသည်မှာ လောကခေါ် ပဋိပက္ခမှ လွတ်ခြင်းပင် ဖြစ်သည်ဟု ဆိုလိုပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီ၏ အပြောတိုင်းသာမှန်ပါက တစ်ကမ္ဘာလုံးရှိ လူတိုင်းလူတိုင်းသည် မတည့်သူ စိတ်ဝမ်းကွဲသူ ရှိသော်ငြားလည်း တည့်သူ စိတ်ဝမ်းမကွဲသူများလည်း အသီးသီးရှိနေကြသည်သာဖြစ်၍ ဝိမုတ္တိအရောက် ကျင့်နေသူများချည်း ဖြစ်နေပေတော့သည်။

သို့သော် အခြားတစ်ဖက်ကကြည့်လျှင်လည်း လူတိုင်းလူတိုင်းမှာပင် တည့်သူ စိတ်ဝမ်းမကွဲသူ ရှိနေကြသော်လည်း မတည့်သူ စိတ်ဝမ်းကွဲသူများလည်း ရှိနေကြသည်သာဖြစ်၍ ဝိမုတ္တိအရောက် ကျင့်နေသူဟူ၍ တစ်ယောက်မျှပင် မရှိနိုင်ကောင်းတော့ပေ။

**ဤကဲ့သို့ ကလေးတွေးဖြင့် တွေးကြည့်လျှင်ပင် ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဝိမုတ္တိအဓိပ္ပာယ်မှာ သွက်သွက်ခါအောင် မှားယွင်းနေကြောင်း ထင်ရှားပေသည်။**

ထပ်ဆင့်၍ ဆင်ခြင်ကြည့်လျှင် မြတ်ဗုဒ္ဓမှာ ရှင်ဒေဝဒတ်ကဲ့သို့သော အတွင်းပိုင်းက စိတ်ဝမ်းကွဲသူများ၊ တိတ္ထိယဆရာကြီးခြောက်ဦးနှင့် တပည့်များကဲ့သို့သော အပြင်ပိုင်းက စိတ်ဝမ်းကွဲသူများ ရှိနေခြင်းကြောင့် မြတ်ဗုဒ္ဓသည်ပင် ဝိမုတ္တိအရောက် ကျင့်နိုင်သူမဟုတ်ကြောင်း၊ မြတ်ဗုဒ္ဓသည် လောကခေါ် ပဋိပက္ခတို့မှ မလွတ်မြောက်ခြင်းကြောင့် ဝိမုတ္တိရှိသူမဟုတ်ကြောင်း ထိထိမိမိ ပုတ်ခတ်ရာ ရောက်ပြန်ပါသေးသည်။

ထို့ပြင် ပစ္စုပ္ပန်ကမ္မဝါဒီ ကိုယ်တိုင်မှာလည်း လောကခေါ် ပဋိပက္ခများ၊ စိတ်ဝမ်းကွဲသူများ၊ မတည့်သူများ ရှိနေခြင်းကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ

ထုတ်ဝေသည့် စာအုပ်များမှာ"ဖြန့်ဝေရန်မဟုတ်၊ မှတ်တမ်း သိမ်းဆည်းထား ရန်သာ"ဟူ၍ ရိုက်ထည့်ထားရခြင်းကြောင့် ပစ္စုပ္ပန်ကမ္မဝါဒအရဆိုလျှင် ပစ္စုပ္ပန်ကမ္မဝါဒီသည်လည်း ဝိမုတ္တိအရောက်ကျင့်နေသူမဟုတ်ကြောင်း ပေါ်လောကြီး ပေါ်နေပါတော့သည်။

ပစ္စုပ္ပန်ကမ္မဝါဒီ၏စကားဖြင့် ပစ္စုပ္ပန်ကမ္မဝါဒီကိုပင် ချည်မိ တုပ်မိ ဖြစ်နေရပေသည်။ သနားစရာကောင်းလှပေစွ။ ပစ္စုပ္ပန်ကမ္မဝါဒီ ၏ လောကသဘာဝ၌ မလိမ္မာချက်ကား မိုက်တွင်းကြီးနက်လှပေသည် တကား။

အမှန်ကတော့ ဝိမုတ္တိပုဒ်၏အနက်သည် ပစ္စုပ္ပန်ကမ္မဝါဒီ ဆိုသည့် အတိုင်း လုံးဝမဟုတ်ပေ။ ဝိမုတ္တိအရောက်ကျင့်ခြင်းသည်လည်း ပစ္စုပ္ပန် ကမ္မဝါဒီဆိုသည့်အတိုင်း လုံးဝမဟုတ်ပေ။

## (ခ)
## ဝိမုတ္တိ ဆိုသည်မှာ

ဝိမုတ္တိအရမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်နှင့် နိဗ္ဗာန်တို့သာ ဖြစ်ပါသည်။

ထိုတွင် မဂ်ဉာဏ်သည် လောကခေါ်ဝဋ်သုံးပါးတို့မှ မဂ်ဉာဏ်လေး ဆင့်အလျောက် အဆင့်ဆင့်အားဖြင့် လွတ်မြောက်ဆဲဖြစ်၍ လောကုတ္တရာ၊ သို့မဟုတ် ဝိမုတ္တိ ဖြစ်ပါပေသည်။

ဖိုလ်ဉာဏ်သည်လည်း လောကခေါ်ဝဋ်သုံးပါးတို့မှ ဖိုလ်ဉာဏ်လေး ဆင့်အလျောက် သူ့ပမာဏနှင့်သူ လွတ်မြောက်ပြီးဖြစ်၍ လောကုတ္တရာ၊ သို့မဟုတ် ဝိမုတ္တိ ဖြစ်ပါပေသည်။

"ဝိမုတ္တမိတိ ဉာဏံ ဟောတိ"စသည်ဖြင့် ဆင်ခြင်ရာမျိုး၌ ပစ္စဝေက္ခ ဏာဉာဏ်ခေါ် (သေက္ခပုဂ္ဂိုလ်တို့၏) မဟာကုသိုလ်ဉာဏ်၊ (မြတ်ဗုဒ္ဓနှင့် ရဟန္တာပုဂ္ဂိုလ်တို့၏) မဟာကြိယာဉာဏ်များသည်လည်း လောကခေါ် ဝဋ်သုံး ပါးထဲမှာ မပါသည့် မဂ်-ဖိုလ်-နိဗ္ဗာန်ကို ဆင်ခြင်နေခြင်းဖြစ်၍ လောကခေါ် ဝဋ်သုံးပါးတို့မှ လွတ်မြောက်နေခြင်းကြောင့် လောကုတ္တရာ၊ သို့မဟုတ် ဝိမုတ္တိ ဖြစ်ပါပေသည်။

(ဤအရာသည်ကား အာရမ္မဏအားဖြင့် လောကုတ္တရာ ဝိမုတ္တိ အမည်ရခြင်းသာ ဖြစ်သည်။ ကာရဏူပစာရသဒ္ဒါမျိုးဟု ဆိုလိုပါသည်။)

နိဗ္ဗာန်သည်လည်း လောကခေါ်ဝဋ်သုံးပါးတို့မှ လွတ်မြောက်ခြင်း သဘောသက်သက်မျှသာဖြစ်ခြင်းကြောင့် လောကုတ္တရာ၊ သို့မဟုတ် ဝိမုတ္တိ ဖြစ်ပါပေသည်။ ထို့ကြောင့်-

ဝိမုစ္စတီ-တိ ကမ္မိနာ မဂ္ဂက္ခဏံ ဒဿေတိ။
ဝိမုတ္တသ္မိန္တိ ကမ္မိနာ ဖလက္ခဏံ။
ဝိမုတ္တမိတိ ဉာဏံ ဟောတီတိ ကမ္မိနာ ပစ္စဝေက္ခဏာဉာဏံ။
(ဒီ၊ ဋ၊၁၊၂၀၁။)

ဝိမုစ္စနတော ဝိမုတ္တိ။ (အဘိ၊ ဋ၊၁၊၉၆။)

"ဝိမုစ္စတိ" ဟူသော ဤစကားလုံးဖြင့် မဂ်ဉာဏ်ဖြစ်ချိန်ကို (ဝါ)မဂ် ဉာဏ်လေးပါးကို ပြ၏။ "ဝိမုတ္တသ္မိံ" ဟူသော ဤစကားလုံးဖြင့် ဖိုလ်ဉာဏ်ဖြစ် ချိန်ကို (ဝါ)ဖိုလ်ဉာဏ်လေးပါးကိုပြ၏။ "ဝိမုတ္တမိတိဉာဏံဟောတိ" ဟူသော ဤစကားလုံးဖြင့် ပစ္စဝေက္ခဏာဉာဏ်ကို ပြ၏။

မဂ်ဖိုလ်နိဗ္ဗာန်(ကိုးတန်သော လောကုတ္တရာ)တရား မြတ် သည် လောကခေါ်ဝဋ်သုံးပါးတို့မှ လွတ်မြောက်ခြင်းသဘောကြောင့် ဝိမုတ္တိမည်၏ဟု အဋ္ဌကထာတို့က ဖွင့်ပြကြပါသည်။

ဤအဓိပ္ပာယ်တို့သည် မြတ်ဗုဒ္ဓဟောပြသည့် ဝိမုတ္တိအဓိပ္ပာယ်များ ဖြစ်ကြပါသည်။ အမှန်များ ဖြစ်ကြပါသည်။

## ဝိမုတ္တိ အရောက်ကျင့်နည်း

ဤဝိမုတ္တိသို့ရောက်ဖို့ ကျင့်လိုလျှင် ဗုဒ္ဓဘာသာဝင်တို့ သိတော်မူကြ ပြီး ဖြစ်သည့်အတိုင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိဆယ်ပါး (ဒုစရိုက်ရှောင်- သုစရိုက်ဆောင်)တို့မှစ၍ သီလ သမာဓိ ပညာ၊ အဓိသီလ အဓိစိတ္တ အဓိပညာ တိုင်အောင် ကျင့်နိုင်မှသာ ရနိုင်ပါသည်။

"သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ ဥပသမ္ပဒံ ယာစာမိ ဒါနံ ဒေမိ သီလံ သမာဒိယာမိ" စသည်ဖြင့် "သံသရာဝဋ်သုံးပါး ဆင်းရဲခြင်းများမှ ကင်းလွတ်ပါစေခြင်းအကျိုးငှာ ရှင်အဖြစ်ကို တောင်းပါ၏။ ရှင်ပြုပေးတော်မူကြပါဘုရား။ ရဟန်းအဖြစ်ကို တောင်းပါ၏။ ရဟန်းပြုပေး

တော်မူကြပါဘုရား။ လျှုဒါန်းပါ၏ဘုရား။ သီလခံယူပါ၏ဘုရား" စသည်တို့ကို ဆိုခြင်း အဓိဋ္ဌာန်ခြင်းသည်လည်း အဆိုပါ ဝိမုတ္တိကိုသာ ဦးတည်ချက်ထား ခြင်းပင် ဖြစ်ပါသည်။

ဤသို့ဦးတည်ချက်ထား၍ တရားရှာကြ တရားရကြပြီး ဝိမုတ္တိသို့ ရောက်ကြပါသည်။ လောကခေါ် ဝဋ်သုံးပါးတို့မှ လွတ်မြောက်ပါသည်။ ပဥ္စဝဂ္ဂီတို့၊ အဂ္ဂသာဝက-မဟာသာဝက-ပကတိသာဝက ရဟန္တာမြတ်ကြီးတို့လည်း လွတ်မြောက်တော်မူကြပါသည်။

ယနေ့ခေတ်အခါမှာလည်း နိုင်ငံတော်သံဃမဟာနာယက ဆရာ တော်ကြီးများမှအစပြု၍ ရင့်ကျက်သော ဗုဒ္ဓဘာသာဝင်များသည် ဝိမုတ္တိ ရောက်ကြောင်း တရားကောင်းတို့ကို ကောင်းကောင်းကြီး ကျင့်သုံးနေ ကြပါသည်။

**ဤကဲ့သို့သော ဝိမုတ္တိအစစ်နှင့် ဝိမုတ္တိရောက်ကြောင်းအမှန် တို့ကို ဖျက်ဆီးလျက်ရှိခြင်းကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဝိမုတ္တိ အဓိပ္ပာယ်၊ ဝိမုတ္တိအရောက်ကျင့်သူ စသည်တို့သည် အယူမှားသက် သက်သာဖြစ်ကြောင်း မှတ်ယူကြရမည် ဖြစ်ပါသည်။**

ပစ္စုပ္ပန်ကမ္မဝါဒီတို့ ဆရာတပည့်သည် "မဖြေချင်လို့ မဖြေတာ၊ မဖြေနိုင်လို့ မဖြေတာ" ဆိုသည့်ကိစ္စကလေးကို ရေးကြီးခွင်ကျယ်လုပ်လျက် အဓမ္မဝါဒများကို အသစ်အသစ်ထုတ်လုပ်နေကြပါသည်။

ပြဿနာဖြစ်ပေါ်လာသောအခါ ဘုရားဆည်းကပ်သူဆိုလျှင် ဘုရား ဆီသွားရမည်ဟု ညွှန်ကြားလာပါပေသည်။ ဤညွှန်ကြားချက်ကတော့ သင့် လျော်လှပေသည်။

သို့သော် ယခုခေတ်အခါတွင် ဘယ်အရာကို ဘုရားဟုခေါ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီတို့ မသိခြင်း၊ သိသော်လည်း လက်မခံခြင်းကမူ မလျော်ပေ။

ဗုဒ္ဓဘာသာဝင်တို့အား ဗုဒ္ဓဘာသာ တည်ထောင်နိုင်သည်အထိ တရားတော်များ ဟောကြားပေးသူ မြတ်ဗုဒ္ဓသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၅ဝ-နှစ်ကျော်ကတည်းကပင် ပရိနိဗ္ဗာန်စံတော်မူပြီး ဖြစ်ပါသည်။ ထို့ကြောင့် ယခုအခါမှာ သက်တော်ထင်ရှား မြတ်ဘုရားသို့ အားထားခွင့် မရှိတော့ပြီ-ဖြစ်ပါသည်။

သို့သော်လည်း မြတ်ဗုဒ္ဓသည် ရှိတော်မူလျက်ပင်။
ဆည်းကပ်ခွင့်ရနိုင်တုန်းပင် ဖြစ်သည်။

(ဂ)

မြတ်ဗုဒ္ဓကိုယ်တော်တိုင် မိန့်တော်မူထားသည်မှာ-

"ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော။ သော ဝေါ မမစ္စယေန သတ္ထာ"

"အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသောအခါ၌ ဤသာသနာတော်၌ ငါဘုရားသည် ဟောပြအပ်၊ တည်ထားအပ်သော သုတ္တန်တရားတော်အားလုံး၊ အဘိဓမ္မာတရားတော်အားလုံး၊ ဝိနည်းတရားတော်အားလုံးသည် သင်တို့၏ ဆရာသခင် ဘုရားရှင်ပင် ဖြစ်ပေသည်" ဟူ၍ ရှိပါသည်။

(မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်)

ထို့ကြောင့် ယခုခေတ်အခါမှာ အဆိုပါပိဋကတ်သုံးပုံကိုသာ မြတ်ဗုဒ္ဓဟု ခေါ်ဆိုရခြင်းဖြစ်၍ ဘုရားကို ဆည်းကပ်လိုသူ မှန်သမျှသည် ပိဋကတ်သုံးပုံတို့ကိုသာ မိမိတို့စွမ်းအားရှိသည့်အလျောက် ဆည်းကပ်ကြရမည်။ အားထားကြရမည်။ ဖတ်၍နာ၍ မှတ်သားဆောင်ထား၍ လိုက်နာလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း သိရပါသည်။

ဤဒေသနာတော်သည် သဒ္ဒိသူပစာရဒေသနာဖြစ်၍ နေယျတ္ထဒေသနာ ဖြစ်ပါသည်။

## ပိဋကတ်ကိုပယ်သူ

ပစ္စုပ္ပန်ကမ္မဝါဒီတို့ကား ပိဋကတ်သုံးပုံကို လုံးလုံးကြီး ပယ်ထားသူ ဖျက်ထားသူ ဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့မှာ ဆည်းကပ်စရာဘုရားဟူ၍ပင် မရှိကြပေ။ ဘုရား ဘုရားဖြင့် ကြားကောင်းအောင်သာ စကားအဖြစ် ပြောကြသေးသည်။ ဤမျှသာတည်း။

ပစ္စုပ္ပန်ကမ္မဝါဒီတို့က ပိဋကတ်သုံးပုံကို ဖျက်သည်ဟုဆိုခြင်းသည် မှန်ကန်သောစကားသာ ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့မှာ ဘုရားမရှိဟုဆိုခြင်းသည်လည်း မှန်ကန်သောစကားသာ ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီ ကိုယ်တိုင်ကပင်လျှင် "ဘုရားက တရားဟောကယ် ဆိုတာ တရားတာကို ညွှန်ပြတာပဲ"ဟု ဆိုပေသည်။

ဤစကား၌ "တရားတာ"ဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို သေချာစစ်ဖို့လိုလာပေသည်။ "တစ်ဦးနှင့်တစ်ဦး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပဋိပက္ခမဖြစ်ခြင်း၊ စိတ်ဝမ်းမကွဲခြင်း စသည်တို့ကိုသာ တရားတာ"ဟု ပစ္စုပ္ပန်ကမ္မဝါဒီဆိုလိုခြင်း ဖြစ်ပေသည်။

စင်စစ်အားဖြင့် ပစ္စုပ္ပန်ကမ္မဝါဒီဆိုလိုသော တရားတာ-သည် မြတ်ဗုဒ္ဓ ဟောသည့်တရားတွေထဲမှာ အဓိကကျသော တရားမဟုတ်ပေ။ လောကီသူ လူရိုင်းများအတွက် ဟောပေးထားသည့် အောက်ထစ်ဆုံးအဆင့်ကလေး တစ်ခုမျှသာ ရှိပါသေးသည်။ အလယ်အဆင့် အထက်အဆင့်သို့ မရောက်သေးချေ။

မြတ်ဗုဒ္ဓ၏တရားတော်တို့တွင် အဆိုပါ ညီညွတ်ရေးတရားကဲ့သို့သော လောကီလူမှုဘဝ အကျိုးပြုတရားများကသာ ပိုများပါသည်။ သို့သော် ပစ္စုပ္ပန်ကမ္မဝါဒီသည် မြတ်ဗုဒ္ဓ၏ ပိဋကတ်သုံးပုံကို မသိခြင်း၊ လက်မခံခြင်းကြောင့် မြတ်ဗုဒ္ဓ၏တရားကို မသိဘဲ ရမ်းထားခြင်း ဖြစ်လေသည်။

အနည်းဆုံးအနေဖြင့်-

"သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ။

သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ" ဆိုသည်လောက်ကိုမျှ ထဲထဲဝင်ဝင်မသိရှာပေ။ အဓိပ္ပာယ်ကား

"အကုသိုလ်မှုမှန်သမျှကို မပြုရ-ဟုဆုံးမခြင်းသည် မြတ်ဗုဒ္ဓတို့၏ သာသနာဖြစ်ပေသည်။ ကုသိုလ်မှန်မျှကို ပြုလော့-ဟုဆုံးမခြင်းသည် မြတ်ဗုဒ္ဓတို့၏ သာသနာဖြစ်ပေသည်။ မိမိ၏စိတ်ကို နီဝရဏ၊ ကိလေသာ၊ အကုသိုလ်တို့မှ ကင်းဝေးစေလျက် ဖြူစင်အောင် သုတ်သင်ထားကြ-ဟုဆုံးမခြင်းသည် မြတ်ဗုဒ္ဓတို့၏ သာသနာ ဖြစ်ပေသည်။"

ဤဂါထာကလေးသည် အကျဉ်းချုပ်မျှသာ ဖြစ်ပါသည်။ ဤအကျဉ်းချုပ်ထဲမှာပင် မြတ်ဗုဒ္ဓက မတရားတာ-ကိုလည်း ညွှန်ပြထားပါသည်။ တရားတာ-ကိုလည်း ညွှန်ပြထားပါသည်။ ထို့ပြင် မတရားတာတွေကို မပြုလင့်၊ တရားတာတွေကို ပြုကြဟုလည်း ညွှန်ပြထားပါသေးသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် တရားတာ-မတရားတာ နှစ်မျိုးစလုံး၊ ပြုသင့်တာ-မပြုသင့်တာ နှစ်မျိုးစလုံးကို ပြည့်စုံစွာ ညွှန်ပြသူဖြစ်ကြောင်း တွေ့ရပါသည်။

ယခုခေတ် မြတ်ဗုဒ္ဓဟုဆိုအပ်သော ပိဋကတ်သုံးပုံသည် အဆိုပါအတိုင်း တရားတာ-မတရားတာ နှစ်ရပ်၊ ပြုသင့်တာ-မပြုသင့်တာ နှစ်ရပ်တို့ကို အကျယ်တဝင့် ပြဆိုလျက် ရှိပါသည်။ မြတ်ဗုဒ္ဓသည်လည်းကောင်း၊ ပိဋကတ် သုံးပုံသည်လည်းကောင်း တရားတာတစ်ဖက်ကိုသာ ညွှန်ပြသည့် တစ်ဖက်သတ် မဟုတ်ကြပေ။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္ဘဝါဒီပြောဆိုလာသော "ဘုရားက တရားတာတွေ ညွှန်ပြကြောင်း"စကားသည် လောကုတ္တရာအကျိုး တစ်ဖက်မပါခြင်း၊ မတရားတာကိုမပြုရဟု ဆုံးမသော အဆုံးအမတစ်ခြမ်း မပါခြင်းကြောင့် မှားယွင်းလှစွာသော အယူဝါဒသာ ဖြစ်ပါသည်။

# တရားဟူသည်မှာ
# တရားတာဟူသည်မှာ

တရားနှင့် တရားတာ-ဟူသော ဝေါဟာရနှစ်ခုကို အရတူ အနက်တူဟုဆိုခြင်း၊ နိုင်ငံတော်အုပ်ချုပ်သူ တရားသူကြီး ဥပဒေပြု ပညာရှင်များကို တရားတာ-မတရားတာမျှကိုပင် မသိသူများဟု စွပ်စွဲခြင်း၊

ဘုရားဆိုတာ ရုပ်တုတွေ စေတီတွေပဲဟုဆို၍ ဘုရားကိုပယ်ခြင်း၊ ဘုရား၏အသိဉာဏ်ဆိုတာ တရားတာမျှပဲဖြစ်သည်ဟုဆို၍ ဘုရားရှင်ကို သာမန်လူတစ်ဦးနှင့်အတူထား၍စော်ကားခြင်း စသည်တို့လည်း ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"ဘုရားက တရားသူကြီးလားဘုရား။ ဟုတ်တာပေါ့။ (ပ) အဲဒီသူတွေနဲ့ ဘုရားနဲ့ တူရတော့မလို ဖြစ်မနေဘူးလားဘုရား။ (ပ) တိုင်းပြည်ရဲ့တရားရုံးတွေမှာ တရားသူကြီးဆိုတာက တရားသူကြီးလို့ ခေါ်ရကာမျှပဲ ဖြစ်ပါတယ်။ တကယ့်တရားသူကြီး မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ တရား(တရားတာ)ကို ညွှန်ပြဆုံးဖြတ်သူ မဟုတ်လို့ပေါ့။ ဆရာတော် တရားစွဲခံထိနေဦးမယ်ဘုရား။ ဘာလို့လဲဆိုတော့ တရားသူကြီးက တရား (တရားတာ) မဆုံးဖြတ်ဘူးဆိုလို့ပေါ့ဘုရား။

"တရားသူကြီးက တရားဆုံးဖြတ်ရအောင် သူ့မှာ တရား (တရားတာ) အသိရှိလို့လား။ ရှိ မရှိတော့ မသိဘူးဘုရား။ မသိဘဲနဲ့ အမှုဖြစ်ရင် တရားသူကြီးထံ အဆုံးအဖြတ်ခံရသလား။ အဲဒါက တိုင်းပြည်ရဲ့ အုပ်ချုပ်မှုဓလေ့ပဲဘုရား။ အဲဒီ အုပ်ချုပ်သူကကော တရားအသိရှိသလား။ ဒါလဲ မသိဘူးဘုရား။ မသိဘဲနဲ့ ဒီဓလေ့

လိုက်ရသလား။ ဥပဒေက လိုက်နာရမယ်လို့ သတ်မှတ်ထားတာ ဘုရား။ အဲဒီဥပဒေက ဘယ်သူပြုထားတာလဲ။ အများပြည်သူပေါ့ ဘုရား။ အများပြည်သူက တရားသိသလား။ သိတယ်တော့ ဘယ် ဟုတ်ပါ့မလဲဘုရား။ (ပ)။

"ဒါရှင်းရင် ဒကာတို့ ကျော်လို့မရတဲ့ပြဿနာ ဘုရားဆီ တင်လေ။ ဘယ်လို တင်ရမလဲဘုရား။ ဘုရားက ရုပ်တုစေတီတွေပဲ။ (ပ) ဘုရားမလွန်ခင်က ဘုရားအသိဉာဏ်တွေဟာ (ပ) တရားပဲ။ ဘုရားရှိတုန်းက သူ့အသိဉာဏ် တရားတွေကို သူ့ဆီတပည့်ခံကြတဲ့ ပရိသတ်ဆီ ပေးခဲ့တယ်။ (ပ)။ တရားဟောတာဟာ သူ့အသိဉာဏ် မျိုးသိအောင် ပေးတာပဲ။ (ပ)

"တရားဟာ ဘုရားရဲ့အသိဉာဏ်တော်ပဲ။ (ပ)။ တရား မဟုတ်ဘူးဆိုရင် မတရားတာပဲ။ တရားတာက အသိဉာဏ်၊ မတရားတာက အသိဉာဏ်မဲ့မှုပဲ"ဟု ရေးသားထားပါသည်။ (ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ဓမ္မကထာ-စာ-၁၃၊၁၄၊၁၅၊၁၆၊၁၇၊၁၈၊၁၉၊၂၀)

## (က)
## စွပ်စွဲခြင်း

"အထက်ပါထဲတွင် တရားနှင့်တရားတာဟူသော ဝေါဟာရနှစ်ခုကို အနက်တူပြုထားပေသည်။

၁။ တရားမသိသော အများပြည်သူတို့က လိုက်နာရမည့်ဥပဒေတို့ ကို တရားမသိဘဲ ရေးဆွဲထားကြသည်။

၂။ တရားမသိသောအုပ်ချုပ်သူက တရားမသိဘဲ ထိုဥပဒေအတိုင်း အုပ်ချုပ်နေသည်။

၃။ တရားမသိသောတရားသူကြီးတို့က ထိုအုပ်ချုပ်မှုဓလေ့အတိုင်း တရားမသိဘဲ ဆုံးဖြတ်နေကြသည်။

ထို့ကြောင့် တိုင်းပြည်ရှိတရားရုံးတွေက တရားသူကြီးဆိုတာ တရား သူကြီးဟု ခေါ်ကာမျှသာဖြစ်သည်။ သူတို့မှာ တရား(တရားတာ)အသိ-မရှိကြ ဘူး" ဟု ပစ္စုပ္ပန်ကမ္ဘဝါဒီက စွပ်စွဲထားပါသည်။

ထို့ပြင် "မြတ်ဗုဒ္ဓ၏ အသိဉာဏ်ဆိုတာ တရားပဲ။ မြတ်ဗုဒ္ဓ၏ တရားဟောခြင်းသည် သူ့အသိဉာဏ်မျိုးကို သိအောင်ပေးတာပဲ" စသည်ဖြင့်လည်း ဆိုထားပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီ၏အဆိုများသည် သာသနာတော်ဓမ္မနှင့် မညီရုံမျှမကသေး၊ ကမ္ဘာပေါ်ရှိ နိုင်ငံတကာအုပ်ချုပ်ရေးဥပဒေဓမ္မနှင့်ပင် မညီသောကြောင့် အယူမှားများသာ ဖြစ်ကြပေသည်။

(ခ)

## တရားဟူသည်

ပစ္စုပ္ပန်ကမ္ဘဝါဒီသည် တရား၏အနက်ကို တရားတာဟု ယူထားသည်။ အမှန်မှာ တရားသည် ဓမ္မပင်ဖြစ်၍ ဓမ္မပုဒ်၏ အနက်အတိုင်းယူမှသာ မှန်ပါသည်။ ဓမ္မပုဒ်၏အနက်မှာ သင်္ခတတရားများ၊ အသင်္ခတတရားများ၊ ပညတ်တရားများပင် ဖြစ်ကြပါသည်။ ထိုတွင်-

> သင်္ခတတရားတို့သည် မိမိ၏သဘောကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ သက်ဆိုင်ရာ အကြောင်းတရားတို့က ဆောင်အပ်သောကြောင့်လည်းကောင်း၊ ဟုတ်မှန်သောသဘောအားဖြင့် မှတ်သားအပ်သောကြောင့်လည်းကောင်း ဓမ္မ(တရား) မည်ကြပါသည်။
>
> အသင်္ခတတရားများသည် မိမိ၏သဘောကို ဆောင်တတ်သောကြောင့်လည်းကောင်း၊ ဟုတ်မှန်သောသဘောအားဖြင့် မှတ်သားအပ်သောကြောင့်လည်းကောင်း ဓမ္မ(တရား)မည်ကြပါသည်။
>
> ပညတ်တရားတို့သည် မိမိ၏ဟုတ်မှန်သော (ပညတ်ချက်-အသိအမှတ်ပြုချက်)သဘောအားဖြင့်သာ မှတ်သားအပ်သောကြောင့် ဓမ္မ(တရား)မည်ကြပါသည်။

ဤသုံးမျိုးသော ဓမ္မတို့တွင် သင်္ခတတရားဟူသည်ကား စိတ် ၈၉/၁၂၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါးတို့ ဖြစ်ကြသည်။ အသင်္ခတတရားဟူသည်ကား နိဗ္ဗာန်သာ ဖြစ်သည်။ ပညတ်တရား ဟူသည်ကား မြန်မာနိုင်ငံ၊ နိုင်ငံတော်အစိုးရ၊ မောင်ဖြူ၊ မလှ အစရှိသော နာမည်များပင် ဖြစ်ပါသည်။ ထို့ကြောင့်ပင်-

အတ္တနော ပန သဘာဝံ ဓာရေန္တီတိ ဓမ္မာ။
ဓာရိယန္တိ ဝါ ပစ္စယေဟိ-တိ ဓမ္မာ။
ဓာရိယန္တိ ဝါ ယထာသဘာဝတောတိ ဓမ္မာ။

(အဘိ၊ဋ္ဌ၊၁၊၈၁။)

၁။ မိမိ၏သဘောကိုဆောင်တတ်သောကြောင့် ဓမ္မ မည်ကုန်၏။
၂။ အကြောင်းတရားတို့က ဆောင်အပ်သောကြောင့် ဓမ္မ မည်ကုန်၏။
၃။ ဟုတ်မှန်သော သဘောအားဖြင့် မှတ်သားအပ်သောကြောင့် ဓမ္မ မည်ကုန်၏ဟူ၍ ဖွင့်ပြထားပါသည်။

အထက်ပါ ဝိဂ္ဂြိုဟ်သုံးချက်တို့တွင် -

ပထမဝိဂ္ဂြိုဟ်ကို သင်္ခတတရား အသင်္ခတတရားတို့၏အစွမ်းဖြင့် ဆိုအပ်၏။

ဒုတိယဝိဂ္ဂြိုဟ်ကို သင်္ခတတရား၏အစွမ်းဖြင့် ဆိုအပ်၏။

တတိယဝိဂ္ဂြိုဟ်ကို သင်္ခတတရား၊ အသင်္ခတတရား၊ ပညတ်တရားတို့၏အစွမ်းဖြင့် ဆိုအပ်၏-ဟူ၍ မှတ်ယူထိုက်ပေ၏။

ဤသည်တို့ကား မြတ်ဗုဒ္ဓ၏ သာသနာတော်လာ ဓမ္မ(တရား)များ ဖြစ်ကြပေသည်။ ထို့ကြောင့် ဤဓမ္မ(တရား)တို့သည် တရားတာဟူသော ဝေါဟာရနှင့် အရကောက်ချင်း သဘောချင်း လုံးဝမတူကြောင်း ထင်ရှားပါသည်။

## တရားတာဟူသည်

တရားတာ-ဟူသော ဝေါဟာရသည် လောကသုံးစကားလုံးမျှသာ ဖြစ်သည်။ ဘာသာသာသနာသုံး စကားလုံးပင် မဟုတ်ချေ။ ယင်းစကား၏ အဓိပ္ပာယ်မှာ မျှတခြင်း (ကိုယ့်ဘက်က အသာလည်းမယူ၊ အနာလည်းမခံ၊ အသာလည်းမပေးခြင်းစသော)သဘောရှိ၍ ကိုယ်မနာသူမနာ၊ ကိုယ်မသာ သူမသာဖြစ်အောင် အလယ်အလတ် တည့်မတ်စွာထားခြင်းဟူ၍ ဖြစ်ပေသည်။ နိုင်ထက်စီးနင်း အတင်းမလုပ်ခြင်းဟု ဆိုလိုပေသည်။

ထို့ကြောင့် ဤတရားတာ-ဟူသော အနက်သည် မြတ်ဗုဒ္ဓသိအပ်၊ ဟောအပ်သော တရား-ဟူသောဝေါဟာရနှင့် ဘာမှမဆိုင်ပေ။ မြတ်ဗုဒ္ဓ၏

တရား-က တရားတာ-ဆိုသည့်အရာနှင့် မနီးသားအောင် သာလွန်ပြည့်စုံပါသည်။

မြတ်ဗုဒ္ဓ၏ဒေသနာတော်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ လောကီအကျိုးပြုတရားမျိုးမှာ ခမေ္ဘန-သမေနဟူ၍ ပါရှိကြပေသည်။ ဥပမာအားဖြင့် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်ခြင်းကြောင့် ရရှိသော ဥစ္စာဖြင့် မိဘသားမယားတို့ကို ကျွေးမွေးသည့်အရာမျိုးပင် ဖြစ်ပါသည်။ ဤအရာမျိုး၌ တရား=တရားတာဟူ၍ အနက်တူ သုံးနိုင်ပါသည်။

သို့သော်လည်း ဤလောကီအကျိုးပြုတရားတို့ကိုသာ မြတ်ဗုဒ္ဓ ဟောထားခြင်း မဟုတ်သောကြောင့် တရား=တရားတာဟူ၍ချည်း အရာရာမှာ သုံးနှုန်းလျှင် လုံးလုံးကြီး မှားပေတော့သည်။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္ဘဝါဒီ၏တရား (တရားတာ)ဟူသော အဆိုသည် အယူမှားမျှသာ ဖြစ်ပါသည်။

(ဂ)

## တရားသိသူများ

ပြည်သူအများ၊ အုပ်ချုပ်သူ၊ တရားသူကြီးတို့ကို တရား(တရားတာ) မသိသူများဖြစ်ကြောင်း ရှုတ်ချထားရာ-ပစ္စုပ္ပန်ကမ္ဘဝါဒီ ရှုတ်ချထားသည့်အတိုင်း လုံးဝမဟုတ်ကြပေ။

နိုင်ငံထဲတွင် တရား(တရားတာ)ကို မသိသူများ ရှိသကဲ့သို့ တရား(တရားတာ)ကို သိသူများလည်း ရှိကြပါသည်။

ဥပဒေကို တရားမသိသူများက ပြုထားခြင်း မဟုတ်ပေ။ တရားသိသူ ဥပဒေပြုအမတ်ခေါ် ပညာရှင်ကြီးများက ပြုထားခြင်းဖြစ်ပေသည်။

ဥပဒေပြုရာတွင် သက်ဆိုင်ရာ ကိုးကွယ်ခံ နိုင်ငံတော်ဘာသာတရား၏ အဆုံးအမများ၊ သက်ဆိုင်ရာနိုင်ငံ၏တည်ရှိရာ ပထဝီအနေအထားများ၊ သက်ဆိုင်ရာနိုင်ငံ၏ အဓိကထွက်ကုန်ပစ္စည်းအရင်းအမြစ်များ၊ သက်ဆိုင်ရာ နိုင်ငံ၏ ပတ်ဝန်းကျင်ရှိ အိမ်နီးချင်းနိုင်ငံများ၊ ပြည်တွင်းပြည်ပထွက်ကုန် သွင်းကုန်များနှင့် ကုန်သွယ်ရေးအချက်အချာကျသည့် ကုန်းလမ်းရေလမ်း အခြေအနေများ၊ ပြည်သူလူထု၏ ပညာတတ်ဦးရေ-လုပ်ငန်းရှင်များနှင့် အလုပ်သမားဦးရေ ကာယလုပ်သားများ ရာခိုင်နှုန်းစသည်စသည်တို့ကို

သေချာတွက်ချက်ပြီးမှ ဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်၍ ဥပဒေပြု ပညာရှင်များကို တရားသိသူများဟုသာ ဆိုသင့်ပါသည်။

ထိုဥပဒေအတိုင်း အုပ်ချုပ်သူ(အစိုးရအဖွဲ့)သည်လည်း အဆိုပါ အခြေအနေမျိုးစုံတို့ကို ပြည့်စုံနှံ့စပ်စွာ သိရှိမှုမှက အပြစ်ရှိသူ-အပြစ်ကင်းသူ၊ ရန်သူ-မိတ်ဆွေ၊ သစ္စာခံသူ-တော်လှန်သူ (သူပုန်) စသည်စသည်တို့ကိုပါ စေ့စေ့စပ်စပ် သိနေကြသဖြင့် အုပ်ချုပ်သူများကိုလည်း တရားသိသူများဟူ၍သာ မှတ်အပ်ပါသည်။

သက်ဆိုင်ရာ အုပ်ချုပ်သူအစိုးရအဖွဲ့က အုပ်ချုပ်ရေးဥပဒေအတိုင်း အုပ်ချုပ်နေသကဲ့သို့ တရားရုံးများကလည်း တရားဥပဒေအတိုင်း ဆုံးဖြတ်နေကြသည်သာ ဖြစ်ပါသည်။ တရားဥပဒေဆိုသည်မှာလည်း တရားသိသူ ပညာရှင်တို့က ရေးဆွဲထားခြင်းသာ ဖြစ်ပါသည်။

သက်ဆိုင်ရာနိုင်ငံအလိုက် ပြဋ္ဌာန်းသင့်၍ ပြဋ္ဌာန်းထားသည့် ဥပဒေများရှိသကဲ့သို့ တစ်ကမ္ဘာလုံးရှိ နိုင်ငံတကာနှင့် အညီအညွတ်ပြုလုပ်ထားသည့် ဥပဒေများလည်း ရှိကြပေသည်။ တရားသူကြီးမှန်သမျှတို့သည် အဆိုပါဥပဒေ အရပ်ရပ်တို့ကို တတ်ကျွမ်းအောင် သင်ယူ လေ့လာ တတ်မြောက်သူများချည်း ဖြစ်ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်ရှိ တရားသူကြီးတို့ကိုလည်း တရားသိသူများဟုသာ ယုံကြည်ရပါသည်။

အမှန်အားဖြင့် တရားသူကြီးတို့၌ တရားဥပဒေအသိရှိလျှင် တရားသိသူပင်တည်း။

အုပ်ချုပ်သူတို့၌ အုပ်ချုပ်ရေးကိစ္စအရပ်ရပ်ကိုအသိရှိလျှင် တရားသိသူပင်တည်း။

ဥပဒေပြုအမတ်တို့၌ ဥပဒေဆိုင်ရာ ရှောင်ဖွယ်ဆောင်ဖွယ် စသည်တို့ကိုသိလျှင် တရားသိသူပင်တည်း။

သူ့အသိနှင့်သူ အသိရှိလျှင် အသိရှိသူဖြစ်၍ တရားသိသူဖြစ်ပေတော့သည်။

## သူပုန်စိတ်ခါတ်

ပစ္စုပ္ပန်ကမ္ဘဝါဒီသည်ကား တရားနှင့်တရားတာမျှပင် ကွဲကွဲပြားပြား

မသိဘဲ ရောချနေသူဖြစ်ပေသည်။ ပစ္စုပ္ပန်ကမ္မဝါဒီက တရား-ဟုသတ်မှတ်ထားသည့် တရားတာ-မတရားတာ-ဆိုသည်လောက်ကိုမူ အထူးပြောဖွယ်မလိုပါ။ တရားသူကြီးတိုင်း သိကြသည်သာတည်း။ အုပ်ချုပ်သူတိုင်း သိကြသည်သာတည်း။ ဥပဒေပြုပညာရှင်တိုင်း သိကြသည်သာတည်း။

ပစ္စုပ္ပန်ကမ္မဝါဒီက "တရားသူကြီးများ၊ အုပ်ချုပ်သူများ၊ ဥပဒေပြုပညာရှင်များက တရားတာ-ကို သိသည့်အဆင့်လောက်မျှပင် မသိကြ"ဟုပင် ဆိုရက်လှပါပေသည်။

ထို့ပြင် လောကတရားဥပဒေနှင့် သာသနာဆိုင်ရာ တရားတော်တို့ကို တူသယောင်ယောင် ဖြစ်အောင်လည်း ပြုရက်လှပါပေသည်။ တရားသူကြီးစသူတို့မှာ ဘာသာ့ သာသနာဆိုင်ရာ အဆင့်မြင့်တရားတို့ကို မသိခြင်းကြောင့် တရားမသိသူဟု ရိုးတိုးရိပ်တိပ် ရောကြိတ်လိုဟန်ရှိပေသည်။

သို့သော် ပစ္စုပ္ပန်ကမ္မဝါဒီဆိုနေသည့် တရားမှာ "တရားတာမျှသည် တရား-မည်၏"ဟူသော အင်မတန်မှ အဆင့်နိမ့်ကျသည့်တရား ဖြစ်နေကြောင်း သတိမပြုမိလေရော့သလား မသိပေ။

ဘာသာသာသနာဆိုင်ရာ အဆင့်မြင့်တရားတို့ကို တရားသူကြီး စသူတို့ မသိကြသောကြောင့် တရားသိသူ မဟုတ်ဟုဆိုလျှင်မူ ခံသာစရာ ရှိပါသေးသည်။ မှန်လည်းမှန်နိုင်ပါသေးသည်။

ယခုတော့ "တရားတာ-မတရားတာ"ဆိုသည့် တရားလောက်မျှကိုပင် တရားသူကြီးစသူတို့က မသိကြသောကြောင့် တရားသူကြီးဆိုတာ တရားသူကြီးဟု ခေါ်ရုံမျှသာဟုဆိုခြင်း၊ တကယ့်တရားသူကြီး မဟုတ်-ဟုဆိုခြင်းတို့ကား ပစ္စုပ္ပန်ကမ္မဝါဒီ၏ သူပုန်စိတ်ဓာတ်ကို ဖော်ပြခြင်းမျှသာ ဖြစ်ပေတော့သည်။

ပစ္စုပ္ပန်ကမ္မဝါဒီ၏ "တရားတာသည် တရားမည်၏"ဟူသော တရားလောက်မျှပင် မသိကြကြောင်း စသည်တို့နှင့်စပ်၍ ပစ္စုပ္ပန်ကမ္မဝါဒီ၏ စကားများသည် သာသနာတော်ဓမ္မနှင့်လည်း မညီညွတ်၊ နိုင်ငံတော်အစိုးရ ပြဋ္ဌာန်းထားသည့် နိုင်ငံတော် အုပ်ချုပ်ရေး ဥပဒေဓမ္မနှင့်လည်း ဆန့်ကျင်သော အယူဝါဒဆိုးများသာဖြစ်ကြပါကြောင်း လျှောက်ထား/ပန်ကြား/တင်ပြအပ်ပါသည်။

## (ဃ)

## ရုပ်တုစေတီမျှသာဟူ၍

ဒကာတို့ ကျော်၍မရနိုင်သည့် ပြဿနာကို ဘုရားဆီတင်-မတင်ကိစ္စမှာ-ပစ္စုပ္ပန်ကမ္ဘဝါဒီတို့သည် ဘုရားဆိုတာ ဘယ်အရာလဲဟူ၍မျှ သိသူမဟုတ်သောကြောင့် စကားဖြစ်ရုံ ကြားကောင်းရုံမျှသာ ပြောခြင်းဖြစ်ကြောင်း ထင်ရှားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အကျယ်တဝင့် တင်ပြဖွယ်ရာ မလိုတော့ပါ။

"ဘုရားဆိုတာ ရုပ်တုစေတီတွေ"ဟု ဆိုသည့်စကားမှာ ရှင်းပြဖွယ်ရှိပါသေးသည်။ ရှေ့ပိုင်းတွင် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီးရာ ယခုခေတ်ယခုအခါတွင် ရှိတော်မူဆဲ 'ဘုရား'ကို တင်ပြချက် ပါရှိပြီးဖြစ်ပါသည်။ ထိုတင်ပြချက်အရ ပိဋကတ်သုံးပုံသည် 'ဘုရား' ဖြစ်ပါသည်။ သို့ဖြစ်၍ ပိဋကတ်သုံးပုံထဲရှိ စေတီတည်ခြင်းဆိုင်ရာ၊ ရုပ်တုကိုးကွယ်ခွင့်ပြုခြင်းဆိုင်ရာ တရားစကားတို့သည်လည်း 'ဘုရား'ဖြစ်တော်မူကြပါသည်။

အရှင်ဗာဟိယ ဒါရုစိရိယ အစရှိသော ရဟန္တာမြတ်တို့ ပရိနိဗ္ဗာန်ပြုပြီးသွားလျှင် အရိုးကောက်စေကာ စေတီတည်စေတော်မူပါသည်။ တဖုဿ (တပုဿ)နှင့် ဘလ္လိကတို့အား ဆံတော်ချီးမြှင့်၍ ကိုယ်စားတော်ကို ကိုးကွယ်ခွင့်ပြုတော်မူခဲ့ပါသည်။

ဤသို့ မြတ်ဗုဒ္ဓခွင့်ပြုတော်မူခြင်းမှာ စေတီတော် ရုပ်ပွားတော်တို့ကို လူတို့က မြင်ကြရ-ဖူးကြရသောအခါ -

"မြတ်ဗုဒ္ဓ၏ အရဟံဂုဏ်တော် အစရှိသော ဂုဏ်တော်များ၊ ရဟန္တာတို့၏ သုပ္ပဋိပ္ပန္နတာ အစရှိသော ဂုဏ်တော်များကို အောက်မေ့ကြ-သတိရကြလျက် ရှိခိုးခြင်း၊ ပန်းဆီမီးစသည်ဖြင့် ပူဇော်ခြင်း၊ စေတီရင်ပြင် ရုပ်ပွားတော်တို့မှာ တံမြက်လှည်းခြင်း၊ ရေသပ္ပာယ်ခြင်း စသည်ဖြင့် ကောင်းမှုတို့ကို ပြုကြပေလိမ့်မည်။

"ထိုအခါတို့မှာ ကုသိုလ်စိတ်တွေဖြစ်၍ ကုသိုလ်စေတနာတွေ ကုသိုလ်ကံတွေကို ရရှိကြပေလိမ့်မည်။

"ထိုကုသိုလ်ကံတို့သည် ပုဂ္ဂိုလ်အားလျော်စွာ အသိ+အကျင့် ရှိ-မရှိသို့လိုက်လျက် ယခုဘဝမှာပင် လောကီကောင်းကျိုး လောကုတ္တရာ ကောင်းကျိုးတို့ကို ဖြစ်စေ၊ နောင်ဘဝတို့မှာ အဆိုပါအကျိုးနှစ်မျိုးတို့ကို ဖြစ်စေ အကျိုးရှိစေကြပေလိမ့်မည်"ဟု သိမြင်တော်မူသောကြောင့်ပင် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓမြင်တော်မူသည့်အတိုင်းပင် စေတီတော် ဆင်းတုတော်တို့ကို ဖူးမြင်ကြပြီး ကုသိုလ်တွေရ ကောင်းကျိုးတွေရ ဖြစ်နေကြသူများလည်း အများအပြားပင် ရှိကြပေသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့ကဲ့သို့ ဘုရားဆိုတာ စေတီတွေ ရုပ်တုတွေပဲ-ဟုသာမြင်၍ စေတီတော်ဒြပ်စင်(သဏ္ဍာနပညတ်ကြီး)၊ ရုပ်ပွားတော်ဒြပ်စင်(သဏ္ဍာနပညတ်ကြီး)၏ ဝဏ္ဏာယတနခေါ် မျက်စိဖြင့် အမြင်ခံရသည့် အဆင်းရုပ် (ရူပါရုံ)မှာပင် လမ်းဆုံးနေသူများလည်း ရှိကြပါသေးသည်။

ရုပ်ပွားတော် စေတီတော်တို့ကို အရာအထောင်မက ဖူးရမြင်ရသော်ငြားလည်း ပစ္စုပ္ပန်ကမ္မဝါဒီကဲ့သို့သောသူတို့သည်ကား မြတ်ဗုဒ္ဓ၏ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ် စသည်တို့ကို တစ်ကြိမ်တစ်ခါမှပင် မထင်ဘူးကြချေ။

မှန်လှ၏။ စာရေးသူတို့သည် ယခုအခါတွင် ပစ္စုပ္ပန်ကမ္မဝါဒီ၏ စာအုပ်တို့ကို ၄၀-ကျော်အထိ ဖတ်ပြီးပြီဖြစ်ပါသည်။ စာမျက်နှာ-၄၀ ရှိ စာအုပ်မှစ၍ စာမျက်နှာ ၃၀၀-လောက်ရှိ စာအုပ်များဖြစ်ကြပါသည်။ သို့သော် ထိုစာအုပ်တို့မှာ "နမော တဿ"ပါသည့် စာအုပ်ဟူ၍ တစ်အုပ်သော်မျှ မတွေ့ရပေ။ မြတ်ဗုဒ္ဓ၏ အရဟံ စသောဂုဏ်တော်တို့ကို ပူဇော်ရေးသားထားသည့် စာလုံးဟူ၍ တစ်လုံးသော်မျှ မတွေ့ရပေ။

သို့ဖြစ်၍ ပစ္စုပ္ပန်ကမ္မဝါဒီတို့ကဲ့သို့သောသူများအတွက်မှာမူ မြတ်ဗုဒ္ဓ၏ အထိမ်းအမှတ်ဖြစ်သည့် ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓာတုစေတီတော်တို့နှင့် ပိဋကတ်သုံးပုံခေါ် ဓမ္မစေတီတော်တို့က အကျိုးများသည့် အပူဇော်ခံ အကိုးကွယ်ခံ ဖြစ်တော်မမူကြပေ။

စေတီတော်တို့ကို မပူဇော်ဘဲ ပြစ်မှားမှုများ ပြုလုပ်နေသူတို့ကို စေတီတော်တို့က အဘယ်သို့လျှင် ကောင်းကျိုးချမ်းသာ ဖြစ်စေတော်မူနိုင်ကြပါအံ့နည်း. . .။

ပစ္စုပ္ပန်ကမ္မဝါဒီသည် မြတ်ဗုဒ္ဓကို ကြည်ညိုသူ ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လျှင်မူ အရဟံစသော ဂုဏ်တော်တစ်ခုခုကို စာအုပ်တစ်အုပ်အုပ်၏ **တစ်နေရာရာမှာ ရေးမိမည်သာတည်း။**

## ဘုရားမဲ့ ဘာသာရေးခေါင်းဆောင်

အဋ္ဌကထာဆရာက ဖွင့်ပြထားသည်မှာ-

ပဟောန္တေန ပန ဓမ္မကထိကေန ပဋ္ဌနိကာယေ နဝင်္ဂသတ္ထုသာသနံ

စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ ဩဂါဟိတွာ ဗုဒ္ဓါဒီနံ ဝဏ္ဏော ပကာသေတဗ္ဗော။

(ပ) ဤဒိသေသု ဟိ ဌာနေသု ဓမ္မကထိကဿ ထာမော ဝေဒိတဗ္ဗော။

ဟူ၍ ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ-ဉာဏ်စွမ်းရှိသော တရားဟောသူ(စာရေးသူ)သည် နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန်ပေါင်း ရှစ်သောင်းလေးထောင်သို့ သက်ဝင်ပြီး၍ မြတ်ဗုဒ္ဓ၏ဂုဏ်တော်-ကျေးဇူးတော်၊ မြတ်ဓမ္မ၏ဂုဏ်တော်-ကျေးဇူးတော်၊ မြတ်သံဃာ၏ဂုဏ်တော်-ကျေးဇူးတော်ကို ထုတ်ဖော်ပြသအပ်၏။

အကြောင်းကား-ဤသို့သော ရတနာသုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော်ကို ထုတ်ဖော်ပြသရာ ဌာနများ၌ တရားဟောသူ(စာရေးသူ)၏ ဉာဏ်စွမ်းဉာဏ်စကို သိရပါသည်။

သို့ရာတွင် အစွမ်းအစမရှိသူ ပစ္စုပ္ပန်ကမ္မဝါဒီသည်ကား ဂုဏ်တော် တစ်ခုမျှကိုပင် ဖော်ထုတ် ရေးသားခြင်း မရှိချေ။

ဤကဲ့သို့ မြတ်ဗုဒ္ဓဂုဏ်တော်တို့ကို အသိစိတ်ထဲ၊ အသိဉာဏ်ထဲ ထင်မြင်လာစေရန် ကျေးဇူးပြုသောကြောင့် ရုပ်ပွားစေတီများသည် မြတ်ဗုဒ္ဓအစစ် မဟုတ်သော်လည်း မြတ်ဗုဒ္ဓအစစ်နှင့်မခြား အလားတူသာ ဖြစ်ပါသည်။

ထို့ကြောင့် လယ်တီဆရာတော်ကြီးက မုချတ္ထဒေသနာတော်နည်းအရ ဘုရားရှိပုံကို မိန့်တော်မူရာမှာ ဤသို့ဖတ်ရှုရခြင်း ဖြစ်ပါသည်။

## ဘုရားရှိ ဘာသာရေးခေါင်းဆောင်

"ဘုရား၏ကိုယ်တော်သည် (၁) ရူပကာယကိုယ်တော် (၂) ဓမ္မ

ကာယကိုယ်တော်ဟူ၍ ၂-ကိုယ်တော် ပါသည်။

(၁) ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံယူရာတွင် ချုပ်ငြိမ်းသောခန္ဓာတော်ကို ရူပကာယကိုယ်တော်-ဟု ခေါ်ပါသည်။

(၂) ဂုဏ်တော် ကျေးဇူးတော် အနန္တကိုလည်းကောင်း၊ ပိဋကတ်သုံးပုံတည်းဟူသော တရားတော်ကိုလည်းကောင်း ဓမ္မကာယကိုယ်တော်-ဟု ခေါ်ပါသည်။

ထိုနှစ်ပါးတို့တွင် ရူပကာယကိုယ်တော်မှာ-အချို့သာ ချုပ်ငြိမ်းပါသည်။ သုံးကုဋေခြောက်သန်းမျှမကသော ဆံတော်၊ သွားတော်လေးဆယ်၊ စွယ်တော်နှစ်စုံ၊ နဖူးသင်းကျစ်တော်၊ ညှပ်ရိုးတော်နှစ်ချောင်း၊ ရှစ်စရွတ်မျှလောက်သော အရိုးတော်တို့မှဖြစ်သော ဓာတ်တော် ဟူသော ဤရူပကာယကိုယ်တော်တို့မှာမူကား ကမ္ဘာမြေပေါ်တွင် ယခုပင် အနှံ့အပြားရှိလျက် ဖြစ်ပါသည်။

ဓမ္မကာယ ကိုယ်တော်မှာမူကား ခံယူသူရှိသမျှ ကာလပတ်လုံး ဘယ်သောအခါမှ မကွယ်ပါ။ ခံယူသူရှိရာမှာ တည်ထွန်းပါသည်။ အကနိဋ္ဌခေါ်သော အထက်ကောင်းကင်ဘုံကြီး၌ကား မဟာကမ္ဘာကြီး တစ်သောင်းခြောက်ထောင်မက တည်ထွန်းလျက် ရှိနေပါသည်။

ထို့ကြောင့် "ဗုဒ္ဓဘာသာ၌ ယခုဘုရားမရှိ"ဟု ဆိုသော စကားသည် ဘုရား၏ကိုယ်တော်နှစ်ပါးတွင် ပရိနိဗ္ဗာန်စံရာ၌ ချုပ်ငြိမ်းလေသော အချို့သော ရူပကာယကိုယ်တော် တစ်စိတ်မျှကိုသာ ရည်၍ ဆိုသောစကား ဖြစ်ပါသည်။

အထက်၌ ပြခဲ့သော ဆံတော်အစရှိသော ရူပကာယကိုယ်တော်စုနှင့် ဓမ္မကာယ ကိုယ်တော်မြတ်များမှာ ယခုထင်ရှား ရှိပါသည်။

(သာသနဝိသောဓနီကျမ်း၊ ဒုတိယတွဲ၊ စာ-၁၀၀-၁၀၁)

ထို့ကြောင့် အမှတ်(၁) ရူပကာယကဓာတ်တော်တို့ တည်ရှိရာ စေတီတို့သည် မုချဘုရားဖြစ်၍ အခြားအခြားသော စေတီရုပ်ပွားတို့သည်လည်း ဓာတ်တော်တို့ မတည်ရှိစေကာမူ သဒိသူပစာရတ္ထဘုရား ဖြစ်ကော်မူကြ

သည်သာတည်း။

"ဓာတူသု ဟိ ဌိတာသု ဗုဒ္ဓါ ဌိတာဝ ဟောန္တိ "(အံ၊ ဋ၊ ၁၊ ၃၅၈)အရ ဓာတ်တော်တို့သည် တည်ရှိကုန်လတ်သော် ဘုရားတို့သည် တည်ရှိကုန်၏။

"တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ" (ဝိမာန ပါဠိတော်) အရ သက်တော်ထင်ရှားရှိ မြတ်ဗုဒ္ဓ၌ဖြစ်စေ၊ ပရိနိဗ္ဗာန်စံပြီးရာမှ ကြွင်းကျန်ရစ်သော ဓာတ်တော်အများ တည်ရှိထားသည့် ဘုရားတွင်မည် စေတီ ရုပ်ပွား အစားစား၌ ဖြစ်စေ ကြည်ညိုစိတ်က ညီတူမျှသော် ကိုးကွယ်ရကျိုးလည်း တူသည်သာတည်း။

သို့ဖြစ်၍ ရုပ်တုစေတီတို့ကို ဘုရားမဟုတ်ဟူ၍ဆိုသော ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ဝါဒသည် အယူမှား ဝါဒမှား ဖြစ်ပါသည်။

## (င)

## တရားဟုတ်-မဟုတ်

တစ်ဖန် "ဘုရားရဲ့အသိဉာဏ်တွေဟာ တရားပဲ"ဟု ဆိုရမှာလည်း ရှင်းလင်းဖွယ်ရှိပါသည်။

မြတ်ဗုဒ္ဓ၏အသိဉာဏ်ဆိုသည်မှာ တရားကိုယ်အားဖြင့် မဟာဝိပါက်စိတ်-၁ပါး၊ မဟာကြိယာဉာဏ် သမ္ပယုတ်စိတ် ၄-ပါး၊ မဟဂ္ဂုတ်ကြိယာစိတ် ၉-ပါး၊ လောကုတ္တရာဝိပါက်-အရဟတ္တဖိုလ်စိတ် ၁/၅-ပါးတို့၌ရှိသော ပညာတို့သာ ဖြစ်ပါသည်။ စုစုပေါင်းသော်မှ ၁၅/၁၉-ပါးမျှသာ ရှိပါသည်။

ထိုတွင် မဟာကြိယာဉာဏ်များကပင် ဒေသနာဉာဏ်တော်၊ သဗ္ဗညုတဉာဏ်တော်၊ ပဋိသမ္ဘိဒါဉာဏ်တော်၊ ဝေသာရဇ္ဇဉာဏ်တော်၊ ဒသဗလဉာဏ်တော် စသည်ဖြင့် ကိစ္စကွဲသည့်အလျောက် အမည်ကွဲများ ဖြစ်ပေါ်လာ၍ ဉာဏ်တော်အနန္တ ဖြစ်လာကြပါသည်။

မဟဂ္ဂုတ်ကြိယာဉာဏ်တော်များကလည်း ဈာနသမာပတ္တိဉာဏ်တော် စသည်ဖြင့် များလာကြပါသည်။ အရဟတ္တဖိုလ်ဉာဏ်တော်များကလည်း မဟာကရုဏာသမာပတ္တိဉာဏ်တော်၊ ဖလသမာပတ္တိဉာဏ်တော် စသည်ဖြင့် များလာကြပါသည်။ ထို့ကြောင့် ဉာဏ်တော်အနန္တဟု ဆိုကြရပါသည်။

သို့သော်လည်း မူရင်းတရားကိုယ်အားဖြင့်မူ ၁၅/၁၉-ပါးသာ ရှိကြပါသည်။

တရားဟူသည်ကား စိတ် ၈၉/၁၂၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ နိဗ္ဗာန်၊ ပညတ် ဟူ၍ အကျဉ်း ၁၇၁-ပါး၊ အကျယ် ၂၀၃-ပါး ရှိပါသည်။

ဤတရားများသည်လည်း အဇ္ဈတ္တ ဗဟိဒ္ဓစသည်ဖြင့် ဖြစ်၍ အသင်္ချေယျ-အနန္တ များလှပါသည်။ ဤသို့ အသင်္ချေယျ-အနန္တ များတာချင်း တူသော်လည်း မူရင်းတရားကိုယ်ချင်း မတူကြသောကြောင့် မြတ်ဗုဒ္ဓ၏ အသိဉာဏ်တို့သည် တရားတော်တို့ထဲက အစိတ်အဝက်မျှသာ ဖြစ်ကြပါသည်။

အဆိုပါတရားတော်တို့သည် အသိဉာဏ်အရာဖြစ်မှု (၁)ဉာဏတရား (၂) ဥေယျတရားဟူ၍ နှစ်မျိုး ရှိနိုင်ပါသည်။

မြတ်ဗုဒ္ဓ၏ ဉာဏ်တော်တရားကိုယ် ၁၅/၁၉-ပါးတို့သည် ဉာဏ-ဉေယျ နှစ်မျိုးဖြစ်ကြပါသည်။ ကြွင်းသောတရားမှန်သမျှသည် ဉေယျမျှသာ ဖြစ်ကြပါသည်။ ကြွင်းသောတရားတို့သည် ဘယ်သောအခါမှာမှ မြတ်ဗုဒ္ဓ သန္တာန်တော်အတွင်း၌ ဉာဏ်ဟူ၍ မဖြစ်ကောင်းပေ။ မြတ်ဗုဒ္ဓ၏ဉာဏ်တော်ဖြင့် သိအပ်သောအသိခံတရားမျှသာ ဖြစ်ကောင်းကြပါသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓ၏ အသိဉာဏ်နှင့်တရား၊ ဤနှစ်ခု အတူတူဖြစ်ကြောင်း ပြောဆိုထားသည့် ပစ္စုပ္ပန်ကမ္မဝါဒီ၏ဝါဒသည် အယူမှားကြီးသာ ဖြစ်ပါသည်။

## (၈)
## တရားတော်ကို ဖျက်ဆီးခြင်း

တစ်ဖန် အတ္တာပန္နခေါ် အနက်ကျ အနက်ရောက်ကိုယူ၍ ရှင်းလင်းဖွယ်တစ်ခု ရှိလာပါသေးသည်။ ပစ္စုပ္ပန်ကမ္မဝါဒီက "မြတ်ဗုဒ္ဓ၏အသိဉာဏ်သည် တရားဖြစ်သည်။ တရားမဟုတ်ဘူးဆိုလျှင် မတရားတာပဲ ဖြစ်သည်။ တရားတာက အသိဉာဏ်၊ မတရားတာက အသိဉာဏ်မဲ့မှုပဲ"ဟု ဆိုလေရာ ဆင်ခြင်ကြည့်တော်မူကြပါ။

မြတ်ဗုဒ္ဓသည် "တရားတာ-မတရားတာ"ဟုဆိုအပ်သော အောက်ထစ်ဆုံးတန်းက တရားပေါက်စကလေးကိုသာ သိတော်မူသည်-ဟုစွပ်စွဲခြင်း

သာ ဖြစ်ပါတော့သည်။ မြတ်ဗုဒ္ဓ၏ အသိဉာဏ်ဆိုသည့်အရာမှာလည်း တရားတာမျှကလေးပင် ဖြစ်သည်ဟု ကန့်သတ်ရာရောက်ပါတော့သည်။

ဤမျှလောက်သော အသိဉာဏ်မျိုး၊ ဤမျှလောက်သော တရားတာမျိုးကို ကလေးမှစ၍ လူတိုင်းနီးပါး သိကြသည်သာ မဟုတ်ပါလော။ စာရေးသူတို့၏ ပူဇော်ရာပလ္လင်ထက်က မြတ်ဗုဒ္ဓသည် ပစ္စုပ္ပန်ကမ္ဘဝါဒီတို့၏ လက်ချက်ကြောင့် အောက်ဆုံးထစ်ဆီသို့ ရောက်ရှိတော်မူရချေပြီတကား။

ဤတစ်ချက်တည်းဖြင့်ပင် မြတ်ဗုဒ္ဓ၏ ဉာဏ်တော်အားလုံး ဂုဏ်တော်အားလုံးကိုလည်း ပစ္စုပ္ပန်ကမ္ဘဝါဒီက ဖျက်ဆီးပစ်ပါသည်။

မြတ်ဗုဒ္ဓ ဟောထားသည့် တရားအားလုံးကိုလည်း ပစ္စုပ္ပန်ကမ္ဘဝါဒီက ရေပုပ်မြောင်းထဲ မျှောပစ်ပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီတို့သည် "ဘုရား ဘုရား"ဟူ၍ ကြားကောင်းအောင် ဆိုကြသော်လည်း စကားလုံးမျှသာ ဆိုခြင်းဖြစ်ပေသည်။

မှန်၏။ အထက်ပါ စကားတို့အရ ဘုရားဆိုသည်မှာ သာမည အသိဉာဏ်ရှိသူ သာမန်လူဟူသောအဆင့်ထက် ဘာမျှပိုသူမဟုတ်ဟု သတ်မှတ်ထားကြောင်း ထင်ရှားလှပြီ ဖြစ်ပါသည်။

## ဗုဒ္ဓမှာတမ်းတော်

"အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ။ (သီလက္ခန္ဓဝဂ္ဂပါဠိတော်။)

"တုမှာကံ သတ္ထာ န သဗ္ဗညူ။ ဓမ္မော ဒုရက္ခာတော။ သံဃော ဒုပ္ပဋိပန္နော-တိအာဒီနိ သုတွာ န တုဏှီ ဘဝိတဗ္ဗံ။ (ပ) ယံ တုမှေဟိ ဝုတ္တံ။ တံ ဣမိနာပိ ကာရဏေန အဘူတံ။ ဣမိနာပိ ကာရဏေန အတစ္ဆံ။ (ပ) န စ ပနေတံ အမှေသု သံဝိဇ္ဇတိ။ သဗ္ဗညူယေဝ အမှာကံ သတ္ထာ။ သွာက္ခာတော ဓမ္မော။ သုပ္ပဋိပန္နော သံဃော။ တတြ ဣဒဉ္စိဒဉ္စ ကာရဏံ။ ဣဒဉ္စ အဝဏ္ဏောယေဝ နိဗ္ဗေဌနံ ကာတဗ္ဗံ။ (ပ) မနောပဒေါသံ အကတွာ အဝဏ္ဏော နိဗ္ဗေဌေတဗ္ဗော။ (ဒီ႒၊၁၊၅၃။)

"မဟုတ်သောစကား၊ မမှန်သောစကားကို မဟုတ်ကြောင်း မမှန်ကြောင်း ပြန်ပြောခြင်းဖြင့်သာလျှင် ပယ်ထုတ်ပစ်အပ်၏။

(ပါဠိတော်မြန်မာပြန်)

"သင်တို့ရဲ့ဘုရားဆိုတာဟာ အလုံးစုံကို သိသူမဟုတ်ပါဘူး။ (တရားတာလောက်သာသိသူ ဖြစ်တယ်လေ။) သင်တို့ရဲ့တရားဆိုတာဟာ ကောင်းကောင်းမွန်မွန်ဟောထားတဲ့တရား မဟုတ်ပါဘူး။ (အခုဆိုရင် ကြာလို့ ပျက်ပြီးတော့ မဟုတ်တာတွေဘဲ ကျန်တော့တာလေ။) သင်တို့ရဲ့ သံဃာဆိုတာကလဲ မကောင်းတဲ့အကျင့်တွေကို ကျင့်နေသူတွေပဲ-အစရှိသော စကားတို့ကိုကြားရလျှင် ရေငုံနှုတ်ပိတ် အသံတိတ်၍ မနေသင့်။

"သင်တို့ ဆိုသောစကားသည် သင်တို့ပြောသည့်အတိုင်း ဤအကြောင်းကြောင့်လည်း မဟုတ်ချေ။ ဤအကြောင်းကြောင့်လည်း မမှန်ချေ။ သင်တို့ဆိုသည့်စကားအတိုင်း ငါတို့မှာ မရှိ။

"ငါတို့ဘုရားသည် ဤအကြောင်းကြောင့်လည်း အလုံးစုံကို သိသူသာဖြစ်ပေသည်။ ငါတို့တရားသည် ဤအကြောင်းကြောင့်လည်း ကောင်းစွာဟောအပ်သောတရားသာ ဖြစ်ပေသည်။ ငါတို့သံဃာသည် ဤအကြောင်းကြောင့်လည်း ကောင်းမြတ်သောအကျင့်ကို ကျင့်သူများသာ ဖြစ်ပေသည်။

"ဤသို့ မဟုတ်သောစကား၊ မမှန်သောစကားကို ကြားရသောအခါ ဟုတ်မှန်သောအကြောင်းဖြင့် ပြန်ပြောခြင်း-တားဆီးဆို့ပိတ်ပယ်ထုတ်ခြင်းကို ဘုရားတရားသံဃာတို့၏ ဂုဏ်ကျေးဇူးတို့ကို ကဲ့ရဲ့ရှုတ်ချပြောဆိုလာရာ၌သာ ဖြေရှင်းမှု ပြုအပ်ပေ၏။ (ပ) အမျက်ထွက်ခြင်း၊ အငြိုးထားခြင်းကို မပြုဘဲ ကဲ့ရဲ့ရှုတ်ချမှုကို ဖြေရှင်းအပ်၏" ဟု မိန့်မှာတော်မူခဲ့သည်။

(အဋ္ဌကထာဘာသာပြန်)

မြတ်ဗုဒ္ဓကပင်လျှင် ကြိုတင်မြင်တော်မူသည်ဖြစ်၍ ပစ္စုပ္ပန်ကမ္မဝါဒီတို့၏အယူမှားများကို ရှင်းလင်းကြရန် တာဝန်အပ်နှင်းထားခဲ့ပြီးဖြစ်ကြောင်း ဆင်ခြင်ကြည့်လျှင် မြင်ကြရပေလိမ့်မည်။

အထက်ပါ ပါဠိတော် အဋ္ဌကထာတို့၏ ညွှန်ကြားချက်ကို အရိုအသေပြုလျက် မြတ်ဗုဒ္ဓ၊ မြတ်ဓမ္မ၊ မြတ်သံဃာတို့နှင့်စပ်၍ ပစ္စုပ္ပန်ကမ္မဝါဒီ၏ မဟုတ်သောစကားများ၊ မမှန်သောစကားများကို ဖြေရှင်းရခြင်း၊ နိုင်ငံတော်အုပ်ချုပ်သူအစိုးရအဖွဲ့၊ တရားသူကြီးများ၊ ဥပဒေပြုပညာရှင်များနှင့်စပ်၍ ပစ္စုပ္ပန်ကမ္မဝါဒီ၏ မဟုတ်သောစကားတွေ မမှန်သောစကားတွေကို ဖြေရှင်းရခြင်း ဖြစ်ပါသည်။

# ပိဋကတ်သုံးပုံကို စော်ကားသူများ (၁)

စိတ်သိနှင့်ဉာဏ်သိ နှစ်မျိုးရှိကြောင်းဆိုရာမှာ ဗုဒ္ဓဘာသာတို့ကို လှည့်စား သိမ်းသွင်းလိုသောကြောင့်သာ ဉာဏ်သိကိုဆိုခြင်း၊

တရားဓမ္မဟုဆိုသော်လည်း ၎င်းတို့တရားဓမ္မမှာ မြတ်ဗုဒ္ဓ၏ တရားမဟုတ်သော တရားဓမ္မ ဖြစ်ခြင်း၊

တရားအသိဉာဏ်မရှိသူတို့က ဆောင်လာတာဖြစ်ခြင်းကြောင့် ယခုရှိနေဆဲ ပိဋကတ်သုံးပုံတို့သည် အလွဲ အမှားများသာ ဖြစ်ကြသည် ဟုဆိုခြင်းတို့နှင့်စပ်လျဉ်းသောစာပေများ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီက-

"မြင်ရကြားရ အစစအသိတွေနဲ့ မြင်ဖူးကြားဖူး အစစ အသိတွေ၊ မြင်ပြကြားပြ အစစအသိတွေနဲ့ သိရတဲ့ အသိတွေဟာ စိတ်သိတွေပေါ့။ (ပ)။ ဖြစ်ချင်တာဖြစ်တဲ့အထိ အာရုံကိုသိတဲ့အသိ တွေကို ဆက်စပ်တည်ဆောက်ပြီး သိတဲ့အသိဟာ ဉာဏ်သိပဲ။.(ပ)

"ဘုရားရဲ့ အသိဉာဏ်တော်တွေဟာ တရားဓမ္မတွေပဲ ဖြစ်ကြတယ်။ ဘုရားက အဲဒီအသိဉာဏ်တွေ(တရားဓမ္မတွေ)ကို လူတွေကို မပေးခဲ့ဘူးလား။ ပေးခဲ့တာပေါ့ဘုရား။ (ပ)

"တရားစာတွေကကော ဘုရားရဲ့တရားတွေပဲလားဘုရား။ ဘုရားရဲ့တရားတွေကို မှတ်တမ်းပြုထားတဲ့ မှတ်စာတွေပေါ့။ အဲဒါတွေလဲ ဘုရားရဲ့ အသိဉာဏ်တွေပဲလားဘုရား။ ဘုရားအသိဉာဏ်တွေကို မှတ်တမ်းပြုထားတာတွေပဲပေါ့။

"ဘုရားက တရားဟောတာနဲ့ အဲဒီတရားမှတ်တမ်းစာတွေ

အတူတူပဲလားဘုရား။ (ပ) ကာလ၊ ဌာန၊ ပုဂ္ဂလတွေက ပြောင်းခဲ့လှပြီပဲ။ (ပ) ။

"ဘုရားက ကိုယ်တိုင်ဟောပေမဲ့ ရသူမှပဲ ရတာမဟုတ် လား။ နှလုံးသွင်းလို့ မဝင်ရင် မရဘူးပေါ့ဘုရား။ မှတ်စာဆိုတော့ ပိုဆိုးတာပေါ့။

"မှတ်တမ်းစာအုပ်တွေက သိပ်ကြီးအိုဟောင်းနေပြီပဲ။ မှတ်တမ်းမတင်ခင်က အဆင့်ဆင့်ပြောင်းပြီး ဆောင်ခဲ့ကြရတာ။ အဲဒါ နှစ်ပေါင်း ၄၀၀-လောက်ဆိုတော့ ပြောင်းတဲ့ အဆင့်က မနဲဘူး။ ပြောင်းတာများတော့ ချွတ်ချော်ပြီး ဆောင်စရာရှိတယ်လို့။ (ပ) ဆောင်သူဟာ အသိဉာဏ်ရပြီး ဆောင်တာလား။ စကားရပြီး ဆောင်တာလား။

"အသိဉာဏ်မရဘဲ အသိဉာဏ်ကို မှတ်တမ်းပြုထားတဲ့ စကားပဲဆောင်သူဆိုရင် လွဲရမှာပဲ။ ကြည့်ရတာအရဆိုရင် အသိဉာဏ်မရဘဲ ဆောင်သူပဲ များစရာရှိတယ် တွေ့ရတယ်။ အသိဉာဏ်ရသူဟာ စကားလုံးကို ဆောင်ရိုးမတွေ့ရဘူး။ (ပ) ပုံပြင်ကိုသိတော့ ပြောချင်ရင် ကိုယ့်စကားနဲ့ ပြောတာပဲ မဟုတ်လား"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္ဘာဝါဒီ၏ဓမ္မကထာ-စာ-၂၁၊၂၂၊၂၃၊၂၄၊၂၅၊၂၆၊၂၇၊၂၈)

(က)

အထက်ပါထဲတွင် စိတ်သိ၊ ဉာဏ်သိ နှစ်ခုရှိကြောင်းကိုလည်း တွေ့ရပါသည်။

မြတ်ဗုဒ္ဓ၏ အသိဉာဏ်တော်များသည် တရားဓမ္မများပင် ဖြစ်ကြောင်းကိုလည်း တွေ့ရပြန်ပါသည်။

မြတ်ဗုဒ္ဓ၏တရားတော်တို့သည် မြတ်ဗုဒ္ဓခေတ်က လူသားတွေရရှိခဲ့ကြသည့် အရာများဖြစ်သည်။ သို့သော်ငြားလည်း-

(၁) နှစ်ပေါင်းလေးရာလောက်အထိ မှတ်တမ်းမရှိဘဲ နှုတ်ဆင့်ကမ်းသယ်ဆောင်လာရသည်ဖြစ်ခြင်း၊

(၂) မှတ်တမ်းရှိပြီး နောက်ပိုင်းခေတ်များမှာလည်း ကာလ၊ ဌာန၊

ပုဂ္ဂလတို့ အပြောင်းအလဲများစွာ ရှိခဲ့ခြင်းတို့ကြောင့် ယခုရှိနေဆဲ ပိဋကတ်သုံးပုံ(မှတ်စာ)တရားများသည် အလွဲအမှားများသာဖြစ်ကြောင်း၊

တရားတော်တို့ကို ဆောင်သူများသည် အသိဉာဏ်ရရှိသူများ မဟုတ်ဘဲ (မှတ်စာ)စကားလုံးမျှကိုသာ ရရှိသူများဖြစ်ကြောင်း၊

ယခုရှိနေဆဲ ပိဋကတ်သုံးပုံတို့သည် ပုံပြင်များသာဖြစ်ကြောင်း (ဝါ) ပုံပြင်နှင့်တူသည့် စကားလုံးများသာဖြစ်ကြောင်း စွပ်စွဲထားသည်တို့ကို တွေ့ရပါသည်။

ပြောရဲလှပေသည်။
ပြောရက်လှပေသည်။
ပြောထွက်ကြပါပေသည်။

(ခ)

ထိုတွင် စိတ်သိ၊ ဉာဏ်သိနှစ်မျိုးရှိရာ ပစ္စုပ္ပန်ကမ္မဝါဒီတို့က စိတ်သိကိုသာ အတည်ယူ၍ ဉာဏ်သိကိုမူ အခိုင်အမာ ပယ်သူများဖြစ်ကြောင်း ရှေ့ပိုင်းမှာ တင်ပြပြီး ဖြစ်ပါသည်။ ယခုအခါမှာ ဉာဏ်သိဆိုသည်ကို ထည့်ပြောလာခြင်းမှာလည်း ဗုဒ္ဓဘာသာဝင်(အညံ့စား)များကို နားလှည့်ပါးလှည့် လုပ်လိုသော အလိုဆိုးကြောင့်သာ ဖြစ်ကြောင်း ထင်ရှားပါပြီ။ ထို့ကြောင့် အကျယ်ရှင်းပြဖွယ် မလိုတော့ပါ။

တစ်ဖန် ဘုရား၏အသိဉာဏ်တွေသည် တရားဓမ္မဖြစ်သည်ဟု ဆိုရာမှာလည်း ဗုဒ္ဓဘာသာလာ သုံးစွဲနေကျတရား၊ သိနေကျတရား မဟုတ်ကြောင်း ရှေ့ပိုင်းမှာ တင်ပြပြီး ဖြစ်ပါသည်။ တရားဓမ္မအတုများကို ဆိုလိုခြင်းပင်။

(ဂ)

ဤနေရာ၌ အထူးရှင်းပြဖွယ်မှာ "ယခုရှိနေဆဲ ပိဋကတ်သုံးပုံ (မှတ်စာ) တရားများသည် အလွဲအမှားများသာ ဖြစ်ကြောင်း" စသည်တို့နှင့် စပ်လျဉ်းသောအချက်များပင် ဖြစ်ပါသည်။

ပိဋကတ်သုံးပုံနှင့်ပတ်သက်၍ ဆောင်သူများ၏ပရိယတ္တိသည်-

(၁) အလဂဒ္ဒူပမာပရိယတ္တိ၊

(၂) နိဿရဏတ္ထပရိယတ္တိ၊

(၃) ဘဏ္ဍာဂါရိကပရိယတ္တိဟု သုံးမျိုးရှိပါသည်။

ထိုပရိယတ္တိ ၃-မျိုးတို့တွင် သူတစ်ပါးတို့အား ချုပ်ချယ်လိုခြင်း အစရှိသောအလိုဆိုးဖြင့် သင်ယူခြင်းကို အလဂဒ္ဒူပမာပရိယတ္တိဟု ခေါ်ပါသည်။

သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံခြင်းကို အလိုရှိသောစိတ်ကောင်းဖြင့် သင်ယူခြင်းကို နိဿရဏတ္ထပရိယတ္တိဟု ခေါ်ပါသည်။

ဒုက္ခသစ္စာ(ခန္ဓာ)တို့ကို ပိုင်းခြား၍သိပြီးခြင်း၊ သမုဒယသစ္စာ(တဏှာ)တို့ကို ပယ်စွန့်ပြီးခြင်း၊ မဂ္ဂသစ္စာ(မဂ္ဂင်)တို့ကို ဖြစ်စေပြီးခြင်းကြောင့် မပျက်စီးဘဲ အမြဲတည်သော အရဟတ္တဖိုလ်ရရှိ၍ နိရောဓသစ္စာ (နိဗ္ဗာန်)ကို မျက်မှောက်ပြုပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ ပဝေဏီပါလန-ရှေ့အဖို့မှလာသော အစဉ်ကို စောင့်ရှောက်ခြင်း၊ ဝံသာနုရက္ခဏ-နောက်အဖို့မှာ ဖြစ်လတ္တံ့သော အဆက်ကို စောင့်ရှောက်ခြင်းအကျိုးငှာ သင်ယူခြင်းသည် ဘဏ္ဍာဂါရိကပရိယတ္တိ ဖြစ်ပါသည်။ (ဒီ၊ဋ္ဌ၊၁၊၂၁-၂၂။)

၁။ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ခေတ်ကာလ (နှစ်ပေါင်း-၄၅-နှစ်)

၂။ မြတ်ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် ပထမသံဂါယနာနှင့် ဒုတိယသံဂါယနာကြား ခေတ်ကာလ(နှစ်ပေါင်း-၁၀၀-နှစ်)

၃။ ဒုတိယသံဂါယနာနှင့် တတိယသံဂါယနာကြား ခေတ်ကာလ (နှစ်ပေါင်း ၁၃၅-နှစ်)

၄။ တတိယသံဂါယနာနှင့် စတုတ္ထသံဂါယနာကြား ခေတ်ကာလ (နှစ်ပေါင်း ၂၀၀-)တို့အတွင်း၌ ပရိယတ္တိ-ပိဋကတ်သုံးပုံကို သင်ယူခြင်းများ ရှိခဲ့ကြပါသည်။

၅။ ထို့အတူ စတုတ္ထသံဂါယနာ၊ ပဉ္စမသံဂါယနာ၊ ဆဋ္ဌသံဂါယနာတို့နှင့် ယနေ့ခေတ်ကာလတိုင်အောင် (နှစ်ပေါင်း ၂၅၅၁-နှစ်)အထိလည်း ပရိယတ္တိ-ပိဋကတ်သုံးပုံတို့ကို သင်ယူခြင်းများ ရှိကြပါသည်။

ဤသို့သင်ယူကြရာတွင် မြတ်ဗုဒ္ဓခေတ်မှ စတုတ္ထသံဂါယနာမတင်မီခေတ်အထိ နှစ်ပေါင်း ၅၀၀-ခန့် ကြာသည့်ကာလတိုင်အောင် ပိဋကတ်သုံးပုံ

ကို အက္ခရာသင်္ကေတဖြင့် အတည်ပြုထားခြင်း မရှိသေးသောကြောင့် နှုတ်ဆင့် ကမ်းသင်ယူ၍ ဆောင်ကြရပါသည်။ စတုတ္ထသံဂါယနာမှစ၍ ယနေ့တိုင် အောင် ကာလတစ်လျှောက်လုံးမှာမူ ပိဋကတ်သုံးပုံကို အက္ခရာသင်္ကေတဖြင့် အတည်ပြုထားပြီးဖြစ်၍ ပေမူ-စာအုပ်မူတို့အတိုင်း သင်ယူ၍ ဆောင်ကြ ရပါသည်။

ဤသို့သင်ယူ၍ ဆောင်ကြရာ၌ (၁) သင်ခြင်း (၂) ဆောင်ခြင်း ဟူ၍ နှစ်ဆင့်ရှိပါသည်။ သင်ခြင်းကိစ္စ၌ သင်ပြပေးသူ(ဆရာ)နှင့် သင်ယူသူ (တပည့်)ဟူ၍ နှစ်ဖက် ရှိပါသည်။

ထိုဆရာ-တပည့်တို့တွင်လည်း အလဂဒ္ဒူပမာပရိယတ္တိသမား၊ နိဿရဏတ္ထပရိယတ္တိပုဂ္ဂိုလ်၊ ဘဏ္ဍာဂါရိကပရိယတ္တိပုဂ္ဂိုလ်ဟူ၍ သုံးမျိုး ရှိကြမည် ဖြစ်ပါသည်။ ထိုတွင်-

၁။ ဗုဒ္ဓခေတ်မှ စတုတ္ထသံဂါယနာခေတ်အတွင်း၌ ဘဏ္ဍာဂါရိက ပရိယတ္တိဆရာများနှင့် နိဿရဏတ္ထပရိယတ္တိတပည့်တို့သည် ပရိယတ္တိမှတစ် ဆင့် ပဋိပတ္တိဖြစ်၍ နိဿရဏအဖြစ်သို့ အစဉ်တစိုက် ဆိုက်ရောက်ကြပါ သည်။ တစ်ဖန် ဘဏ္ဍာဂါရိကဆရာ ဖြစ်တော်မူကြပြန်ပါသည်။

၂။ အထူးသဖြင့် ဘဏ္ဍာဂါရိကပရိယတ္တိဆရာနှင့် ဘဏ္ဍာဂါရိက ပရိယတ္တိတပည့်တို့လည်း ရှိကြပါသေးသည်။ ရှင်မဟိန္ဒထေရ်သည် ရဟန်း ဖြစ်ရာ သိမ်ထဲမှာပင် ပဋိသမ္ဘိဒါပတ္တရဟန္တာအဖြစ်သို့ ရောက်ပါသည်။ ရဟန္တာဖြစ်ပြီးမှ အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံတို့ကို သုံးနှစ်တိုင် တိုင် သင်ယူတော်မူပါသည်။ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ ရဟန္တာမြတ်ကြီးက သင်ပေးတော်မူပါသည်။ (ဝိ႒၁၊၃၉)

၃။ ထို့ပြင် ဘဏ္ဍာဂါရိကဆရာမြတ်က အလဂဒ္ဒူပမာပရိယတ္တိ တပည့်ကို သင်ပြပေးမိသည်များလည်း ရှိနိုင်ပါသည်။ ဤသို့လျှင် ဘဏ္ဍာ ဂါရိကပရိယတ္တိဆရာတို့က ဘဏ္ဍာဂါရိက၊ နိဿရဏတ္ထ၊ အလဂဒ္ဒူပမာ တပည့် အသီးသီးကို သင်ပြပေးရာမှာ ပဝေဏီပါလနအကျိုးနှင့် ဝံသာနု ရက္ခဏအကျိုး ရရှိကြပါသည်။ ရှေးခေတ်လာ အစဉ်မပြတ်ခြင်းနှင့် နောက် ခေတ်မှာအစဉ်စပ်ခြင်းအကျိုးပင် ဖြစ်ပါသည်။

၄။ တစ်ဖန် နိဿရဏတ္ထပရိယတ္တိဆရာများက ဘဏ္ဍာဂါရိက၊

နိဿရဏတ္ထ၊ အလဂဒ္ဒူပမာပရိယတ္တိ တပည့်တို့အား သင်ပြပေးခြင်းများလည်း ရှိကြပါသည်။

(က) ဤတပည့်တို့တွင် ဘဏ္ဍာဂါရိကတပည့်တို့က မိမိတို့၏ ဘာဝနာကိစ္စပြီးပြီးသားဖြစ်၍ ပဝေဏီ ပါလန၊ ဝံသာနုရက္ခဏကိစ္စတို့ကိုသာ ပြုတော်မူကြပါသည်။

(ခ) နိဿရဏတ္ထတပည့်တို့ကမူ မိမိတို့၏ဘာဝနာကိစ္စများကို ပြုကြသည်။ တစ်ဖန် နိဿရဏတ္ထပရိယတ္တိဆရာအဖြစ်ဖြင့်လည်း သင်ပြပေးကြပါသည်။ နိဿရဏတ္ထအကျိုးပြီး၍ ဘဏ္ဍာဂါရိကဆရာ ဖြစ်တော်မူကြပြန်ပါသည်။ ပဝေဏီပါလနအကျိုး၊ ဝံသာနုရက္ခဏအကျိုး သယ်ပိုးတော်မူကြပြန်ပါသည်။

(ဂ) ဘဏ္ဍာဂါရိကဆရာ၊ နိဿရဏတ္ထဆရာတို့ထံမှာ တပည့်ခံသူတို့တွင် အလဂဒ္ဒူပမာပရိယတ္တိသမား အတော်နည်းမည်သာ ဖြစ်ပါသည်။

မှန်၏။ "ဒုဿီလဿ သီလကထာ ဒုက္ခထာ" (အင်္ဂုတ္တရပါဠိတော်) ဒေသနာနှင့်အညီ အဆိုပါဆရာမြတ်တို့၏ ပရိယတ္တိစကား၊ ဩဝါဒစကားများသည် အလဂဒ္ဒူပမာသမား၏နားမှာ ခါးရှာကြပေလိမ့်မည်။ နားခါး၍ မကြားလိုလျှင် သင်ယူခြင်းကိစ္စဖြစ်တော့မည် မဟုတ်ပေ။

၅။ ထို့အတူ အလဂဒ္ဒူပမာပရိယတ္တိဆရာနှင့် ဘဏ္ဍာဂါရိက၊ နိဿရဏတ္ထတပည့်ဆိုသည်မှာလည်း အတော်နည်းမည်သာတည်း။ နားခါးကြပေလိမ့်မည်။

၆။ အလဂဒ္ဒူပမာဆရာနှင့် အလဂဒ္ဒူပမာတပည့် တွဲမိသည့် အခြေအနေမျိုးလည်း ရှိနိုင်ပါသည်။ သို့ရာတွင် ပမာဏမြောက်အောင် များပြားကြမည် မဟုတ်ပေ။

ဤသို့လျှင် ပရိယတ္တိ-ပိဋကတ်သုံးပုံကို သင်ခြင်းနှင့် ပတ်သက်၍ သင်ပြပေးသူ(ဆရာ)နှင့် သင်ယူသူ(တပည့်)တို့မှာ ဘဏ္ဍာဂါရိက၊ နိဿရဏတ္ထတို့ကသာ ဏများစု ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ဘဏ္ဍာဂါရိက၊ နိဿရဏတ္ထ ဆရာ-တပည့်တို့သည်ပင် ပိဋကတ်သုံးပုံ သင်ယူသူများဖြစ်ကြသောကြောင့်ပိဋကတ်သုံးပုံ

**ဆောင်သူတို့မှာလည်း ဘဏ္ဍာဂါရိက၊ နိဿရဏတ္ထတို့ကသာ အများစုဖြစ်ကြောင်း သိရပါသည်။ ယုံမှားဖွယ်ရာမရှိတော့ပေ။**

ထို့ကြောင့် မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိဆဲခေတ်၊ ပထမနှင့်ဒုတိယ သံဂါယနာကြားခေတ်၊ ဒုတိယနှင့်တတိယသံဂါယနာကြားခေတ်၊ တတိယနှင့် စတုတ္ထသံဂါယနာကြားခေတ် အသီးသီးတို့မှာ ပိဋကတ်သုံးပုံ ဆောင်ခဲ့သည့် သံဃာတော်များသည် ဘဏ္ဍာဂါရိက၊ နိဿရဏတ္ထတို့သာ ဖြစ်ကြသည်ကို စိတ်ချလက်ချ ရှိကြရပါသည်။

**ရှင်းပါဦးအံ့ . .။**

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်ကာလမှာလည်း -

မြတ်ဗုဒ္ဓ၏ ပရိယတ္တိခေါ် ဒေသနာတော်ကို တလွဲနားလည်သူ မိမိအကြိုက်နှင့် ကိုက်ညီအောင် ဖြတ်လိုဖြည့်လိုသူ (အလဂဒ္ဒူပမာ)ရဟန်းဆိုးများ ရှိခဲ့ကြပါသည်။ မရှိ မဟုတ်ပါ။ အရိဋ္ဌရဟန်း၊ ကဏ္ဍကသာမဏေစသူတို့မှာ သက်သေခံပေတည်း။ သို့သော် အားမကြီးကြပေ။

ပထမသံဂါယနာတင်ကြရာ၌လည်း -

"ငါ့ရှင်တို့ မစိုးရိမ်ကြလင့်၊ ယခုအခါမှာ ဤဟာကား အပ်၏။ ဤဟာကား မအပ်ဟု ချုပ်ချယ်သူမရှိပြီ။ ငါတို့ အလိုရှိတာကို ငါတို့ ပြုကြရပေမည်" စသည်ဖြင့် ဆိုသည့်ရဟန်းမျိုးကား သုဘဒ္ဒမျိုးသာ ရှိပေသည်။ အခြားသောရဟန်းယုတ်များလည်း ရှိနိုင်ပါသေးသည်။ သို့သော် အားကြီးခြင်း အုပ်စီးခြင်းအထိ မရှိခဲ့ကြပေ။

..ဒုတိယသံဂါယနာတင်ကြရာ၌လည်း-

"သိင်္ဂီလောဏသည် အပ်၏"စသည်ဖြင့် ဆိုသည့်ရဟန်းမျိုးကား ဝဇ္ဇီတိုင်းသားများသာ ဖြစ်ကြသည်။ ၎င်းတို့သည် အတော်အတန်ပင် အုပ်စုအင်အားကြီးသော်ငြားလည်း အုပ်စီးနိုင်သည့်အခြေအနေသို့မူ မရောက်ခဲ့ကြပေ။

တတိယသံဂါယနာတင်ကြရာ၌လည်း -

သာသနာတော်အတွင်းသို့ မိစ္ဆာဒိဋ္ဌိကတို့ အတင်းဝင်လာခြင်း

ကြောင့် တင်ကြရသည်။ ၎င်းတို့ဝင်ရောက်လာခြင်းသည် သီရိဓမ္မာသောကမင်းကြီးနှင့် ဆက်စပ်နေသကဲ့သို့ ၎င်းတို့ထွက်ခွာသွားရခြင်းသည်လည်း သီရိဓမ္မာသောကမင်းကြီးနှင့် ဆက်စပ်ကြပါသည်။ ထို့ကြောင့် ၎င်းတို့ကလည်း ဗုဒ္ဓဒေသနာတော်တို့ကို အုပ်စီးခွင့်ရသည့် အခြေအနေသို့ မရောက်ခဲ့ကြပေ။

စတုတ္ထသံဂါယနာတင်ကြရာ၌လည်း -

စဏ္ဍာလတိဿခေါ် သူပုန်ကြီး၏ နှိပ်စက်မှုကြောင့် အစာရေစာရှားပြီး ပရိယတ္တိ သင်ပေးမှု-သင်ယူမှုတို့ကို အသက်နှင့်လဲ၍ ဆောင်ရွက်ကြရသည့် အခြေအနေဆိုးတစ်ရပ် ကြုံတွေ့လာကြရသဖြင့် နောင်အရှည်တည်ဖို့ အက္ခရာသင်္ကေတတို့ဖြင့် စနစ်တကျ သတ်သတ်မှတ်မှတ်ထားရှိရန် သတိသံဝေဂ ရရှိလာကြသောကြောင့်ပင် ဖြစ်ပါသည်။

ဤသမိုင်းတစ်လျှောက်မှာ ဦးစီးခဲ့ကြသည့် သာသနာ့ဝန်ထမ်းတို့ကား ဘဏ္ဍာဂါရိကပရိယတ္တိဆရာတော်တို့နှင့် နိဿရဏာတ္ထပရိယတ္တိဆရာတော်တို့ချည်း ဖြစ်ကြပါသည်။ ရဟန္တာအရှင်မြတ်ကြီးများက ဦးဆောင်ခဲ့ကြသည်။ သေက္ခရဟန်းတော်များက ဝန်ဆောင်ခဲ့ကြသည်။

ထို့ကြောင့် ပထမသံဂါယနာတင်ပြီးစအချိန်မှစ၍-

၁။ ရဟန္တာမြတ် အရှင်အာနန္ဒာနှင့် တပည့်သံဃာတော်တို့က ဒီဃနိကာယ်ခေါ် "သီလက္ခန်၊ မဟာဝဂ်၊ ပါထိကဝဂ်"တို့ကို သင်ပြ-သင်ယူ ဆောင်တော်မူကြပါသည်။

၂။ အရှင်သာရိပုတ္တရာ၏တပည့် ရဟန္တာမြတ်တို့က မဇ္ဈိမနိကာယ်ခေါ် "မူလပဏ္ဏာသ၊ မဇ္ဈိမပဏ္ဏာသ၊ ဥပရိပဏ္ဏာသ"တို့ကို သင်ပြ-သင်ယူ ဆောင်တော်မူကြပါသည်။

၃။ ရဟန္တာမြတ်အရှင်မဟာကဿပထေရ်နှင့် တပည့်တို့က သံယုတ္တနိကာယ်ခေါ် "သဂါထာဝဂ္ဂ၊ နိဒါန၊ ခန္ဓဝဂ္ဂ၊ သဠာယတန၊ မဟာဝဂ္ဂ"တို့ကို သင်ပြ-သင်ယူ ဆောင်တော်မူကြပါသည်။

၄။ ရဟန္တာမြတ် အရှင်အနုရုဒ္ဓါနှင့် တပည့်တို့က အင်္ဂုတ္တရနိကာယ်ခေါ် "ဧကကမှ ဧကာဒသက"ထိတို့ကို သင်ပြ-သင်ယူ ဆောင်တော်မူကြပါသည်။

၅။ တစ်ဖန် အတ္ထာပန္နအားဖြင့် - အရှင်သာရိပုတ္တရဟန္တာမြတ်၏ တပည့်တို့ကပင် အဘိဓမ္မာပိဋကကိုလည်းကောင်း၊

၆။ ဒီဃနိကာယ်ဆောင် ရဟန္တာမြတ် အရှင်အာနန္ဒာနှင့် တပည့်များ ကပင် ခုဒ္ဒကနိကာယ်ခေါ် "ဇာတက၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ အပါဒါန၊ သုတ္တနိပါတ၊ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဝိမာန၊ ပေတ၊ ထေရဂါထာ၊ ထေရီဂါထာ၊ စရိယာပိဋက၊ ဗုဒ္ဓဝံသ"တို့ကိုလည်းကောင်း အသီးသီး သင်ပြ-သင်ယူ ဆောင်တော်မူကြပါသည်။

(ဒီ၊ဋ္ဌ၊၁၊ ၁၅-၁၆။)

ဘဏ္ဍာဂါရိကပရိယတ္တိရှိတော်မူကြသော ရဟန္တာမြတ်ကြီးများနှင့် နိဿရဏတ္ထပရိယတ္တိရှိတော်မူကြသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် သံဃာတော်မြတ်များအားလုံးသည်ပင် ပဝေဏီပါလန-ရှေးခေတ်လာ အစဉ် ကို မပြတ်အောင် စောင့်ရှောက်ခြင်းအကျိုး၊ ဝံသာနုရက္ခဏ-နောက်ခေတ်မှာ ဖြစ်လာမည့်အစဉ်ကို ဆက်စပ်မိအောင် စောင့်ရှောက်ခြင်းအကျိုးကိုသာ အဓိကထားလျက် ရှိခဲ့ကြပါသည်။

ယနေ့ခေတ်မှာ ပရိယတ္တိ-ပိဋကတ်သုံးပုံ သင်ပြ-သင်ယူ ဆောင် တော်မူသော သံဃာတော်တို့သည်လည်း အဆိုပါ ပဝေဏီပါလနအကျိုး၊ ဝံသာနုရက္ခဏအကျိုးတို့ကိုသာ အဓိကထားလျက် ရှိကြပါသည်။

စာရေးသူတို့သည်လည်း ပရိယတ္တိ-စာချ-ရဟန်းတော်များဖြစ်ကြ၍ မိမိတို့ကိုယ်ကျိုးကိုယ်တာ (နိဿရဏတ္ထ)ထက်ပင် သာသနာတော်၏ ပဝေဏီပါလန-ဝံသာနုရက္ခဏအကျိုး(ဘဏ္ဍာဂါရိကမျိုး)ကိုသာ သယ်ပိုး နေခြင်း ဖြစ်ကြပါသည်။ စာရေးသူတို့သည် ဘဏ္ဍာဂါရိကများတည်းဟု ဆိုလို ခြင်း မဟုတ်ပါ။

**သို့ဖြစ်၍ နှုတ်ဆင့်ကမ်း သင်ပြ-သင်ယူ၍ဆောင်ခြင်း၊ ပေမူစာမူတို့အရ လက်ဆင့်ကမ်း သင်ပြ-သင်ယူ၍ ဆောင် ခြင်းတို့မှာ ကာလ၊ ဒေသ၊ ပုဂ္ဂလတို့ မည်မျှပင်ပြောင်းပြောင်း ပဝေဏီပါလန-ဝံသာနုရက္ခဏဟူသောအကျိုး တစ်မျိုးတည်း သာ ထားရှိကြသောကြောင့် ယခုရှိနေဆဲ ပိဋကတ်သုံးပုံတို့**

သည် ဘုရားရှင် ဟောတော်မူခဲ့သည့်အတိုင်းပင် 'မလွဲမမှား'-'မချွတ်မချော်' တည်ရှိလျက် ဖြစ်ကြပါပေသည်။

ထို့ပြင် အထူးမှတ်ဖွယ်ရှိသည်မှာ သာသနာတော်ခေတ် နှစ်ပေါင်းနှစ်ထောင်ကျော်တိုင်အောင် ရဟန္တာအရှင်မြတ်ကြီးများကချည်း ဦးဆောင်ခဲ့ခြင်းကြောင့် အဆိုပါရဟန္တာမြတ်ကြီးတို့သည် ပစ္စုပ္ပန်ကမ္မဝါဒီများ စွပ်စွဲသကဲ့သို့ စကားလုံး မှတ်စာမျှကိုသာ ရရှိသူများ မဟုတ်ကြပေ။ ပဋိဝေဓဉာဏ်ကြီးများနှင့် ပြည့်စုံပြီးသူများဖြစ်၍ အသိဉာဏ်ရရှိပြီးသူများချည်း ဖြစ်တော်မူကြပါသည်။ (နှစ်ပေါင်း-၄၀၀ ၏ ငါးဆမျှအထိ အသိဉာဏ်ကြီးများရှိသည့် ရဟန္တာများက ဦးဆောင်ခဲ့သည်ဟု ဆိုလိုပါသည်။)

သို့ဖြစ်ပါ၍ ယခုရှိနေဆဲ ပိဋကတ်သုံးပုံတို့သည် ပုံပြင်များ မဟုတ်ကြပေ။ ပုံပြင်နှင့်တူသော စကားပုံများလည်း မဟုတ်ကြပေ။ ပိဋကတ်သုံးပုံကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ဆောင်တော်မူခဲ့ကြသော သံဃာတော်တို့သည် ပုံပြောသူများ မဟုတ်ကြပေ။

ယခုခေတ်ရှိနေကြသည့် ပရိယတ္တိ-ပိဋကတ်သုံးပုံ သင်ပြ-သင်ယူဆောင်ထားတော်မူကြသော သံဃာတော်တို့သည်ပင်လျှင် ပစ္စုပ္ပန်ကမ္မဝါဒီများ စွပ်စွဲသကဲ့သို့ စကားလုံးမျှကိုသာ ရရှိသူများ၊ ဆောင်ထားသူများ မဟုတ်ကြပေ။ မြတ်ဗုဒ္ဓဟောပြထားသည့် တရားဒေသနာတော်အတိုင်း လိုက်နာကြသူများဖြစ်၍ သင်ယူမှုအလျောက် လေ့ကျင့်မှုအလျောက် အသိဉာဏ်ရရှိထားကြသူများသာ ဖြစ်ကြပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ ပိဋကတ်ဆောင်သူများကို အသိဉာဏ်မရှိသူဖြစ်အောင် ရှုတ်ချထားချက်များနှင့် ပိဋကတ်သုံးပုံ(တရားမွေ)တို့ကို ပုံပြင်ဖြစ်အောင် ချေမှုန်းဖျက်ဆီးချက်များသည် အယူမှားများသာ ဖြစ်ပါကြောင်း မှတ်ယူကြရမည်ဖြစ်ပါသည်။

အမှန်အားဖြင့် ပိဋကတ်သုံးပုံတို့ကို အမှားတွေဟု ပြောဟောရေးသားသူများသည်သာလျှင် မှားနေသူများ ဖြစ်ကြပါသည်။

ပိဋကတ်သုံးပုံတို့သည်ကား အမှန်များပင် ဖြစ်ကြပါသည်။

သတိပြုတတ်ကြကုန်ရာ၏။

## ပိဋကတ်သုံးပုံကို စော်ဖျက်သူများ (၂)

ယခုရှိနေဆဲ ပိဋကတ်သုံးပုံသည် တရားအသိဉာဏ်မရှိသူများက ဆောင်လာတာဖြစ်ခြင်း၊ ဆောင်လာရာမှာလည်း အလွဲအမှားကိုသာ မသိဘဲ ဆောင်လာ၍ လွဲမှားနေခြင်း၊

အဘိဓမ္မာတရား အစရှိသော နောက်ပေါက်ရွှေကြာ တရားမဟုတ်တာများ ပါဝင်လာခြင်း၊ တရားမဟုတ်တာကို တရားလုပ်လာသဖြင့် တရားစစ်ကို မသိနိုင်အောင် အန္တရာယ်ရှိနေခြင်း၊

အနက်ဖော်သူ(အဋ္ဌကထာဆရာ၊ ဋီကာဆရာ)တွေက တစ်ပုဒ်ချင်း တစ်ပုဒ်ချင်း၏ အနက်ကို မှားယွင်းစွာ မြတ်ဗုဒ္ဓနှင့်တခြားစီဖြစ်အောင်အထိ ဖွင့်ပြနေခြင်း ဟူသောစကားတို့နှင့် စပ်လျဉ်းသည့် ရေးသားချက်ဟောပြောချက်များ ပြန့်ပွားနေကြပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"ပုံပြောသူတွေဟာ ပုံပြင်ကို အရမဆောင်ကြဘူး။ ပြောချင်ရင် ကိုယ့်စကားနဲ့ကိုယ် ပြောတာပဲ။ ဒါ့ကြောင့် အသိဉာဏ်မရဘဲ ဆောင်သူသာ များစရာရှိတယ်။ (ဒါက အကြောင်း-၁)

"အခုခေတ် သတင်းပို့တာမှာ သတင်းမသိဘဲ ဆောင်ပြီး ပို့ရင် ချွတ်ချော်တာတွေအထင်အရှား-ဆိုတော့ ဒီလိုမျိုး ချွတ်ယွင်းနိုင်တယ်။ (ဒါက အကြောင်း-၂)

"ဒီဓမ္မမှတ်စာတွေထဲမှာ နောက်မှပေါက်တဲ့ ရွှေကြာပင် (အဘိဓမ္မာတရား)တွေ ရှိတယ်။ (ဒါက အကြောင်း-၃)

"ကြာပင်လို့သာ နာမည်ရတာ ပေါက်တာက နောက်မှဖြစ်တဲ့ မှတ်တမ်းပေါ့။ အဲဒါ-ဘုရားကို အရောင်တော် ဖွင့်ပေးတဲ့တရား

(အဘိဓမ္မာ) ဆိုတာပေါ့။ (ပ) အဲဒီတရားကို ဘုရားဟောတယ်ဆိုတဲ့ နိဒါန်းပါတဲ့မှတ်စာတွေထဲမှာ လုံးဝ(လုံးဝ)မတွေ့ရဘူး။ ဓမ္မဟာ ဘုရားရဲ့အသိဉာဏ်တော်လို့ ပြောခဲ့တယ်နော်။ အဲဒီဓမ္မဖြစ်တဲ့ ဘုရားအသိ ဉာဏ်တော်ထက် လွန်တဲ့တရား မြတ်တဲ့တရားဆိုတာ ခေတ်စားနေတယ်။ (အဘိ-ဓမ္မာကို ဆိုလိုတာပါ။)

"ဓမ္မထက်လွန်တဲ့တရားဆိုရင်တော့ တရားလွန်ပဲ ဖြစ်ရတော့မှာပေါ့ဘုရား။ အဲသလိုသိရင် မှန်ပြီပေါ့။ (ပ) တရားမဟုတ်တာ တရားလုပ်ရင် တရားအပျောက်ခံရမှာပေါ့ဘုရား။ လုပ်ရင်ခံရမှာပဲ။ ဒီလိုဆိုရင် တရားမှတ်စာ လေ့လာရတဲ့သူတွေ ဘုရားအသိဉာဏ်တော်သိဖို့ အန္တရာယ်ပဲဘုရား။ (ဒါက အကြောင်း-၄)

"နောက်တစ်ကြောင်းက ဘုရားရဲ့အသိဉာဏ်တော်ကိုပြတဲ့ စကားတွေရဲ့ အရဖော်ပြချက်တွေ ပြောရမယ်။

(ဒါက အကြောင်း-၅)

"(ပ) ဘုရားရဲ့အသိဉာဏ်တွေဖြစ်တဲ့ ဓမ္မတွေအားလုံးမှာ ဒုက္ခပြချက်တွေပါတယ်။ အဲဒီ ဒုက္ခရဲ့အရတွေဟာ အတ္တမဟုတ်ကြဘဲ ပရတွေအနတ္တတွေသာ ဖြစ်ကြတယ်။ (ဤသည်ကား ပစ္စုပ္ပန်ကမ္မဝါဒအရ ဒုက္ခယူပုံပင်။) အဲဒါကို မဖော်ဘဲ အရဖော်တဲ့ဆရာတွေက အတ္တတွေဖြစ်တယ်ပဲ ဖော်ပြတယ်။ (ပ) အဲဒီလိုကြီးတော့ တည့်တည့်ကြီး ဘယ်ပြောဝံ့ပါ့မလဲ။

"ဘုရားက ဒုက္ခဟာ အနတ္တလို့ ပြောတာကို အတ္တလို့ တည့်တည့်ပြောရင် ဘုရားကို ကန့်လန့်တိုက်ရာ ရောက်သွားမှာပေါ့။ (ပ) ဒီလိုဖြစ်ရက်နဲ့ ဘာကြောင့်ပြောသူ(ဘုရား)ရဲ့ဆိုလိုချက်နဲ့ တခြားစီဖြစ်အောင် အနက်ဖော်ရတာလဲဘုရား. . . မသိလို့ပေါ့" ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဓမ္မကထာ၊ စာ-၂၇. ၂၈. ၂၉. ၃၀)

## (က)

## စွပ်စွဲချက်ကြီး ၅-ချက်

အထက်ပါစကားရပ်တို့၏ မူရင်းအချုပ်မှာ ယခုရှိနေဆဲ ပိဋကတ်

သုံးပုံသည် အလွဲအမှား အချွတ်အချော်များသာ ဖြစ်သည်။ အကြောင်းကား-

(၁) ယင်းပိဋကတ်သုံးပုံကို ဆောင်သူများက အသိဉာဏ်မရဘဲ ဆောင်ခဲ့တာဖြစ်ခြင်းကြောင့်လည်းကောင်း၊

(၂) မသိဘဲဆောင်ခဲ့တာဖြစ်၍ အမှားအယွင်း အချွတ်အချော်များ ရှိနိုင်သောကြောင့်လည်းကောင်း၊

(၃) အဘိဓမ္မာကဲ့သို့သောနောက်ပေါက် ခွေကြာတရားများ ပါရှိနေခြင်းကြောင့်လည်းကောင်း၊

(၄) တရားမဟုတ်တာကို တရားလုပ်နေကြ၍ တရားပျောက်နေပြီဖြစ်သဖြင့် ဘုရားအသိဉာဏ်ခေါ်တရားစစ်ကို သိနိုင်ရန် အန္တရာယ်ရှိနေခြင်းကြောင့်လည်းကောင်း၊

(၅) ဘုရားရှင်ဟောထားသည့် တရားသုံးစကားလုံးတွေကို အနက်ဖော်ပြသူတွေက မှားယွင်းစွာ ဖွင့်ဆိုပြနေကြသောကြောင့်လည်းကောင်း၊

ဤအကြောင်းကြီး ငါးချက်တို့ကြောင့် ယခုရှိနေဆဲ ပိဋကတ်သုံးပုံတို့သည် အလွဲအမှားအချွတ်အချော်များသာ ဖြစ်ကြသည်ဟူသော စကားရပ်သာလိုရင်းဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီ ပြဆိုထားသည့် အဆိုပါအကြောင်းငါးချက်ထဲမှ (၁)၊ (၂)တို့၏ အမှားဖြစ်ပုံတို့ကို ရှင်းလင်းတင်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် နောက်ပေါက် ခွေကြာပင်တရားဆိုတာနှင့် ပတ်သက်၍ ရှင်းလင်းပြပါမည်။

## (ခ)
## အဘိဓမ္မာဒေသနာတော်

ပစ္စုပ္ပန်ကမ္မဝါဒီသည် အဘိဓမ္မာဟူသောစကားကိုမျှ မဆိုနိုင်၊ သို့မဟုတ် မဆိုရဲဘဲ ရှိရှာပါသည်။ သို့မဟုတ် ဗုဒ္ဓဘာသာဝင်တို့ကို လှည့်စားလိုခြင်း၊ အဘိဓမ္မာဒေသနာကို လုံးဝလက်မခံလိုခြင်းကြောင့်လည်း ဖြစ်နိုင်ပေသည်။ "ဘုရားကို ရောင်တော်ဖွင့်ပေးသည့်တရား"၊ "နိဒါန်း လုံးဝမပါသည့်တရား"၊ "တရားလွန်တရား"၊ "တရားပျက်တရား"၊ "ခွေကြာပင်တရား"၊ "အန္တရာယ်တရား"စသည်ဖြင့် သုံးနှုန်းထားကြောင်း တွေ့ရပါသည်။

မြတ်ဗုဒ္ဓသည် စတုတ္ထသတ္တာဟရတနာဃရ၌ စံတော်မူစဉ် အဘိဓမ္မာခုနစ်ကျမ်းတို့ကို သုံးသပ်တော်မူရာ-သဗ္ဗညုတဉာဏ်နှင့် အာရုံ+အာရမ္မဏိက လိုက်ဖက်လှသောကြောင့် ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်လတ်သော် ရောင်ခြည်တော်ခြောက်ပါးတို့ ပေါ်ထွန်း ကွန့်မြူးတော်မူကြပါသည်။ ထို့ကြောင့် "ဘုရားကိုရောင်တော် ဖွင့်ပေးတဲ့တရား"ဆိုသည်မှာ အဘိဓမ္မာတရားကိုသာ ရည်ညွှန်းကြောင်း ထင်ရှားပါသည်။ (အဘိ၊ ဋ္ဌ၊ ၁၊ ၁၃-၁၄)

အဘိဓမ္မာတရားတော်တို့မှာ မြတ်ဗုဒ္ဓဟောထားကြောင်း နိဒါန်းမပါခြင်းသည် ပါစရာမလိုသောကြောင့်ပင် ဖြစ်ပါသည်။ နိဒါန်းထားရခြင်း၏ ရည်ရွယ်ချက်ကို ပစ္စုပ္ပန်ကမ္မဝါဒီတို့ နားမလည်ခြင်းကြောင့် ဆိုမိဆိုရာဆိုခြင်း ဖြစ်ပေသည်။

နိဒါန်းထားခြင်းသည် သက်သေခံထားခြင်းပင် ဖြစ်ပေသည်။ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူ့ကို အကြောင်းပြု၍ ဘယ်သုတ်ကို ဟောကြောင်း ပြဆိုခြင်းသည် နိဒါန်းဖြစ်၍ နောင်အခါမှာ မြတ်ဗုဒ္ဓဟောခဲ့ခြင်း ဟုတ်မှ ဟုတ်ပါလေစ-ဟု ယုံမှားနိုင်စရာရှိမှသာ ၎င်းယုံမှားမှုကို ပယ်မြစ်ခြင်းအကျိုးငှာ နိဒါန်းထားခြင်းဖြစ်ပါသည်။

အဘိဓမ္မာတို့ကား သဗ္ဗညုတဉာဏ်ကြီးရှင် မြတ်ဗုဒ္ဓမှလွဲ၍ မည်သူမျှ ဟောနိုင်သည့် တရားမျိုးမဟုတ်သောကြောင့် နိဒါန်းမပါခြင်းသည်ပင် နိဒါန်းဖြစ်နေပေတော့သည်။ ဤအချက်ကို အဘိဓမ္မာလေ့လာ၍ ကျေညက်သူတိုင်း ဝန်ခံကြရပေသည်။

တစ်နည်းအားဖြင့်လည်း သုတ္တနိက္ခေပလေးမျိုးတို့တွင် အတ္တဇ္ဈာသယနိက္ခေပပင် ဖြစ်ပါသည်။ ၎င်းအရသည်လည်း ကုသလာဓမ္မာ အစလာသော ဒေသနာတရားတော်ကြီးပင် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်ကပင် ဤအဘိဓမ္မာသည် သဗ္ဗညုဘုရားမှလွဲ၍ မည်သူမျှ မဟောနိုင်သည့်တရား-ဟု ရဲရဲတင်းတင်း ထင်တော်မူ-သိတော်မူခြင်းကြောင့် သီးခြားနိဒါန်း မထားကြောင်း ထင်ရှားလှပါသည်။ (ဒီ၊ ဋ္ဌ၊ ၁၊ ၅၁)

ထို့ကြောင့် "နိဒါန်းမပါတဲ့တရား"ဟုဆိုသည်မှာလည်း အဘိဓမ္မာကိုသာ ရည်ရွယ်၍ ပစ္စုပ္ပန်ကမ္မဝါဒီဆိုကြောင်း သိရပါသည်။

တစ်ဖန် သာသနာတော်၌ "ဓမ္မ အဘိဓမ္မ" စသည်ဖြင့်ရှိရာ "အဘိ-

လွန်ကဲသော ထူးမြတ်သော၊ ဓမ္မ-တရား"ဟု အဓိပ္ပာယ်ထွက်ပါသည်။ "ဓမ္မာတိရေက-ဓမ္မဝိသေသဋ္ဌေန(အဘိဓမ္မော)"ဟူသော (အဘိ၊ ဋ္ဌ၊ ၁၊ ၃) အရပင် ဖြစ်ပါသည်။

ဤသို့လာသည့် အဋ္ဌကထာဖွင့်ကို ရက်ရက်စက်စက် ပယ်ဖျက်ပြီး ပစ္စုပ္ပန်ကမ္မဝါဒီတို့က "တရားလွန်တရား၊ တရားပျက်တရား"ဟု ဆိုခြင်းပင် တည်း။ အဘိဓမ္မာတရားကို ရည်ရွယ်၍ဆိုခြင်းပင် ဖြစ်ပါသည်။

တစ်ဖန် ရွှေကြာပင်တရား အန္တရာယ်တရားဟုလည်း ဆိုထားကြပေ သေးသည်။ အဘိဓမ္မာတရားသည် မြတ်ဗုဒ္ဓ ပွင့်ကတည်းက ပဋိစ္စသမုပ္ပာဒ်ကို သုံးသပ်ပြီးမှ ဗုဒ္ဓအဖြစ်သို့ ရောက်ခြင်းကြောင့် ၎င်းပဋိစ္စသမုပ္ပာဒ်သည်လည်း အဘိဓမ္မာဝိဘင်းကျမ်းဝင် တရားစဉ်ကြီးဖြစ်၍ အဘိဓမ္မာတရားပင်ဖြစ် ရကား မြတ်ဗုဒ္ဓနှင့် ဖွားဖက်တော်တရားပင် ဖြစ်ပါသည်။ ထို့ကြောင့် ပစ္စုပ္ပန် ကမ္မဝါဒီတို့ဆိုသကဲ့သို့ "နောက်ပေါက်ရွှေကြာ" မဟုတ်ပါ။ ဖွားဖက်တော် ရတနာ ရွှေကြာပင်ကြီးသာ ဖြစ်ပါသည်။

အဘိဓမ္မာဒေသနာတော်ကြီးသည် ပစ္စုပ္ပန်ကမ္မဝါဒီတို့ကဲ့သို့သော ဒုစိန္တိတ၊ စိတ္တာကွေ့ပတို့အတွက်တော့ တကယ်ပင် "အန္တရာယ်တရားကြီး" ဖြစ်ပါ ပေသည်။ (အဘိ၊ ဋ္ဌ၊ ၁၊ ၂၅)

ထို့ကြောင့်ပင် အဘိဓမ္မာတရားကြီး မကွယ်သေးသမျှ ဘယ်တော့မှ ဗုဒ္ဓသာသနာတော်ကြီး မကွယ်ဟူ၍ ဆိုထားခြင်းပင်။ (ဒီ၊ ဋ္ဌ၊ ၃၊ ၈၂)

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် မြတ်ဗုဒ္ဓသာသနာတော်ကြီးကို ဖျက်ဆီးလို သူများဖြစ်၍ မြတ်ဗုဒ္ဓသာသနာ၏ ခံတပ်ကြီးကို ဖြိုနေခြင်းသာ ဖြစ်ပါသည်။ သို့သော်လည်း အဘိဓမ္မာတရားကြီးကိုယ်တိုင်ကပင် (ဘာနိဒါန်းမှ မလိုဘဲ) မြတ်ဗုဒ္ဓ ဟောထားကြောင်း ဝန်ခံနိုင်လျက်ရှိခြင်း၊ မြတ်ဗုဒ္ဓဟောထားကြောင်း ပါဠိတော်အထောက်အထား များစွာရှိနေခြင်း၊ အဋ္ဌကထာ အထောက်အထား များစွာ ရှိခြင်းကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီနှင့် နောက်လိုက်တို့အတွက် ငရဲ လက်ဆောင်မျှသာ ဖြစ်ရပါပေသည်။ မှန်၏။

"သုတ္တန္တံ အဘိဓမ္မဉ္စ၊ ဝိနယဉ္စာပိ ကေဝလံ။
နဝင်္ဂံ ဗုဒ္ဓဝစနံ၊ ဧသော ဓမ္မသဘာ တဝ။" (ခု၊ ၃၊ ၄၈)

"သုတ္တန်၊ အဘိဓမ္မာနှင့် ဝိနယပိဋက တစ်ခုလုံးသည်လည်း

ကောင်း၊ အင်္ဂါကိုးပါးရှိသော ဗုဒ္ဓအဆုံးအမသည်လည်းကောင်း၊ ဤ အလုံးစုံသည် သင်၏မြေသဘင် ဖြစ်သည်။"

(ဝါဒါနုဝါဒ ဝိနိစ္ဆယ။ ၆၅၃)

"က္ကမာဝုသော သာရိပုတ္တ ဒွေ ဘိက္ခူ အဘိဓမ္မကထံ ကထေန္တိ။ တေ အညမညံ ပဉှံ ပုစ္ဆန္တိ။ အညမညဿ ပဉှံ ပုဋ္ဌာ ဝိဿဇ္ဇေန္တိ။ နော စ သံသာဒေန္တိ။ ဓမ္မီ စ နေသံ ကထာ ပဝတ္တိနီ ဟောတိ။ ဧဝရူပေန ခေါ အာဝုသော သာရိပုတ္တ ဘိက္ခုနာ ဂေါသိင်္ဂသာလဝနံ သောဘေယျ။ (မ၊ ၁၊ ၂၇၅)

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်း၂-ပါးသည် အဘိဓမ္မာနှင့် စပ်သောတရားစကားကို ပြောဟောနေကြကုန်၏။

"သူတို့သည် အချင်းချင်း ပြဿနာ မေးကြကုန်၏။ ပြဿနာ ဖြေကြကုန်၏။ မေးဖြေရာ၌ အချင်းချင်းကို မဆုတ်နစ်စေကြကုန်။

"သူတို့၏ တရားဆွေးနွေးခြင်းသည် (ကြောင်းကျိုးယုတ္တိအပြည့် ရှိ၍) တရားနှင့်ညီစွာ အလျဉ်မပြတ် ဖြစ်၏။

"ငါ့ရှင် သာရိပုတ္တရာ၊ ဤသို့သော ရဟန်းမျိုးဖြင့် ဂေါသိင်္ဂ အင်ကြင်းတောကြီးသည် သာယာ တင့်တယ်ပေရာ၏။"

(ဝါဒါနုဝါဒ ဝိနိစ္ဆယ-၆၅၃)

"ပုန စ ပရံ ဘိက္ခဝေ ဘဝိဿန္တိ ဘိက္ခူ အနာဂတမဒ္ဓါနံ အဘာဝိတကာယာ အဘာဝိတသီလာ အဘာဝိတ စိတ္တာ အဘာဝိတပညာ၊ တေ အဘာဝိတကာယာ သမာနာ အဘာဝိတသီလာ

အဘာဝိတစိတ္တာ အဘာဝိတပညာ အဘိဓမ္မကထံ ဝေဒလ္လကထံ ကထေန္တာ ကဏှဓမ္မံ ဩက္ကမမာနာ န ဗုဇ္ဈိဿန္တိ။" (အံ၊ ၂၊ ၉၄)

"ရဟန်းတို့၊ တစ်ဖန် နောက်ထပ်ဆိုအံ့။ အနာဂတ်ကာလ၌ ကိုယ်ကို (တစ်နည်း) ကာယဂတာသတိကိုလည်း မပွားစေ၊ သီလကို လည်း မဖြည့်ကျင့်၊ သမာဓိနှင့်ပညာကိုလည်း မတိုးပွားစေဘဲနေကြ သောရဟန်းတို့ ရှိကြလိမ့်မည်။

"ထိုရဟန်းတို့သည် ကာယဂတာသတိလည်း မရှိ၊ သီလ သမာဓိ ပညာ တိုးပွားအောင်လည်း အားမထုတ်ကြမူ၍ အဘိဓမ္မာနှင့် စပ်သောစကား၊ ဝေဒလ္လနှင့်စပ်သောစကားကို ပြောဆိုကြသည်ရှိသော်

**မည်းနက်သော အကုသိုလ်သဘောသို့ သက်ရောက်ကြကာ အနက် အဓိပ္ပာယ်မသိဘဲ ရှိကြလိမ့်မည်။ "**

(ဝါဒါနုဝါဒ ဝိနိစ္ဆယ-၆၅၄)

ဤကဲ့သို့သောပါဠိတော်တို့အရ အဘိဓမ္မာပိဋကသည် မြတ်ဗုဒ္ဓ၏ ဟောကြားချက်ဖြစ်ကြောင်း သေချာလှပြီ ဖြစ်ပါသည်။

ထို့ကြောင့် "ယခုရှိနေဆဲ ပိဋကတ်သုံးပုံသည် နောက်တိုးရွှေကြာပင်များ ပါရှိခြင်း၊ အန္တရာယ်တရားများ ပါရှိခြင်းကြောင့် အလွဲအချော် အမှားအယွင်းများသာ ဖြစ်သည်"ဟု ဆိုသောစကားသည် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အယူမှားကြီးသာဖြစ်ပါကြောင်း မှတ်ယူကြရမည်ဖြစ်ပါသည်။

## (ဂ)

## တရားပျောက်သူများ

တရားမဟုတ်တာ(အဘိဓမ္မာ)တို့ကို တရားလုပ်နေကြ၍ တရားပျောက်နေပြီဖြစ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဆိုထားပါသည်။

တရားပျောက်နေသူတို့သည် ပစ္စုပ္ပန်ကမ္မဝါဒီတို့သာ ဖြစ်ကြပေသည်။ ဗုဒ္ဓဘာသာဝင်များမှာ တရားရှိကြသည်။ တရားမပျောက်ကြပေ။ **အဘိဓမ္မာသည် မြတ်ဗုဒ္ဓ၏ တရားတော်ကြီး(စစ်စစ်)ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့ ရရှိနေသည့် တရားတော်ကြီး ဖြစ်ပါသည်။**

တရားပျောက်နေပြီဖြစ်၍ တရားစစ်ကို သိနိုင်ရန် အန္တရာယ် ရှိနေကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဆိုပြန်ပါသေးသည်။ သနားစရာမကောင်းသည့် ဒုက္ခိတသတ္တဝါများ၏စကားသည် ဟားစရာကြီးပင် ဖြစ်ပေတော့သည်။

**ဗုဒ္ဓဘာသာဝင်တိုင်း အဘိဓမ္မာတရားကြီးရှိနေခြင်းကြောင့် ကိလေသာခေါ် အတွင်းရန်သူများနှင့် ကိလေသာရှိသူခေါ် အပြင်ရန်သူများကို ကွဲပြားစွာ သိကြမြင်ကြ၍ အန္တရာယ်ကင်းလျက် ရှိကြပါသည်။**

ဤသို့လျှင် အဘိဓမ္မာနှင့်တကွသော ပိဋကတ်သုံးပုံတို့က ကျေးဇူးပြုလျက် ရှိသောကြောင့် ယခုရှိနေဆဲပိဋကတ်သုံးပုံတို့သည် အစစ်အမှန်များသာ ဖြစ်ကြပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့ဆိုသည့်အတိုင်း အမှားများလုံးဝမဟုတ်ပေ။

## (ဃ)
## ဒုက္ခအဖွင့်

မြတ်ဘုရားဟောထားသည့် ဝေါဟာရတို့၏အနက်တို့ကို အနက်ဖော်ပြသူတွေ(အဋ္ဌကထာဆရာ၊ ဋီကာဆရာများ)က မှားယွင်းစွာ ဖွင့်ပြသောကြောင့် ယခုရှိနေဆဲ ပိဋကတ်သုံးပုံသည် အလွဲအမှားသာ ဖြစ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဆိုကြပါသည်။ ဥပမာအနေဖြင့် ဒုက္ခပုဒ်ကို ထုတ်ပြကြပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့က "ဒုက္ခ၏အရသည် ပရတွေအနတ္တတွေသာ ဖြစ်၏။ အတ္တမဟုတ်ကြ"ဟူ၍ ဖွင့်ပြကြသည်။ တစ်ဖန် "အရဖော်သည့်ဆရာတွေ (အဋ္ဌကထာ၊ ဋီကာတွေ)ကတော့ ဒုက္ခအရသည် အတ္တတွေ ဖြစ်သည်။ (ပရတွေအနတ္တတွေ မဟုတ်ကြ)" ဟူ၍လည်း စွပ်စွပ်စွဲစွဲ လုပ်ကြပါသည်။

ဤစကားနှင့်စပ်၍ ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အတ္တ(-အတ္တကောင်)နှင့် အနတ္တ(-အနတ္တကောင်) အကြောင်းတို့ကို ရှေ့ပိုင်းမှာ တင်ပြပြီးဖြစ်ပါသည်။ ထို့ကြောင့် "ဒုက္ခအရမှာ ပရကောင်တွေ ရ၏။ အနတ္တကောင်တွေ ရ၏" ဟူသောစကားသည် အယူမှားသာ ဖြစ်ပါသည်။

အဋ္ဌကထာ-ဋီကာဆရာတို့က "ဒုက္ခအရမှာ အတ္တတွေရ၏"ဟု မည်သည့်နေရာမှာမှ ဖွင့်ပြခြင်းမရှိသောကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ စွပ်စွဲချက်သည်လည်း အမှားကြီးသာ ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသာသနာတော်၌ ဒုက္ခ၏အနက် အရကောက်တို့ကို သေချာစွာ ပြဆိုထားကြပါသည်။

ဒုက္ခံ တိ ဒုက္ခေတိ ဘန္တေ ပဋိပိဠနာကာရေန ဒုက္ခံ။ သန္တာပဒုက္ခမ ဒုက္ခဝတ္ထုက သုခပဋိက္ခေပဋ္ဌေနဝါတိ စတူဟိ ကာရဏေဟိ ဒုက္ခံ။

(မ၊ ဋ္ဌ၊ ၂၊ ၁၉။)

ဒုက္ခန္တိ စတူဟိ ကာရဏေဟိ ဒုက္ခံ၊ ဒုက္ခမနဋ္ဌေန ဒုက္ခဝတ္ထုကဋ္ဌေန သတံ သတမ္ပိဠနဋ္ဌေန သုခပဋိက္ခေပနာတိ။ (သံ၊ ဋ္ဌ၊ ၂၊ ၁၉၆)

"အရှင်ဘုရား၊ နှိပ်စက်သော အခြင်းအရာကြောင့် ဒုက္ခမည်၏။ (ပ) သည်းခံနိုင်ခဲသောသဘောရှိခြင်း၊ ဒုက္ခ၏တည်ရာသဘောရှိခြင်း၊ နေ့ညဉ့်မပြတ် နှိပ်စက်တတ်သောသဘောရှိခြင်း၊ သုခ၏ဆန့်ကျင်ဘက်သဘောရှိခြင်း ဟူသော အကြောင်း ၄-ချက်တို့ကြောင့် ဒုက္ခမည်၏" စသည်ဖြင့်လာရှိကြပါသည်။

ဤသဘောတို့သည် သတ္တဝါတို့၏ ဥပါဒါနက္ခန္ဓာခေါ် ခန္ဓာငါးပါးတို့၌သာ ရှိကြပါသည်။ ထို့ကြောင့် ဒုက္ခအရမှာ ခန္ဓာငါးပါးတို့ကိုရ၏ဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ၊ မူလဋီကာတို့က ဖွင့်ပြထားပါသည်။

**ဤခန္ဓာငါးပါးသည် ဒုက္ခအရလည်း ဖြစ်၍ အနိစ္စအရလည်း ဖြစ်ပါသည်။ အနတ္တအရလည်း ဖြစ်ပါသည်။**

သို့ဖြစ်၍ အဋ္ဌကထာ၊ ဋီကာဆရာတို့က ဒုက္ခအရ "အတ္တတွေ(အတ္တကောင်တွေ) ရ၏" ဟု ဖွင့်ပြထားခြင်း လုံးဝမရှိပါ။ ဒုက္ခအရကား "အနတ္တပင်တည်း" ဟုသာ ဖွင့်ပြကြပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက ဒုက္ခအရမှာ အနတ္တတွေရ၏ဟုဆိုရာမှာ ခန္ဓာငါးပါးတရားကိုဆိုခြင်း မဟုတ်ပါ။ အနတ္တကောင်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအစစ်၌ အနတ္တကောင်၊ အတ္တကောင်ဟူ၍ မရှိပါ။

ပစ္စုပ္ပန်ကမ္မဝါဒီ တို့သည် -

၁။ ခန္ဓာငါးပါးတို့နှင့်

၂။ ခန္ဓာငါးပါးတို့၌ ဝိပလ္လာသဖြစ်၍ ပေါ်လာသည့် မိစ္ဆာဒိဋ္ဌိကတို့၏ သက္ကာယ+အတ္တ+ဒိဋ္ဌိကောင်ဆိုသည်ကို မကွဲသောကြောင့် ရောချလာခြင်းသာ ဖြစ်ပါသည်။

ဤသို့ ရောချရုံမကသေးဘဲ ခန္ဓာငါးပါးတို့၏ သဏ္ဍာနပညတ် (ပရမအတ္တ)ကို အဋ္ဌကထာ ဋီကာဆရာတို့က ဖွင့်ပြပါလျက် ပစ္စုပ္ပန်ကမ္မဝါဒီတို့ကမူ "ဒုက္ခအရ အတ္တရ၏(အတ္တကောင်ရ၏)"ဟု ဖွင့်ပြကြောင်းပင် ဆိုလာကြပါသေးသည်။

"ထိုသို့ 'အတ္တကောင်'ဟု ဖွင့်လိုလျက် 'ဒုက္ခအရ အတ္တကောင်ရ၏'ဟု အဋ္ဌကထာစသည်တို့က တည့်တည့်ကြီး မဖွင့်ရဲသောကြောင့်(ဝါ) 'ဒုက္ခအရ အနတ္တကောင်၊ ပရကောင် ရ၏' ဆိုသည်ကို သေချာစွာ မသိသောကြောင့် အမှားကြီးမှားကြောင်း" ပစ္စုပ္ပန်ကမ္မဝါဒီတို့က ကဲ့ရဲ့ကြပါသည်။ "အဋ္ဌကထာ ဋီကာဆရာ(အနက်ဖော်သူတွေ)က ဗုဒ္ဓနှင့် တခြားစီ ဖြစ်နေကြောင်း" အဋ္ဌကထာပယ်ဝါဒ၊ ဋီကာပယ်ဝါဒကို အတည်ပြုကြပါသေးသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဒုက္ခနှင့်အရတူဖြစ်သော အနတ္တ၏အနက်

ကို အနတ္တကောင်ဟူ၍ ယူကြပါသည်။ ဒုက္ခပုဒ်ကိုလည်း အနက်ပျက်ဖြင့် အသံကိုသာ ယူထားပြီး အနတ္တပုဒ်ကိုလည်း အနက်ပျက်ဖြင့် အသံကိုသာ ယူလျက် နားမလည်သူ ဗုဒ္ဓဘာသာဝင်တို့ကို လှိမ့်နေကြပါသည်။

ပစ္စုပ္ပန်ကမ္ဘာဝါဒီတို့ လက်ချက်ကြောင့် ဒုက္ခပုဒ်၊ အနတ္တပုဒ်တို့၏အရ ခန္ဓာငါးပါးရ၏ဟူသော အနက်အစစ်တို့မှာ သေကြရရှာပါပြီ။

ပစ္စုပ္ပန်ကမ္ဘာဝါဒီတို့က ဗုဒ္ဓဘာသာဒေသနာတို့၏ သဒ္ဒါတို့ကို အနက် အဓိပ္ပာယ်ပျက်အောင်ပြုလုပ်ကာ အခွံချွတ်ယူ၍ အနက်အစစ်တို့ကို မည်သို့ပင် ဖျက်ပစ်နေကြစေကာမူ မဟာနာယကဆရာတော်ကြီးနှင့်တကွ အဆင့်မြင့်ဗုဒ္ဓဘာသာဝင်အားလုံးကပင် သိနားလည်ထားကြပြီးဖြစ်သောကြောင့် ရင်းပုဒ်တို့၏အနက်တို့လည်း မပျက်ကြပါ။ ပိဋကတ်သုံးပုံလည်း မပျက်သေးကြောင်းပါ။

ပိဋကတ်သုံးပုံတို့သည် အပြည့်အစုံပင် အနက်အဓိပ္ပာယ်အမှန်တို့ ဖြင့် တည်တံ့မြဲပင် ဖြစ်နေကြပါသည်။

အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့၏ ကျမ်းစာကြီးများသည်လည်း ပါဠိတော်များကဲ့သို့ပင် ထင်ရှားလျက်ပင် ဖြစ်နေကြပါသည်။

> မှန်၏။ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာမှန်သမျှတို့သည် ပါဠိတော်ဟု ဆိုအပ်သော မူလအမြစ်ရင်းအပေါ်တွင် ပေါက်ရောက်ကြီးထွားနေကြသည့် သာသနာ့ပင်စည်ကြီးများသာ ဖြစ်ကြပါသည်။
>
> (အဋ္ဌကထာ ပါဠိဒေ္ဒာဝိယ ဘဂဝံမူလိကာ- အဋ္ဌကထာသည် ပါဠိတော်ကဲ့သို့ မြတ်ဗုဒ္ဓလျှင် အရင်းခံရှိသော ဒေသနာတော် ဖြစ်၏။ အနုဋီကာ၊ ၁၊ ၁၁။)

## သိရိမေမ္ဗာသောကမင်းကြီးနှင့်သာသနာတော်

ဒုတိယနှင့်တတိယ သံဂါယနာနှစ်ခုကို ကြောင်းကျိုးစပ်ပြရာ သမိုင်းမှားခြင်း၊

ဒုက္ခအရ အဌကထာ ဋီကာတို့ ဖော်ပြပုံအမှားဟု ဆိုခြင်းနှင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့ ဖွင့်ဆိုချက်သာ အမှန်ဟုဆိုခြင်း၊

သိရိဓမ္မာသောကမင်းကြီးကို လူမိုက်ကြီးဟု စွပ်စွဲခြင်း စသည်တို့နှင့်စပ်လျဉ်းသည့် ရေးသားချက်များလည်း ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"ပြောသူ(ဗုဒ္ဓ)ရဲ့ဆိုလိုချက်နဲ့ တခြားစီဖြစ်အောင် ဘာကြောင့် အနက်ဖော်ရတာလဲ၊ မသိလို့ပေါ့။ တစ်ဦးမသိ တစ်ဦးသိ-ဆိုတာလောက်တောင် မရှိတော့လို့လို့။ တတိယသံဃညီလာခံ လုပ်ချိန်ကစပြီး အမှားညီသွားလို့ သိသူ မရှိတော့တာဘဲ။ (ပ)။

"အိန္ဒိယတစ်တိုက်လုံးကို အာဏာရသွားတဲ့ (သူ့မွေးချင်းတစ်ရာလောက်ကိုသတ်တဲ့) လူမိုက်တစ်ယောက်က အာဏာစက်နဲ့ အဖက်ခံရလို့ အဲဒီအမှားကို သံဃညီလာခံက လက်ခံလိုက်ရတာပဲ။

"ဒုတိယ သံဃညီလာခံ ကတဲကစပြီး သံဃာမညီညွတ်လို့ သံဃာတွေလဲကွဲ၊ ဓမ္မတွေလဲ တခြားစီဖြစ်ပြီး ကွဲလာတာ ညီအောင်လို့ ညီလာခံလုပ်တော့လဲ အုပ်စိုးတဲ့လူမိုက် ကြိုက်တာကို မလွန်ဆန်နိုင်တော့ အာဏာစက်က သံဃာထဲဝင်လာရော။

"ဒီသဘောတရားအရ အနက်ဖော်သူကလဲ (လူဟာ ကိုယ့်ကိုယ်ကို မပိုင်ဘူးဆိုတဲ့ အဲဒီလူမိုက်ကြီးရဲ့ အမြင်အတိုင်း) ဒုက္ခဟာ အတ္တလို့ ဖော်တော့တာပေါ့။

"ဒုက္ခကို အတ္တလို့ တည့်တည့် မပြောဘဲ သွယ်ဝိုက်ပြီးတော့ အတ္တလို့ ဘယ်လိုပြောသွားတာလဲ-ဒုက္ခအရ ရုပ်နာမ်နှစ်ဖြာကို ကောက်ပြတယ်လေ။ အဲဒါတွေမပါဘဲ လူဖြစ်နေတာမရှိဘူး။ ဒီတော့ ဒုက္ခဟာ လူပဲပေါ့။ လူဟာ အတ္တလား၊ ပရလား(ဆိုတော့)အတ္တပေါ့။ ကဲ-အဲဒီမှာ ဒုက္ခဟာ အတ္တဖြစ်မနေဘူးလား။ လူ့အစိတ်အပိုင်း (ရုပ်နာမ်)ဟာ လူ့အဖြစ်က သီးခြားဖြစ်နေရင်တော့ လူမဟုတ်ဘူးလို့ ပြောလို့ရတာပေါ့။

"(ဒီတော့)လူဟာ အတ္တဖြစ်တယ်၊ ပရမဟုတ်ဘူး၊ အနတ္တ မဟုတ်ဘူးလို့ (အဲဒီ အနက်ဖော်သူတွေ= အဋ္ဌကထာဆရာတွေက ဖော်ပါရောလား။)

(ငါတို့ ပစ္စုပ္ပန်ကမ္မဝါဒီဂိုဏ်းသားတွေက ဒုက္ခအရဟာ ပရတွေ အနတ္တတွေပဲ ဖြစ်ကြတယ်။ အတ္တတွေမဟုတ်ဘူးလို့ အနက်ဖော်သလို အဲဒီအနက်ဖော်သူတွေက မဖော်နိုင်ကြလို့ မသိကြ တာပေါ့။)

"လူ့အစိတ်အပိုင်းဖြစ်တဲ့ ရုပ်နာမ်ဟာ အတ္တပဲ ဖြစ်တယ်။ ဒုက္ခအရိယသစ္စာရဲ့ အရကောက် ဖြစ်တယ်။ ဒီတော့ ဒုက္ခအရိယ သစ္စာဟာ အတ္တဖြစ်တယ်လို့ အဓိပ္ပာယ်ရောက်အောင် အရဖော်ကြ တယ်။ (ပ) ဓမ္မတ္ထ ပြတယ်ဆိုတဲ့ ဓမ္မအရဖော်ပြချက်တွေဟာ ဘုရား ရဲ့ဓမ္မပြချက်နဲ့ ပြောင်းပြန်ကို ပြနေကြတယ်လား။ (ဒါပေါ့။) (ပ)

"လူဟာ ရုပ်-နာမ်၊ ရုပ်နာမ်ဟာ ဒုက္ခ၊ ဒုက္ခဟာ အနတ္တလို့ ဖြစ်တော့ လူကို လူမဟုတ်ပါဘူးလို့ လူက လူ့ကိုယ်ကို ငြင်းပယ်ရော။ အဲဒီလို ငြင်းပြီးတော့ လူကောင်းစာရင်း မဝင်တော့တာကြောင့် နောက်ဘဝရှေ့ကြရော။ နောက်ဘဝဟာ ဗုဒ္ဓဘာသာကမ်းကို လွန် တာပဲ"ဟု ရေးသားပြထားသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ ဓမ္မကထာ -စာ-၃၁၊ ၃၂။၃၃၊ ၃၄၊ ၃၅၊ ၃၆)

## (က)
## တတိယသံဂါယနာအကြောင်း

အထက်ပါစကားရပ်ကား ရှည်လျားသွားပေသည်။ သူ့ရှူးစကားစဉ်က ပိဋကတ္တချဖို့ ခက်နေသောကြောင့် ဖြစ်ပါသည်။ ၎င်းထဲတွင် ရှင်းလင်းရမည့် အချက်ကြီးများ များစွာပါရှိနေကြသည်။

ဗုဒ္ဓဘာသာသမိုင်း၌ ဒုတိယ သံဂါယနာမှစ၍ သံဃာကွဲပြီး ဓမ္မကွဲလာခြင်းကြောင့် တတိယသံဂါယနာမှာ သံဃာညီအောင် တရားညီအောင် လုပ်ရသည်ဟုဆိုခြင်းသည် သမိုင်းအမှားကြီး (သမိုင်းလိမ်ကြီး) ဖြစ်ပါသည်။

တတိယသံဂါယနာတင်ရပုံအကြောင်း ထင်ရှားကြပါပြီ။ မိစ္ဆာဒိဋ္ဌိက ပုဂ္ဂိုလ်ပေါင်း ခြောက်သောင်းကျော်တို့က ဗုဒ္ဓဘာသာသံဃာအတွင်းသို့ ဝင်လာကြသောကြောင့်ပင် ဖြစ်ပါသည်။ ယင်းတို့သည် နဂိုရင်းစွဲ မိစ္ဆာအယူတို့ကို မစွန့်ဘဲ သင်္ကန်းဝတ်ဖြင့် လုပ်စားနေသူများ ဖြစ်ကြပါသည်။ သိရိဓမ္မာမင်းကြီးက ထိုရဟန်းယောင်ဆောင်ထားသူတို့ကို ဝိဘဇ္ဇဝါဒဖြင့် နှိပ်ကွပ်ပေးခဲ့ပါသည်။

## (ခ)

"ဒုက္ခ၏အရသည် အနတ္တကောင် ပရကောင်ဖြစ်သည်" ဟူသော အနက်ကို အဋ္ဌကထာဆရာ ဋီကာဆရာတို့ မသိခြင်းသည် လူမိုက်ကြီးခေါ် သိရိဓမ္မာသောကမင်းကြီး၏ "လူဟာ ကိုယ့်ကိုယ်ကို မပိုင်ဘူးဟူသောအမြင်" ကို မလွန်ဆန်နိုင်တာကြောင့်ဖြစ်၍ အမှားညီသွားသဖြင့် "ဒုက္ခအရသည် အတ္တကောင်ဖြစ်၏"ဟူ၍ အနက်အမှားကို ဖော်မိကြကြောင်း စွပ်စွဲထားပါသည်။

သို့သော် သိရိဓမ္မာသောကမင်းသည် ဗုဒ္ဓသာသနာတော်သမိုင်းမှာ လူမိုက်စာရင်းဝင် မဟုတ်ဘဲ ဗုဒ္ဓဘာသာဝင်မဖြစ်မီကသာ လူမိုက်စာရင်းဝင် (လူသတ်သမားကြီး) ဖြစ်ခဲ့သောကြောင့်လည်းကောင်း၊ ထိုသို့ လူမိုက်ကြီး ဖြစ်နေစဉ်မှာပင် ဗုဒ္ဓဘာသာနှင့်တွေ့ရပြီး လူလိမ္မာကြီးဖြစ်လာသောကြောင့် လည်းကောင်း၊ ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ သိရိဓမ္မာမင်းကို(ဗုဒ္ဓဘာသာရေးနှင့်စပ်၍) လူမိုက်ကြီးဖြစ်ရကြောင်း စွပ်စွဲ ပုတ်ခတ်ချက်မှန်သမျှသည် အမှားများချည်းသာ ဖြစ်ပါသည်။

(ဂ)

သိရိဓမ္မာသောကမင်းကြီး၏ "လူဟာ ကိုယ့်ကိုယ်ကို မပိုင်ဘူးဟူသောအမြင်"ကို ပစ္စုပ္ပန်ကမ္မဝါဒီတို့က အမှားဖြစ်ကြောင်း ဆိုပါသည်။

မြတ်ဗုဒ္ဓ၏ ဒေသနာတော်တို့အလိုအားဖြင့် လူအရမှာ နှစ်မျိုးရှိပါသည်။

(၁) ဉာဏ်မရှိသူ လူမိုက်တို့အမြင်အားဖြင့် လူဟုသမုတ်ထားအပ်သော အသွင်အပြင် သဏ္ဍာနပညတ်ကို ယူရ၍

(၂) ဉာဏ်ရှိသူတို့၏ အမြင်အားဖြင့် ခန္ဓာငါးပါး(ရုပ်နာမ်တရားစု)တို့ကိုသာ ယူရပါသည်။

ထိုတွင် အမှတ်(၂)အရနှင့်ကိုက်ညီနေသော သိရိဓမ္မာသောကမင်းကြီး၏ "လူဟာ ကိုယ့်ကိုယ်ကို မပိုင်ဘူး"အမြင်သည်သာလျှင် "ခန္ဓာငါးပါးသည် အနိစ္စတရားမည်၏။ ခန္ဓာငါးပါးသည် ဒုက္ခတရားမည်၏။ ခန္ဓာငါးပါးသည် အနတ္တတရားမည်၏" အစရှိသော ဒေသနာတော်တို့နှင့် ညီညွတ်သောကြောင့် အမှန်ဖြစ်ပါသည်။

သိရိဓမ္မာသောကမင်းကြီးသည် အမြင်မမှားပေ။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သာ အမြင်မှားနေကြပေသည်။

ထိုစဉ်အခါက သိရိဓမ္မာသောကမင်းကြီး၏ နှိပ်ကွပ်ခြင်းခံရသော မိစ္ဆာဒိဋ္ဌိက တိတ္ထိယ ရဟန်းခြောက်သောင်းထဲမှာ ပစ္စုပ္ပန်ကမ္မဝါဒီတို့ ပါဝင်ခဲ့ပေလိမ့်မည်။

ယခုအခါမှာလည်း သိရိဓမ္မာသောကမင်းကြီးကဲ့သို့ သာသနာရေးရာနှင့်စပ်၍ အားကိုးရသည့် သာသနာပြုပညာရှင်တို့ ရှိကြပါသေးသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့ ရင်ဆိုင်ကြရပေတော့မည်။

(ဃ)

## လူနှင့်ရုပ်နာမ်

လူ့အစိတ်အပိုင်းဖြစ်သော ရုပ်နာမ်တို့သည် လူနှင့်သီးခြား မဖြစ်၊ လူထဲမှာသာ(လူ့အတွင်းမှာသာ) ဖြစ်နေသည်။ ထို့ကြောင့် လူသည် အတ္တဖြစ်သကဲ့သို့ ရုပ်နာမ်သည်လည်း အတ္တဖြစ်သည်။ ('ဒုက္ခဟာ လူပဲ'ဟူသည်နှင့်အညီ) ဒုက္ခအရမှာလည်း အတ္တဖြစ်တော့သည်ဟု အဓိပ္ပာယ်ရောက်လာသည်။

ဤသည်မှာ အဋ္ဌကထာ ဋီကာဆရာတို့ အနက်မှားကို ဖော်မိခြင်း ဖြစ်သည်ဟု ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဆိုကြပါသည်။

ဤစကားရပ်တို့တွင် ရုပ်နာမ်တို့သည် လူ့ကိုယ်တွင်းမှာ ဖြစ်သည်ကား မှန်လှ၏။ အဇ္ဈတ္တိကာဓမ္မာဟူ၍ပင် ရှိပါ၏။ သို့သော် ပစ္စုပ္ပန်ကမ္မဝါဒီတို့ ဆိုလိုသော လူတော့မဟုတ်ပါ။

ပစ္စုပ္ပန်ကမ္မဝါဒီတို့က လူပုံပေါ်နေသော လူ့သွင်ပြင်(သဏ္ဌာန ပညတ်)ကို လူဟုဆိုခြင်း ဖြစ်ပါသည်။ ၎င်းကိုပင် အတ္တကောင်-ဟု ဆိုခြင်း ဖြစ်ပါသည်။ ၎င်းကိုပင် ဒုက္ခအရိယသစ္စာကောင်-ဟု ဆိုခြင်းပါ။ ၎င်းကိုပင် အတိုချုပ်၍ ဒုက္ခ-ဟု ဆိုခြင်းဖြစ်ပါသည်။

ဤနေရာ၌ ပစ္စုပ္ပန်ကမ္မဝါဒီတို့က "ရုပ်နာမ်နှင့်ဒုက္ခ"ဟူသော အတွဲ အစပ်ကို တလွဲမှတ်ကြလေသည်။ ထို့ကြောင့် "ဒုက္ခအရ ရုပ်နာမ်ကို လူ"ဟု ဖွင့်ပြသည့် အဋ္ဌကထာဆရာ ဋီကာဆရာတို့ကို အတ္တဝါဒီဇာတ်အတွင်း အတင်းသွင်းပါတော့သည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ လူ-အတ္တကောင်-ဒုက္ခအရိယသစ္စာကောင်-ဒုက္ခကောင်-ဆိုသည်ကို သိရသကဲ့သို့ အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့နှင့် ဗုဒ္ဓဘာသာဝင်တို့၏လူ-အတ္တ-ဒုက္ခအရိယသစ္စာ-ဒုက္ခတို့ကိုလည်းသိမှ နားလည်ကြပေမည်။

**လူ-ဟူသည်ကား အရကောက်အားဖြင့် ခန္ဓာငါးပါးကိုပင် လူဟု ခေါ်ပါသည်။ ပရမတ္ထတရား(ရုပ်နာမ်)ပင်တည်း။** (ယှဉ်ကြည့်ပါ။)

**အတ္တ-ဟူသည်ကား စကားပြောဖက် မျက်နှာချင်းဆိုင် ပုဂ္ဂိုလ် နားလည်ရန် မိမိကိုယ်ကို ရည်ညွှန်းခြင်းသင်္ကေတ ပညတ်မျှသာတည်း။ အမှ-သဒ္ဒါမှ လာသည်။ တစ်နည်း အတ္တ-သဒ္ဒါ ကာယ-သဒ္ဒါမှလာလျှင်မူ ခန္ဓာငါးပါးကိုပင် အတ္တဟု ခေါ်သည်။ ပရမတ္ထ တရား(ရုပ်နာမ်)ပင် တည်း။** (ယှဉ်ကြည့်ပါ။)

**ဒုက္ခအရိယသစ္စာ(ဝါ) ဒုက္ခဟူသည်ကား ခန္ဓာငါးပါးကိုပင် ခေါ် သည်။ ပရမတ္ထတရား (ရုပ်နာမ်နှစ်ပါး)ပင်တည်း။** (ယှဉ်ကြည့်ပါ။) (သိသိ သာသာ ကွဲသည်မှာ ပညတ်နှင့်ပရမတ်ပေတည်း။)

ပစ္စုပ္ပန်ကမ္မဝါဒီတို့က မရှိတရားကို ယူ၏။ အဋ္ဌကထာတို့က အရှိတရားကို ယူသည်။ အဋ္ဌကထာ၊ ဋီကာလာ "ရုပ်နာမ်နှင့်ဒုက္ခ"ဟူသော စကားတွဲကို အားခဲဆွဲယူပြီး ပစ္စုပ္ပန်ကမ္မဝါဒီတို့က-

(၁) "ရုပ်နာမ်ကောင်သည် ဒုက္ခကောင်ဖြစ်လျှင်၊ ဒုက္ခကောင်သည် လူကောင်ဖြစ်လျှင်၊ လူကောင်သည် အတ္တကောင် ဖြစ်တော့သည်"ဟု ရောက်တတ်ရာရာ ဆိုမိဆိုရာဆိုရှာပါပေသည်။

(၂) အဋ္ဌကထာ ဋီကာဆရာတို့၏ ဆိုလိုချက်မှာ "ရုပ်နာမ်တရားဂုသည် ဒုက္ခသစ္စာဖြစ်သည်။ ဒုက္ခသစ္စာတရားစုသည် လူ(နတ်)ဖြစ်သည်။ ၎င်းလူ(နတ်)အရ တရားစုသည်ပင် ပရမတ္ထတရားဖြစ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပေတော့သည်"ဟု ဆိုလိုပါသည်။

**ထို့ကြောင့် အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့နှင့် ဗုဒ္ဓဘာသာဝင်တို့သည် ဒုက္ခအရ အတ္တဟုယူသူများ မဟုတ်ကြသောကြောင့် အနတ္တဝါဒီများသာ ဖြစ်ကြပါသည်။**

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် လူကောင်(ပုံပန်း)ကို လူကောင်-အတ္တ ကောင်စသည်ဖြင့်ဆိုသည်။ ပရမအတ္တဒိဋ္ဌိ အယူရှိသူများ ဖြစ်လေသည်။

ထိုမျှမကသေးဘဲ လူစသူတို့၏ မြင်မှု၊ ကြားမှု၊ စားလိုမှု စသည်တို့နှင့် စပ်၍ မြင်လိုသောတရား၊ ကြားလိုသောတရား၊ စားလိုသောတရား၊ မြင်ခြင်းတရား၊ ကြားခြင်းတရား၊ စားခြင်းတရား စသည်တို့ကို အယောင်ဆောင်ငါကောင်-အနတ္တကောင် စသည်ဖြင့်ဆိုသည်။ ဇီဝအတ္တဒိဋ္ဌိ အယူရှိသူများလည်း ဖြစ်ကြလေသည်။

"ဒုက္ခ၏အရမှာ အနတ္တကောင်တွေကို ရ၏။ ပရကောင်တွေကို ရ၏" ဟုဆိုသော ပစ္စုပ္ပန်ကမ္မဝါဒီတို့အဆိုကို ရှင်းရမည့်အပိုင်း ကျန်ပါသေးသည်။

## (င)
## အနတ္တကောင်

ပစ္စုပ္ပန်ကမ္မဝါဒီတို့ဆိုလေ့ရှိသည့် အနတ္တဟူသည်မှာ အနတ္တကောင်ဟူသောအရာကို ဆိုလိုခြင်းဖြစ်ပါသည်။ ဝိညာဉ်ကောင်-လိပ်ပြာကောင်ဆိုသည့် (စိတ်စွဲဖြစ်)ပညတ်ပေတည်း။

မြတ်ဗုဒ္ဓနှင့် အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့ ဟောတော်မူသည့် အနတ္တဟူသည်မှာ ခန္ဓာငါးပါး(ရုပ်နာမ် နှစ်ပါး)တို့သာ ဖြစ်ပါသည်။ (ယှဉ်ကြည့်ပါ။)

ထို့ကြောင့် အဋ္ဌကထာ-ဋီကာဆရာတို့က "ရုပ်နာမ်သည် ဒုက္ခဖြစ်၍ ဒုက္ခသည် လူဖြစ်ခြင်းကြောင့် လူသည် အတ္တဖြစ်သည်"ဟု လုံးဝမဖွင့်ကြပေ။ မြတ်ဗုဒ္ဓဟောတော်မူသည့်အတိုင်း လူသည် ပရမတ်အားဖြင့် ရုပ်နာမ်ဖြစ်၍ အနတ္တဟူ၍သာ ဖွင့်ပြခြင်းဖြစ်ပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့က လူလည် ကျထား ခြင်းသာတည်း။

အဋ္ဌကထာဆရာတို့သည် ပစ္စုပ္ပန်ကမ္မဝါဒီဆိုသလို "ဒုက္ခအရိယ သစ္စာသည် အတ္တဖြစ်၏"ဟုလည်း အဓိပ္ပာယ်ရောက်စေခြင်း လုံးဝ(လုံးဝ) မရှိကြပေ။

ထို့ကြောင့် အဋ္ဌကထာဆရာတို့၏ ဓမ္မအရဖော်ပြချက်သည် မြတ်ဗုဒ္ဓ နှင့် ပြောင်းပြန်ဖြစ်ခြင်း လုံးဝ(လုံးဝ) မရှိပေ။

"လူသည် ရုပ်နာမ်၊ ရုပ်နှင့်နာမ်သည် ဒုက္ခ၊ ဒုက္ခသည် အနတ္တဟူသာ ဖြစ်၍ လူကို လူမဟုတ်ပါဘူး"ဟူ၍ ငြင်းဆိုခြင်းလည်း လုံးဝ(လုံးဝ) မရှိပေ။

ဤနေရာမှာ ပစ္စုပ္ပန်ကမ္မဝါဒီတို့ မည်သို့မျှ သိခွင့်မရှိကြသည့် အချက်တစ်ခု ရှိပါသည်။

## ပစ္စုပ္ပန်ကမ္မဝါဒီများ တစ်သံသရာလုံး မသိနိုင်ကောင်းသောအဓိပ္ပာယ်

လူသည် ပညတ်လူ၊ ပရမတ်လူဟူ၍ နှစ်မျိုးရှိသည်။

ပါရမီနည်းသေးသူ အရပ်သားတို့ သိနိုင်သည့် လူ့ပုံသဏ္ဌာန်ကြီး သည် ပညတ်လူ ဖြစ်ပါသည်။ ဤပညတ်လူကို မျက်စိဖြင့်လည်း မမြင်အပ်ပေ။ ဤပညတ်လူကို နားဖြင့်လည်း မကြားအပ်ပေ။ နှာခေါင်း၊ လျှာ၊ ကိုယ်တို့ဖြင့် လည်း နမ်းနံ ထိတွေ့၍ မရကောင်းပေ။

၎င်းပညတ်လူသည် ဓမ္မာရုံမျိုးဖြစ်၍ မနောဒွါရ၌သာ ထင်သော ကြောင့် မနောဝိညာဏ်ဖြင့်သာ သိအပ်သောအရာ ဖြစ်ပါသည်။ မျက်စိဖြင့်

လူကြီးကို ပုံသဏ္ဌာန်ရှိတိုင်း မြင်နေရခြင်းသည် ဝဏ္ဏာယတနခေါ် ရူပါရုံ (ရုပ်ကလာပ်)ကိုသာ မြင်ရခြင်း ဖြစ်ပါသည်။ ပရမတ္ထတရား (ပစ္စုပ္ပန်ရူပါရုံ) ကို မျက်စိဖြင့် မြင်ရခြင်းပင် ဖြစ်ပါသည်။

ဤသို့သော အဓိပ္ပာယ်မျိုးကို ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ယခုဘဝမှာလည်း သိခွင့်မရနိုင်၊ နောက်ဘဝမှာလည်း သိခွင့်မရနိုင်တော့ပြီ ဖြစ်ပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့က သဏ္ဌာနပညတ်လူပုံကြီးကို မျက်စိဖြင့် မြင်ရသည်ဟု ထင်မှားနေသောကြောင့် လူကိုယ်ထည်ကြီးသည် အတ္တကောင်ဖြစ်၏၊ ငါအစစ် ဖြစ်၏-စသည်ဖြင့် တစ်သက်လုံး ယူမှားလျက် ရှိကြပေသည်။

ပရမတ်လူဟူသည်မှာ လူပုံသဏ္ဌာန် ဒြပ်စင်ဒြပ်ထုအရိပ်ကြီး၏ မူလဘူတဖြစ်သော ပင်မပရမတ္ထ ရုပ်နာမ်အစု(ခန္ဓာငါးပါး)တို့ ဖြစ်ကြပါသည်။

ဤပရမတ်လူကို သာမညလူ အရပ်သူအရပ်သားတို့ မသိနိုင်ကြပေ။ အဘိဓမ္မာကျွမ်းကျင်သူများနှင့် ဝိပဿနာဘာဝနာ ပွားရှုနေသူများသည်သာ ပရမတ်လူကို သိကြပါသည်။

ဤပရမတ်လူသည် ရုပ်နာမ်နှစ်ပါးပင်ဖြစ်၍ အာရုံခြောက်ပါးဖြစ်ခြင်းကြောင့် စက္ခုဒွါရမှာလည်း ထင်နိုင်သည်။ မျက်စိဖြင့် မြင်နိုင်သည်။ သောတဒွါရမှာလည်း ထင်နိုင်သည်။ နားဖြင့် ကြားနိုင်သည်။ ဃာနဒွါရမှာလည်း ထင်နိုင်သည်။ နှာခေါင်းဖြင့် နမ်းနိုင်သည်။ အနံ့ထွက်ပါသည်။ ဇိဝှါဒွါရမှာလည်း ထင်နိုင်သည် ဖြစ်၍ ချို၊ ငန်၊ စပ်၊ ခါး၊ ချဉ်၊ ဖန် အရသာတစ်ခုခု ရှိနိုင်ပါသည်။ ကာယဒွါရမှာလည်း ထင်နိုင်သောကြောင့် သုခ ဒုက္ခဖြစ်ဖို့ ထိတွေ့သည်ကို ခံနိုင်သည်။ ဖောဋ္ဌဗ္ဗာရုံ ဖြစ်နိုင်သည်။ တစ်ဖန် မနောဒွါရမှာလည်း ထင်နိုင်သည်။ ဤပရမတ်လူထဲမှာ မနောဝိညာဏ်ဖြင့် သိအပ်သော ရုပ်နာမ်တရားများ များစွာရှိကြသည်။ ဓမ္မာရုံများပင်တည်း။

ဤပရမတ်လူကိုလည်း ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ယခုဘဝမှာရော နောင်ဘဝတို့မှာပါ မည်သည့်အခါမှ မသိနိုင်တော့ပြီ။ အပါယ်လေးဘုံတို့၌ အဘိဓမ္မာသင်တန်းပြ ပရိယတ္တိဌာန၊ ဝိပဿနာရှုမှတ်နည်းပြ၍ ရှုမှတ်ရသည့် ပဋိပတ္တိဌာနလည်း မရှိပါ။ (အလုပ်ပေးတရား ဟောခြင်း နာခြင်းသည် ပရိယတ္တိကိစ္စသာ ဖြစ်ပါသေးသည်။)

ဤသို့လျှင် ပညတ်လူ၊ ပရမတ်လူဟူ၍ နှစ်မျိုးရှိခြင်းကြောင့် သာမန်လူတို့က လူကို လူဟူ၍သာ မြင်ကြသိကြပါသည်။ ၎င်းအမြင်သည် သမုတိသစ္စာအရ အမြင်မှန်ပင် ဖြစ်ပါသည်။ လူကို ခွေးဟု မြင်လျှင်ကား သမုတိသစ္စာအရ အမြင်မှား ဖြစ်ပေသည်။

အဘိဓမ္မာကျွမ်းသူများနှင့် ဝိပဿနာဘာဝနာ(အစစ်)ရှိသူများကမူ လူကို လူဟူ၍ မမြင်ကြပေ။ နတ်ကိုလည်း နတ်ဟူ၍ မမြင်ကြပေ။ အားလုံးသော သတ္တဝါတို့ကို ရုပ်နာမ်ဟူ၍သာ သိကြ မြင်ကြပါသည်။ ဤအမြင်သည် ပရမတ္ထသစ္စာခေါ် အရိယသစ္စာနည်းအရ အမြင်မှန်ကြီး ဖြစ်ပါသည်။

ဤကဲ့သို့ အဘိဓမ္မာကျွမ်းကျင်သူများ၊ ဝိပဿနာရှိသူများက လူကို လူဟူ၍ မမြင်ဘဲ ရုပ်နာမ်ဟူ၍ သိခြင်းကိုပင် ပစ္စုပ္ပန်ကမ္မဝါဒီတို့က အကြီးအကျယ် ကဲ့ရဲ့နေပေသည်။

ကေသရရာဇာခြင်္သေ့ကြီးကို ဖားမဗိုက်ထဲက ဖားဥထဲက ဖားလောင်းလျှာ ဖားမကလေးက ကဲ့ရဲ့ရှုတ်ချနေခြင်းနှင့်သာ တူပါတော့သည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် လူကို ရုပ်နာမ်ဟု အမြင်ဉာဏ်ရှိသူ ဖြစ်လာဖို့ ဖားမက ဥ-ဥ ပေးရဦးမည်။ ဥက ပေါက်ရဦးမည်။ ဖားမကလေး ဖြစ်ရဦးမည်။ သို့သော်လည်း ခြင်္သေ့မင်းကြီးကိုမူ ဘယ်သောအခါမှ အနိုင်မရနိုင်တော့ပြီ။

## (၈)
## ဗုဒ္ဓဘာသာ၏ ကမ်း

အဆင့်မြင့်ဗုဒ္ဓဘာသာဝင်တို့က "လူကို(လူမဟုတ်) ရုပ်နာမ်ဟု မြင်လျှင် လူရာဝင်သူ လူကောင်းတစ်ဦး မဖြစ်တော့ပြီ"ဟုပင် ကဲ့ရဲ့ထားပါသေးသည်။ လူရာဝင်သူ ဖြစ်ခွင့်မရတော့အောင် လူ့ဘဝတုံးသွားအောင် ဗုဒ္ဓဘာသာတရားက လုပ်ပေးလိုက်ခြင်းပင်ဖြစ်သော်လည်း "ယခုဘဝမှာ လူရာမဝင်သူသည် နောက်ဘဝမှာ လူရာဝင်နိုးနိုးဖြစ်ကာ နေသာအောင် ဗုဒ္ဓဘာသာတို့က နောက်ဘဝရှိကြောင်းကို ပြဆိုသည်"ဟုလည်း ရမ်းချထားကြပါသေးသည်။

"နောက်ဘဝ(ရှိ၏ဟုယုံခြင်း)သည် ဗုဒ္ဓဘာသာမဟုတ်တော့ပြီ ဆိုသည့် အချက်ပင်ဖြစ်ကြောင်း"နှင့် "ဗုဒ္ဓဘာသာ၏ကမ်းမှာ နောက်ဘဝဆိုတာ

မပါရှိဘဲ ဤဘဝဤမျှသာဖြစ်၏”ဟုလည်း ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ ကိုယ်ပိုင်ဝါဒ သစ်ကို မြတ်ဗုဒ္ဓဝါဒအဖြစ် လှည့်စားကာ တံဆိပ်ရိုက်နှိပ်လိုက်ကြပါသေး သည်။

ကိုယ်ပိုင်ဝါဒသစ်လုပ်ရဲလျှင် လုပ်ကြပါ။ ဗုဒ္ဓဘာသာတရားတော်၏ စကားလုံးတွေကို မခိုးကြပါနှင့်။ ဗုဒ္ဓဘာသာတရားတော်၏ အနက်အဓိပ္ပာယ် တွေကို မဖျက်ကြပါနှင့်။ ဗုဒ္ဓဘာသာဝင်တွေကို အပါယ်ငရဲ အခြောက်တိုက် ဆွဲမချကြပါနှင့်။

(ဤစာပါ မူတည်စကားတို့ထဲတွင် အခြားရှင်းလင်းဖွယ်ရာများ ရှိပါ သေးသော်လည်း အရေးကြီးသည်တို့ကိုသာ ရွေးစစ်၍တင်ပြအပ်ပါသည်။)

## အမှန်အတိုင်းမြင်လိုသော်

ပိဋကတ်သုံးပုံ ပါဠိတော်တို့ကို အဋ္ဌကထာ ဋီကာလွတ်ပြီး ကိုယ့်နည်းကိုယ့်ဟန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိနိုင်ကြောင်း ပြောဆိုချက်များ ပြန့်ပွားလာနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"ဓမ္မအရဖော်ချက်-လွတ်ပြီး ဓမ္မလေ့လာရင် ဓမ္မအရ-ကို အမှန်အတိုင်း မြင်နိုင်မလား-ဘုရား။ (ပ)

၁။ လူရာ မဝင်အောင် နေနိုင်ဖို့ပဲ။

၂။ တကယ်မသိတာကို တကယ်မသိဘူးလို့ သိအောင် နေနိုင်ဖို့ပဲ။

၃။ တကယ်လိုအပ်တာ မဟုတ်တာကို လိုအပ်တယ်လို့ မထင်အောင် နေနိုင်ဖို့ပဲ။

၄။ ဓမ္မမှတ်စာ သုတရှိအောင် နေနိုင်ဖို့ပဲ။

၅။ လူ့ဓလေ့အသိနဲ့ မဝေးအောင် နေနိုင်ဖို့ပဲ။

၆။ ကိုယ်လုပ်သမျှ ဖြစ်သမျှကို အဓိပ္ပာယ်သိအောင် နေနိုင်ဖို့ပဲ။ (ပ) ။

" ဒါတွေက ဓမ္မမှတ်စာက ဓမ္မအရကို အသိရဖို့ အလွန်ကြိုးစားရတာတွေဘုရား့-နော်"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဓမ္မကထာ၊ စာ-၃၆-၃၇)

## (က)

## အဋ္ဌကထာဋီကာတို့ကို ပြက်ရယ်ပြုခြင်း

အထက်ပါတို့တွင် **"ဓမ္မအရဖော်ပြချက်"**ဆိုသည်မှာ-အဋ္ဌကထာဆရာ၊ ဋီကာဆရာတို့၏ အဖွင့်ကျမ်း (အဋ္ဌကထာများ၊ ဋီကာများ)ကို ဆိုလိုခြင်း ဖြစ်ပါသည်။

အဓိပ္ပာယ်အဖြေဉ်မှာ "အဋ္ဌကထာတွေ ဋီကာတွေ မပါဘဲနှင့် အထက်ပါ အချက်ကြီး ၆-ချက်ရှိလျှင် ဓမ္မအရကို အမှန်အတိုင်း မြင်နိုင်သည်" ဟု ဆိုလိုပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့က -

(၁) ပိဋကတ်သုံးပုံကို **"ဓမ္မမှတ်စာ-ပုံပြင်"** ဟု သတ်မှတ်ကြသည်။

(၂) အဋ္ဌကထာ၊ ဋီကာတို့ကိုမူ **"ဓမ္မအရဖော်ချက်"** ဟု ခေါ်ကြသည်။ ပြက်ရယ်ပြု၍ ရှုတ်ချထားခြင်းပင် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာတော်၌ ပိဋကတ်သုံးပုံသည် မြတ်ဗုဒ္ဓ၏ နှုတ်တော်ထွက်ဖြစ်ခြင်းကြောင့် အလွန်အရေးကြီးပါသည်။ ၎င်းတို့ထဲမှ ပယ်နုတ်ခြင်း၊ ၎င်းတို့ထဲသို့ ထပ်ထည့်ခြင်း မပြုဘဲ ဟောတော်မူထားသည့်မူအတိုင်း ရှိစေရမည့်အရာများပင် ဖြစ်ပါသည်။

ထို့ပြင် အဋ္ဌကထာ-ဋီကာများသည် အဆိုပါပိဋကတ်တို့၏ အနက်အဓိပ္ပာယ်တို့ကို အကျယ်တဝင့်လည်းဖြစ်၊ အမှန်လည်းဖြစ်အောင် ရှင်းပြထားခြင်းကြောင့် အလွန်ပင် အရေးကြီးပါသည်။ အဖိုးတန်ရတနာများပင် ဖြစ်ကြပါသည်။

**အဋ္ဌကထာအဖွင့် ဋီကာအဖွင့်တို့ကို မကြည့်လျှင် ပိဋကတ်၏ အနက်အဓိပ္ပာယ်(အမှန်)ကို မသိရှိနိုင်သောအရာများက စဝ-ရာခိုင်နှုန်းအထက်မှာ ရှိကြသည်။**

ထို့ကြောင့် လူရာမဝင်အောင်နေနိုင်ခြင်း စသည့် ၆-ချက်ရှိလျှင် အဋ္ဌကထာ၊ ဋီကာမပါဘဲ ပိဋကတ်ကို သိနိုင်ကြောင်း အဆိုများသည် အမှားများသာ ဖြစ်ပါသည်။

(ခ)

**"လူ့ရာမဝင်အောင်နေနိုင်ခြင်း"** အရ- သူတောင်းစား၊ ဆင်းရဲသားများ ရှိကြသည်။

ထိုသူတို့သည် ဆရာကောင်းကို မှီရာပြု၍ အဋ္ဌကထာ ဋီကာနှင့်တကွ ကျကျနန သင်ယူမှသာ ဓမ္မအရကို သိနိုင်ကြပါမည်။ လူ့ရာမဝင်အောင်နေနိုင်ရုံမျှဖြင့် ဓမ္မအရကို မသိနိုင်ပါ။

**"တကယ်မသိတာ (ရှေ့ဘဝ၊ နောက်ဘဝ၊ ကံ ကံ၏အကျိုးစသည်)ကို တကယ်မသိဘူးဟူ၍ သိအောင်နေနိုင်ခြင်း"** အရ- ထိုသို့သိအောင် မပြုဘဲ နေနိုင်သူများ ရှိကြသည်။ မွေးရာပါ ဆွံ့အနေသူများပင်တည်း။

ထိုသူတို့သည် ထိုသို့မသိအောင် နေနိုင်ကာမျှဖြင့် ဓမ္မအရကို မသိနိုင်ကြောင်း အလွန်ထင်ရှားပါသည်။

မိမိတို့ကိုယ်တိုင် မသိရသော်လည်း မိမိတို့ မသိတာ(ရှေ့ဘဝ၊ နောက်ဘဝ၊ ကံ ကံ၏အကျိုးစသည်)တို့သည် အမှန်တကယ် ရှိကြပေသည်။ ထို့ကြောင့် မိမိတို့ထက် အသိကြီးသူ+အကျင့်ကြီးသူ မြတ်ဗုဒ္ဓ၊ အရိယာများ၊ တန်ခိုးကြီးနတ်ဗြဟ္မာများ၊ လူပညာတတ်များက သိကြပေသည်။

လူသားများသည် မွေးလာခါစမှာ ဘာကိုမျှ မသိကြသေးပေ။ မသိတာကို မသိဘူးဟု သိနေရုံမျှဖြင့် ဓမ္မအရကို သိဖို့နေနေသာသာ ကကြီးခခွေး၊ တစ် နှစ် သုံး၊ အေ ဘီ စီ၊ ဝမ်း တူး သရီး စသည်တို့ကိုပင် မသိနိုင်သောကြောင့် ၎င်းကလေးကို မိဘဆရာတို့က သင်ပေးပြပေးနေကြရပါသည်။ ဤသဘောမှာ အလွန် ထင်ရှားပါသည်။

မသိတာကို မသိဘူးဟု သိနေရုံမျှဖြင့် လူအ-အဖြစ်သို့ ရောက်ရဖို့သာ ရှိပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် လူအ-များကို ခိုင်းနွားပြုဖို့ ရှာဖွေနေကြပါသည်။ နွားကြီးနွားငယ်များ ပေါ်လှပြီ။

**"တကယ်လိုအပ်တာ မဟုတ်တာကို လိုအပ်တာဟု မထင်အောင် နေနိုင်ခြင်း"** အရ - မလိုအပ်တာကို မလိုအပ်တာဟုပင် ထင်သူများ သိသူများ ရှိကြသည်။

သို့သော်လည်း ထိုသို့သိရုံမျှဖြင့် ဓမ္မအရကို မသိနိုင်ကြောင်း ထင်ရှား

ပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် မဟုတ်တာ မမှန်တာကို ပြောဟောရာမှာ ဧတဒဂ် ထားလောက်သူများပေတည်း။

လူတစ်ဦးအတွက် ဖိနပ်တစ်ရန်၊ အင်္ကျီ ပုဆိုး တစ်စုံမှသုံးစုံ၊ အိပ်ရာ တစ်ခု၊ အိပ်ရာခင်း ခြင်ထောင် ခေါင်းအုံး တစ်စုံ၊ ထမင်းပန်းကန်တစ်ချပ်၊ ဟင်းပန်းကန်တစ်စုံ၊ မီးဖိုတစ်လုံး၊ သောက်ရေအိုး၊ အိမ်သာတစ်ခုစီရှိလျှင် တကယ်လိုအပ်တာများ အားလုံးပြည့်စုံပြီ။ ဖိနပ်နှစ်ရန်ဆိုလျှင် နောက်တစ်ရန် သည် တကယ်မလိုအပ်တာပင် ဖြစ်သည် စသည်ဖြင့် သိရုံမျှမကသေးဘဲ ယာမြေအပိုများ၊ ဆန်စပါးအပိုများကိုပါ တကယ်လိုအပ်တာမဟုတ်ဟု သိ သောကြောင့် စာရေးဆရာကြီး လီယိုတော်လ်စတွိုင်းသည် တစ်ကိုယ်စာလို အပ်တာ၊ တစ်မိသားစုစာ လိုအပ်တာထက် ကျော်နေသည့်အရာတို့ကို ပေးကမ်း စွန့်ပစ်ဖူးသူတစ်ဦး ဖြစ်ပါသည်။ ကမ္ဘာကျော် စာရေးဆရာကြီး လည်း ဖြစ်ပါသည်။ ပင်ကိုဉာဏ် အလွန်ကောင်းသူလည်း ဖြစ်ပါသည်။ သို့သော် ဆရာကောင်းထံချဉ်းကပ်ခွင့်နှင့် အဋ္ဌကထာ၊ ဋီကာတို့နှင့်တကွသော ပိဋကတ်သုံးပုံတို့ကို သင်ယူခွင့် မရလေသောကြောင့် ဓမ္မ၏အရကောက်၊ အနက်အဓိပ္ပာယ်တို့ကို မသိဘဲ သေပွဲဝင်သွားရရှာပါသည်။

**"ဓမ္မမှတ်စာသုတ ရှိအောင်နေနိုင်လျှင် ဓမ္မအရကို သိနိုင် ကြောင်း"** ပစ္စုပ္ပန်ကမ္မဝါဒီက ဆိုထားပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့ ပြောလိုသည့် ဓမ္မမှတ်စာဆိုသည်မှာ ပိဋကတ် သုံးပုံပင်တည်း။ "ပိဋကတ်သုံးပုံသုတဆိုသည်မှာ မြတ်ဗုဒ္ဓ ဟောထားတာ မဟုတ်တော့ဘူး။ အလွဲလွဲအမှားမှား ဖြစ်နေပြီ။ ပုံပြောသူတို့ နှုတ်ထွက်စကား ကဲ့သို့ပင် ဖြစ်နေပြီ" စသည်ဖြင့် သိမှတ်ခြင်းကို "ဓမ္မမှတ်စာသုတရှိခြင်း"ဟု ဆိုလိုခြင်းပင် ဖြစ်ပါသည်။

ပိဋကတ်သုံးပုံတို့ရှိ ဒါန၊ သီလ၊ ကံ ကံ၏အကျိုး စသည့်တရားများကို သိခြင်းကို ပိဋကတ်သုံးပုံသုတဟု ဗုဒ္ဓဘာသာဝင်တို့က ယူဆကြပါသည်။ (ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ ဓမ္မမှတ်စာသုတနှင့် နှိုင်းယှဉ်ကြည့်ရာ၏။) ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အဆိုပါ "ဓမ္မမှတ်စာသုတ" ရှိရုံမျှဖြင့် ဓမ္မအရကို လုံးဝ မသိနိုင်ကြောင်း ထင်ရှားလှပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် မြတ်ဗုဒ္ဓကိုရော၊ တရားတော်ခေါ် ပိဋကတ်သုံးပုံကိုရော၊ သံဃာတော်များကိုပါ ပစ်ပယ်သူများဖြစ်ကြသည့်အတိုင်း မြတ်ဗုဒ္ဓ၏ နှုတ်ထွက်ဝေါဟာရတို့ကိုပါ ပစ်ပယ်ကြလျှင် အလွန်ကောင်းပေမည်။ စာရေးသူတို့အနေဖြင့် ရှင်းပြနေစရာ မရှိပေပြီ။ အခုမှာမူ ပိဋကတ်သုံးပုံလာ ဝေါဟာရတို့ကိုယူထားပြီး လှည့်စားနေခြင်းကြောင့် စာရေးသူတို့မှာ အလုပ်ရှုပ်-လူပန်းဖြစ်ကြရရှာပါသည်။

**"လူ့စလေ့အသိနှင့် မဝေးအောင်နေနိုင်လျှင် ဓမ္မအရကို သိနိုင်ကြောင်း"** ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဆိုသည်။

လောကတွင် လူ့စလေ့ကို သိသူများ ရှိကြသည်။ သို့သော် ထိုသူတို့သည် ဓမ္မအရကို မသိနိုင်ကြပေ။ သိလိုလျှင် သင်ယူကြရပေမည်။ လူ့စလေ့သည် ဓမ္မမဟုတ်သောကြောင့် လူ့စလေ့ကိုသိရုံမျှဖြင့် ဓမ္မကို မသိနိုင်ကြောင်း အလွန်ထင်ရှားပါသည်။

**"ကိုယ်လုပ်သမျှ ဖြစ်သမျှကို အမိပ္ပာယ်သိအောင် နေနိုင်ခြင်း"** အရ- စစ်သားတို့သည် သူတို့၏လုပ်သမျှ ဖြစ်သမျှတို့ကို သေချာသိကြပါသည်။ မသိလျှင် တိုက်ပွဲမှာ သေကြရပေတော့သည်။ ရှင်လမ်းမရှိ။ ထို့ကြောင့် အဆိုပါ စစ်သားတို့နှင့်မခြား ကိုယ်လုပ်သမျှ ဖြစ်သမျှတို့ကို အမိပ္ပာယ်သိအောင် နေနိုင်သူများချည်း ကမ္ဘာ့နေရာ အသီးသီးမှာ လူကြီးလူကောင်း ဖြစ်နေကြပါသည်။ ထိုသူတို့သည် ထိုသို့သိသော်လည်း ဓမ္မအရကို မသိနိုင်ကြပေ။ သိလိုလျှင်သင်ယူကြရပေမည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့ ဆိုသောအချက်ကြီး ၆-ချက်တို့သည် အဋ္ဌကထာ ဋီကာမပါဘဲ ဓမ္မအရကိုသိအောင် ကြိုးစားနည်းလမ်းညွှန်များ လုံးဝ မဟုတ်ကြောင်း တွေ့ရပါသည်။

## ဘုရားခေတ်စီးသူ ဟူ၍

တရားရသူတွေ ပြတ်သွားပြီးပြီဟု ဆိုခြင်း၊

တရားရသူများသည်မြတ်ဗုဒ္ဓနှင့် ထပ်တူတွေပင် ဖြစ်၏ဟုဆိုခြင်း၊

ပစ္စုပ္ပန်ကမ္မဝါဒီက ဘုရား(သို့မဟုတ်) ဘုရားခေတ်စီးသူ၊ ဘုရားအသိဉာဏ်ရသူ၊ တရားရသူဟု သူ့ဘာသာသူ ကြေညာကြွေးဝါခြင်း၊

လူတို့ဖြေရှင်းမရနိုင်သည့် ပြဿနာတွေကို ပစ္စုပ္ပန်ကမ္မဝါဒီကသာ ဖြေရှင်းနိုင်၏ဟုဝန်ခံခြင်း စသည်တို့နှင့် စပ်လျဉ်းသောစာပေများ ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"တရားရသူတွေ ပြတ်သွားပြီး တရားမှတ်စာတွေပဲ ကျန်တဲ့အခါ အဲဒါတွေလေ့လာပြီး တရားရဖို့မလွယ်ကြောင်းပြတာနဲ့ ဆုံးခဲ့တာနော်။(ပ)။

"ဘုရားမဟုတ်တဲ့လူတွေလဲ တရားရကြတယ်နော်။(ပ)။ အဲဒီလူတွေဟာ ဘုရားနဲ့ ထပ်တူတွေပဲ။ အဲဒီလူတွေဟာ ဘုရားခေတ်စီးတဲ့လူတွေပဲ။(ပ)။

"(ဘုရားဆိုတာ ဘုရားဉာဏ်ပွင့်လာလို့ ဘုရားဖြစ်တာနော်။ ဘုရားဉာဏ်ဟာ တရားပဲဆိုတာလဲ သိခဲ့ကြပြီနော်။) ဒီတော့ ဘုရားခေတ်ဟာ ဘုရားရဲ့ အသိဉာဏ်တော်(ဓမ္မဖြစ်တဲ့ ခေတ်)ပဲ မဟုတ်လား။ (ဟုတ်ပါ့ဘုရား။) လူတွေမှာ ဘုရားခေတ်စီးတာ သဘောပေါက်ရပါပြီဘုရား။ ဘုရားခေတ်စီးသူဟာ ဘုရား မဟုတ်ဘူး။ ဘုရားလိုတော့ လှုပ်ရှားပြောဆိုနိုင်တယ်"ဟု ရေးသားထားပါသည်။ (ပ)

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဓမ္မကထာ၊ စာ-၄ဝ၊ ၄၁)

## (က)
## တရားရသူပြတ်သွားပြီ ဟူ၍

အထက်ပါစကားရပ်ထဲတွင် "တရားရသူတွေ ပြတ်သွားပြီ"ဟု ပါရှိပါသည်။ ထိုစကားသည် ဗုဒ္ဓသာသနာတော်ရှိ သာသနာ့ဝန်ထမ်းတို့ကို အကြီးအကျယ် ချေမှုန်းလိုက်သည့်စကား ဖြစ်သည်။

ယခုအခါတွင် ဓမ္မဝိနယခေါ် ပိဋကတ်သုံးပုံ ရှိပါသည်။ ပိဋကတ်သုံးပုံသည် ဘုရားရှင်ဖြစ်၍ မဂ္ဂင်ရှစ်ပါး ဗောဓိပက္ခိယတရားများ ရှိကြပါသည်။ ဤတရားများကို ကျင့်သုံးလိုက်နာသူများ ရှိနေသမျှကာလပတ်လုံး ရဟန္တာတို့လည်း ရှိနေကြမည် ဖြစ်ကြောင်း မြတ်ဗုဒ္ဓ ဟောတော်မူထားပါသည်။ ယခုခေတ်တွင်လည်း အဆိုပါတရားတို့ကို ကျင့်သုံးသူ လိုက်နာသူများစွာ ရှိနေကြပါသည်။ ထို့ကြောင့် "တရားရသူတွေ ရှိနေကြတုန်းပင်" ဟုသာ ဆိုသင့်ပါသည်။

သာသနာတော် ၂၅၅၀-နှစ်ကျော်တိုင်အောင် ဆိုက်ရောက်လာရာ ခရီးစဉ်တစ်လျှောက်မှာလည်း အဆိုပါတရားတို့ကို ကျင့်သုံးလိုက်နာသူများစွာ ရှိခဲ့ကြသည်သာ ဖြစ်ပါသည်။ ကျင့်သုံးလိုက်နာသည့်အလျောက် တရားရသူတွေလည်း ရှိခဲ့ကြသည်သာ ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် အရှင်သာရိပုတ္တာ၊ အရှင်မဟာမောဂ္ဂလာန၊ အရှင်မဟာကဿပ အစရှိသော ရဟန္တာမြတ်ကြီးတို့ကိုသော်မှ အသိအမှတ်မပြုနိုင်သူများဖြစ်ကြခြင်းကြောင့် တရားရသူတွေပြတ်ပြီးပြီ-ဟူ၍ အတင့်ရဲစွာ စွပ်စွဲလာခြင်း ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ "တရားရသူတွေ ပြတ်ပြီးပြီ"ဟူသော စကားသည် မဟာဝဂ္ဂပါဠိတော်လာ-

"ဣမေ စ သုဘဒ္ဒ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ-ဒေသနာနှင့်အညီ သောတာပန်သည် မိမိရအပ်သော တရားအကြောင်းကို သူတစ်ပါးအား ဟောပြပြီး သူတစ်ပါးကို သောတာပန်ဖြစ်အောင်ပြုပေးခြင်း စသည်ဖြင့် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ မဆိတ်မသုဉ်းနိုင်ကြောင်း၊ ထို့ကြောင့် သာသနာတည်ရာ ခေတ်အဆက်ဆက်မှာပင် တရားရသူများရှိကြောင်း" ဖွင့်ပြအပ်သော (ဒီ၊ ၄၊ ၂၊ ၁၈၁)တို့နှင့် ဆန့်ကျင်ပါသည်။

# (ခ)

## ဘုရားနှင့်တူသူ ဟူ၍

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီတို့က "ဘုရားမဟုတ်ဘဲ တရားရသူ(လူ)တွေ ရှိကြောင်း၊ ထိုလူများသည် မြတ်ဗုဒ္ဓနှင့် အတူတူဖြစ်ကြောင်း" ဆိုပြန်ပါသည်။

ဤစကား၌ မြတ်ဗုဒ္ဓ၏ အဆုံးအမကို လိုက်နာသူများ ရဟန္တာဖြစ်သည်အထိ တရားရကြောင်းမှာ လုံးဝပင် မှန်ပါသည်။ သို့သော် မြတ်ဗုဒ္ဓနှင့် ထပ်တူဖြစ်ကြောင်းမှာ အလွန်ပင် မှားလှပေသည်။

မြတ်ဗုဒ္ဓသည် သူတကာတို့နှင့် မတူအောင် ပါရမီတို့ကို ဖြည့်ကျင့်ခဲ့ခြင်းကြောင့် "**အတုလဂုဏ်**"ကို ဆောင်တော်မူပါသည်။ မြတ်ဗုဒ္ဓသည် ရူပနိကာယ်ခေါ် လက္ခဏာတော်ကြီး၊ လက္ခဏာငယ်တို့ဖြင့် သူမတူသော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ သိတော်မူ-ရတော်မူအပ်သော အရဟတ္တဖိုလ်ဉာဏ်သည် အခြားရဟန္တာတို့၏ အရဟတ္တဖိုလ်ဉာဏ်တို့ထက် အသာကြီးသာပေသည်။ သဗ္ဗညုတာဉာဏ်၊ စတုဝေသာရဇ္ဇဉာဏ်၊ ဒသဗလဉာဏ် စသည်များဖြင့် ဝန်းရံလျက် ရှိပေသည်။

မှန်၏။ ဋီကာတို့၌-

**"ဗုဒ္ဓါနဉ္စိ အရဟတ္တဖလံ နိပ္ပဒေသမာနံ သဗ္ဗညုတဉာဏာဒီဟိ သဗ္ဗေဟိ ဗုဒ္ဓဂုဏေဟိ သိဒ္ဓိယေဝ နိပ္ပဒေသတိ"**ဟု ဖွင့်ပြထားပြီးဖြစ်ပါသည်။

(သာရတ္ထဒီပနီ၊ ဋီကာ-ပ၊ ၂၉၈)

ထို့ကြောင့် တရားရသူ ပဥ္စဝဂ္ဂီတို့သည်လည်း မြတ်ဗုဒ္ဓနှင့် တူတော်မမူကြပေ။ တရားရသူ အရှင်သာရိပုတ္တရာသည်လည်း မြတ်ဗုဒ္ဓနှင့် တူတော်မမူပေ။

သို့ဖြစ်၍ "တရားရသူ(လူ)များသည်လဲ မြတ်ဗုဒ္ဓနှင့် ထပ်တူတွေပဲ" ဟူသောစကားသည် အမှားကြီးသာ ဖြစ်ပါသည်။

အမှန်အားဖြင့် မည်သူမျှ မြတ်ဗုဒ္ဓနှင့် တူတော်မမူကြောင်းကို ပစ္စုပ္ပန်ကမ္မဝါဒီတို့လည်း သိထားကြပြီး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ထပ်တူဖြစ်ကြောင်းဆိုလျှင် လူအများက လက်ခံမည်မဟုတ်ကြောင်း ပစ္စုပ္ပန်ကမ္မဝါဒီက

သဘောပေါက်လျက်ရှိပြီး ဖြစ်ပါသည်။ လှည့်စားပြီး ပြောပုံကိုကြည့်ပါ။

"ထပ်တူဖြစ်တယ်ဆိုတာ ဘုရားဓာတ်စီးတာပဲ" ဟူသော အဓိပ္ပာယ်ကို ဆိုလိုပါသည်။ ဤစကားနှင့်ဆက်၍ ဓာတ်ဆိုတာကိုလည်း ရှင်းပြန်ပါသည်။ "ဘုရားဓာတ်ဟာ ဘုရားရဲ့ အသိဉာဏ်တော်ပဲ၊ ဘုရားရဲ့ တရားဓမ္မပဲ" ဟူပေ၏။ (အသိဉာဏ်နှင့် တရားဓမ္မဆိုသည်မှာ အဓိပ္ပာယ်တူ မဟုတ်ကြောင်း ရှင်းပြခဲ့ပြီး ဖြစ်ပါသည်။)

ဆိုလိုသည့်ဖြောင့်ချက်မှာ "ပစ္စုပ္ပန်ကမ္ဘဝါဒီ၌ မြတ်ဗုဒ္ဓ၏ အသိဉာဏ်များ (မြတ်ဗုဒ္ဓ၏တရားတော်များ) စီးနေခြင်းကြောင့် ပစ္စုပ္ပန်ကမ္ဘဝါဒီသည် ဘုရားဓာတ်စီးသူတစ်ဦး ဖြစ်သည်။ ဘုရားအသိဉာဏ်ရှိသူတစ်ဦး ဖြစ်သည်။ တရားရသူ(လူ)တစ်ဦးဖြစ်သည်"ဟူ၍ပင်တည်း။

မှန်၏။ ဤအဓိပ္ပာယ်ကို ဤဖော်ပြပါစကားတို့က ပြောပြနေရုံမျှမကသေး။ နောက်နားမှာလည်း ပြောင်ပြောင်တင်းတင်းပင် ရေးထားပါသေးသည်။ (ရှုတော်မူကြပါကုန်။)

ပစ္စုပ္ပန်ကမ္ဘဝါဒီက-

"ပြဿနာ မဖြေရှင်းနိုင်ရင်-သွားရမယ့်နေရာကို သိပါပြီဘုရား။ ဘယ်လဲ။ ဘုရားဓာတ်စီးသူဆီပါဘုရား။ ဟုတ်ပြီ။ ဘုရားဓာတ်စီးသူဟာ တရားသိသူဖြစ်လို့ ပြဿနာတွေ ရှင်းနိုင်တဲ့ တရားသူကြီးဖြစ်တာ ရှင်းရှင်းလင်းလင်းပဲ သိပါပြီဘုရား"ဟု ရေးသားထားပြန်ပါသည်။ (ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ဓမ္မကထာ၊ စာ-၄၃)

"အဲဒါ ဒီအတိုင်းနေရင်လဲ မကောင်းဘူး။ ပြန်ပြောရင်လဲ စိတ်ဆိုးခံရမှာမို့ မကောင်းဘူး။ ဒါ-ပြဿနာ။ ဒီ အစွန်းနှစ်ရပ်မကပ်အောင် ဘုရားဓာတ်စီးသူ ဆရာတော်(ပစ္စုပ္ပန်ကမ္ဘဝါဒီ)က ညွှန်ပြပါဘုရား။ ဒါကလဲ ဘုရားနှင့် ဘုရားဓာတ်ရသူကလွဲလို့ ပြနိုင်အား-လုံးလုံးပဲ မရှိကြဘူး"ဟုလည်းရေးထားပါသည်။

(ပစ္စုပ္ပန်ကမ္ဘဝါဒီ၏ဓမ္မကထာ၊ စာ-၄၉)

## အကြီးမားဆုံးသောလိမ်လည်မှုကြီး

အထက်ပါစာမျက်နှာ(၄၃/၄၉)ပါ စကားတို့အရ ဘုရားစာတ်စီးသူ၊ ဘုရားအသိဉာဏ်ရှိသူ တရားရသူ(လူ)ဆိုသည်မှာ ပစ္စုပ္ပန်ကမ္မဝါဒီကိုဆိုကြောင်း ထင်ရှားလှပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့အဖွဲ့ အလိုအားဖြင့် "အဲဒီ လူတွေဟာ ဘုရားနဲ့ ထပ်တူတွေပဲ"(၄င်းစာအုပ်၊ စာ-၄၀)စကားအရ "ပစ္စုပ္ပန်ကမ္မဝါဒီနှင့် မြတ်ဗုဒ္ဓ၊ မြတ်ဗုဒ္ဓနှင့် ပစ္စုပ္ပန်ကမ္မဝါဒီ" အတူတူပင်ဟု ဝန်ခံကြေညာခြင်းပင် ဖြစ်ပါသည်။

ဤဝန်ခံချက်၊ ဤကြေညာချက်သည် မိုက်မိုက်မဲမဲ လိမ်ခြင်းကြီးသာ ဖြစ်သည်။ ဤလိမ်ခြင်းထက် ကြီးသောလိမ်ခြင်း မရှိနိုင်တော့ပြီ။

ဘုရားစာတ် ဟူသည်မှာ ဗုဒ္ဓဘာသာသုံး စကားလုံးမဟုတ်ပါ။ သို့သော်လည်း စကားလုံး ပူးဝင်လာသဖြင့် ဖြစ်သင့်သည့် အဓိပ္ပာယ်ကို ပြရချေသော်-"ဂုဏ်တော်ကိုးပါးတို့ကိုသာ ဘုရားစာတ်"ဟု ဆိုရပါလိမ့်မည်။

ပစ္စုပ္ပန်ကမ္မဝါဒီ၌ အရဟံဂုဏ်တော် မရှိသောကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီ၌ မြတ်ဗုဒ္ဓ၏ ဘုရားစာတ်မစီးနိုင်ပေ။ ပစ္စုပ္ပန်ကမ္မဝါဒီ၌ မြတ်ဗုဒ္ဓ၏ ဘုရားအသိဉာဏ် လုံးဝ မရှိ။

ထို့ပြင် ပစ္စုပ္ပန်ကမ္မဝါဒီ၌ သမ္မာသမ္ဗုဒ္ဓဂုဏ်တော် စသည်တို့လည်း တစ်စက်မျှ မရှိပေ။

ပစ္စုပ္ပန်ကမ္မဝါဒီ၌ မြတ်ဗုဒ္ဓ၏ဘုရားစာတ် လုံးဝ မစီး။

ပစ္စုပ္ပန်ကမ္မဝါဒီ၌ မြတ်ဗုဒ္ဓ၏အသိဉာဏ် လုံးဝ မရှိ။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီဂိုဏ်းသားတို့က မည်သို့ပင်ဆိုဆို ပစ္စုပ္ပန်ကမ္မဝါဒီနှင့် မြတ်ဗုဒ္ဓ-မြတ်ဗုဒ္ဓနှင့်ပစ္စုပ္ပန်ကမ္မဝါဒီ တခြားစီသာ ဖြစ်ပါသည်။ တခြားစီ ဖြစ်ရုံမျှမကသေး ပစ္စုပ္ပန်ကမ္မဝါဒီသည် မြတ်ဗုဒ္ဓကို ရန်ရှာသူ ဒေဝဒတ်အောက်ပင် ယုတ်ညံ့ပေသေးသည်။

### (ဂ)

ဤရှင်းချက်ထဲမှာ ကူးယူပြထားသည့် (ပစ္စုပ္ပန်ကမ္မဝါဒီ၏ဓမ္မကထာ၊ စာ-၄၃/၄၉ ပါ) စကားတို့သည် အရေးကြီးပါသည်။ လူတို့ဖြေရှင်း၍ မရနိုင်သော ပြဿနာရှိလာလျှင် ပြဿနာရှိနေသူလူတို့သည် ဘုရားထံ သွားကြရ

မည်။ (ဤအဓိပ္ပာယ်ကို စာမျက်နှာ ၃၃-မှာ ရေးထားသည်။ ပြဿနာဖြစ်လျှင် ဘုရားဆည်းကပ်သူဟာ ဘုရားဆီ သွားရတယ်။) သို့မဟုတ် ဘုရားခေတ်စီး သူထံ သွားကြရမည်။

ဘုရားသည်၊ သို့မဟုတ် ဘုရားခေတ်စီးသူသည် တရားသိသူ ဖြစ်သောကြောင့် အဆိုပါပြဿနာတွေကို ရှင်းနိုင်သူ(တရားသူကြီး) ဖြစ်သည်- ဟူ၍ တွေ့ရပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီသည် လောဘကြီး လွန်းလှသူပေတည်း။ ဘုရားဂုဏ်ထူးကိုလည်း အတင်းယူပေသည်။ ဘုရားခေတ်စီးသူ၊ ဘုရားအသိရှိသူ၊ တရားသိသူရာထူးတို့ကိုလည်း ဖွတ်စီးယူသည်။ တရားသူကြီးရာထူးကိုလည်း လက်လွှတ်မခံဘဲ သိမ်းပိုက်ထားလိုပေသေးသည်။

ပစ္စုပ္ပန်ကမ္မဝါဒီ၏ဓမ္မကထာ (စာ-၄၉) ပါ အစွန်းနှစ်ဖက်ငြိ ပြဿနာမျိုးကို ပစ္စုပ္ပန်ကမ္မဝါဒီမှတစ်ပါး ပြေလည်အောင် ရှင်းပြနိုင်သူ မရှိဟူ၍လည်း ကြွားဝါထားပါသေးသည်။

ထိုသို့ ကြွားဝါနေသော်ငြားလည်း ပစ္စုပ္ပန်ကမ္မဝါဒီသည် စင်စစ်အားဖြင့် ဘုရားလည်း မဟုတ်ပေ။ စင်စစ်အားဖြင့် ဘုရားခေတ်စီးသူလည်း မဟုတ်ပေ။ ပရမအတ္တ၊ ဇီဝအတ္တ ဟူသော အတ္တနှစ်မျိုး(ပညတ်)တို့ကို စွဲယူနေသူ အတ္တဝါဒီ-ပညတ္တိဝါဒီမျှသာ ဖြစ်ပေသည်။

ထို့ကြောင့် အဆိုပါ ပြဿနာမျိုးကို ပစ္စုပ္ပန်ကမ္မဝါဒီက ပြေလည်အောင် မရှင်းနိုင်ပါ။ မညွှန်ပြနိုင်ပါ။ ဤသဘောတို့ကို ပစ္စုပ္ပန်ကမ္မဝါဒီက ရိပ်မိလျက်ရှိ၍ ဘုရားခေတ်စီးသူသည်(ဘုရား မဟုတ်သော်လည်း) ဘုရားလို ပြောဆိုနိုင်သည်-ဘုရားလို လှုပ်ရှားနိုင်သည်ဟု ဆိုပါသေးသည်။

စာမျက်နှာ-၃၃ မှာ ဘုရားဟုဝန်ခံသည်။

စာမျက်နှာ-၄၃ မှာ ဘုရားခေတ်စီးသူဟုသာ ဝန်ခံပြန်သည်။

စာမျက်နှာ-၄၃ မှာကျတော့ ဆုံးဖြတ်နိုင်သူ တရားသူကြီးအစစ်ဟု ကြေညာပြန်သည်။

ဤဝန်ခံချက်၊ ကြေညာချက် အားလုံးနှင့်စပ်ဆိုင်သမျှတို့သည် ဆိုးဝါးလွန်းသော မှားချက်ကြီးများသာဖြစ်ကြောင်း မှတ်ယူကြရမည် ဖြစ်ပါသည်။

## ယဉ်ကျေးမှုကိုဖွင့်ဆိုခြင်း

၁။ ယဉ်ကျေးမှု(မနုဿဓမ္မ)တွေကိုသာ ယခုခေတ်ရှိ သံဃာတော်များက ဆောင်နိုင်ကြောင်း၊ ထို့ကြောင့် ယခုခေတ်ရှိ သံဃာတော်များမှာ သုပ္ပဋိပန္န၊ ဥဇုပ္ပဋိပန္န၊ ဉာယပ္ပဋိပန္န၊ သာမီစိပ္ပဋိပန္နဂုဏ်တော်များ မရှိကြောင်း၊

၂။ ယခုခေတ်ရှိ သံဃာတော်တို့မှာ ဥတ္တရိမနုဿဓမ္မ မရှိကြောင်း၊ ထို့ကြောင့် ယခုခေတ်သံဃာတော်တို့မှာ အာဟုနေယျ၊ ပါဟုနေယျ၊ ဒက္ခိဏေယျ၊ အဉ္ဇလီကရဏီယ၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ဂုဏ်တော်တို့ မရှိကြောင်း၊

၃။ ယခုခေတ်သံဃာတော်များဆောင်နေသော ယဉ်ကျေးမှု(မနုဿဓမ္မ)ဆိုသည်မှာ မြတ်ဗုဒ္ဓ ဟောထားသော တရားမဟုတ်ကြောင်း၊ ထို့ကြောင့် ယခုခေတ်ရှိသံဃာဆိုတာသည် အတုများသာဖြစ်ပါကြောင်း ရေးသားချက်များသည်လည်း ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"လူနဲ့မတူတဲ့ ယဉ်ကျေးမှုတွေ ဆောင်နေကြတာ အထင်အရှားပဲ မဟုတ်လား။ (အဲလိုဆောင်နေတာက) အလုပ်တူ လုပ်နေကြသူချင်း ညီညွတ်မှုသမဂ္ဂဖြစ်ဖို့ပဲဘုရား။ (အလုပ်တူဆိုတော့ အလုပ်က)-ဥတ္တရိမနုဿဓမ္မ ဆိုတဲ့ လူ့အသိထက်သာတဲ့အသိသိအောင်-ရှိအောင်-ရှိစေအောင်(လုပ်ရတဲ့)အလုပ်ပေါ့ဘုရား။ (ပ)။

"ယဉ်ကျေးမှုတွေကို ကျင့်လို့နေတာပဲ။ သူ့ကို ကောင်းကောင်းကျင့်သူလို့ မပြောရဘူးလား။ ယဉ်ကျေးမှုက လူ့တရားထက်မြတ်တဲ့ တရားလားဘုရား။

"ယဉ်ကျေးမှုကို မြတ်စွာဘုရားက သူဟောတဲ့တရား ဖြစ်တယ်လို့ ညွှန်ပြခဲ့သလားဘုရား။ ဒီလိုတော့ မပြပါဘူး။ (ပ) ယဉ်ကျေးမှုပဲ ဆောင်သူတွေကို အဝေးက လှမ်းပေးတာ၊ အဝေးကလာသူ ပေးတာ၊ အမြတ်တနိုးပေးတာ၊ ရိုကျိုးမှုပြုတာတွေဟာ လောကရဲ့ ကောင်းမှုစိုက်ပျိုးရာ ရောက်ပါ့မလားဘုရား။ ယဉ်ကျေးမှု(မနုသဓမ္မ)ကို ဆောင်စေတာဟာ သမဂ္ဂဖြစ်ဖို့ပဲ"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဓမ္မကထာ၊ စာ-၅၄၊ ၅၅)

## (က)
## ယဉ်ကျေးမှုနှင့်မနုသဓမ္မ

အထက်ပါရေးသားချက်ထဲတွင် ယဉ်ကျေးမှုဟူသောဝေါဟာရကို ပစ္စုပ္ပန်ကမ္မဝါဒီတို့ သုံးထားကြပါသည်။ ၎င်းဝေါဟာရ၏ဆိုလိုချက်မှာ အများ တကာ သိမြဲသုံးမြဲအနက်မျိုးကို မဆိုပါ။ ၎င်းစာအုပ်(စာ-၈၇)မှာ -

"ယဉ်ကျေးမှုဆိုတာ ဘာလဲဘုရား။ တရားဓမ္မပေါ့။ ယဉ်ကျေးမှု မပေါ်သေးဘူးဆိုတော့ လူ့တရားမှာ မရှိသေးတာလားဘုရား။ ဟုတ်တယ်။ (ပ) မပေါ်သေးတဲ့ယဉ်ကျေးမှုက ဥတ္တရိမနုသဓမ္မပေါ့"ဟူသော စကားများ ရှိပါသည်။

ထို့ကြောင့် ယဉ်ကျေးမှုဟူသောဝေါဟာရဖြင့် မနုသဓမ္မ(=ရှိပြီးသားယဉ်ကျေးမှု)နှင့် ဥတ္တရိမနုသဓမ္မ (=မရှိသေးသောယဉ်ကျေးမှု)ကို ရည်ညွှန်းထားကြောင်း သိရပါသည်။ ၎င်းနှစ်မျိုးကိုပင် တရားဓမ္မဟု ပစ္စုပ္ပန်ကမ္မဝါဒီတို့က သတ်မှတ်ကြပါသည်။ သူတို့အလိုအရဆိုလျှင်-

(၁) မနုသဓမ္မဟူသည်မှာ လူမှာဖြစ်သည့် ပြဿနာများ၊

(၂) ဥတ္တရိမနုသဓမ္မဟူသည်မှာ လူမှာဖြစ်သည့် ပြဿနာများက လွတ်မြောက်အောင် သိနိုင်ခြင်းဟု ဆိုလိုကြောင်း သတိပြုတော်မူကြပါ။

## (ခ)
## ယဉ်ကျေးမှုကိုဘုရားဟောပါသည်

"ယဉ်ကျေးမှုကို မြတ်စွာဘုရားက သူဟောသည့်တရား ဖြစ်သည်ဟု ညွှန်ပြခဲ့ပါသလား။ မပြပါဘူး" ဟု ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဆိုထားပါသည်။

ဤစကား၌ ယဉ်ကျေးမှုအရ မနုဿဓမ္မဟု ယူထားသောကြောင့် မနုဿဓမ္မကို မြတ်ဗုဒ္ဓက မိမိဟောသည့်တရားဖြစ်ကြောင်း ပြဆိုချက်များ ပိဋကတ်သုံးပုံကျမ်းတိုင်းလိုလိုမှာ ပါရှိကြသည်။

"တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ပဏ္ဍိတော ဝေဒိတဗ္ဗော။ ကတမေဟိ တီဟိ-ကာယသုစရိတေန ဝစီသုစရိတေန မနောသုစရိတေန" (အံ၊ ၁၊ ၁၀၀)

"တီဏိမာနိ ဘိက္ခဝေ ဒေဝဒူတာနိ။ ကတမာနိ တီဏိ-ဣဓ ဘိက္ခဝေ ကေစ္စော ကာယေန ဒုစ္စရိတံ စရတိ ဝါစာယ ဒုစ္စရိတံ စရတိ မနသာ -ဒုစ္စရိတံ စရတိ။

"သော(ပ) ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။" (အံ၊ ၁၊ ၁၃၇)

"ရဟန်းတို့၊ တရားသုံးပါးတို့နှင့် ပြည့်စုံသောသူကို ပဏ္ဍိတ(ပညာရှိ) ဟု သိအပ်၏။ သုံးပါးတို့ဟူသည်ကား ကာယသုစရိုက်တရား၊ ဝစီသုစရိုက် တရား၊ မနောသုစရိုက်တရား (ဤသုံးပါး)တို့နှင့် ပြည့်စုံသောသူကို ပဏ္ဍိတဟု သိအပ်၏။"

"ရဟန်းတို့၊ ဒေဝဒူတတို့သည် သုံးပါးတို့တည်း။ သုံးပါးတို့ဟူသည် ကား-ရဟန်းတို့၊ ဤလောက၌ အချို့သူသည် ကာယဖြင့် ဒုစရိုက်ကို ကျင့်၏။ ဝါစာဖြင့် ဒုစရိုက်ကို ကျင့်၏။ မနဖြင့် ဒုစရိုက်ကို ကျင့်၏။ ထိုသူသည် သေပြီးသောအခါ၌ ငရဲသို့ ရောက်ရပေ၏။"

ဤပါဠိတော်တို့၌လာသော သုစရိုက်သုံးပါးသည်ပင်(ကာယသုစရိုက် သုံးပါး၊ ဝစီသုစရိုက်လေးပါး၊ မနောသုစရိုက်သုံးပါးဖြစ်၍) မနုဿဓမ္မ-လူ့ တရားဆယ်ပါး ဖြစ်ပါသည်။ ကုသလ ကမ္မပထတရားဆယ်ပါး ဖြစ်ပါသည်။ တစ်ဖန် ဒုစရိုက်သုံးပါး-လေးပါး-သုံးပါးသည်ပင် (ဆယ်ပါးဖြစ်၍) အမနုဿ ဓမ္မဆယ်ပါး၊သို့မဟုတ် အကုသလကမ္မပထတရားဆယ်ပါး ဖြစ်ပါသည်။

ထို့ကြောင့် "ယဉ်ကျေးမှုခေါ် မနုဿဓမ္မတို့ကို မြတ်ဗုဒ္ဓက သူဟော သည့် တရားဖြစ်ကြောင်း မပြပါ" ဟူသောစကားသည် ပစ္စုပ္ပန်ကမ္ဘဝါဒီတို့၏ အမှားသက်သက်သာတည်း။

အဆိုပါ မြတ်ဗုဒ္ဓ၏ကုသလကမ္မပထခေါ် မနုဿဓမ္မဆယ်ပါးတို့ကို ကျင့်လျှင် **သမ္မာပဏိဟိတစိတ်** ဖြစ်ပေါ်လာသောကြောင့်--

(၁) သာမညပုဂ္ဂိုလ်တို့အဖို့ အပါယ်ဘေးမှ လွတ်ခြင်း၊ နတ်ရွာသုဂတိရောက်ခြင်း စသောအကျိုးများကို ရရှိပါသည်။

(၂)ဝိပဿက-အာရဒ္ဓဝိပဿကပုဂ္ဂိုလ်မြတ်တို့အဖို့မိဘဆွေမျိုးတို့က မပေးနိုင်သော လောကုတ္တရာတရားတို့ကို ရရှိပါသည်။ ဓမ္မပဒပါဠိတော် သောရေယျွတ္ထုဒေသနာမှာ ဤသို့ ဟောထားပါသည်။

"န တံ မာတာပိတာ ကယိရာ၊ အညေဝါပိစ ဉာတကာ။

သမ္မာပဏိဟိတံ စိတ္တံ၊ သေယျသော နံ တတော ကရေ"ဟူ၍ ဖြစ်ပါသည်။

ဤဂါထာ၌ "သမ္မာပဏိဟိတန္တိ ဒသသု ကုသလကမ္မပထေသု သမ္မာ ဌပိတံ"ဟု ဖွင့်ပါသည်။ (ဓမ္မပဒဋ္ဌကထာ၊ ပ၊ ၂၁၀။)

အနှစ်ချုပ်ကား-

"ရဟန်းတို့၊ သောရေယျအား သမ္မာပဏိဟိတစိတ်ဖြင့် မဂ်ဉာဏ်ကို မြင်ချိန်-ရချိန်မှစ၍ သားသမီးစသူတို့၌ချစ်ခြင်း (ဂေဟဿိတပေမတဏှာ)သည် မဖြစ်တော့ပြီ။ လောကုတ္တရာမဂ်ဉာဏ်၏ ပြည့်စုံခြင်းကို အမေ-အဖေတို့က ပြုပေးခြင်းငှာ မတတ်နိုင်ပေ။

**"ဤသတ္တဝါတို့၏ ကိုယ်တွင်း၌ဖြစ်သော သမ္မာပဏိဟိတစိတ်ကသာလျှင် အဆိုပါ လောကုတ္တရာမဂ်ဉာဏ်၏ ပြည့်စုံခြင်းကို ရရှိအောင် ပေးတတ်၏-ပေးနိုင်၏"** ဟူ၍ ဖြစ်ပါသည်။

အဖြောင့်မှာမူ-

"ကုသလကမ္မပထတရားခေါ် မနုဿဓမ္မတို့ကသာလျှင် လောကုတ္တရာတရားခေါ် ဥတ္တရိမနုဿဓမ္မတို့ကို ရရှိအောင်လုပ်ပေးနိုင်၏"ဟူ၍ ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် မနုဿဓမ္မပုဒ်၊ ဥတ္တရိမနုဿဓမ္မပုဒ်တို့၏ အနက်မှန်ကို ဖျက်ထားသူများပီပီ-ပိဋကတ်သုံးပုံတို့ကို ပယ်ထားသူများပီပီ-အစစ်အမှန်ဖြစ်သော မြတ်ဗုဒ္ဓကို ပယ်ထားသူများပီပီ-ယခုအခါ သံဃာတော်တို့ကို ပယ်ချဖျက်ဆီးရာမှာလည်း ဆိုမိဆိုရာ ဆိုကြပါပေသည်။

(ဂ)

ပစ္စုပ္ပန်ကမ္မဝါဒီတို့က "ဥတ္တရိမနုဿဓမ္မ-လူ့အသိထက်သာသော အသိ သိအောင်-ရှိအောင်-ရှိစေအောင် လုပ်ရမည့်အလုပ်ကို လုပ်ရာမှာ သံဃာတော်တို့ ညီညွတ်မှုရှိဖို့အတွက်သာ ယဉ်ကျေးမှုတွေကို ဆောင်နေကြတာ"ဟု ဆိုပါသေးသည်။

ဤစကားရပ်ဖြင့်-

(၁) မြတ်ဗုဒ္ဓ၏ တပည့်သာဝကတို့သည် ယဉ်ကျေးမှုခေါ် မနုဿဓမ္မ (**ကုသလကမ္မပထ**)တို့ကို ကျင့်နေကြ၏ဟုလည်း ဖော်ပြရာရောက်သည်။

(၂) ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ယဉ်ကျေးမှုခေါ် မနုဿဓမ္မ(**တရား ဓမ္မ=လူ့မှာဖြစ်သည့်ပြဿနာတွေ**)ကို ကျင့်နေကြ၏ဟုလည်းဖော်ပြရာရောက်ပါသည်။

မှန်လည်းမှန်ပါ၏။ ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် လူတို့မှာ ပြဿနာဖြစ်အောင် ပြုလုပ်နေကြသည့် ပြဿနာကောင်ကြီးများဖြစ်ကြောင်း ထင်ရှားလှပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဝေါဟာရတူပြု၍ ရှုပ်အောင် လုပ်ထားကြသော်လည်း သိသူ့ရှေ့မှာ ရှင်းလျက်သာတည်း။

## မျက်မှောက်သံဃာတော်များ၏ သံဃာ့ဂုဏ်တော်

မြတ်ဗုဒ္ဓ၏တပည့်ဖြစ်သော ယခုခေတ်ရှိ သံဃာတော်တို့သည် မနုဿဓမ္မခေါ် ကုသလကမ္မပထတို့ကို ကျင့်ကြံနေသည့်စိတ်ရှိသူများဖြစ်၍ ယဉ်ကျေးမှု(မနုဿဓမ္မ)တွေကို ကျင့်နေသူများလည်း ဟုတ်ပါသည်။ ကောင်းကောင်းကျင့်သူများဟုလည်း ပြောရမည်သာ ဖြစ်ပါသည်။

မနုဿဓမ္မတို့သည် လူထက်မြတ်သောတရား၊ လူတို့တရားထက်မြတ်သောတရား (ဥတ္တရိမနုဿဓမ္မ) မဟုတ်သေးသော်လည်း ယခုခေတ်ရှိ သံဃာတော်တို့သည် အဆိုပါမနုဿဓမ္မတို့ကိုကျင့်ခြင်းဖြင့် ဥတ္တရိမနုဿဓမ္မ (ဈာန်မဂ်ဖိုလ်)တို့ကို သိအောင်-ရှိအောင် ကျင့်နေသူများသာ ဖြစ်ပါသည်။ တပည့် ဒကာ-ဒကာမတို့အား ထိုသို့သောမနုဿဓမ္မ(အစစ်)နှင့် ဥတ္တရိမနုဿဓမ္မ(အစစ်)တို့ကိုရရှိအောင် ပြောဟောသင်ပြပေးနေကြသူများဖြစ်ကြပါသည်။

ထို့ကြောင့် ယနေ့ခေတ်ရှိသံဃာတော်တို့သည် သုပ္ပဋိပန္နတာ၊ ဥဇုပ္ပဋိပန္နတာ၊ ဉာယပ္ပဋိပန္နတာ၊ သာမီစိပ္ပဋိပန္နတာဖြစ်၍ အာဟုနေယျ၊

ပါဟုနေယျ၊ ဒက္ခိနေယျ၊ အဉ္စလိကရဏီယ ဖြစ်ခြင်းကြောင့် အနုတ္တရံ ပုညက္ခေတ္တံ လောကဿလည်း ဖြစ်တော်မူကြပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီတို့ဆိုသော "ယဉ်ကျေးမှုပဲဆောင်သူတွေကို အဝေးက လှမ်းပေးတာ၊ အဝေးကလာသူပေးတာ၊ အမြတ်တနိုး ပေးတာ၊ ရိုကျိုးမှုပြုတာ တွေဟာ လောကရဲ့ကောင်းမှုစိုက်ပျိုးရာ ရောက်ပါ့မလား။ မရောက်ပါဘူး" စကားတို့သည် အယူမှားတို့သာ ဖြစ်ကြပါသည်။

(ဃ)

ယခုခေတ်ရှိသံဃာတော်တို့သည် မနုဿဓမ္မတို့ကို ကိုယ်တိုင်လည်း ကျင့်ခြင်း၊ ဒကာ-ဒကာမတို့အားလည်း ကျင့်တတ်အောင် ပြောဟော ပြသ ပေးခြင်းဖြင့် ဥတ္တရိမနုဿဓမ္မတို့ကို ရရှိစေရေးအလုပ်များကို လုပ်နေကြပါ သည်။ ဒကာဒကာမတို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အစစ် ဖြစ်တော်မူလျက် ရှိသောကြောင့် ဒကာ-ဒကာမတို့၏-

**အာဟုနေယျ**=အဝေးမှလည်း ဆောင်ယူလာပြီး၍ သီလရှိ သူတို့၌ လှူအပ်သော လှူဖွယ်ရာပစ္စည်းလေးပါးတို့ကို ခံယူခြင်းငှာ ထိုက်တော်မူကြပါ၏။ တစ်နည်းကား-အဝေးမှလည်း လာပြီး၍ အလုံးစုံသော ဥစ္စာနှစ်တို့ကို ပူဇော်အပ်ရာ(အလှူခံ)လည်း ဖြစ်တော် မူကြပါ၏။

**ပါဟုနေယျ**=အရပ်ရှစ်မျက်နှာတို့မှ လာကြမည်ဖြစ်သော ချစ်ခင်မြတ်နိုးထိုက်သည့် ဆွေမျိုးမိတ်ဆွေတို့အတွက် လက်ဆောင် အဖြစ်ဖြင့် ကောင်းစွာစီမံထားအပ်သော ဧည့်သည်စာလှူဖွယ်တို့ ကိုလည်း ခံယူခြင်းငှာ ထိုက်တော်မူကြပါ၏။ **သံဃာနှင့်တူသော ဧည့်သည်သည်မရှိ၊ မြတ်ဗုဒ္ဓတစ်ဆူ ပွင့်တော်မူမှ တစ်ကြိမ် သာလာသည့် ဧည့်သည်ထူးပေတည်း၊**

**ဒက္ခိဏေယျ**=နောက်ဘဝကိုယုံကြည်၍ လှူအပ်သော လှူဖွယ်တို့ကိုလည်း အကျိုးကြီးအောင် သုတ်သင်တတ်သောကြောင့် ခံယူထိုက်တော်မူကြပါ၏။

**အဉ္စလိကရဏီယ**=လက်နှစ်ဖက်တို့ကို ဦးခေါင်းထက်မှာ တည်ထား၍ အလုံးစုံသော သတ္တဝါအပေါင်းက ပြုအပ်သော လက်အုပ်ချီမိုး ရှိခိုးမှုကိုလည်း ထိုက်တော်မူကြပါ၏။

အနုတ္တရံ ပုညက္ခေတ္တံ လောကဿ=အလုံးစုံသော သတ္တဝါအပေါင်း၏ အတူမရှိ(အတုမရှိ)သော ကောင်းမှုတို့ကို စိုက်ပျိုးရာဌာန ပေါက်မြောက်ဖြစ်ထွန်းသီးပွင့်ရာဌာနလည်း ဖြစ်တော်မူပါပေ၏။ သံဃာကိုအမှီပြု၍ အလုံးစုံသော သတ္တဝါအပေါင်းသည်အထူးထူးအပြားပြား များစွာသော ချမ်းသာတို့ကို ဖြစ်ပေါ်လာစေမည့် ကောင်းမှု(ကုသိုလ်)တို့ကို စိုက်ပျိုးကြသောကြောင့် သံဃာတော်သည် အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-ဖြစ်ပါပေသည်။

အထက်ပါ အာဟုနေယျ အစရှိသော ပါဋ္ဌိငါးလုံးတို့၏အနက်ကို ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာမှ ဘာသာပြန်၍ (အမှန်အတိုင်း) ရေးသား တင်ပြခြင်း ဖြစ်ပါသည်။ (ဝိသုဒ္ဓိ၊ ဋ၊ ၁၊ ၂၁၃-၂၁၄)

ဤသို့သော အဋ္ဌကထာကိုတွေ့မြင်ရသောအခါ ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ "အာဟုနေယျ-အဝေးက လှမ်းပေးတာ။ ပါဟုနေယျ-အဝေးကလာသူပေးတာ။ ဒက္ခိဏေယျ-အမြတ်တန်းပေးတာ။ အဉ္ဇလီကရဏီယ- ရှိကျိုးမှုပြုတာ။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ-လောကရဲ့ကောင်းမှုစိုက်ပျိုးရာ" ဟူသော ဘာသာပြန်များသည် သံဃာ့ဂုဏ်ကို ဖျက်ထားခြင်း စစ်စစ်ဖြစ်ကြောင်း သိရပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အဆိုပါ-အဝေးကလှမ်းပေးတာ စသည်တို့သည်လည်း အယူမှားများသာ ဖြစ်ကြပါသည်။

## (င)

ပစ္စုပ္ပန်ကမ္မဝါဒီတို့က "ယဉ်ကျေးမှု(မနုဿဓမ္မ)တို့ကို ဆောင်စေတာသည် သမဂ္ဂဖြစ်ဖို့"ဟု ဆိုပြန်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့ဆိုသည့် မနုဿဓမ္မ(=လူမှာဖြစ်သည့်ပြဿနာ) တို့ကို ဆောင်စေခြင်းကိုဆိုလျှင်တော့ သမဂ္ဂဖြစ်ဖို့ဆိုသည်မှာ ဟုတ်နိုင်စရာရှိပါသည်။

သို့ရာတွင် မြတ်ဗုဒ္ဓ၏ အလိုအရကိုမူ အထက်မှာတင်ပြပြီးဖြစ်သော သောရေယျဒေသနာအတိုင်းသာ ယူရပါသည်။

မနုဿဓမ္မ(ကုသလကမ္မပထ)တို့ကိုဆောင်စေခြင်းသည် ဥတ္တရိမနုဿဓမ္မတို့ကို ရရှိဖို့သာဖြစ်သည်-ဟု ဆိုလိုပါသည်။ မှန်ပါသည်၊ မနုဿဓမ္မမရှိလျှင် ဥတ္တရိမနုဿဓမ္မကို မည်သည့်နည်းနှင့်မျှ မရကောင်းပေ။

ထို့ကြောင့်ပင် ဥတ္တရိမနုဿဓမ္မ (ဈာန်မဂ်ဖိုလ်)တို့သည် အမေ၊ အဖေ၊ ဆွေမျိုးတို့က ပေးနိုင်သောအရာ မဟုတ်ကြကြောင်း မြတ်ဗုဒ္ဓဟောတော်မူခြင်းပင် မဟုတ်ပါလော။

ထင်ရှားအောင်ပြရလျှင်မူ-

မိဘတို့က သားသမီးတို့အား ဥစ္စာကိုပေးကြသည်ရှိသော် ယခုတစ်ဘဝလုံး အလုပ်မလုပ်ရဘဲ ချမ်းချမ်းသာသာ စားသောက်နေထိုင်လောက်အောင်အထိ ပေးနိုင်ကြပါသည်။

ဝိသာခါ၏ မိဘတို့သည်လည်း မဟာဓန-မဟာဘောဂများ ဖြစ်ကြသည့်အတိုင်း သမီးဖြစ်သူဝိသာခါအား ယခုတစ်ဘဝလုံး ချမ်းချမ်းသာသာ စားသောက် သုံးစွဲနိုင်အောင် ပြည့်ပြည့်စုံစုံ ပေးခဲ့ကြပါသည်။

သို့သော်လည်း ကျွန်းကြီးလေးကျွန်းတို့၌ စကြဝတေးမင်း၏ စည်းစိမ်ကိုမျှပေးနိုင်သော မိဘတို့သည်လည်း မရှိလေရကား-နတ်ပြဟ္မာတို့၏ စည်းစိမ်မျိုး၊ ပထမဈာန်စသော ဥတ္တရိမနုဿဓမ္မတို့၏ ပြည့်စုံခြင်းမျိုးကို အဘယ်မိဘတို့ ပေးနိုင်ကုန်အံ့နည်း။ (မပေးနိုင်ကြပြီ။)

လောကုတ္တရာတရားခေါ် ဥတ္တရိမနုဿဓမ္မတို့၏ ပြည့်စုံခြင်းကို မိဘတို့က သားသမီးတို့အား ပေးခြင်း၌ ဆိုဖွယ်ရာစကားမျှပင် မရှိပါပြီ။

**ထိုသို့ မိဘတို့က မပေးနိုင်သော်ငြားလည်း သမ္မာပဏိဟိတ=ကုသလကမ္မပထတရားဆယ်ပါးတို့၌ ကောင်းစွာထားအပ်သော (သားသမီး-ပုဂ္ဂိုလ်တို့၏)စိတ်(မနုဿဓမ္မ)က အဆိုပါ စကြဝတေးစည်းစိမ်၊ ဈာန်စည်းစိမ်တို့နှင့် လောကုတ္တရာတရားတို့၏ ပြည့်စုံခြင်းအားလုံးကို ပေးနိုင်သည်သာ ဖြစ်ပါသည်။**

(ဓမ္မပဒ၊ ၄၊ ၁၊ ၂၁၁။)

ဤကဲ့သို့သော မိဘစသူတို့ကမပေးနိုင်သော ဥတ္တရိမနုဿဓမ္မတို့၏

ပြည့်စုံခြင်းကို မိမိတို့လည်း ရရှိအောင်၊ ဒကာ-ဒကာမတွေလည်း ရရှိအောင် ယနေ့ခေတ်ရှိသံဃာတော်များက ဆောင်ရွက်တော်မူလျက် ရှိကြပါသည်။

ဤသို့ ဆောင်ရွက်နေကြသောကြောင့် သံဃာတော်တို့မှာ ဓမ္မပဒေသ-သဘာဝသိဒ္ဓိအားဖြင့်ပင် **"သံဟနတိ=သမဂ္ဂ ကမ္မံ သမုပဂစ္ဆတီတိ သံဃော-ညီညွတ်သော ပြုလုပ်ဖွယ်ရာကံသို့ ညီညီညွတ်ညွတ် ကပ်ရောက်တတ်သောကြောင့် သံဃာမည်၏"** ဟူသော ဝိဂြိုဟ်နှင့်အညီ အပွိစ္ဆတာ-အလိုနည်းခြင်းအစရှိသောဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် ဒိဋ္ဌိသာမည-အယူဝါဒတူခြင်း၊ သီလသာမည-ကိုယ်ကျင့်သိက္ခာတူခြင်း အားဖြင့် အလိုလိုပင် သမဂ္ဂဖြစ်တော်မူလျက် ရှိကြပါသည်။

အဋ္ဌကထာ၌-

"သော ဟိ ဘိက္ခုသံဃော ဂုဏေဟိပိ မဟာ အဟောသိ-အပွိစ္ဆတာ ဒိဂုဏာသမန္နာဂတတ္တာ။ (ပ)။ ဒိဋ္ဌိသီလသာမညသဃ်ာတသင်္ဃါတေန သမဏာ ဂဏောနာတိ အတ္ထော"။ (ဒီ၊ ဌ၊ ၁၊ ၃၆။) ဟူ၍ ဖွင့်ပြထားပါသည်။

ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ "ယဉ်ကျေးမှုက သမဂ္ဂမပြိုကွဲဖို့" ဟူသောစကားသည်လည်း အယူမှားသာ ဖြစ်ပါသည်။

(စ)

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီတို့က ဆိုသည်မှာ "ယဉ်ကျေးမှုတော့ရှိပြီး ဆောင်စရာ ဥတ္တရိမနုဿဓမ္မက မရှိဘူးဆိုတော့ ကောင်းကောင်းကျင့်၊ ဖြောင့်ဖြောင့်ကျင့် စတာတွေ ဖြစ်ပါဦးမလား။ ဒါမှမဖြစ်ရင် ကောင်းမှုမျိုးစေ့ စိုက်ပျိုးရာတွေလဲ ဘယ်လိုဖြစ်တော့မလဲပေါ့ဘုရား"ဟု ဆိုပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏ဓမ္မကထာ၊ စာ-၅၅၊ ၅၇)

ဤစကားရပ်ရှိ ဥတ္တရိမနုဿဓမ္မပုဒ်၌ -

(က) လူတို့မှာဖြစ်သည့် ပြဿနာတရားဓမ္မခေါ် ယဉ်ကျေးမှုသာရှိ၍ ၎င်းပြဿနာမှ လွတ်မြောက်မှုကို သိခြင်းမရှိဟုလည်းကောင်း၊

(ခ) ကုသလကမ္မပထတရားသာရှိ၍ ဈာန်မဂ်ဖိုလ်တရား မရှိဟုလည်းကောင်း အဓိပ္ပာယ်နှစ်မျိုးရှိပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် သူတို့၏ဝါဒအရ (က) အမှတ်ပြအဓိပ္ပာယ်

ဖြင့် ဆိုဟန်ရှိပါသည်။ ယင်းအဓိပ္ပာယ်အတွက်မှာမူ သူရှူးစကားမျိုးဖြစ်၍ စိစစ်ဖွယ် မရှိပါ။

(ခ) အမှတ်ပြုအဓိပ္ပာယ်ဖြစ်ခဲ့သော်ကား စာရေးသူတို့၏ ဦးစီးခေါင်းဆောင် မဟာနာယကဆရာတော်များသည်ပင် ဆောင်စရာဥတ္တရိမနုဿဓမ္မ မရှိဟုဆိုရာ ရောက်နေပါသောကြောင့် သံဃာတော်တစ်ရပ်လုံးအတွက် စိစစ်ဖွယ်ရာ ရှိနေပါသည်။

သံဃာတော်တို့သည်

**သမ္မာပဋိပဒါ** - မှန်ကန်သောအကျင့်၊

**အနိဝတ္တပဋိပဒါ** - မဂ်ဖိုလ် နိဗ္ဗာန်ဘက်သို့သာ ဆက်လက်ဦးတည်သော (ဘဝသံသရာ ဒုက္ခသစ္စာဘက်သို့ ပြန်ဆုတ်ခြင်း ပြန်လည်ခြင်း မရှိသော) အကျင့်၊

**အနုလောမပဋိပဒါ** - ဗောဓိပက္ခိယဓမ္မ (မဂ်ဖိုလ်တရား) အားလျော်သော (မဂ်ဖိုလ်တို့ကို ဖြစ်ပေါ်စေ ရရှိစေသော)အကျင့်၊

**အပစ္စနီကပဋိပဒါ** - ကိလေသာရန်သူတို့မှ ကင်းဝေးသောအကျင့်၊

**ဓမ္မာနုဓမ္မပဋိပဒါ** - မဂ်ဖိုလ်တရား၊ ထိုမဂ်ဖိုလ်တရားအားလျော်သော ဝိပဿနာတရား (ပါရမီမြောက်သော ဒါနတရား၊ သီလတရား၊ သမထတရား)အကျင့်ကို ကျင့်ကြသည်သာ ဖြစ်သောကြောင့် **သုပ္ပဋိပန္န** ဖြစ်ကြပါသည်။

ထိုသမ္မာပဋိပဒါကိုပင် လရေးကောက်၊ ထွန်ကိုင်းကောက်၊ နွားသေးကောက်တို့နှင့်တူသော အကောက်သုံးပါး မရှိသည်ဖြစ်၍ ဥဇုဟုဆိုအပ်သောကြောင့် ဖြောင့်မတ်သောအကျင့်ကို ကျင့်တော်မူကြသည်သာဖြစ်၍ **ဥဇုပ္ပဋိပန္န** ဖြစ်တော်မူကြပါသည်။

သမ္မာပဋိပဒါကို ကျင့်၍ရရှိအပ်သောကြောင့် အရိယမဂ်ကို ဉာယဟုဆိုအပ်သည်ဖြစ်၍ အဆိုပါ ဉာယ-ခေါ်မဂ်တရားနှင့် ပြည့်စုံအောင် ကျင့်တော်မူကြသည်သာဖြစ်၍ **ဉာယပ္ပဋိပန္န** ဖြစ်တော်မူကြပါသည်။

ထိုအရိယမဂ်သည် အရိုအသေပြုခြင်း၊ လှူခြင်း စသည်တို့အား လျော်သောကြောင့် သာမီစိမည်၍ အဆိုပါ သာမီစိခေါ် လျော်ခြင်းနှင့်ပြည့်စုံအောင် ကျင့်တော်မူကြသည်သာဖြစ်၍ **သာမီစိပ္ပဋိပန္န**ဖြစ်တော်မူကြပါသည်။

## အရိယာသံဃာနှင့်ပုထုဇဉ်သံဃာ

ဤအဓိပ္ပာယ်များသည် မုချတ္ထအားဖြင့် အရိယသံဃာနှင့်သာ

သက်ဆိုင် ပါသော်လည်း ယခုခေတ်ရှိ သမ္မုတိသံဃာတော်တို့သည်လည်း အဆိုပါ အရိယာတို့၏ထုံးကိုသာ နှလုံးမူလျက်၊ လက်ခံလျက်၊ လိုက်နာလျက် ရှိခြင်းကြောင့် သဒိသူပစာရတ္တအားဖြင့် တူနေသည်ဖြစ်၍ ယခုခေတ်ရှိ သမ္မုတိသံဃာတော်တို့၏ အကျင့်ဟုလည်း ဆိုနိုင်ပါသည်။

ဤဂုဏ်ကြီးလေးပါးအတွင်းရှိ အကျင့်တို့ကိုကျင့်ခြင်းသည် ဆောင်စရာ ဥတ္တရိမနုဿဓမ္မရှိခြင်းကြောင့်သာဖြစ်ကြောင်း အလွန်ထင်ရှားပြီ ဖြစ်ပါသည်။ ဤ၌ ဆောင်အရ အတ္တုပနာယိကဆောင် မဟုတ်သော်လည်း ဥပနာယိက(အနုမာန-ဆန္ဒာဓိပတိ)ဆောင်မျိုး ဖြစ်တော်မူကြပါသည်။

(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ ၁၊ ၂၀၂)

တစ်ဖန်တုံလည်း-

မြတ်ဗုဒ္ဓ ကောင်းစွာဟောအပ်သော အဆုံးအမတို့ကို ဆုံးမသည့်အတိုင်း ကျင့်တတ်သောကြောင့်လည်းကောင်း၊ မချွတ်ယွင်းသောအကျင့်ကို ကျင့်တတ်သောကြောင့်လည်းကောင်း **သုပ္ပဋိပန္န** ဖြစ်ပါသည်။

အစွန်းနှစ်ပါးသို့ မကပ်ရောက်မူ၍ မဇ္ဈိမပဋိပဒါကို ကျင့်တတ်သည် ဖြစ်၍ ဖြောင့်စွာ ကျင့်တတ်သောကြောင့်လည်းကောင်း၊ ကာယကံအကောက်၊ ဝစီကံအကောက်၊ မနောကံအကောက်တို့ကို ပယ်ခြင်းငှာ ကျင့်တတ်သည်ဖြစ်၍ ဖြောင့်စွာ ကျင့်တတ်သောကြောင့်လည်းကောင်း **ဥဇုပ္ပဋိပန္န**မည်တော်မူပါသည်။

ဉာယခေါ် နိဗ္ဗာန်အကျိုးငှာ ကျင့်တတ်သောကြောင့် **ဉာယပ္ပဋိပန္န** ဖြစ်တော်မူပါသည်။

အရိုအသေ ခံထိုက်သော အခြင်းအရာအားဖြင့် ကျင့်တတ်သောကြောင့် **သာမီစိပ္ပဋိပန္န** ဖြစ်တော်မူပါသည်။(ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ ၁၊ ၂၀၂)

ဤသို့လျှင် သုပ္ပဋိပန္နတာ စသောလေးပုဒ်တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာက ကျနစွာ ဖွင့်ပြထားပါသည်။ သို့သော် ပစ္စုပ္ပန်ကမ္မဝါဒီတို့က "သုပ္ပဋိပန္န-ကောင်းကောင်းကျင့်၊ ဥဇုပ္ပဋိပန္န-ဖြောင့်ဖြောင့်ကျင့်၊ ဉာယပ္ပဋိပန္န-သိအောင်ကျင့်၊ သာမီစိပ္ပဋိပန္န-ရိုရိုသေသေကျင့်"ဟူ၍ မတိမကျ ပြီးစလွယ် ဆိုကြပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ -

(က) သံဃာတော်တို့မှာ ဆောင်စရာဥတ္တရိမနုဿဓမ္မမရှိဟုဆိုခြင်း၊

(ခ) သုပ္ပဋိပန္န-ကောင်းကောင်းကျင့်ဟု သာမည(သဒ္ဒတ္ထ)မျှ ဆိုခြင်းတို့သည် အမှားကြီးများသာ ဖြစ်ကြပါသည်။

## သံဃာတော်အတွက်အလှူပြစ္စည်းများကိုတားဆီးခြင်း

၁။ သံဃာ့ဂုဏ်မရှိသူများဖြစ်၍ ယခုခေတ်ရှိ သံဃာများအားလုံး အလှူခံထိုက်သူများမဟုတ်ကြောင်း ရေးသားချက်၊

၂။ ဝိညာဏ်ကို မျက်စိဖြင့်မြင်နိုင်ကြောင်း ရေးသားချက်၊

၃။ ပရမတ်ကို မပြောကြောင်း ရေးသားချက်၊

၄။ ဓမ္မကတ္တားရှိပုံကိုပယ်၍ ပြုသူခံသူမရှိဆိုတာပယ်ကြောင်း၊ ပုဂ္ဂလကတ္တားရှိပုံကိုသာယူ၍ ပြုသူခံသူ ပါမှသာ စကားပုံဖြစ်ကြောင်းတို့ဖြင့် ပဋ္ဌာန်းစသည်တို့ကို ပယ်ချဖျက်ဆီးခြင်းစသည်များလည်း ပြန့်ပွားနေပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီက-

"ကောင်းမှုမျိုးစေ့စိုက်ပျိုးရာတွေ မဖြစ်၍ အခွင့်ထူးခံထိုက်တာ မဟုတ်သော်လဲ သံဃာတွေအတွက် စားဝတ်နေရေး ကျန်းမာရေး စရိတ်တွေက သိန်းဂဏန်းတစ်ခုနှစ်ခုမကဘူး။ ဒါကြောင့် လူတွေမှာ အနစ်နာခံနေကြရတာပေါ့။ ဒါကိုလူတွေက မသိကြတာ-ဆိုတော့ မတတ်နိုင်ဘူးပေါ့။

"သိသူက ဘယ်လိုမြင်ရမလဲဘုရား။ သူက စိတ်ခုပြတာကို သူကစိတ်ခုပြတယ်လို့ မြင်တာကိုလွန်ရမှာပဲ။ (ပ) သူ့ဆီမှာ စိတ်ခုပြနေတဲ့(လွန်နေတဲ့)အသိပေးချက် ဝိညာဏ်ပေါ်နေတာကို မြင်သူက မြင်တာပါ။ (ပ) တပည့်တော်သိပြီးသားပရမတ်ကို ပြန်ပြောမလို့လား-ဆရာတော်။ (ပ)

"ပရမတ်လိုတွက်မှပဲ လုပ်သူမရှိ ခံသူမရှိဖြစ်မှာပဲဘုရား။ (ပ) လုပ်သူမရှိ ခံသူမရှိ-ဆိုတဲ့စကားဟာ အရှုံးစကားပဲ။ တကယ်ရှိ

တာ တကယ်ဖြစ်တာကို ပြောတဲ့စကား မဟုတ်ဘူး။ စကားဆိုတာမှာ ကြိယာစကားနဲ့ ကာရကစကားလို့ ရှိရတယ်။ ကာရကစကားတွေက ပြုသူခံသူ ပြုကြောင်းအရာအစစတွေပဲ မဟုတ်လား။ (ပ) ဒါ့ကြောင့် ပရမတ်လို့တွက်မှပဲ လုပ်သူခံသူမရှိဖြစ်ပြီး ငြိမ်းမယ်ဆိုတဲ့စကားဟာ သဒ္ဒါမတတ်လို့ ပြောတဲ့ စကားပုံစံ။ လုပ်သူခံသူမရှိ-ပြီး-ငြိမ်းမယ် ဆိုတာ စကားမဟုတ်ဘူး"ဟု ရေးသားထားပါသည်။

(ပစ္စုပ္ပန်ကမ္မဝါဒီ၏မေးမြန်းထာ၊ စာ-၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂)

(က)

အထက်ပါစကားတို့သည် မူရင်းစကားလုံးအတိုင်း မဟုတ်ကြပေ။ သို့သော် မူရင်းပါ အဓိပ္ပာယ်အတိုင်းသာ ဖြစ်ပါသည်။ စကားလိမ် စကားရှုပ်များဖြစ်နေ၍ အဓိပ္ပာယ်ပေါ်အောင် ဖြောင့်ရေးလိုက်ရခြင်းပင်။ မူရင်းကို မူရင်းစာအုပ်မှာ ကြည့်ရှုနိုင်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့က "ယခုခေတ်ရှိသံဃာတော်တို့မှာ သံဃာ့ဂုဏ်တော် ၉-ပါးတို့ထဲက 'တစ်စက်တစ်မှုန်မျှပင်'မရှိသောကြောင့် လူတို့ကလှူသော သိန်းပေါင်းများစွာ ကုန်ကျလောက်သည့် လှူဖွယ်တို့ကို မခံယူထိုက်ကြောင်း" စွပ်စွဲထားပါသည်။

## သံဃာတော်ကို မလှူထိုက်ဟု ဆိုရက်ခြင်း

ယခုခေတ်ရှိ သံဃာတော်တို့သည် မနုဿဓမ္မခေါ် ကုသလကမ္မပထတို့ကို ကျင့်လျက်ရှိသည်။ ဥတ္တရိမနုဿဓမ္မ ရရှိရေးကိုလည်း ကျင့်နေကြပါသည်။ ထိုမျှမက အဆိုပါဓမ္မနှစ်မျိုးတို့ကို လူတို့ကျင့်တတ်အောင်လည်း ပြောဟော သင်ပြနေကြပါသည်။ ထို့ကြောင့် ယခုခေတ်သံဃာတော်တို့မှာလည်း သံဃာ့ဂုဏ်တော်များ ရှိကြသည်သာ ဖြစ်ပါသည်။ စင်စစ်အားဖြင့် လူတို့က လှူသမျှတို့ကို ခံယူထိုက်ကြသည်သာ ဖြစ်ပါသည်။

မှန်၏။ ဥပရိပဏ္ဏာသအဋ္ဌကထာ(၂၂၀-၂၂၁)၌-

"မာတရိ အနုကမ္ပာယ။ (ပ) ပစ္ဆိမာယ ဇနတာယ သံဃေ စိတ္တီကာရဇနနတ္ထံစာပိ ဧဝ မာဟ"ဟူသောအဖွင့်နှင့်အညီ သံဃာအား လှူဒါန်းရန် မြတ်ဗုဒ္ဓက ညွှန်ပြတော်မူထားသည်။ ညွှန်ပြပုံကား -

"မိထွေးတော်ဂေါတမီ၊ သံဃာအား လှူပါ။ သံဃာအားလှူလျှင် မိထွေးတော်ဂေါတမီအတွက်ရော သံဃာတော်အတွက်ပါ အကျိုးများမည်။ သံဃာအားလှူလျှင် ငါဘုရားကိုလည်း ပူဇော်ခြင်းပင် ဖြစ်ပေသည်" စသည်ဖြင့် ညွှန်ပြပါသည်။ မိထွေးတော်ဂေါတမီမှာ အကျိုးများပုံကား-

"မိထွေးတော်သည် သားတော်ကြီးမြတ်ဗုဒ္ဓကို အကြောင်းပြု၍ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ ပရစေတနာ (၃-ပါး)တို့ ဖြစ်ကြပြီးပြီ။ သံဃာအား အကြောင်းပြု၍လည်း အဆိုပါ စေတနာသုံးပါးတို့ ဖြစ်လာပါစေတော့။ ဤသို့လျှင် စေတနာ ၆-ပါးတို့ဖြစ်လျှင် နေ့ပေါင်းများစွာ ညပေါင်းများစွာ ဟိတ-သုခ အဝဝတို့ ဖြစ်ကြမည်သာတည်း။"

သံဃာတော်မှာ အကျိုးများပုံကား-

"ငါဘုရားသည် ကြာမြင့်စွာတည်ရှိသူ မဟုတ်ပေ။ ထို့ကြောင့် (ငါဘုရား လွန်ပြီးသောအခါ)သာသနာတော်သည် သံဃာတော်၌ တည်ရှိပေလိမ့်မည်။ နောင်လာနောက်သား လူအများသည် သံဃာတော်၌ကြည်ညိုခြင်းကို ဖြစ်ပါစေတော့။ ဩော်-မြတ်ဗုဒ္ဓသည် ကိုယ်တော်မြတ်အတွက် လှူအပ်သော သက်န်းတစ်စုံကိုသော်လည်း သံဃာအား လှူစေခဲ့ပြီ။ သံဃာသည် ဒက္ခိဏေယျ-အလှူခံအစစ်ပေတည်းဟု သိကြလျက် သံဃာတော်၌ ကြည်ညိုစိတ်ကို ဖြစ်စေပြီး၊ နောင်လာနောက်သား အပေါင်းတို့က သံဃာတော်အား ပစ္စည်းလေးပါး လှူထိုက်ကြောင်းတို့ကို သိမြင်ကြ(မှတ်ထင်ကြ)ပေလိမ့်မည်။

"သံဃာတော်သည် ပစ္စည်းလေးပါး မပင်ပန်းသဖြင့်-

(၁) ဗုဒ္ဓဝစနခေါ် ပိဋကတ်သုံးပုံတို့ကို သင်ပြကြလိမ့်မည်။ သင်ယူကြလိမ့်မည်။

(၂) သင်ယူထားသည့် ပိဋကတ်တော်လာအတိုင်း သမထဝိပဿနာခေါ် ရဟန်းတရား(ကိလေသာကင်းရေးကျင့်စဉ်)များကို ကျင့်ကြပေလိမ့်မည်။

"ဤသို့လျှင် သာသနာတော်အနှစ်ငါးထောင် တည်ပေလိမ့်မည်။ ထို့အတူ -

(၁) သံဃာတော်တို့ကပြောဟောပြ၍ လူတို့သည်လည်း ဗုဒ္ဓဝစနခေါ် ပိဋကတ်သုံးပုံတို့ကို သိကြပေလိမ့်မည်။

(၂) သိသည့်အတိုင်း သမဏဓမ္မခေါ် ကိလေသာကင်းရေးကျင့်စဉ်များကို ကျင့်ကြပေလိမ့်မည်။

“သို့ဖြစ်၍ သံဃာအတွက် အကျိုးများပေသည်။ ဒကာဒကာမတို့အားလည်း အကျိုးများပေသည်။ သာသနာတော်လည်း အဓွန့်ရှည်သည်။”

ဤသည်တို့ကား သံဃာတော်တို့က အလှူခံထိုက်ပုံ၊ လူတို့က လှူသင့်ပုံများပင် ဖြစ်ပါသည်။ သံဃာတော်တို့သည် -

(၁) ဗုဒ္ဓဝစနကို သင်ကြားရေးကိစ္စ

(၂) သမဏဓမ္မကို ပြုကျင့်ရေးကိစ္စတို့ကို ပြုနေကြကြောင်း လူတိုင်းမျက်မြင်အသိပင်ဖြစ်သည်။ သုပ္ပဋိပန္နအစရှိသော ဂုဏ်တော်တို့နှင့်ပြည့်၍ အလှူခံထိုက်သော အရှင်မြတ်များ ဖြစ်ကြောင်း ထင်ရှားပါသည်။

(အဆိုပါကိစ္စနှစ်ခုကို မပြုသည့် သာသနာ့အမှိုက်၊ သာသနာ့အညစ်အကြေးခေါ် သက်န်းဝတ်တချို့ ရှိကြကြောင်းကို မဖုံးကွယ်လိုပါ။ ဝန်ခံပါသည်။ သို့သော် အမှိုက် အညစ်အကြေးတို့ကား အရေအတွက် နည်းပါသည်။)

ဤသို့လျှင် သံဃာတော်တို့က အလှူခံထိုက်သည်သာ ဖြစ်ခြင်းကြောင့် -

ဧဝံ ကိရဿ အပဟောသိ (ပ) ဧဝံ မမ သာသနံ ပဋ္ဌဝဿသဟဿာနိ ဌဿတိ-တိ။ (ဖင်းအဋ္ဌကထာ၊ ၂၂၀-၂၂၁) ဟူ၍ လာရှိပါပေသည်။

ထို့ကြောင့် ယခုခေတ်ရှိသံဃာတော်တို့သည် ကောင်းမှုမျိုးစေ့စိုက်ပျိုးရာ မဖြစ်ဟူသောစကား၊ လူတို့ထံမှ အလှူမခံထိုက်၊ လူတို့ကလည်း မလှူထိုက်ဟူသောစကား၊ သံဃာတော်တို့၏ စားဝတ်နေရေး ကျန်းမာရေးစရိတ်တွေကြောင့် လူတို့မှာ နစ်နာနေကြသည်ဟူသောစကားတို့သည် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အယူမှားများသာ ဖြစ်ကြပါသည်။ မီးနှင့်တူသော အဖျက်စကားများသာ ဖြစ်ပါသည်။

## (ခ)

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် သံဃာတော်တို့မှာ သုပ္ပဋိပန္န စသောဂုဏ်တို့ မရှိပုံကို လူတကာတို့က မသိကြောင်းပြောနေရာ စကားစဉ်မှနေ-မေးတာကို မဖြေနိုင်၍ စိတ်ခုပြသော ဓမ္မကထိက(ဘာသာရေး စကားပြောသူ)ဘက်သို့

ထွက်သွားကြသည်။ စကားဆက် စကားထွက်နှင့်စပ်၍ အလိမ်အကောက် အလွန်များကြပေသည်။ မာယာရှင်ကြီးများ ဖြစ်ကြပါပေသည်။ လူတို့ကို ဝါးတားတားကြီးဖြစ်သွားအောင် တတ်နိုင်ကြပါပေသည်။

ယခုခေတ်ရှိ သံဃာတော်တို့မှာ သံဃဂုဏ် ၉-ပါး မရှိကြောင်းကို (၁) ပစ္စုပ္ပန်ကမ္မဝါဒီတို့ကတော့ သိကြသည်။ (၂) လူတကာတို့ကမူ မသိကြ-ဟု ဆိုလိုပါသည်။

ဤသို့ မသိကြ-သိကြဆိုရာမှာ ပစ္စုပ္ပန်ကမ္မဝါဒီတို့အသိကသာ အမှားဖြစ်ပေသည်။ လူတကာတို့၏ မသိကမူ အမှန်ပေတည်း။ သံဃာတော်တို့မှာ သံဃာ့ဂုဏ်ရှိနေကြသောကြောင့်ပင် ဖြစ်ပါသည်။

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီတို့က သူတို့၏အသိမှားဖြင့် ဆက်လက်မှားကြပြန်ပါသည်။

## အမြင်မှား

ပစ္စုပ္ပန်ကမ္မဝါဒီတို့က-

"စိတ်ခုပြနေတာကို မြင်တာကို လွန်ရမှာပဲ။ စိတ်ခုပြနေတဲ့ အသိပေးချက် ဝိညတ်ပေါ်နေတာကို မြင်တာပဲ"ဟု ဆိုကြပါသည်။

ဤစကားနှစ်ခွန်းသည် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အသိဉာဏ်မဲ့ပုံကို သက်သေခံချက်မျှသာတည်း။

မှန်၏။ ဝိညတ်မည်သည် စက္ခုဒွါရ၌ ထင်ကောင်းသော ရူပါရုံမျိုး မဟုတ်သောကြောင့် မြင်ရသောအရာမဟုတ်ပေ။ မနောဒွါရ၌သာ ထင်လာ၍ အသိစိတ်ဖြင့် သိရသော အသိခံအရာမျှသာ ဖြစ်ပေသည်။

"ဝိညာပနတ္တာ ပနေသာ ဝိညတ္တီ-တိ ဝုစ္စတိ။ (ပ) ဝိညတ္တိ ပန မနောဒွါရိကစိတ္တေန စိန္တေတွာ-က္ကဒဋ္ဌိဒဋ္ဌ ဧသ ကာရေတိ မညေ-တိ ဇာနာတိ။"

"သိစေတတ်သောကြောင့် ဝိညတ်ဟု ဆိုအပ်၏။ ကာယဒွါရ(ဝစီဒွါရ) ၌ ဖြစ်သော အပြုအမူတစ်ခုကို သိစေတတ်၏။ မျက်စိရှေ့၌ တည်သောသူက လက်ခြေကို မြှောက်၏။ ဦးခေါင်းမျက်ခုံးကို လှုပ်၏။ လက်ခြေ စသည်တို့၏ အခြင်းအရာထူးဖြင့် တုန်လှုပ်နေသောရူပါရုံကို မျက်စိဖြင့် မြင်၏။

"သို့သော် ဝိညာဏ်ကိုမူ မနောဒွါရိကစိတ်ဖြင့် ကြံဆ၍ ဤသူက ဤသဘောကို ဤသဘောကို ပြုစေချင်ဟန်ရှိပေ၏-ဟု (မှန်းဆလျက်) မနောဒွါရိကစိတ်ဖြင့်သာ သိရ၏။

"ဝိညာဏ်သည် န စက္ခုဝိညေယျာ-မျက်စိဖြင့် မြင်ရသောအရာ မဟုတ်။ မနောဝိညေယျာ ဧဝ-မနောဝိညာဏ်စိတ်ဖြင့်သာ သိရသောအရာမျှသာတည်း။" (အဘိ၊ ဋ၊ ၁၊ ၁၂၅။)

သို့ဖြစ်၍ ဝိညာဏ်ပေါ်တာကို မြင်တာပဲဟူသော ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ အဆိုသည်လည်း အမှားပင် ဖြစ်ပါသည်။

## (၈)
## လုပ်သူခံသူ မည်သူနည်း

တစ်ဖန် ပစ္စုပ္ပန်ကမ္မဝါဒီတို့၏ တပည့်(ဒကာ)ဆိုသူက "တပည့်တော်တို့ သိပြီးသား ပရမတ်ကို ပြောမို့လား"ဟု ဆိုပါသည်။

၎င်းဒကာသည် ပရမတ်ကို သိပြီးသားဟု အကြွားကြီး ကြွားသော်လည်း အမှန်တကယ်သိသူ မဟုတ်ပေ။ ပရမတ်အမျိုးအစား၊ ၎င်းတို့ထဲက စိတ်အမျိုးအစား၊ စေတသိက်အမျိုးအစား၊ ရုပ်အမျိုးအစား၊ နိဗ္ဗာန်အမျိုးအစားတို့ကို ဘာမှသိသူ မဟုတ်ပေ။ ပရမတ်ကို နှိမ့်ချလို၍ ဆိုသည့် စကားသာ ဖြစ်သည်။

**မှန်၏၊ ပရမတ်ကို အမှန်တကယ်သိသူသည် ပစ္စုပ္ပန်ကမ္မဝါဒီကဲ့သို့ အဆိပ်မျိုးစေ့နှင့်တူသော ဆရာ့ထံသို့ ရောက်ရှိမည် မဟုတ်ကြောင်း သေချာလှပါသည်။**

သို့သော် ပရမတ်ဆိုင်ရာထဲက တချို့ကိုတော့ ကြားဖူးထားဟန် ရှိပေသည်။ ပရမတ်အသိအနေဖြင့် "လုပ်သူမရှိ-ခံသူမရှိ"ဟု ဆိုပြန်ပေသည်။ လုပ်သူမရှိ ခံသူမရှိဟူသော စကားသည် ပရမတ်နယ်မှလာသည့် အမှန်စကားကြီးပင်တည်း။

လုပ်သူခံသူအရကား ဇီဝအတ္တခေါ် ဝိညာဉ်ကောင်၊ လိပ်ပြာကောင်ဆိုသည့်အရာကို ယူရသည်။ အမှန်အရှိအရာမျိုး မဟုတ်ပေ။ မိစ္ဆာဒိဋ္ဌိကတို့ကြံဆစွဲယူထားသည့် စိတ္တဇ(စိတ်ဖြစ်)ကောင်ပေတည်း။

မြတ်ဗုဒ္ဓ၏ ပရမတ္ထဒေသနာတော်တို့၌ ရုပ်နာမ်တရားစုတို့သာ

ရှိကြသည်ဖြစ်၍ ၎င်းအကောင်မျိုးမရှိခြင်းကြောင့် "လုပ်သူခံသူ"ဟူ၍ မရှိပေ။

"တပည့်တော်တို့ သိပြီးသား ပရမတ်ကို ပြောမို့လား" ဟူသော စကား၏ ဒုတိယဂယက်နက်မှာ "ပရမတ်ကို မပြောနဲ့"ဟူ၍ပင် ဖြစ်ပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်ကမ္မဝါဒီတို့ ဆရာတပည့်များသည် ပရမတ်ကို မပြောနိုင်သူများ၊ မပြောရဲသူများ ဖြစ်ကြပေသည်။ မြတ်ဗုဒ္ဓ၏ ဘာသာသာသနာတော်ကြီးနှင့် ဆန့်ကျင်လှပါပေ၏တကား။

## အရှုးစကား တကယ်ပြောသူ

မြတ်ဗုဒ္ဓ၏ ဘာသာသာသနာသည် ပရမတ္ထဒေသနာကြီး စစ်စစ်ဖြစ်သော ပဋ္ဌာန်းတရားတော်ကြီး မကွယ်သေးသမျှ ဘယ်တော့မှ မကွယ်ဟူ၍ပင် ဆိုထားသောကြောင့် ပရမတ်-အဓိကဖြစ်ကြောင်း ပေါ်လွင်လျက် ရှိပါသည်။ "ပရမတ်ကို မပြောနဲ့"ဟူ၍ပင် ဆိုလိုသူများက "ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာ" ဟု ကြေညာထားခြင်းကို စာရေးသူတို့ နားမလည်နိုင်အောင် ဖြစ်ရပါတော့သည်။

**ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဗုဒ္ဓဘာသာဝင်တို့ကို လှည့်ပတ်ပြီး သိမ်းသွင်းရန် ရည်ရွယ်ချက်ဖြင့်သာ "ဗုဒ္ဓဘာသာ"ဟုဆိုလျက် ဗုဒ္ဓဘာသာအတုကို ဖန်တီးထားကြပါသည်။**

မြတ်ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့သည် ပရမတ်ကိုသာ တကယ်တရား (အစစ်)ဖြစ်ကြောင်း အမှန်အတိုင်း ဟောပြ-သိကြပြီး ဖြစ်ပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီနှင့် ဗုဒ္ဓဘာသာဝင် အမည်ခံ(အတု)တို့သည်ကား ပရမတ်ကို ကျော ခိုင်းပြီး မှားမှားယွင်းယွင်း ဟောပြ-သိကြပါသည်။

**ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဗုဒ္ဓဘာသာဝင် မဟုတ်ကြသောကြောင့် ဗုဒ္ဓဘာသာဝေါဟာရတို့ကို မည်မျှပင် သုံးနှုန်းနေကြစေကာမူ အတုများ အပျက်များသာ သူတို့တစ်တွေ သုံးနေကြရကြောင်း တွေ့ရပါသည်။**

အတုဆိုသည်မှာ ဈေးပေါ၍ ပျက်လွယ်သည်။ ထို့ပြင် အစစ်ကိုပါ သံချေးကိုက်သည့်ပမာ ကျဆုံးပျက်စီးစေတတ်ပါသေးသည်။

သို့ဖြစ်၍ အစစ်ဖြစ်သော ဗုဒ္ဓဘာသာ ပျက်စီးစေမည့်ဘေးကြီးကို တားဆီးနေရခြင်းသာ ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္ဘဝါဒီတို့သည် ပရမတ်ကို နားမလည်ခြင်းကြောင့် "လုပ်သူမရှိ ခံသူမရှိဆိုတာ အရူးစကား" ဟူ၍ပင် ကဲ့ရဲ့ကြပါသေးသည်။ ပရမတ်ကို မသိသော ပစ္စုပ္ပန်ကမ္ဘဝါဒီတို့အဖို့မှာတော့ အရူးစကားဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သမုတိသစ္စာခေါ် ဥပါဒါ-အတ္ထပညတ်ကိုသာသိသော သာမညလူသားတိုင်းအတွက်လည်း အရူးစကားဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

သမုတိသစ္စာခေါ် ဥပါဒါ-အတ္ထပညတ်သည် ပရမတ်သဘောကို လုံးဝမသိသူများ၏ စိတ်စေတသိက်(မနောဝိညာဏ်)တရားစု၏ အသိခံမျှသာဖြစ်၍ တဏှာကို တိုးပွားစေတတ်ပါသည်။ သားသမီးဘက်ကထောက်၍ သိရသောမိဘပုဂ္ဂိုလ်၊ လူဘက်ကထောက်၍သိရသော နတ်စသည်များကို အသိစိတ်ရှိသည့်သတ္တဝါတိုင်းက သိအပ်သောကြောင့် သာမညအတ္ထပညတ်ဟုလည်း ခေါ်ပါသည်။

ဤအဆင့်မျှလောက်သာ သိနိုင်သူများအတွက်မှာမူ ပြုသူလည်း ရှိရသည်သာတည်း။ ခံသူလည်း ရှိရသည်သာတည်း။ ဤသည်ကား လောကသစ္စာဖြစ်သော သမုတိသစ္စာမျှသာတည်း။ ထို့ကြောင့် လူသတ်မှုဖြစ်လျှင် သတ်သူလည်း ရှိပေ၏။ အစိုးရတို့က သတ်သူကိုဖမ်းပြီး အပြစ်ပေးအရေးယူရသည်။ အသတ်ခံရ၍ သေသူလည်း ရှိပေ၏။ သို့ဖြစ်၍ ပြုလုပ်သူ၊ ခံစားသူ ရှိကြသည်သာ။

ပရမတ္ထသစ္စာခေါ် ရုပ်နာမ်တရားစုတို့နှင့် ထိုရုပ်နာမ်အသိရှိသူများ သိအပ်သောတဇ္ဇာအတ္ထပညတ်တို့သည်ကား အနိစ္စလက္ခဏာ-မမြဲခြင်းသဘော၊ ဒုက္ခလက္ခဏာ-ဆင်းရဲခြင်းသဘော၊ အနတ္တလက္ခဏာ-အစိုးမရခြင်းသဘောတို့ပင်ဖြစ်သောကြောင့် သံဝေဂဉာဏ်၊ ယထာဘူတဉာဏ်ကို ဖြစ်ပေါ်လာစေ၍ တဏှာကို နည်းစေတတ်ပါသည်။ မိဘ-သားသမီးစသည်ဖြင့်ပင် ကွဲပြားခြားနားခြင်း မရှိတော့ပေ။ ရုပ်နာမ်တရားစုများချည်းသာ ဖြစ်ကြပေသည်။

ဤသဘောသည် အမှန်သာဖြစ်သည်။ ဤသဘောကို ပရမတ်ဉာဏ်ရင့်သန်သူတို့သာ သိနိုင်သောကြောင့် ဝိသေသ-အတ္ထပညတ်ဟု ခေါ်ပါသည်။

ရုပ်နာမ်တို့သည် ဖြစ်ပျက်မှု အလွန်မြန်၍ ဉာဏ်သိဖြင့် အမှန်သိရန်

ခက်လှပေသည်။ ရုပ်နာမ်ခန္ဓာ(အနိစ္စ-ဒုက္ခ-အနတ္တ)တို့၏ အရိပ်အတုမျှသာဖြစ်သော အဆိုပါ **တဇ္ဇာအတ္တပညတ်၊ ဝိသေသအတ္တပညတ်** ခေါ် (အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ)တို့ကို ရှုမှတ် သိမြင်ကြပြီး အရိယာဖြစ်ကြရပါသည်။ ဥတ္တရိမနုဿဓမ္မကို ရရှိကြသည်-ဟု ဆိုလိုပါသည်။

ထို့ကြောင့် ပရမတ်အကြောင်း အခြေခံသဘောမျှ နားမလည်လျှင် မည်သူမျှ အနိစ္စလက္ခဏာ အစရှိသော **တဇ္ဇာအတ္တပညတ်ခေါ် ဝိသေသ ပညတ်ကို** မသိခြင်းကြောင့် -

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဗုဒ္ဓဘာသာအတုသာ ဖြစ်ကြကြောင်း အလွန်သေချာလှပါသည်။

အဓမ္မဝါဒသာဖြစ်ကြောင်း အလွန်သေချာလှပါပေသည်။

သို့ဖြစ်၍ ပစ္စုပ္ပန်ကမ္မဝါဒီတို့က"ပြုသူရှိ ခံသူရှိ"ဟူ၍သာ ယူကြပါသည်။

ပရမတ်ကို တကယ်နားလည်သူတို့ကမူ "သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ-သမ္ဘုန္တိ-ဝတ္တပေန္တိ" စသော ဝိသုဒ္ဓိမဂ်လာစကားအရ သင်္ခါရတရားတို့ကသာ သင်္ခါရတရားတို့ကို ဝိပဿနာရှုကြောင်း၊ သုံးသပ်ကြောင်း၊ ပိုင်းခြားကြောင်း ထင်ရှားပြီဖြစ်၍ "ပြုသူမရှိ ခံသူမရှိ"ဟူ၍သာ သိကြပါသည်။

ဤအသိသည် အမှန်သိဖြစ်သည်။ ထို့ကြောင့် "ပြုသူမရှိ ခံသူမရှိ" ဟူသောစကားသည် အရူးစကား လုံးဝမဟုတ်ပေ။

## ဓမ္မကတ္တားနှင့်ပုဂ္ဂလကတ္တား

**"သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ"** ၌ သဒ္ဒါကျမ်းအားဖြင့်ဆိုလျှင် သင်္ခါရာဝသည် ကာရက(ကတ္တား)ပုဒ်ဖြစ်၍ ပြုတတ်သောပုဂ္ဂိုလ်ကို ပြသည်။ သဒ္ဒါကျမ်းအရ ပုဂ္ဂိုလ်ဟူသော်လည်း အဘိဓမ္မာတရားအရမှာမူ ပြုတတ်သော တရားဟုသာ မှတ်ရပါသည်။

ဝိပဿနာရှုတတ်သောပုဂ္ဂိုလ်(အကောင်)ဟူ၍ မရှိပေ။ ဝိပဿနာရှုတတ်သောတရားဟူ၍သာ ရှိပေသည်။ ဝိပဿနာဉာဏ် ဦးဆောင်သော သင်္ခါရေတရားတို့သည် ဝိပဿနာရှုတတ်သောတရား မည်ကုန်၏-ဟု ဆိုလိုပါသည်။

သင်္ခါရေသည် ကာရက(ကမ္မ)ပုဒ်ဖြစ်၍ အပြုခံရသူပုဂ္ဂိုလ်ကို ယူရ

သော်လည်း အဘိဓမ္မာတရားမှာမူ အပြုခံတရားဟူသာ မှတ်ရပါသည်။ ဝိပဿနာအရှုခံရသောပုဂ္ဂိုလ်(အကောင်)ဟူ၍ မရှိပေ။ ဝိပဿနာအရှုခံရသောတရားဟူ၍သာ ရှိပေသည်။

ဝိပဿနာဘူမိဖြစ်သော သင်္ခါရတရားတို့သည် ဝိပဿနာ ရှုအပ်သောတရား မည်ကုန်၏-ဟု ဆိုလိုပါသည်။

သဒ္ဒါကျမ်းအလိုအားဖြင့် "ဝိပဿန္တိ"သည် ကြိယာပုဒ်ဖြစ်၍ ပြုလုပ်ပုံ(အမူအရာ)ပြပုဒ် ဖြစ်ပါသည်။ "ဝိပဿနာရှုနေကြသည်"ဟု ဆိုလိုသည်။

သင်္ခါရတရားတို့သည် ဝိပဿနာရှုနေကြသည်။ (ပုဂ္ဂိုလ်တို့သည် ဝိပဿနာရှုနေကြသည်မဟုတ်၍ ပြုလုပ်သူမရှိဟု မှတ်ရပါသည်။)

သင်္ခါရတရားတို့ကို ဝိပဿနာရှုနေကြသည်။ (ပုဂ္ဂိုလ်တို့ကို ဝိပဿနာရှုနေကြသည် မဟုတ်၍ ခံရသူမရှိဟု မှတ်ရပါသည်။)

ဆိုလိုသည့်အချက်မှာ ဓမ္မကာရကရှိ၏။ ပုဂ္ဂလကာရက မရှိဟူ၍ပင်တည်း။

ပစ္စုပ္ပန်ကမ္ဘဝါဒီတို့သည် ဓမ္မကာရကနှင့် ပုဂ္ဂလကာရကကို ကွဲပြားစွာ မသိကြကုန်။ ဓမ္မဗျာပါရနှင့် ပုဂ္ဂလဗျာပါရကို ကွဲပြားစွာ မသိကြကုန်။ သဒ္ဒါကျမ်း၊ အဘိဓာန်ကျမ်း တတ်ကျွမ်းသူများလည်း မဟုတ်ကြကုန်။ နုံကြ ထုံကြ ဗလချာ ပေ့တလူတို့ပေတကား။

ပုံစံပြရလျှင်-

ပုဂ္ဂလကာရကဖြစ်ပုံကား -

ပုရိသော မဂ္ဂံ ဂစ္ဆတိ-ယောက်ျားတစ်ယောက်သည် လမ်းသို့ သွားနေသည်။

ဓမ္မကာရကဖြစ်ပုံကား -

ကုသလောဓမ္မော ကုသလဿဓမ္မဿ ဟေတုပစ္စယေန ပစ္စယော-ကုသိုလ်ဟိတ် နှစ်ပါး သုံးပါးသည်-ကုသိုလ်စိတ် စေတသိက် သမ္ပယုတ္တက္ခန္ဓာအား ဟေတုပစ္စယသတ္တိ(မူလဌ)ဖြင့် ကျေးဇူးပြုသည်။

ဤပုံစံတို့တွင် ပုရိသော/ကုသလော ဓမ္မောတို့သည် သဒ္ဒါကျမ်းအရ ကတ္တုကာရကတို့ ဖြစ်သည်။ ပုဂ္ဂလကတ္တား၊ ဓမ္မကတ္တား ကွဲပြားသည်ဟု မှတ်။ မဂ္ဂသည် ကမ္မကာရကဖြစ်၍ ကုသလဿဓမ္မဿသည် သမ္ပဒါနကာရက ဖြစ်ပါသည်။ ပညတ္တိ(မဂ္ဂ)နှင့် ပရမတ္ထ(ကုသလဿ)ဟု ကွဲပြားပါသည်။ ဂစ္ဆတိ နှင့် ဟောတိ (ထည့်ပုဒ်)တို့သည် ကြိယာ ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ဤကဲ့သို့သော ကာရက+ကြိယာအရာ၌ ပုဂ္ဂလကာရကနှင့် ဓမ္မကာရကဟူ၍ ကွဲပြားစွာ မသိသောကြောင့် သဒ္ဒါယောင် မူလျက် "စကားဆိုတာမှာ ကာရကစကားနဲ့ ကြိယာစကားလို့ ရှိရတယ်။ ကာရကစကားတွေဟာ ပြုသူခံသူ အစစတွေပဲ" စသည်ဖြင့် ဆိုမှားရှာပါသည်။

ပစ္စုပ္ပန်ကမ္မဝါဒီတို့သည် ပုဂ္ဂိုလ်ကတ္တား (ပြုသူ)တစ်မျိုးသာ သိကြပါသည်။ ထို့ကြောင့် "ပရမတ်လိုတွက်မှ ပြုသူခံသူမရှိ" ဟု ဆိုမှားပြန်ပါသည်။

ဤအဆိုသည် အမှားကလေးမဟုတ်ပေ။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ (သမ္ဘဝန္တိ)" အစရှိသော ပဋိစ္စသမုပ္ပါဒ်ဒေသနာကြီးသည်ပင် ပုဂ္ဂိုလ်ကတ္တား (ပြုသူ)မပါသောကြောင့် အရူးစကားကြီး၊ စကားမဟုတ်သော စကားပျက်ကြီး ဟု စွပ်စွဲရာရောက်ပါသည်။ ထို့ပြင် -

"ဟေတုပစ္စယော အစရှိသော ပစ္စယုဒ္ဒေသ၊

ဟေတုပစ္စယော တိ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စ ယေန ပစ္စယော စသော ပစ္စယနိဒ္ဒေသ၊

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော" စသော ဝိဘင်္ဂဝါရကြီးများကိုလည်း အရူးစကားကြီးများဟု စွပ်စွဲရာရောက်ပါသည်။

"ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" စသော ဓမ္မသင်္ဂဏီ ပါဠိတော် စသည်စသည်များကိုလည်း ဖျက်ဆီးရာရောက်ပါသည်။

ထို့ကြောင့် အလွန်ကြီးသော အမှားကြီးကို ပစ္စုပ္ပန်ကမ္မဝါဒီတို့ ကျူးလွန်ခြင်း ဖြစ်ကြောင်း အလွန်ပင် ထင်ရှားလှပါသည်။ ပစ္စုပ္ပန်ကမ္မဝါဒီ တို့သည် ကတ္တား-ကြိယာ **(Subject-Verb)**ဆိုသည်လောက်သာ နားလည် သူများဖြစ်၍ ထိုသူတို့၏ဖော်ပြပါ ရေးသားချက်မှန်သမျှသည် အမှားများ ချည်းသာ ဖြစ်ကြပါသည်။

သင်္ဂါဟာက (တောင်သာ)

# ထိုသူတို့သွားရာလမ်း

အဓမ္မကို၊ ဓမ္မဆိုက . . .
လောက သုံးဖြာ၊ ဗြဟ္မာ နတ် လူ
ကောင်းမှု ပျက်ယွင်း၊ ဆင်းရဲခြင်းနှင့်
ကိုယ်တွင်းမှာကား၊ အကု ပွားနှင့်
ဘုရားသာသနာ၊ ဖျက်မှုပါနှင့်
သုံးဖြာ ပြစ်မှု၊ အကြောင်းစုကြောင့်
လူ့ဏ်ဘဝ၊ သေပြီးကမူ
ကျရောက် ဝီစိ၊ ထုံးစံရှိသည့်
ကပိလရဟန်းတည်း။

ထိုကပိလ၊ ပြုသမျှကို
အားရ ထောက်ပင့်၊ ဂုဏ်ဝင့်ကြွားဘိ
အမိ သာဓိန၊ နှမ တာပနာ
ကျရာ ဝီစိ၊ ခုတိုင် ရှိသည်
မှားမိ မှားလမ်းတည်း။

အဓမ္မဝါဒ ဖော်ထုတ်ရေး ဟောပြောသူ
အရှင်ဣန္ဒာစရိယာဘိဝံသ
(၁၁.၃.၂၀၁၀)

**လွန်မြောက်သူ**

ဒုစရိုက် သုံးခု
ပယ်ပြီးမှုကြောင့်
သုံးခု သုစရိုက်
ပြည့်စုံ ရှိ၍
မှန်ဘိ သေချာ
လေး သစ္စာကို
ကောင်းစွာ မြင်လတ်
အရဟတ်ကား
ဝဋ်ဇာတ် ငြိမ်းရာ
မြတ်နိဗ္ဗာကို
ကောင်းစွာ တောင့်တ
ဝဋ်လောကနှင့်
လုံးဝ မကပ်ငြိ
လွန်မြောက်၏။

သင်္ဂဟက(တောင်သာ)



